
# မီးလျှံမှုန်း

ထင်လင်း

မြန်မာပြန်ဆိုသည်။



URNING BRIGHT

OHN STEINBECK



ဤစာအုပ်၏ အကြောင်းအရာမှာ -
မျက်ခုံးပင့်စရာ၊ အာရုံစိုက်စရာဖြစ်၏။
စတိုင်းဗက်လောက်အရည်အသွေးမရှိသော
စာရေးဆရာ၏ လက်ထဲတွင်ဆိုလျှင်
မျက်စောင်းထိုးစရာ၊ ကာမဂုဏ်စိတ်ကိုနှိုးဆွတတ်သော
ညစ်ညမ်းစာမျိုးဖြစ်လာစရာရှိသည်။
သို့သော်အမေရိကန်ပြည်ထောင်စု၏ အကြီးကျယ်ဆုံး
စာရေးဆရာကြီးများအနက်တစ်ယောက်ဖြစ်သူ
ဂျွန်စတိုင်းဗက်သည် ဤဝတ္ထုကိုသတ္တိရှိရှိ၊ ရဲဝံ့စွာ
ထိုးထွင်းသိမြင်သောဉာဏ်၊
စာနာစိတ်တို့ဖြင့်ကိုင်တွယ်ထားလေရာ
မီးလျှံပန်းသည် . . . .
လူသားတို့၏လက်မှန်မဆွ၊ အဦးအစကရှိခဲ့သော
မျိုးဆက်ပြန့်ပွားရေးအတွက်
လှုံ့ဆော်ချက်တွန်းအားဖြစ်လာ၏။
အဆုံးစွန်သောမေတ္တာဖြင့်ချစ်မြတ်နိုးသော
လင်ယောကျ်ားအပေါ်၌ မိန်းမဖြစ်သူ၏
စွန့်လွှတ်အနစ်နာခံမှုကို
စာဖတ်သူအားထိထိမိမိခံစားစေ၏။
စတိုင်းဗက်ဖေါ်ပြလိုသော
ဝတ္ထုငယ် [Novelette] ပုံသဏ္ဌာန်ကို
အပေါ်လွင်ဆုံးရေးဖွဲ့ပြနိုင်သော ဝတ္ထုဖြစ်လာ၏။

# မီးလျှံပန်း
ထင်လင်း

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး— ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

A

JOHN STEINBECK

# BURNING BRIGHT

[ ထင်လင်း ဘာသာပြန် ]

# မီးလျှံပန်း

ကျားဟေ့– ကျား– ကျား
တောများသာခေါင်၊ ညဉ့်အမှောင်တွင်
အရောင်ဝင်းထွန်း၊ မီးလျှံပန်းနှယ်
ကြောက်မက်ဖွယ်ကို၊ ဘယ်တန်ခိုးရှင်
ထာဝရသခင်သည်၊ စီစဉ်ဖန်ဆင်း ခဲ့ပေသနည်း။

(ဝီလျံ–ဘလိတ်)

စာမူခွင့်ပြုချက်အမှတ်–၇၁၅/၉၃(၁၀)
မျက်နှာဖုံးခွင့်ပြုချက်

အမှတ်– ၁၀၂/၉၄(၂)
ပထမအကြိမ်– ဇူ၉၉၄၊ ဖြေလ
မျက်နှာဖုံးဒီဇိုင်း– အောင်ဇက်
အုပ်ရေ– ၁၀၀၀
တန်ဖိုး– ငါးဆယ်ကျပ်
မျက်နှာဖုံးရိုက်– ကျောက်စိမ်း အော့(ဖ်)ဆက် (၀၂၉၀၉)

ပုံနှိပ်သူ– ဦးကျော်သန်း (မြ–၀၅၁၄၀)
ရေတမာ ပုံနှိပ်တိုက်
၅၇၄၊ ဓမ္မာရုံလမ်း
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်။

ထုတ်ဝေသူ– ဦးလှစိန် (မြ-၃၀၇၉)
အမှတ်-၂၁၆၊အာသောကလမ်း
(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

အတွင်းဖလင်– အောင်ဇက်

## ဘာသာပြန်သူ၏ စကား

ဂျွန်စတိုင်းဗက်က သူ ယခုစာကို PLAY-NOVELETTE ဟု ခေါ်ထားသည်။ PLAY သည် ပြဇာတ်ကို ညွှန်း၍ NOVELETTE ကို NOVEL ဟူသော စကားဖြင့် နှိုင်း၍ **ဝတ္ထုငယ်** ဟူ၍ ကျွန်တော်က ကင်ပွန်းတပ်ကြည့်သည်။ '**ဝတ္ထုလတ်**' ဆိုသော စကားကို မကြိုက်၍ဖြစ်၏၊ NOVELETTE ဆိုသော ဝေါဟာရကို ဒေါက်တာ ဘဟန်၏ တက္ကသိုလ် အင်္ဂလိပ်မြန်မာ အဘိဓာန်က '**ဝတ္ထုပုံပြင်သစ်ငယ်**'၊ ပုံတွင် ပါဝင်ဆောင်ရွက်သူတို့ အပြောအဆို အပြုအမူဖြင့် အကျင့်စရိုက် ပေါ်လွင်ထင်ရှားသည့် 'ဝတ္ထုသစ်ငယ်' ဟူ၍ အနက်ပေးသည်။ (ဝတ္ထုလတ်ဆိုသည်မှာ အတိုအရှည် ပမာဏကိုသာ ကြည့်၍ အလယ်အလတ် အတိုင်းအရှည်ရှိသော ဝတ္ထုဟုသာ အဓိပ္ပာယ်ရသဖြင့် ယင်းအဓိပ္ပာယ်သည် မငုံမိဘဲ ဖြစ်နေသည် ထင်ပါသည်။ မြန်မာအခေါ်များမှာ Short Story ကို ဝတ္ထုတို၊ Novel ကို

ဝတ္ထုရှည် ဟူ၍ ဖြစ်သည်။တကယ်တော့ ထို ဝေါဟာရ များသည်လည်း မတိကျလှ။ ထို့ကြောင့် Novelette ကို အခေါ်ရ ခက်နေခြင်း ဖြစ်သည်။)

မည်သို့ပင် ဖြစ်စေ Novelette ကို ဒေါက်တာ ဘဟန်၏ တက္ကသိုလ် အင်္ဂလိပ် မြန်မာ အဘိဓာန်က ပေးသည့် အနက်ဖြင့် ယူသော အနီးဆုံး အဓိပ္ပာယ်ရမည်ဟု ထင်ပါသည်။ Novel ၏ သဘောလည်း ဆောင်သဖြင့် ဝတ္ထုငယ်ဟု ခေါ်ကြည့်ခြင်း ဖြစ်ပါသည်။

ဤဝတ္ထုငယ်၏ သဘောမှာ ပြဇာတ်လက္ခဏာနှင့် ဝတ္ထုလက္ခဏာတို့ ပေါင်းစပ်ထား၍ ဝတ္ထုဖတ်သမား အဖို့ရော ပြဇာတ်သမားအဖို့ပါ စာရေးဆရာ၏ ရည်ရွယ်ချက်ကို ပြည့်ဝစွာ ရရှိစေသည်ဟု အဆိုရှိသည်။စာရေးဆရာ၊ ပြဇာတ်ဆရာများ အထူး လေ့လာ သင့်သော ပုံသဏ္ဍာန်ဖြစ်သည်ဟု ထင်ပါသည်။

တင်ပြပုံဆန်းသော်လည်း ဇာတ်လမ်းကမူ လူတို့၏ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘဒေါသ မာန်မာန စရိုက်ကို အမှီပြု၍ ဖြစ်သော၊ ဖြစ်တတ်ပျက်တတ်သော လူ့ဖြစ် ရပ် ဇာတ်ကြောင်းဟူ၍ ဆိုနိုင်ပါလိမ့်မည်။

မျိုးရိုးစဉ်ဆက်၌ အစွဲအလမ်း ကြီးမားသော သူ တစ်ယောက် မျိုးဆက်ပြတ်သွားမည့်အဖြစ်ကို များစွာ စိုးရိမ်လျက်ရှိရာတွင် သူ့၌ သားသမီးမရနိုင်တော့သော အဖြစ်ကို သူမသိ။ ဤအဖြစ်ကို သူ့အား သိပ်ချစ်သော သူ့ဇနီးက သိသည်။ ဇနီးသည်က သူ့အား နှစ်သိမ့်လို

၍ ရသည့်နည်းဖြင့် ကလေးတစ်ယောက် ကိုယ်ဝန်ဆောင်ကာ မွေးထုတ်ပေးသည်။

ဤဖြစ်ရပ်မျိုးသည် လူပေါင်းများစွာ၌ ဖြစ်သည် မဟုတ်သော်လည်း ဖြစ်တတ်သော သဘောက ရှိသည်။ မြန်မာပြည်တွင် ကျွန်တော်၏ မိတ်ဆွေ တစ်ယောက်သည် အသက်အရွယ် အတော်ကြီးသည်အထိ သားသမီး မထွန်းကားသဖြင့် သူ့မှာ ကလေး မရနိုင်တော့ဘူး ဟူသော အထင်နှင့် သောက ဖြစ်ရသည်တွင် သူ့အား အလွန်ချစ်သော ဇနီးသည်က ဆွေနီးမျိုးစပ်ထဲမှ အမျိုးသမီးငယ်တစ်ယောက်နှင့် နှားလည်မှုယူကာ စီစဉ်သည်။ ထိုအမျိုးသမီးငယ်နှင့်ကလေးရရှိကာ မိသားစုအားလုံး သင့်မြတ်ပျော်ရွှင်စွာ အတူတကွ ဆက်လက်နေထိုင်သွားကြသည်။ သူတို့၏ နှလုံးသား ရေးရာများတွင် မည်မျှလှုပ်ရှားခဲ့ကြရ၍ မည်မျှ ပူပန်သောက ဖြစ်ကြရသည် တော့ မသိ။ သူတို့၏ မိသားစု အပြင်ပန်းမှု တစ်စုံတစ်ရာ ရိုက်ခတ်မှု ရှိခဲ့ဟန် မတူချေ။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို မကြားရဖူးခဲ့။

စတိုင်းဗက်၏ ပြဇာတ်ဝတ္ထုငယ်တွင် ဇာတ်ဆောင် ဂျိုးဆောလ်၏ စကားဖြင့် ''ဒါဟာ ဘယ်အချိန် ဘယ်နေရာ ဘယ်သူ့မှာဖြစ်ဖြစ် ဖြစ်နိုင်တာမျိုး၊ သင်္ဘောသားမှာ ဖြစ်ဖြစ်၊ လယ်သမားမှာ ဖြစ်ဖြစ် ဒါမှမဟုတ် မျိုးရိုးထင်ရှား မရှိတဲ့ အညတရမှာဖြစ်ဖြစ် လူတိုင်းမှာ ဖြစ်နိုင်တဲ့ ဟာမျိုး'' ဟူ၍ ဖော်ကျူးခဲ့သည်။

ဤသည်ကို ရည်၍ သူ၏ ပြဇာတ် ဝတ္ထုငယ်ကို ပထမပိုင်း 'ဆပ်ကပ်အဖွဲ့ဝိုင်း' ၌ ပြ၍ ဒုတိယပိုင်း 'ယာကွင်း' ထဲတွင် ပြသည်။ တတိယပိုင်းကိုမူ 'ပင်လယ်ဇွေ' သွားသင်္ဘောသားများဖြင့် ပြသည်။ ဇာတ်ဆောင်နှင့် ဇာတ်ဆောင်တို့၏ အပြုအမူ၊ ပြောဆိုကြသော စကားတို့မှာ တစ်စုံတစ်ရာ ပြောင်းလဲ ကွဲပြားသွားခြင်း မရှိ၊ အပြတ်အခြား မရှိ၊ တစ်ဆက်တည်းလိုပင် ပြသွားသည်။ စတိုင်းဗက်၏ အဆိုအရ 'စကားပြောဆိုခန်း' များကို ထုတ်ယူပြီး ပြဇာတ်ကို စင်တင်ပြသနိုင်သည်။ ဝတ္ထုသဖွယ် ဖတ်သူအဖို့လည်း ဇာတ်ကောင်တို့၏ စရိုက်၊ ပြောကြသော စကားများနှင့် အပြုအမူတို့က ဝတ္ထုကြောင်းကို ပေါ်လွင်စေကာ အရသာမပျက် ဖတ်ရှုနိုင်လိမ့်မည် ဆိုသည်။

ဤစာအုပ်နှင့် ပတ်သက်၍ ဝေဖန်သူတို့က 'ဤစာအုပ်၏ အကြောင်းရင်းမှာ မျက်ခုံးပင့်စရာ၊ အာရုံစူးစိုက်စရာ ဖြစ်၏။ စတိုင်းဗက်လောက် အရည်အသွေးမရှိသော စာရေးဆရာ၏ လက်ထဲတွင်ဆိုလျှင် မျက်စောင်း ထိုးစရာ၊ ကာမဂုဏ်စိတ်ကို နှိုးဆွတတ်သော ညစ်ညမ်းသော စာမျိုး ဖြစ်လာစရာ ရှိသည်။ သို့သော် အမေရိကန်ပြည်ထောင်စု၏ အကြီးကျယ်ဆုံး စာရေးဆရာကြီးများအနက် တစ်ယောက်ဖြစ်သူ ဂျွန်စတိုင်းဗက်သည် ဤဝတ္ထုကို သတ္တိရှိရှိ၊ ရဲဝံ့စွာ ထိုးထွင်းသိမြင်သောဉာဏ်၊ စာနာစိတ်တို့ဖြင့် ကိုင်တွယ်ထားလေရာ

ဤဝတ္ထုသည် လူသားတို့၏ လက်မှန်မဆွ အဦးအစက ရှိခဲ့သော မျိုးဆက်ပြန့်ပွားရေးအတွက် လှုံ့ဆော်ချက် တွန်းအား မျိုးစုံ ဆက်လက်တည်ရှိရေး၊ မျိုးဆက် မသေမှုအတွက် ဆီးတား၍ မရနိုင်သော လိုအပ်ချက် ဖြစ်သော အကြောင်းအရာတို့ကို ဖွဲ့သော ဝတ္ထု ဖြစ်လာသည်။

'စတိုင်းဗက်၏ ဇာတ်ဆောင်များသည် ဝေဒနာမျိုးစုံ နှင့် လူသားတို့ ကြုံရသော အခြေအနေမျိုးတို့တွင် ပါဝင်ပတ်သက် လှုပ်ရှားသည်။ သူတို့သည် အချစ် အခင်၊ မာန်မာန၊ တစ်ကိုယ်ကောင်းစိတ်၊ သစ္စာစောင့် သိ စိတ်နှင့် ကိုယ်ကျိုးစွန့်လွှတ်စိတ် စသည့် လူ့အရေး အကြီးဆုံး စိတ်လှုပ်ရှားမှုများနှင့် ပတ်သက်ကြသည်' ဟူ၍ နယူးယောက်တိုင်း သတင်းစာကြီးက ဝေဖန် ထားသည်။


ဤစာအုပ်ကို အမေရိကန် ပြည်ထောင်စု 'Saturday Review' စာစောင်ကြီးက စတိုင်းဗက်၏ အရင့် ကျက်ဆုံး လက်ရာ၊ ကာလကြာမြင့်စွာအတွင်း ကျွန်ုပ်တို့ တွေ့ကြုံရနိုင်ခဲ့သည့် အတွေ့အကြုံ၊ အကျိုးကျေးဇူးများ ကို ရရှိနိုင်စေမည့် စာအုပ်တစ်အုပ် ဖြစ်သည်'ဟု ဝေဖန် ရေးသားထားလေသည်။

ဘာသာပြန်ဆိုသူ အနေဖြင့် အထူးအထွေ မှာကြား ရန် မရှိသော်လည်း ဝတ္ထုပါ အမည်များကို မြန်မာ အက္ခရာဖြင့် ရေးသားသောအခါ အတိအကျ အသံ

ထွက်ထက် အနီးကပ်ဆုံး တူသည့်အသံကို ဖမ်း၍ ရေးရသည် ဖြစ်ရာ VICTOR ကို 'ဗစ်တာ'၊ JOE SAUL ကို 'ဂျိုးဆောလ်'၊ FRIEND ED ကို'ဖရင်း အက်ဒ်' MORDEENကို 'မော်ဒင်း'ဟု လွယ်ကူသလို ရေးရပါသည်။ ထိုအမည်များကို ဖတ်သောအခါ **'ဗစ်ခ်တာ၊ ဂျိုး–ဆောလ်၊ ဖရဲင်းဒ်–အဲ့က်ဒ်၊ မော်ဒီးန်း** ဟူ၍ ပီသအောင် ဖတ်လိုကလည်း ဖတ်နိုင်ကြပါသည်။

ကျွန်တော်၏ ဘာသာပြန်ဆိုချက်သည် မှန်ကန်ပြည့်စုံလှပါပြီဟု မဆိုရဲပါ။ ပညာရှင်တို့သည် ကျွန်တော်၏ ဘာသာပြန်ဆိုချက်များနှင့် ပတ်သက်၍ အမှားအယွင်း အချွတ်အချော်၊ အတိမ်းအစောင်းများ တွေ့ရှိပါက ကျွန်တော့်အား မေတ္တာရှေ့ထား၍ သွန်သင်သည့်သဘော ထောက်ပြ ပြုပြင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ထင်လင်း**



ဂျွန်စတိုင်းဗက် (1902-1968)

## စာရေးသူ (ဂျွန်စတိုင်းဗက်)၏ ရှေ့ပြေး စကား

ပုံသဏ္ဌာန်သစ်ဖြစ်သော 'ပြဇာတ် ဝတ္ထုငယ်'ဖြင့် တင်ပြရန် ကျွန်ုပ် အားထုတ်ခဲ့သည်မှ ဤ 'Burning Bright' (မီးလျှံပန်း)သည် တတိယအကြိမ် ဖြစ်သည်။ ယခင်က ဤပုံသဏ္ဌာန်ကို အခြားသူများ စမ်းကြည့်ဖူးသည်လားတော့ ကျွန်ုပ် မသိ။ ကျွန်ုပ် ယခင်စာအုပ်များမှ နှစ်အုပ် 'Of Mice & Men' (လူသားနှင့်ကြွက်) နှင့် 'The Moon is Down' (လဝင်ချိန်) တို့ဖြင့် ထိုပုံသဏ္ဌာန်ကို စမ်းသပ်ထားသည်။ တစ်နည်းအားဖြင့် ဆိုသော် ယင်းကို ပုံသဏ္ဌာန်သစ်ဟု ခေါ်ဆိုခြင်းမှာ မှားယွင်းမှုတစ်ခု ဖြစ်၏။ အကယ်ဆိုသော် ယင်းသည် ပုံသဏ္ဌာန်ဟောင်းများစွာကို စုပေါင်းထားသော ပုံသဏ္ဌာန်ဖြစ်သည်။ ယင်းသည် ဖတ်ရန် လွယ်ကူသော ပြဇာတ်တစ်ခု ဖြစ်သည်။ သို့မဟုတ် 'စကားပြော' စာ

များကို ထုတ်ယူလိုက်ကာမျှဖြင့် စင်တင်ပြသနိုင်သော ဝတ္ထုခေပ်တိုကို ဖြစ်သည်။

ဤပုံသဏ္ဌာန်ဖြင့် ကျွန်ုပ်ရေးလိုခြင်း အကြောင်းများမှာ များပြားပါသည်။ ပြဇာတ်ကို ဖတ်ရခက်သည်ဟူ၍ ကျွန်ုပ် တွေ့ရပါသည်။ ဤကိစ္စ၌ ကျွန်ုပ် တစ်ယောက်တည်း ဤသို့ဖြစ်သည် မဟုတ်။ ပုံနှိပ်ထုတ်ဝေသော ပြဇာတ်ကို ဇာတ်ပွဲရုံနှင့် နီးစပ်သူများချည်းလိုလို ဖြစ်ကြ၏။ ဇာတ်ပွဲရုံကို သေလာလိုက်စားသူများနှင့် ဇာတ်ပွဲရုံကို နှစ်သက် စွဲလမ်းကြသော အခြား အစုများနှင့် စာသော် သေးငယ်လှသော စာဖတ်သမားတစ်စုတို့ ဖြစ်ကြ၏။ ထို့ကြောင့် ဤပုံသဏ္ဌာန်ကို ရွေးချယ်ရခြင်း၏ ပထမအကြောင်းမှာ ပြဇာတ်တစ်ခုကို လူသိများသော ဝတ္ထုပုံသဏ္ဌာန်ဖြင့် ထည့်ပေးလိုက်ခြင်းအားဖြင့် ယင်းကို ပိုမိုကျယ်ပြန့်စွာ ဖတ်စေလိုရင်း ဖြစ်၏။

ဤ ပြဇာတ်ဝတ္ထုငယ် ပုံသဏ္ဌာန်ကို ဖန်တီးရခြင်း၏ ဒုတိယအကြောင်းမှာ ယင်းကို ပြဇာတ် သရုပ်ဆောင်သူ၊ ညွှန်ကြားသူ၊ ထုတ်လုပ်သူနှင့် စာဖတ်သူများအဖို့ ယင်း၌ ပိုမိုကျယ်ဝန်းလာစေရန်ဖြစ်သည်။ ပြဇာတ်တစ်ခု၌ သရုပ်ဆောင် တစ်ဦးကို ပုံဖော်ရာတွင် 'လုပ်ငန်းရှင်၊ အသက်လေးဆယ်' ဟူသော အချက်အလက်တို့သည် သူတို့အဖို့ ဆက်လက်လုပ်ဆောင်ရန်သိပ်မရနိုင်။ ဤကဲ့သို့ ပိရိ ကျစ်လျစ်သောပုံဖော်မှုသည် ဇာတ်ဆောင်အားဇာတ်စင်ပေါ်တွင် ပြောသည့်စကားများနှင့် အမူအရာတွင် ပေါ်လွင်၊

ဇာတ်ဆောင်စရိုက်နှင့် ပုံဖော်မှုများ ပေါ်လွင်စေသည် ဟူ၍တော့ ငြင်းဆိုနိုင်ပါ၏။

ထိုနောက်လည်း ဤ ပိရိကျစ်လျစ်သော ပုံဖော်မှုမျိုးသည် စီစဉ်ညွှန်ကြားသူနှင့် ဇာတ်စင် အခမ်းအနားပြင်ဆင်သူတို့အား သူတို့၏ လုပ်ငန်းအသီးသီးကို လုပ်ဆောင်ရာတွင် သူတို့၏စိတ်ကူးကို လိုက်ပိုးပိုလျော့လုပ်သာစေနိုင်သည် ဟူ၍လည်း အကြောင်းပြနိုင်ပါသေး၏။

ဤအကြောင်းပြချက်၊ ငြင်းဆိုချက်တို့အား ချေဆိုသည့်အနေဖြင့် ရှေးဦးစွာ ဤပုံသဏ္ဌာန်သည် ပွဲကြည့်ပရိသတ်ကို သော်လည်းကောင်း၊ ဇာတ်သမားများကိုသော်လည်းကောင်း စာရေးသူ၏ ရည်ရွယ်ချက် အပြည့်အဝဆုံး ရရှိစေရေးကို မည်သို့မျှ ထိခိုက် ပျက်စီးစေလိမ့်မည် မဟုတ်သည်က တစ်ကြောင်း၊ ဒုတိယအကြောင်းမှာ သရုပ်ဆောင်မှုနှင့်ဆိုင်သော အသေးစိတ်ကလေးများနှင့် ပြည့်စုံသော ဗဟုသုတသည် စီစဉ်ညွှန်ကြားသူ၊ သရုပ်ဆောင်သူနှင့် ဇာတ်စင်အခမ်းအနားပြင်ဆင်သူတို့အား အကန့်အသတ် ပြုမထားသည့်အပြင် အကူအညီပင် ပေးသည်ဟူသော အကြောင်းဖြစ်သည်။

ထိုမှတစ်ပါးလည်း ဤပြဇာတ်ကို မကြည့်ဖူးသူ၊ မည်သည့်အခါမျှလည်း ကြည့်မည် မဟုတ်သူ လူပေါင်းများစွာတို့အဖို့လည်း သူတို့ ရထိုက်ရသင့်သည်ကို ရရှိစေရန် ဤပုံသဏ္ဌာန်က အထောက်အပံ့ ပြုလာပါသည်။

ပုံမှန် ဝတ္ထုရေးသူသည် ဇာတ်ရုံ၏ စည်းကမ်းများကို လိုက်၍ မရေးချင်၊ မရေးတတ်ဟူ၍ ယေဘုယျအားဖြင့် လက်ခံ ထားခဲ့ကြ၏။ သူတို့သည် လှုပ်ရှားမှုများကို ဇာတ်စင် နယ်နိမိတ်အတွင်း၌သာ မထားလိုကြ။ သူတို့ ကိုယ်သူတို့ ကန့်လန့်ကာ ကားလိပ်များ အကြား၌ ထား၍ မြင်ကွင်းများကို စကားပြောခန်းများကသာ ထိုးပြသည့်အတိုင်း ကန့်သတ်၍မထားလိုကြ။ထို့ကြောင့် ပုံမှန်ပြဇာတ်သည် အလွန် အကန့်အသတ် များဟန် တူ၏။ များလည်း များပေ၏။

ဇာတ်ဆောင်တို့၏ စကားပြောတွင် အတွေးများ ရှင်းလင်းစွာ ဖော်ထုတ်မထားလျှင် ယင်း၏ အတွေး များထဲသို့ ဝင်ရောက်နိုင်ခြင်း မရှိရ။ စာရေးသူက ပထဝီ ဝင်သဘောအရ နေရာဒေသများကို ဇာတ်စင်ပေါ်တွင် သဏ္ဍာန်လုပ် သရုပ်ပါအောင် ဖန်တီး၍ မပေးသမျှ လူ များသည် မြေပြင်တွင် လှည့်လည်သွားလာခြင်းကို မပြု နိုင်။ လှုပ်ရှားမှုများသည် ကျစ်လျစ်စွာ ဖွဲ့စည်း တည် ဆောက်ထားရမည်။

နောက်ဆုံးစာကြောင်း ပြောဆိုပြီး၍ ကားလိပ်ချ ချိန်တွင် ဇာတ်ဆောင်တို့အား တစ်စုံတစ်ခုဖြစ်ပြီး ဖြစ် ရမည်၊ ဤလုပ်ထုံးလုပ်နည်းများသည် ပုံမှန် ပြဇာတ် သဏ္ဍာန်၌ ဖြစ်စေ၊ 'ပြဇာတ်ဝတ္ထုငယ်' ပုံသဏ္ဍာန်၌ ဖြစ်စေ အသုံးပြုနိုင်သည်။ နောက်ထပ် အကန့်အသတ် တစ်ခု ရှိသေးသည်၊ ဇာတ်လမ်းသည် တိုရမည်။

အကျိုးအမြတ် ဖြစ်ထွန်းသည့် ဘက်က ကြည့်လျှင်
ဇာတ်ပွဲရုံ၏ အာရုံစုစည်းမှုနှင့် စည်းစနစ်တို့ဖြစ်ပြီး အသိ
စိတ်အားဖြင့်ဖြစ်စေ၊ ရုပ်ဝတ္ထုအားဖြင့်ဖြစ်စေ မသဲမကွဲ
နားဝေတိမ်တောင် တစ်စုံတစ်ရာကို ချပြရန် မဖြစ်နိုင်
ခြင်းကို တွေ့ရမည်။ လိုရင်းတိုရှင်းကိုထိမိရမည်။ အလေ
အလွင့် မရှိနိုင်။ ရှည်ရှည်ဝေးဝေး ဆွေးနွေးခြင်းများ
လည်း မရှိနိုင်။ အကြောင်းရင်းမှ ခွာထွက်သွား၍မရ။
ရှင်းလင်းပြခွင့်လည်း နည်းသည်။
မည်သည့် ပြဇာတ်ကောင်း၌မဆို ရှိရသလို လှုပ်ရှား
မှုသည် တိုက်ရိုက် ကျိုးကြောင်း ဆက်သွယ်မှု ရှိပြီး
အားနှင့်အင်နှင့် ဖြစ်ရမည်။ ထို့ပြင် ဇာတ်လမ်းဆိုင်ရာ
ပြဿနာများ၊ အဖြေများ စသည်တို့သည် ဇာတ်ဆောင်
များကိုယ်တိုင်မှသာ ဖြစ်ပေါ်လာစေရမည်။
ဤနည်းစနစ်၏ အခက်အခဲများမှာ အလွန်ကြီးမား
ပါသည်။ ပြဇာတ်၌သာ သင်ကြားလေ့ကျင့်ခဲ့သော စာ
ရေးဆရာသည် ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို သူ၏
ကွန်ကြားသူ သို့မဟုတ် အခမ်းအနား မှူးမံသူနှင့် လွဲ
ထားတတ်ပြီး ပုံဆောင်ဖော်ပြမှုကိုမူ ဝတ္ထုရေးဆရာ
တို့သို့ အသုံးပြုတတ်အောင် မလေ့ယာခဲ့ချေ။
တစ်ဖက်ကကြည့်လျှင် ဝတ္ထုရေးဆရာသည် သူ၏
ဆောင် ဖော်ပြမှုတွင် သူ၏ စကားပြောခန်းများကို
ပါလာစေရန် လေ့ကျင့်ခဲ့ပြီး ပြဇာတ်၏ကျဉ်းကျပ်သော
ဖွဲ့အစည်းမှ ခွာထွက်ရန် ရည်သန်သည်။

စာရေးသူတစ်ယောက်သည် သူ၏ ဇာတ်ကြောင်းပါ
အခြင်းအရာများကို သူ၏ မျက်စိရှေ့တွင် ထင်မြင်၍
ကြည့်တတ်သောအလေ့ မရှိလျှင် ဤ ပုံသဏ္ဍာန်ကို
အသုံးပြု၍ အောင်မြင်နိုင်စရာအကြောင်း မရှိပါ။

အခက်အခဲရှိလျက်လည်းပြဇာတ်ဝတ္ထုငယ်ပုံသဏ္ဍာန်
သည် အလွန်တရာ အကျိုးဖြစ်ထွန်းပါသည်၊ယင်းသည်
ပြဇာတ်ကိုဖတ်ရှုသူ များပြားကျယ်ဝန်းလာစေပြီး ဝတ္ထု
တစ်ပုဒ်ကို ပြုနေကျဖြစ်သော ပြန်လည်စစ်ဆေးခြင်းမျ
မလိုဘဲ စင်တင်ပြသနိုင်စေခြင်းတို့ကို ပေးပါလိမ့်မည်

ဤပုံသဏ္ဍာန်သည် ယထာဘူတကျသော ပုံသဏ္ဍာ
ဖြစ်၍ စူးစမ်းရှာဖွေ လေ့လာဖော်ထုတ်ပေးစရာတေ
လည်း တစ်ပုံတစ်ခေါင်းကြီး ရှိသေးသည်ဟူ၍ ကျွန်ုံ
ထင်ပါသည်။

ဂျွန်စတိုင်းဗက်

## အခန်း ၁။

## ဆပ်ကပ် အဖွဲ့ဝိုင်း

အဝတ်လဲသည့် ရှက်ဖျင်တဲ၏ နံရံရှက်ဖျင်တို့သည် ရေစိုထား၍ ညိုနေသော အကွက်များ၊ မြက်ပင်များ က စွန်းသည့် အစိမ်းရောင်များ၊ မှိုတက်၍ မီးခိုးရောင် အမျှောင်းများဖြင့် အရောင်ပျက်နေပြီး၊တောက်ပသော နေရောင်ခြည်မျှင်သည် အပ်ချည်ကလေးများပမာထိုးဝင် နေ၏။မြေကြီးပေါ်တွင်ကား မြေကြီးကိုကပ်၍ ရိတ်ထား သော အဆုပ်လိုက် ထိုးထိုးထောင်ထောင်နေသော ဘာ လီ ရိုးပြတ်များနှင့် သူတို့၏ကြားတွင် မည်းနက်သော အုတ်ဖုတ်မြေစေးမျိုး ရှိ၏။ ရှက်ဖျင် အဝတ်နံရံတစ်ခု၏ အနီးတွင် ခရီးသွားလွန်း၍ အိုမင်းပွန်းပဲ့ နေပြီဖြစ်သော၊ အညိုတက်နေပြီဖြစ်သော ကြေးဝါ ဒေါင့်အုပ်များ၊ အကွပ်များနှင့် သေတ္တာကြီးတစ်လုံး၏ အဖုံးကို ဖွင့်ထား

ပြီး ယင်း အဖုံး၏ အတွင်းပိုင်းနှင့် အပြည့် ကြည့်မှန်ကြီး တစ်ချပ်ကို မြင်တွေ့ရသည်။

ဂျိုးဆောလ်သည် သေတ္တာကြီး၏ရှေ့တွင် ရွက်ဖျင် ခေါက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှိသည်။ သူ့ကိုယ် အပေါ်ပိုင်းမှာ ပလာကျင်းလျက်၊ အောက်ပိုင်းက ဘောင်းဘီကျပ်နှင့် စွပ်ဖိနပ်ကို ဝတ်ထား၏။ သူ့မျက်နှာကို ပေါင်ဒါအဝါဖြင့် ပုတ်၍ မျက်လုံးများကို အနက်ဆိုးသည်။ ဂရုတစိုက်ကား မဟုတ်ချေ။

ဂျိုးဆောလ်သည် လူလတ်ပိုင်းအရွယ် ကျစ်လျစ် သန်မာသောသူ ဖြစ်၏။ သူ၏ လည်ပင်း တစ်ဖက်တစ်ချက် မေးရိုးတို့မှာ ကြိုးများ ပွတ်၍ဆွဲသည်ကို တင်းခံနိုင်ရန် ကြွက်သားများ ရှိ၏။ သူ၏ လက်မောင်းများမှာ ဖြူဖွေးပြီး အလေးအပင် မ,၍ ဖုလုံးနေသလို မဟုတ်ဘဲ တွယ်ကပ် ဆွဲတက်ရသဖြင့် ရှည်သော အကြောမျှင်များ ရှိ၏။ သူ၏ လက်ဖျံတို့သည်လည်း ဖြူ၍ ရှည်သွယ်သော လက်ချောင်းများမှာ ကြိုးများ ဘားတန်းများကို ဆွဲ သဖြင့် အသားမာများ ဖြစ်နေ၏။

ဂျိုးဆောလ်၏ မျက်နှာမှာကြမ်း၍ ကျောက်ပေါက်မာ သက်သက်ရှိသည်။ သူ၏ မျက်လုံးများသည် မင်ဆွဲထားသော မျက်ခမ်းများအတွင်းမှ အရောင်တောက်နေသည်။ သူ မျက်နှာကို ပြုပြင်ပြီးလျှင် သေတ္တာကြီးထဲမှ ဆံပင်ဆိုးဆေးပုလင်းငယ်ကို ယူလိုက်ပြီး သွားပွတ်တံပေါ်သို့ အနည်းငယ် လောင်းထည့်ကာ သူ၏





ဖြူစပြုနေပြီဖြစ်သော ဆံပင်ထူထူကို အထူးဘီးဖြင့် နား ထင် ဆံစဆီတွင် ဆေးဆိုးသည်။ ထို့နောက် သူသည် ပေါင်ဒါများနှင့် ဆိုးဆေး ပုလင်းတို့ကို သေသပ်စွာ ပြန်ထည့်၍ သေတ္တာကြီးထဲသို့ ထည့်သိမ်းကာ အသား ကပ် ဘောင်းဘီနှင့်ဆက်လျက် ရှပ်အင်္ကျီကို လျှိုဝတ် လိုက်ပြီး ရွက်ဖျင်ခါးပတ်ကို ပတ်လိုက်၏။ ခါးပတ် ပေါ်တွင် အနည်းငယ်မျှသာ ဖောင်းနေသည်။ သူသည် နာလားထိုင်နောက် ' မှီ၍ချလိုက်ပြီး သူ၏ လက်ဖျံမှ သေးသေးသွယ်သွယ် ကြွက်သားများ တွန့်လိမ်လှုပ်ရှား လာအောင် လက်ကောက်ဝတ်ကို ခေါက်လှည့်သည်။

အဝတ်လဲသည့်အခန်း အပြင်ဘက်ဆီတွင် ဝိုင်းကြီး ပတ်ပတ် ချားရဟတ် စက်လှည့်သူ၏ ခေါ်သံ၊ အော်ဂင် တူရိယာမှ စူးရှသော ဂီတသံနှင့် ခပ်မျှဉ်းမျှဉ်း ကကြိုး တီးလုံးသံများက တဖွဲ့ဖွဲ့ ရောက်လာလျက် ရှိကြသော လူတို့၏ စကားပြောသံ နောက်ခံဖြင့် ပေါ်ထွက်လာ လျက်ရှိသော ပွဲခင်း၏ အရှိန်အဟုန်တက်သံများ ကြား နေရ၏။ အနီးအနားတွင် ဆပ်ကပ်တီးဝိုင်းမှ ထရွမ်ဗုန်း ကြေးခရာ၏ မြည်တမ်းသံကို ထိုးဖောက်လျက် ခြင်္သေ့ တို့၏ အာခေါင်သံ၊ ဆင်တို့၏ နှာလေမှုတ်သံ၊ ဝက်တို့၏ ဂုတ်ဂုတ်မြည်သံနှင့် ကျည်ကျည်ကျာကျာ အော်မြည်သံ၊ အလိုမကျနိုင်သော မြင်းတို့၏ နှာမှုတ်သံတို့ ထွက်ပေါ် လာလျက်ရှိသည်။

ဂျိုးဆောလ်သည် သူ၏လက်ကောက်ဝတ်ကို ခေါ
လျက် လှည့်ကာ ယင်းတို့အား ငုံ့ကြည့်နေလိုက်
တံခါးသဖွယ် ကာထားသော ရွက်ဖျင်စ၏အပြင်ဘ
မှာ တံခါးခေါက်သည့်သဘော တိုတောင်းသော
ချွန်သံ သုံးကြိမ် ဆက်တိုက် ကြားလိုက်ရ၏။

ဂျိုးဆောလ်က 'ဝင်ခဲ့လေ' ဟု ပြောလိုက်သည်
'ဖရင်းအက်ဒ်' သည် တံခါးရွက်ဖျင်ကို မ,၍ ဝင်လ
သည်။ ဖရင်းအက်ဒ်သည် ဂျိုးဆောလ်ထက် ကိုယ်ထ
ကျယ်ပြန့်၍ အရပ်လည်း မြင့်သည်။ လေးသံသည်
လှုပ်ရှားရာနှင့် စကားပြောတိုတွင်လည်းနွေးကွေးသည်
သူလည်း အဝတ်အစား လဲလှယ်၍ပြီးပြီ။ ပြုပြင်ခြယ်
၍လည်း ထားသည်။ ဘောင်းဘီပွပွဝတ်၊ ဆပ်ကပ်လူရွ
တော် လည်ပင်း၊ လက်ကောက်ဝတ်နှင့် ခြေချင်းဝ
ဆီတွင် ကြာယပ်ခေါက်တွန့်များနှင့် အနီဝိုင်းပြော
ကြီးများနှင့် အဖြူဝတ်စုံဖြစ်ပြီး ခြေတို့မှာ ရှည်လျား
အဖျားချွန် ကော့တက်သော ဖိနပ်များ စွပ်ထားသည်

မျက်နှာ အဖြူရောင်ခြယ်ထားပြီး အနီရောင် ရာ
နှာသီး စွပ်ထားသည်။ ပါးစပ်မှာ အနက်ရောင်ဖြစ်ပြ
မျက်ခုံးများကို အနက်ရောင် ဆိုးထားသည်။ သူ၏နဖ
ပြင် ခပ်မြင့်မြင့်တစ်နေရာတွင် အံ့အားသင့်သည့် အခြ
အရာဖြင့် (အင်္ဂလိပ်စာလုံး) V ပုံသဏ္ဍာန်ကို စောက်ထိ
ခြယ်ထားသည်။ သူ၏ မျက်နှာတစ်ခုလုံးတွင် စိတ်ရှ
ထွေး အံ့သြနေသည့် အသွင်အပြင် ပေါ်လွင်နေအော

ဖန်တီး ခြယ်သထားသည်။ သူ၏ မည်းနက်ထူထဲသော ဆံပင်များနှင့် သူ၏လက်များသာ သူ့ကိုယ်ပိုင်ဖြစ်၍ သူသည် ထိပ်ပြောင် ခေါင်းတုံးပေါ်တွင် နီလွင်သော ပတ်ပတ်လည် ဆံပင်တုများနှင့် ခေါင်းစွပ်အတုတစ်ခု အပြင် ကြီးမားသော လက်အတုကြီးများ ဝတ်ဆင်ထား၏။ ဂျီးဆောလ်သည် သေတ္တာအဖုံးကို ပိတ်လိုက်ပြီး သူ့အတွက် ထိုင်စရာနေရာ လုပ်ပေးသည်။ ဖရင်းအက်ဒ်သည် သူ၏ ဆံပင်အတုနှင့် လက်အတုများကို သေတ္တာကြီးပေါ်တွင် တင်လိုက်ပြီး သူ၏ လူရွှင်တော်ဝတ်စုံမှ ပုံပန်းမကျလှသော ဖိနပ်စွပ်ထားသည့် ခြေတို့ကို ရွှေနောက်လှဲရင်း အစွန်းတွင် ဝင်ထိုင်လိုက်၏။

သူက 'မေဒ်ဒင်း ဘယ်မှာလဲ' ဟု မေးလိုက်သည်။

'မေဒ်ဒင်းက မစ္စက်မယ်လွှိုင်ရဲ့ ကလေးကို သွားထိန်းပေးတယ်၊ မစ္စက်မယ်လွှိုင်က သူ့သားတော်မီဆီ ငွေပို့လွှာပို့ဖို့ စာပို့တိုက်ကိုသွားတယ်' ဟု အထပ်ထပ်ပြောနေကျအတိုင်း ပြောသည်။ သူက 'ငါ့သားလေးတော်မီဆိုတဲ့ သူ့သား တော်မီက ကောလိပ်မှာ ကွသိလား' ဟု ပြောရင်း ဂျီးဆောလ်သည် ကျောဆန့်၍ မတ်မတ်ထိုင်လိုက်သည်။ 'ဖရင်းအက်ဒ်ရယ်၊ မစ္စက်မယ်လွှိုင်မှာ ကောလိပ်မှာနေတဲ့ တော်မီဆိုတဲ့ သားတစ်ယောက် ရှိတယ်၊ ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်ဆိုတာ အခုပြောတာ ပထမဆုံးအကြိမ် မဟုတ်ဘူးနော်၊ မင်းကြားဖူးပြီ မဟုတ်လား ဖရင်းအက်ဒ်ရယ်၊ မင်း ဒီ

အကြောင်းကို ကြားဖူးတာ အခါပေါင်း နှစ်သောင်း လောက်များ ရှိပြီလားပဲ'

ဖရင်း အက်ဒ်သည် သူ၏ပါးစပ်အမည်းကို ဟ လိုက်ရာ အထဲက နှုတ်ခမ်းအနီနှင့် သွားဖြူဖြူများ ပေါ် လာ၏။ ထို့နောက် သူက 'တော်မီကို မကျိန်ဆဲပါနဲ့ ဂျိုးဆောလ်ရယ်၊ မစ္စက်မယ်လွှ ိုင်ကိုလဲ မကျိန်ဆဲပါနဲ့' ဟု ဆိုလိုက်၏။

ဂျိုးဆောလ်က သူ၏ဒူးတွင် လက်ယှက်ခေါက်၍ အားပြုလိုက်ပြီး ကိုယ်ကို နောက်သို့ယိမ်းကာ 'ဘယ် သူက ကျိန်ဆဲလို့လဲ၊ မစ္စက်မယ်လွှ ိုင်ဟာ ကောင်းပါ တယ်၊ ပြီးတော့ ငါထင်တယ်၊ ကိုယ့်မှာ တော်မီလို ကောလိပ်ရောက်တဲ့သားတစ်ယောက်ရှိရင် သွေးကတော့ နားထင်ရောက်တတ်ကြတာပဲ၊ ဒါပေမယ့် ငါကတော့ မစ္စက်မယ်လွှ ိုင်ကို မကျိန်ဆဲပါဘူး၊ သူ့အတွက် ငါ ဝမ်းသာပါတယ်၊ သူဟာ စိတ်ကောင်းရှိတဲ့ မိန်းမ တစ်ယောက်ပါ' ဟု ပြောလိုက်သည်။

'ကြည့်စမ်း.....ဂျိုးဆောလ်၊ မင်း စိတ် ချောက်ချား နေတယ်'

'မဟုတ်ပါဘူး'

ဖရင်း အက်ဒ်သည် သူ၏ ကွေးကောက်နေသော လက်များကို ငုံ့ကြည့်လိုက်၏။ 'မင်း ခုလို လုပ်နေ တာဟာ အဆန်းပဲ၊ ဒါဟာ စိတ်ချောက်ချားနေတာ

ပေါ့' ဟု ပြောကာ သူ၏ခြေ လှုပ်ယမ်းခြင်းကိုလည်း ရပ်လိုက်သည်။

ဂျိုးဆောလ်သည် သူ၏လက်များကို ကြည့်လိုက်ပြီး 'ငါ ဒါကိုလုပ်နေတယ်ဆိုတာ ငါမသိဘူး၊ သို့ပေမယ့် မင်းပြောတာ မှန်ပါတယ် ဖရင်း-အက်ဒ်ရယ်၊ ငါ့စိတ်ထဲမှာ မငြိမ်မသက်ဖြစ်နေတာတစ်ခု ရှိတယ်၊ ငါ့အရေပြားအောက်မှာ ယားကျိကျိဖြစ်နေအောင် မငြိမ်မသက်ဖြစ်ရတာမျိုး' ဟု ဆိုလိုက်၏။

'အေး.... မင့်မှာ ဖြစ်လာပြီပေါ့ ဂျိုးဆောလ်ရယ်၊ ငါ့အဖို့တော့ နောက်ကျတာကလွဲလို့ ဒါအဆန်းမဟုတ်ပါဘူး၊ အတော့်ကို နောက်ကျတာပဲ၊ ဘာကြောင့် ဒီလောက် နောက်ကျရသလဲ မသိဘူး၊ 'ကေသီ' ဆုံးတာ သုံးနှစ်ရှိပြီ၊ မင်းမိန်းမ ဆုံးတုန်းက မင့်စိတ် ခိုင်မာသားပဲ၊ အဲဒီတုန်းက မင်း စိတ်မငြိမ်မသက် မဖြစ်ပါဘူး၊ မင့်ညီဝမ်းကွဲ ဝီလီ အောက်ခံပိုက်နဲ့ လွဲပြီး ကျလို့ ဆုံးတာလဲ ရှစ်လရှိပြီ၊ အဲဒီတုန်းကလဲ မင်း စိတ်မချောက်ချားခဲ့ပါဘူး၊ ဗစ်တာဟာ မင့်အတွဲကောင်းတစ်ယောက် မဟုတ်လား၊မင်းပဲ အဲသလို ပြောခဲ့တာပဲ၊ ပြီးတော့ မင်းတို့ 'ဆောလ်' မျိုးဆက်တစ်လျှောက်မှာ အောက်ခံပိုက်နဲ့ လွဲပြီး ကျလို့ ဆုံးရတာ ဒါ ပထမ အကြိမ်မှ မဟုတ်ဘဲ ဂျိုးဆောလ်ရယ်၊ မင့်မှာ ဘာဖြစ်နေသလဲ၊ ပူအိုက်တဲ့ ညနေခင်း မင်းပတ်လည်မှာ မှက်တွေ ခြင်တွေ မည်းနေအောင်ကိုက်လို့ ယားကျိကျိဖြစ်

နေတဲ့အခြေအနေမျိုး မင့်ပတ်ဝန်းကျင်မှာ မင်း ဖန်တီးနေတယ်'

ဂျိုးဆောလ်သည် သူ့လက်ကို ခေါက်၍ကြွက်သားများ လှုပ်သည်ကို ကြည့်လိုက်ပြီး ယင်းတို့ကို မလှုပ်အောင် ဖမ်းဆုပ်ထားလိုက်သည်။

'ဗစ်တာက ကောင်းပါတယ်၊ ငါ့ညီ ဝမ်းကွဲ ဝီလီထက်တောင် ကောင်းချင် ကောင်းဦးမယ်၊ အလေ့အကျင့် ဖြစ်တာလဲ ပါမှာပေါ့လေ၊ ငါ့ညီဝမ်းကွဲ ဝီလီကိုတော့ သူ့စိတ်အခြေအနေကို ငါသိနေသလိုပဲ၊ သူ့အသက်ရှူတာ သွေးခုန်နေတာကို သိနေတယ်၊ ငါ့ညီဝီလီကတော့ ငါ့သွေးရင်းသားချင်းလို ကိုယ်နဲ့ ဘဝတူပေါ့၊ တို့တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်လောက်ကစပြီး ဖြစ်ထွန်းလာခဲ့တဲ့ မျိုးရိုး စဉ်ဆက်ရဲ့အကျိုးဆက် ရလဒ်တွေပေါ့၊ ဗစ်တာကိုတော့ စဉ်းစားရမှာပေါ့၊ သူ ဘာလုပ်မလဲဆိုတာ စဉ်းစားရမှာပေါ့၊ ငါ့ညီဝမ်းကွဲ ဝီလီကိုတော့ ငါ့အသွေးထဲ အသားထဲက သိနေတာပဲ၊ ဗစ်တာကိုလဲ အလေ့အကျင့်နဲ့ သိပါလိမ့်မယ် ထင်ပါရဲ့၊ ဒါပေမယ့် သူဟာ လူစိမ်းပဲ၊ သူ့သွေးဟာ ငါ့သွေး မဟုတ်ဘူး၊ သူ့မှာ တို့သွေးသားရဲ့ မျိုးရိုးစဉ်ဆက် မရှိဘူး'ဟု ပြောလိုက်သည်။

ရွက်ဖျင်တဲ၏ အပြင်ဘက်တွင်ကား ဘင်ခရာတီးဝိုင်းက အဖွင့်တီးလုံးကို မြိုင်ဆိုင်တက်ကြွစွာ တီးခတ်လိုက်သည်။

'မော်ဒင်း ပြင်ဆင်လို့ ပြီးပြီလား ဂျီးဆောလ်'

'ပြီးရောပေါ့၊ အခြားဘယ်မှသွားမှာ မဟုတ်ပါဘူး'

ု၏ လက်များသည် သူက ထိန်းထားလျက်က ကွေး
ခါက်သွားပြန်သည်။ ဤအခြင်းအရာကို ဖရင်း-အက်ဒ်
ာ သတိပြုမိ၏။

'မင့်စိတ် လှုပ်ရှားနေသလား၊ ဒါမျိုးဖြစ်ဘာ ငါ
ြင်ဖူးပါတယ်၊ မင့်လက်ကို မင်း စိုးရိမ်နေတယ်၊ တစ်ခါ
ာ မျက်စိကွယ်သွားဖူးတဲ့ လူတစ်ယောက် ရှိတယ်၊
ူဟာ ဟိုသည် လျှောက်ပြေးပြီး ဆေးရောင်တွေကို
ကြည့်တယ်၊ သူ သိဖူးတာတွေကို မှတ်မိအောင် စူးစိုက်
ပြီး ကြည့်တယ်၊ သူ မျက်စိကန်းသွားတုန်းက သူဟာ
အရောင်အဆင်းဆိုတာ ဘယ်လိုဟာလဲဆိုတာ မေ့သွား
မှာ စိုးတယ်၊ မင်းလက်တွေက မင့်ကို ဒုက္ခပေးနေ
သလား'

'ဒီလို ဟုတ်မယ်မထင်ပါဘူး၊ ဘာဖြစ်တဲ့ ဒုက္ခပေးရ
မှာလဲ၊ ငါ့လက်တွေဟာ တစ်ခါမှ မချော်ဖူးပါဘူး၊
လက်ဆုပ်လဲ မမြဲတာ မရှိခဲ့ပါဘူး'

ဖရင်း-အက်ဒ်သည် ဂျီးဆောလ်၏ အပေါ်သို့ ကိုယ်
ကို ကိုင်းညွှတ်ပြီး ပခုံးကို တို့လိုက်ကာ 'ငါ့မှာ မေးခွန်း
တစ်ခု မေးဖို့ မင့်မိတ်ဆွေအနေနဲ့ အခွင့်အရေးရှိသလား
ဂျီးဆောလ်' ဟုမေးလိုက်သည်။

'အမြဲတမ်းရှိပါတယ်'

'မော်ဒင်းနဲ့ပတ်သက်လို့ သောကဖြစ်စရာ ရှိသလား'

'မရှိပါဘူး မရှိပါဘူး'

'သေချာရဲ့လား'

'သေချာပါတယ်'

'မိန်းမချောကလေးကွ ဂျိုးဆောလ်ရေ၊ မသားချော ကလေးကွ၊ မင်း ဒါကို သတိရပါ၊ အရွယ်ငယ်သေး တယ်၊ သို့ပေမယ့် အင်မတန် တော်တယ်၊ဒါကို ဘယ် အခါမှ သံသယမရှိပါနဲ့၊ ဘယ်ယောကျ်ားမှ သူ့ထက် တော်တာ မရခဲ့ပါဘူး၊ သူ့ကို မင့်ကေသီနဲ့တော့ ယှဉ် မကြည့်လေနဲ့၊ သူက တစ်မျိုးပေမယ့် သူလဲ ကေသီလို ကောင်းပါတယ်၊ ချစ်စရာလဲ ကောင်းပါတယ်၊ သစ္စာလဲ ရှိပါတယ်'

'ငါသိပါတယ်'

'ငါ ဒီကိုလာခဲ့တာက ငါ့အမြွာကလေးတွေအတွက် မွေးနေ့ပွဲကလေးတစ်ခု လုပ်ပေးမယ်လို့၊ သူတို့က ကလေး တွေချည်း ဖိတ်မှာ၊ ဒါပေမယ့် သူတို့က မင့်ကိုရော မော်ဒင်းကိုပါ ဖိတ်ဖို့ တောင်းဆိုနေကြတယ်၊ မင်း လက် ဆောင် စက္ကူထုပ်ကလေး ဘာလေး ယူပြီး လာခဲ့မ မဟုတ်လား'

'သူတို့က ငါ့ကို တကယ် တောင်းဆိုလို့လား'

'ဒါပေါ့၊ ဒါနဲ့ မင့်လက်ကို မင်း ငြိမ်ငြိမ်ထားကွ'

ဂျိုးဆောလ်သည် ခုန်၍ ထလိုက်သည်။ သူ၏ ဖိနပ် များသည် ရိုးပြွတ်တွေကြားထဲ လျှောခနဲ ရောက်သွား သည်။ သူသည် ဘူ၏ မငြိမ်နိုင်သော လက်များကို သူ

ရှေ့တွင် ဖမ်းဆုပ်ထားကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သူ၏ အောက်နှုတ်ခမ်းကို ကိုက်ထားသည်။

ဖရင်းအက်ဒ်က ငြိမ်သက်စွာပင် 'မင်းက ခွင့်ပြုမယ်ဆိုရင် မင့်ဆီက အဲသလို စိတ်ထဲ မရှိးမရှ ဖြစ်နေတာတစ်စိတ်တစ်ဒေသကို ငါမျှပြီး ယူချင်တယ်၊မင့် ကေသိဆုံးတုန်းက မင်းငိုနေတာကို ငါ ဖက်ထားခဲ့တယ်၊ မင့်ညီဝမ်းကွဲ ဝီလီကိုလဲ ငါပဲ ကြိုးစိုင်းထဲက ထမ်းထုတ်ခဲ့ပြီး ငါနဲ့ မေဘ်ဒင်းတို့က မင်းရဲ့ လက်ဝဲဘက်က နေခဲ့တယ်၊ မင်း စိတ် ဗယောက်ဗယက် ဖြစ်နေတာ ငါသိတယ်၊ ဒါပေမယ့် ဂျိုးဆောလ်ရယ်၊ ဒါကို မင်းက စပြောရလိမ့်မယ်'

ဂျိုးဆောလ် လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး 'ငှေ့လွဲစာ သွားပို့တာကလဲ ကြာလိုက်တာကွာ' ဟု ဆိုကာ 'အေး....မင်း သိတယ်လို့ ငါထင်ပါတယ်၊ မင့် အမြွာကလေးတွေလဲ သိတယ် ထင်ပါတယ်၊ မေဘ်ဒင်းကတော့ သိလေသလား မပြောတတ်ဘူး'

'ကဲ.... ဒါဖြင့် မင့်စိတ် ငြိမ်ဖို့အတွက် မင့် လက်တွေ ငြိမ်ငြိမ်နေရဖို့အတွက် မင်းက ဖွင့်ပြောမလား၊ အဖြေတစ်မျိုးမျိုးတော့ ရှိပါလိမ့်မယ်'

ဂျိုးဆောလ်က သက်ပြင်းချလိုက်ပြီး 'ငါ အသက်ကစကားပြောလာတာလားတော့ မသိဘူး၊ ငါဟာ ရှေးဖြစ်ဟောင်းတွေကိုပဲ ပြန်တွေးနေမိတယ်၊ လူများ ကြီး

လာရင် ရှေးဖြစ်ဟောင်းတွေကို ပြန်ပြန်တွေးတတ်တယ်လို့ ပြောကြတယ်၊ ငါ့အဘိုးပြောတာကို ငါ တွေးနေမိတယ်၊ ဒါက သူ့လက်တွေ အားမရှိတော့တဲ့အချိန်၊ သူ့ချိန်သားတွေ မကိုက်တော့ဘဲ သူ့မျက်စိလဲ မရှင်တော့တဲ့ အချိန်မှာ ပြောတာ၊ သူ့အဖို့ ဘယ်လိုမှ ကိစ္စ မရှိတော့တဲ့အခါ သူ ညနေ ညနေ ဝိုင်သောက်တယ်၊သူက တို့ကို လှေကူးရေး အခင်းပေါ်မှာ သင်ခန်းစာတွေ ပေးတယ်၊ ငါတို့က တစ်ခါ တစ်ခါ နားခနတဲ့အခါ အဘိုးက စကားပြောတယ်၊ ဒီအဘိုးကြီးဟာ စာတွေလဲ သိပ်ဖတ်ပြီး စဉ်းစားတာက ပိုတယ်၊ သူကတော့ ကြံဖန်ပြောတာ နေမှာပဲ၊ ဒါပေမယ့် တို့ကတော့ သူ့ကို ယုံတယ်၊ သူ့ကို မင်း မသိခဲ့ရဘူး ဖရင်းအက်ဒ်ရဲ့

'ဟုတ်တယ် မသိခဲ့ရဘူး၊ ကဲ....ဂျိုးဆောလ်၊ ပြောလိုက်ကွာ၊ အတွင်းအကျဆုံးနေရာက ခါးသီးနေတဲ့ဟာကို ရှာကြရအောင်'

ဂျိုးဆောလ်သည် သူ၏ ကုလားထိုင်ပေါ်တွင် ထိုင်ကာ စဉ်းစားရင်း နောက်သို့ မှီလိုက်၏။ 'တို့ငယ်ငယ်က တကယ့်ကို ဂုဏ်တက်ခဲ့ရတဲ့ ချာတိတ်တွေပါကွာ၊ ခါးတစောင်း ထောက်ပြီး ရင်ကော့ခဲ့တဲ့ အကောင်တွေပေါ့၊ သူဟာ တို့အထဲမှာ အသက်အရွယ်ကြီးသူဖြစ်လို့ သူပြောသမျှ အားလုံးယုံဘယ်၊ ငါ့ကိုဘောင် သူ့နာမည်ယူပြီး မှည့်ခဲ့တယ်၊ သူက ငါတို့ဟာ တစ်ချိန်တုန်းက သစ်ပင်တွေ ရေစီးကြောင်းတွေထဲက ဝိညာဉ်တွေ နတ်

တွေလို့ သူက ပြောတယ်၊ တို့ဟာ လေတွေ မုန်တိုင်းကြီးတွေထဲမှာလဲ နေခဲ့ကြသတဲ့၊ အဲဒါက မင်းတို့ရဲ့ဘိုးစဉ်ဘောင်ဆက်ကဖြစ်ခဲ့တာလို့ သူကပြောဘတ်တယ်၊ သူ့ ဆံပင် ဘယ်လောက် ဖြူနေလဲ မှတ်မိလား၊ အို.... မင်းက သူ့မှ မမြင်ဖူးလိုက်တာ ဘယ်မှတ်မိပါ့မလဲ၊ ပြီးတော့ သူက ပြောတယ်၊ ငါတို့ဟာ အဦးဆုံးဖြစ်လာတဲ့သမားတော်တွေ တဲ့၊ ရေစီးကို တန့်စေခဲ့ပြီး မိုးကြိုးလက်နက်ကိုလဲ စကြဝဠာတံတိုင်းပေါ် ကျော်ပြီး လွှဲပစ်ခဲ့သတဲ့၊ တို့ဟာ ကျောက်ဆောင်တွေပေါ်မှာ ရေကျော်သလို ခုန်ပျံကျော်လွှားပြီး လက်တွေကို ဘေးမှာဆန့်တန်းပြီး လေတိုက်သလို ပျံဝဲခဲ့ကြသတဲ့....

'အဲ...တို့တစ်တွေဟာ အနာဂတ်ရဖြစ်မှုတွေကို ကုတဲ့သမားတော်တွေ တဲ့၊ အနာဂတ်ရဖြစ်တာတွေ ကိုယ်လက်မကျန်း ဖြစ်တာတွေကို မောင်းထုတ်လို့ ရအောင် ပုံသဏ္ဍာန် လုပ်ပေးရတယ်တဲ့၊ အကြောဆွဲတာတွေ ဆိုရင်ကောက်ကောက်ကွေးကွေး၊ အဆိပ်သင့်တာအတွက် ဆိုရင် ဆန့်ငင် ဆန့်ငင်ပေါ့၊ ခြကျိုးတို့ ဘာတို့ ဆိုရင်ရာဘာလို ကွေးလို့ဆန့်လို့ ရအောင်ပေါ့၊ သူက ဒါတွေအားလုံး ရေးမှတ်ထားတာ၊ ငါတို့က လေ့ကျင့်ရေးလုပ်တဲ့ အခင်းပေါ်မှာ ဒီလို ဆောင့်ကြောင့် ထိုင်ပြီးနားထောင်ခဲ့ကြရတယ်' ဂျိုးဆောလ်သည် သူ၏ ကုလားထိုင်ဘေးသို့ ဆင်း၍ ဆောင့်ကြောင့် ထိုင်ပြသည်။

'ကလေးတွေကို ပြောတာကတော့ ထူးဆန်းတာပဲ

ကွ’ဟု ဖရင်းအက်ဒ်က ဆိုလိုက်ပြီး ‘ငါ့အမြွာကလေး တွေကို မင်း တစ်ခါတလေ ပြောပြပါလားကွ’ ဟု ပြောလိုက်သည်။

‘ပြောမှာပေါ့ကွ၊ အမြွာတွေကလဲ ဒီသွေးမျိုး ပါ တာပဲ၊ သူတို့ နားလည်ကြမှာပါ၊ ပြီးတော့ အဘိုး ဂျိုးဆောလ်ကြီးက ပြောတယ်၊ အဲဒီတုန်းက ‘ဂရီ’မှာ နတ်တွေဖြစ်တုန်းက ငါတို့ ဖိနပ်အမြင့်ကြီးတွေ စီးပြီး သစ်သားမျက်နှာဖုံးတွေ စွပ်ခဲ့ကြရတယ်တဲ့၊ ရောမမှာ တုန်းကလဲ ပြိုင်ပွဲကွင်းထဲက သွေးချောင်းစီးသွားတဲ့ သဲပြင်ရဲရဲထဲမှာ တလိမ့်ခေါက်ကွေး လဲကျကြတယ်တဲ့၊ ပြီးတော့ ငါတို့ဟာ ဝန်လေးနဲ့စိုက်ထူထားတဲ့ လက်ဝါး ကပ်တိုင်တွေ ရှေ့မှာ မီးတုတ်တွေနဲ့ လက်လှည့်ပြခဲ့ကြ တယ်တဲ့....

‘ပြီးတော့ အမှောင်ရာစုခေတ်တွေမှာ ငါတို့ဟာ ရယ်ရယ်မောမောနဲ့ပဲ အံ့ဖွယ်သရဲ တန်ခိုးတော်ပြဇာတ် တွေပြခဲ့ကြတယ်တဲ့၊အဲသည်လို ရယ်မောခြင်းဆိတ်သုဉ်း နေတဲ့ ကာလက ငါတို့သာလျှင် ပျော်ရွှင်နိုင်ခဲ့ကြတယ် တဲ့၊အဲဒီနောက်မှာတော့ လူတိုင်း သိကြပါတယ်လို့ သူက ပြောတယ်’

‘အမြွာကလေးတွေ ကြားစေချင်တယ်’ ဟု ဖရင်း အက်ဒ်က ပြောလိုက်သည်။

‘ညနေညနေ သူ နည်းနည်း သောက်တတ်တယ်လို့ ငါပြောတယ် မဟုတ်လား၊ သူ အမြင့် (ကောင်းကင်

ဘား) ကို မတက်တော့တဲ့ အချိန်ကျတော့ ဒါဟာ ကိစ္စ မရှိပါဘူး၊ သူပြောတာ ဘုရင်တွေ မင်းသားတွေ မှူးမတ်တွေ 'အက်ိစတာ' တို့ 'ဗင်ဒါဘစ်လ်' တို့လို သဌေးသူကြွယ်တွေ၊ ဗြိတိသျှ ကျူဒါမင်းဆက်တွေ၊ ပလန်တဂျနက် မင်းဆက်တွေ၊ ဝေလမင်းသားတွေ၊ သူတို့ဘိုးစဉ်ဘောင်ဆက်ကို သေသေချာချာသိတဲ့ လူတွေအကြောင်း၊ အဘိုး ဂျိုးဆောလ်ကြီးဟာ အရပ်မြင့်မြင့်ကြီးနဲ့ ရပ်ပြီး တုတ်ချောင်းလို လက်ညှိုးတစ်ချောင်းထောင်ထားတာ တွေ့ရမယ်၊ တစ်ခေါင်းလုံးမှာ ဆံပင်အပြည့်နဲ့၊ သွားအားလုံး သူ့နဂိုသွားတွေ၊ သူရပ်နေတာ ခေါင်းဖြူကြီးက တိမ်တိုက်ဖြူကြီးလိုပဲ၊ ငါတို့တစ်တွေကတော့ ယှေ့ကျင့်ရေးအခင်းပေါ်မှာ ဒူးဆစ်တွေ၊ တံတောင်ဆစ်တွေ ညောင်းပူနေအောင် ဂုဏ်ယူဝင့်ကြွားစွာ နှာယူမှတ်သားနေကြတဲ့ ချာတိတ်တွေပေါ့....

'သူပြောတာကတော့ ဒီလို ရှေး အစဉ်အဆက်က ရှိခဲ့ပြီး ကျော်ကြားတာ သေချာတာ အသိအမှတ်အပြုခံရတာဟာ မျိုးဆက်နှစ်ခုပဲ ရှိတယ်တဲ့၊ အဲဒါက လူရှင်တော်တွေနဲ့ ဘားကျွမ်းသမားတွေပဲတဲ့၊ ကျန်တာတွေကတော့ လူသစ်တွေပဲတဲ့'

ဖရင်းအက်ဒ်သည် ကျော့ကျော့နပ်နပ်ကြီးပင် ပင့်သက်ရှူထုတ်လိုက်ပြီး 'အမြွာကလေးတွေကို သူတို့မွေးနေ့ကျ ကိတ်မုန့်ခွဲပြီးတဲ့အချိန် ပြောပြပေါ့ကွာ' ဟု ပြောလိုက်သည်။

ဂျိုးဆောလ်၏ မျက်နှာမှာ တစ်စုံတစ်ခုကို သတိရပြီး ရှုံ့မဲ့သလို ဖြစ်သွားသည်။ သူ မတ်တတ်ရပ်လိုက်ပြီး သူ၏လက်များက ဆုပ်ကိုင်စရာဆီသို့ ရောက်သွားကာ 'ပြီးတော့ သူကပြောတယ်၊ ကလေးတွေ မွေးကြကွ၊ ကလေးတွေ အများကြီး မွေးကြ၊ လက်ထဲက ကလေး တစ်ယောက် ဖျာပေါ်က ကလေးတစ်ယောက်၊အကြီး သူငယ်က ဘားတန်းပေါ်မှာ မရှိဘူးလို့ မဖြစ်စေကြနဲ့၊ ပြီးတော့ ငါတို့ နေထိုင်ရာကို ငုံ့ကြည့်ပြီး မျက်မှောင် ကြုတ်ထားတယ်'

ဂျိုးဆောလ်က ငြိမ်နေသည်။ ဖရင်းအက်ဒ်လည်း ငြိမ်နေသည်။ ခွာသံရှရှ နင်းလာသော ဆပ်ကပ်မြင်း များ၏ နှာမှုတ်သံသည် တဲကို ဖောက်ထွင်း၍ဝင်လာ၏။ ဖရင်းအက်ဒ်သည် ဂျိုးဆောလ်အား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး....'အဲဒါ မင်းမှာ ခါးသီးစရာ ဖြစ်နေ တာပေါ့၊ အဲဒါပေါ့၊ ကေသီက ကလေးမရဘူး၊ဒါဖြင့် မောင်ဒင်းကကော' ဟု ဆိုလိုက်၏။

ဂျိုးဆောလ်က 'သုံးနှစ် ရှိပြီကွာ၊ သုံးနှစ်' ဟုပြော သည်။

'မင်းကြောင့်များ ဖြစ်နေမလားလို့ စဉ်းစားနေပြီ လား'

'ဘာလဲလို့တော့ ငါမသိဘူး၊ ဘာလဲလို့တော့ ငါ မသိဘူး၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်ဟာ ဒီလို တော့ သေမသွားနိုင်ပါဘူး'

'မိန်းမလဲ မသေနိုင်ပါဘူးလေ'

ဂျီးဆောလ်က 'ယောကျ်ား တစ်ယောက်ဟာ သူ့သွေးသား အစဉ်အဆက်ကို အမြိုက်ပစ်သလို ပစ်လိုက်လို့တော့ ဘယ်ဖြစ်မလဲ၊သူ့ မျိုးဆက် ရှင်သန်နေမှု အစဉ်အဆက်ကို ဒီလို တိခနဲ ဖြတ်လိုက်လို့ ဘယ်ရမလဲ၊ ဒါဟာ ရှေးဖြစ်ဟောင်းတွေ အောက်မေ့နေရုံ ကိစ္စမဟုတ်ဘူး၊ ငါ့ရဲ့ သင်ကြားလေ့ကျင့်မှုနဲ့ တို့ ဘိုးဘေး စဉ်ဆက် ကျော်စောကိတ္တိ ရှိခဲ့တာတွေကို အောက်မေ့နေရုံ ကိစ္စလဲမဟုတ်ဘူး၊တို့မအောင်မြင် မဖြစ်မြောက်လို့ အရှက်ကွဲခဲ့ရတာတွေကို မေ့ပစ်ထားရုံကိစ္စ မဟုတ်ဘူး....

'ငါ့အပေါ်မှာ ငါတို့ မျိုးဆက်ကို အစဉ်အဆက် လက်ဆင့်ကမ်းပေးဖို့ယုံကြည်မှုနဲ့အပ်နှင်းထားတဲ့တာဝန် ရှိတယ်၊ဒီဟာကို ငါ့သွေးသား ကလေးတွေရဲ့ လက်ထဲကို အင်မတန် သိမ်သိမ်မွေ့ မွေ့ ထည့်ပေးခဲ့ဖို့က ငါ့တာဝန်၊ မင်းက မင်းသွေးသား စဉ်ဆက် ရှင်သန်မှုအတွက် အမြွာကလေးတွေရဲ့ လက်ထဲကို ထည့်ပေးပြီးပြီ ဖရင်းအက်ဒ်ရယ်၊ အခု ငါ့မှာ မော်ဒင်းနဲ့ သုံးနှစ် ရှိပြီ'

'မင်း ဆရာဝန်တွေဆီ သွားတိုင်ပင်ဖို့ ကောင်းပြီထင်တယ်၊ မင်း မစဉ်းစားဖူးသေးတဲ့ အဖြေတော့ ရှိကောင်းပါတယ်'

'သူတို့ ဘာသိလဲ' ဟု ဂျီးဆောလ်က အော်လိုက်ပြီး 'ငါ့မှာ ကံဆိုးမိုးမှောင်ကျစေဖို့ ကျိန်စာ သင့်နေတယ်၊ ဒါကို ငါ့စိတ်ထဲက သိနေတယ်'

'မင့်တစ်ယောက်တည်းအပေါ်မှာလား ဂျိုးဆောလ်ရယ်' ဖရင်းအက်ဒ်က ပြုံးလိုက်ပြီး 'မင်းက မင်း တစ်ယောက်တည်း ကျိတ်ပြီး ခံနေရတယ်လို့ ထင်တာလား၊ ဒီဒုက္ခကို လေထဲ အလင်းရောင်ထဲ ထုတ်ပြဖို့ အချိန်တော်ပြီ၊ မဟုတ်ရင် ဒါက မင့်စိတ်ထဲမှာ တရိရိဆွေးပြီး ကုစားလို့ မရတော့တဲ့ ကင်ဆာရောဂါလို အဆိပ်မြစ်တွေ ပွားလာလိမ့်မယ်၊ ဖုံးထားတာကို ခွာချလိုက်စမ်းပါ၊ မင်းရဲ့ လျှို့ဝှက်ချက်နဲ့ မင်းဘာသာ ဂူထဲမှာ ပိတ်နေပေမယ့် မင်းမှာ တစ်ယောက်တည်းတော့ မဟုတ်ပါဘူး'

'သိပါတယ်'ဟု ဂျိုးဆောလ်က ငြိမ်သက်စွာ ပြောလိုက်ပြီး 'ငါဟာ အဲသလို ဖြစ်နေပြီ ထင်ပါရဲ့၊ ပွေးလို ကိုယ့်တွင်း ကိုယ်တူးပြီး ပိုမှောင်တဲ့ နေရာကို သွားနေ ထင်ပါရဲ့၊ ဟုတ်ပါတယ် ဖရင်းအက်ဒ်ရယ်၊ဒါဟာ ဘယ်အချိန် ဘယ်နေရာ ဘယ်သူ့မှာဖြစ်ဖြစ် ဖြစ်နိုင်တာမျိုး၊ လယ်သမားမှာ ဖြစ်ဖြစ် သဘော်သားမှာဖြစ်ဖြစ် ဒါမှမဟုတ် မျိုးရိုးထင်ရှားမရှိတဲ့ အညတရမှာဖြစ်ဖြစ် လူတိုင်းမှာ ဖြစ်နိုင်တဲ့ ဟာမျိုး၊ ဒါကို ငါ သိပါတယ်၊ အားလုံးမှာလဲ ကိုယ့်ဟာနဲ့ကိုယ် ကျိတ်ပြီး မြှုပ်ပြီး လျှို့ဝှက်ထားကြရတာ ရှိမှာပဲဆိုတာ ငါသိပါတယ်'

'ဒါဆို ရပါပြီလေ၊ ကဲ....အခု ငါ့လဲ သိပြီဆိုတော့ ငါ ကူညီဖို့ ကြိုးစားပါ့မယ်၊ ငါ စဉ်းစားပြီး ကူညီပါ့မယ်'





ဂျိုးဆောလ်သည် ရုတ်တရက် စိတ်လှုပ်ရှားစွာဖြင့် 'မော်ဒင်း ဘာကြောင့် ကြာနေသလဲမသိဘူး၊ ငွေပို့လွှာ သွားယူတာကလဲ ကြာလှပါလား၊ သူ့ကလေး ဆိုတာကလဲ မစွက်မယ်လို့ငိုက ကလေးရဖို့ဆို အသက်ကြီးလွန်းနေပါပြီ၊ သူ အရွယ်လွန်နေပါပြီ၊ သူ အခု လေးဆယ့်ငါးနှစ်တောင် ရှိပြီပဲ'

'ဒါပေမယ့် သူ့မှာ ရတာပဲ'ဟု ဖရင်း-အက်ဒ်က ပြောလိုက်ပြီး မမြင်ရ မကြားရသော တစ်စုံ တစ်ခုက အချက်ပေးလိုက်သလို သူ၏ ဆံပင်အတု ခေါင်းစွပ်ကို အလိုလို ကောက်ဆောင်းလိုက်ပြီး သူ၏ထူထဲသော ဆံပင်များအပေါ်မှ ခေါင်းတုံးပြောင်နေရာကို ပွတ်သပ်ကာ နဖူးပေါ်အုပ်သည့် နှုတ်ခမ်းသားကို ပြေပြစ်အောင် ပြုလျက် သူ၏မယုံကြည်နိုင်စရာ မျက်ခုံးများ၏ အထက်စသို့ ရောက်အောင် ဖိချသည်။ 'အခု ငါသိရပြီ၊ ငါ ကူညီဖို့ ကြိုးစားပါ့မယ်၊ အခု ငါ့အခန်းရောက်ပြီ'ဟုဆိုကာ သူ၏ လက်အတုကို စွပ်လိုက်ပြီး ဟန်လုပ်၍-က,သော ခြေလှမ်းများဖြင့် တဲ၏ အပြင်ဘက်သို့ နှေးကွေးလေးလံစွာ ထွက်သွားလေ၏။

ဂျိုးဆောလ်သည် သေတ္တာကြီး၏အဖုံးကို ဖွင့်ကာ သူ၏ကုလားထိုင် အနီးသို့ ဆွဲယူလိုက်ပြီး သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်လိုက်သည်။ သူသည် ရှေ့သို့ ကုန်း၍ သူ၏မျက်နှာကို အနီးကပ် စစ်ဆေးကြည့်လိုက်သည်။ ရုတ်တရက်ပင် ဖရင်း-အက်ဒ်ပြန်ဝင်လာပြီး 'ငါပြောတာ

အဲသလို ဆိုလိုတာ မဟုတ်ပါဘူး၊ အဲဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး'ဟု ပြောလိုက်သည်။

'ဘာကို ဘယ်လို ဆိုလိုတာလဲ'

'ငါက ဒါပေမယ့် သူ့မှာ ရတာပဲလို့ ပြောလိုက်တုန်းက ငါ့နားထဲမှာ ဒါကို အဲသလို ကြားလိုက်ရလို့လေ၊ငါက အဲသလို ဆိုလိုတာ မဟုတ်ပါဘူး ဂျူးဆောလ်ရယ်'

'ငါကလဲ အဲသလို မကြားလိုက်ပါဘူးလေ' ဟု ဂျူးဆောလ်က မသက်မသာ ပြောလိုက်ပြီး 'အခု မင်း အခန်း ရောက်နေပြီလေ ဖရင်း-အက်ဒ်'ဟု ဆိုလိုက်၏။ ဟုတ်ပါသည်။ ဘင်ခရာတီးဝိုင်းက ဆင်များ၊ မြင်းဖြူများ၊ သစ်ကုလားအုတ်များ၊ ရေမြင်းများနှင့် တစ်ဘီးလိမ့် စက်ဘီးများ စီးထွက်လာသော ဆပ်ကပ် လူရွှင်တော်များတန်းစီ၍ချီတက်လာသောတီးလုံးကို စီစီညံ့ညံ့တီးခတ်လိုက်ပါပြီ။ ဖရင်း-အက်ဒ်သည် ချာခနဲလှည့်ထွက်လိုက်ရာ ရွှက်ဖျင် တံခါးအောက်သို့ ကျလာသည်။ အပြင်ဘက်တွင် နှုတ်ဆက်သံ ကြားလိုက်ရပြီး 'ပြေးပြေး....မော်ဒင်းရေ၊ မင့်ကို သူ မျှော်နေတယ်'ဟု ပြောသံ ကြားလိုက်ရ၏။

ရွက်ဖျင်တံခါးကို မ,၍ ခမော်ဒင်း ဝင်လာသည်။ သူ၏ အသားကပ်ဝတ်စုံမှာ အဖြူနှင့် ငွေရောင်ပြေးဖြစ်၍ ပခုံးပေါ်တွင် ခြုံထားသော အပြာနှင့်ငွေရောင် ခြုံထည်ရှည်မှာ ခြေမျက်စိအထိခေါက်တွန့်များ တွဲလျက်

ကျနေသည်။မော်ဒင်းသည် အသားအရေ ဖြူဝင်းလျက် အလွန်လှပသည်။ သူ၏ ရွှေရောင် ဆံပင်တို့ကိုတောင် ကျစ်လျစ်သော အခွေကလေးများ လိမ်ထားသည်၊ မျက်လုံးများမှာ အပြာရောင် ဆိုးထားပြီး မိတ်ကပ်ကို ဂရုတစိုက် လိမ်းထားသည်။ မော်ဒင်းသည် ပြုံးနေသည်။ သူ့မျက်နှာမှာ တ,သ စွဲမက်ခြင်းဖြင့် ဝင်းလက်နေသည်။

ဂျိုးဆောလ်သည် သူ့ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။ သူ့မျက်နှာမှာ သုန်မှုန်နေပြီး ဣန္ဒြေကြီးနှင့် ဖြစ်သည်။ 'မော်ဒင်း၊ နင် ဗစ်တာနဲ့ တွေ့ခဲ့လား'

'ဟင့်အင်း မတွေ့ခဲ့ဘူး၊ အဲဒီ ကလေးလေး အရှုံးအရဲနဲ့ တကယ်မြူးတယ်၊ ရွှေ့ထိုးနောက်ငင် ယမ်းတယ်၊ နေရောင်ခြည်တန်းကို သူ့လက်ကလေးနဲ့ ဖမ်းဆုပ်တယ်၊ နေရောင်တန်းထဲ လက်ဖြတ်သွားတော့ သူ့မျက်နှာကို ရှင်မြင်စေချင်တယ်၊ တစ်ချိန်တည်းမှာ အံ့အားသင့်တာ၊ အလိုမကျတာ' မော်ဒင်းက ရယ်လိုက်ပြီး ဂျိုးဆောလ်၏ မျက်နှာအမူအရာကို မြင်လိုက်သောအခါ 'ရှင် ဘာဖြစ်နေတာလဲ ဂျိုးဆောလ်၊ နေမကောင်းဘူးလား' ဟု မေးလိုက်သည်။

'ငါ နေကောင်းပါတယ်'ဟု ဆိုကာ ဂျိုးဆောလ် မတ်တတ်ရပ်လိုက်သည်။

'ဒါဖြင့် စိတ်ဆိုးနေတာလား၊ ရှင်စိတ်ဆိုးနေတာ ဖြစ်ရမယ်၊ ရှင့်မျက်လုံးတွေဟာ နက်မှောင်နေတာ၊ ဒါ

ပေမယ့် ရှင်စိတ်ဆိုးနေရင် ရှင့်မျက်လုံးတွေဟာ အနီရောင် တောက်လာတယ်၊ ရှင်စိတ်ဆိုးနေတာ ကျွန်မကိုလား ဂျိုးဆောလ်'

ဂျိုးဆောလ်သည် မော်ဒင်းဆီသို့ ခပ်မြန်မြန်သွားကာ မော်ဒင်းအား သိုင်းဖက်ထားလိုက်၏။ သူ၏ ခန္ဓာကိုယ်ရော မျက်နှာပါ အာသာငမ်းငမ်း တမ်းတလိုလားသော အမူအရာ ပေါ်နေသည်။

'စိတ်မဆိုးပါဘူးကွယ်၊ စိတ်ဆိုးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ဆိုးနေတာက'ဟု ဆိုကာ မော်ဒင်း၏ ပါးကို ပွတ်သပ်လိုက်ပြီး 'မင်း တခြားသွားနေတဲ့အချိန်၊ အဲဒီအချိန်မျိုး မင်းနဲ့ငါ အတူရှိမနေတဲ့ အချိန်မှာဒတာ့ မိနစ်တိုင်းကို စိတ်တိုနေရတာပဲ'ဟု ပြောလိုက်၏။

မော်ဒင်းက 'သဘောကျတယ်၊ ဒီလို ကိုယ့်ကို လွမ်းနေတယ်ဆိုတာ ကောင်းတာပေါ့၊ ကျွန်မလဲ မြန်နိုင်သမျှ မြန်မြန် ပြန်လာတာပဲ၊ ဒီလိုပဲ နည်းနည်းတော့ ထွက်ထွက် ပေးတာ ကောင်းတယ်၊ ဒါမှ ကျွန်မ ရှင့်ကို ဘယ်လောက်တောင် ပြင်းပြင်းထန်ထန် ချစ်တယ်ဆိုတာ သိတယ်' ဟု ဆိုလိုက်၏။

ဂျိုးဆောလ်သည်မော်ဒင်းအား ကျစ်ကျစ်ပါအောင် ဆွဲ၍ဖျစ်ညှစ်ထားလိုက်ပြီး 'ငါ စိတ်ထဲမှာ ကစားကြည့်တယ်၊ မော်ဒင်းမရှိဘူးလို့ တိုးတိုးကလေး ပြောတယ်၊ မော်ဒင်းထွက်သွားပြီလို့လဲ လျှောင်ပြောင်တယ်၊ မော်ဒင်းဆိုတာတကယ်ရှိတာ မဟုတ်ဘူးလို့လဲ ငိုညည်းသံနဲ့

ပြောတယ်၊ အတော် ဆိုးယုတ်တဲ့ စိတ်ကစားခြင်းပဲ၊ ငါ အတော် ထိတ်လန့်သွားတယ်’ဟု ဆိုလိုက်သည်။

မောင်ဒင်း ပြုံးလျက် နွမ်းလျက် မိန်းမောသော အသံဖြင့် ‘ကောင်းတာကို ပိုကောင်းအောင် စိတ်ကစားတာကတော့ ကလေးကစားနည်းပဲ’ ဟုဆိုကာ ‘ကျွန်မ ငယ်ငယ်က အပေါ်က အမည်းရောင် သကြားအုပ်ထားတဲ့ ကိတ်မုန့်ဖြူဖြူကလေးကို ကိုင်ပြီး ဒါဟာ ကိုယ့်ဟာ မဟုတ်ဘူးလို့ ဟန်ဆောင်ကြည့်တယ်၊ ဒါက စားတဲ့ အခါမှ ပိုပြီးကောင်းတဲ့ အရသာကို ခံဖို့ပေါ့၊ အဲ....အဲ ဂျီးဆောလ်ရယ်၊ အဲသလိုမှပေါ့၊ ရှင့် မျက်လုံးထဲမှာ အနီတွေ မရှိတော့ဘူး၊ ရှင့်မှာ အခု အနက်ဆုံး မျက်လုံးတွေ ခွဲထားပြီးစ ကျောက်မီးသွေးလို အဲသလို အနက်ရောင်မျိုးပဲ၊ ခုနက ရှင်စိတ်ဆိုးနေတယ်၊ ဒါမှမဟုတ် စိတ်ရှုပ်နေတာရင်လဲ ဖြစ်မယ်’

‘ခုနက စိတ်ဆိုးရင်လဲ အခု စိတ်မဆိုးတော့ဘူး၊ မင့်ကို ထိတွေ့လိုက်ရတော့ အားလုံး အခိုးအငွေ့ဖြစ်ပြီး လွင့်သွားပြီ မောင်ဒင်းရယ်၊မင့်ကို ငါ ချစ်တယ်၊ချစ်လို့ကို မဝနိုင်အောင်ပါပဲ’

‘အလိုမပြည့်နိုင်တာလား မောင်ရယ်’

‘မပြည့်ဘူး၊ ဘယ်တော့မှ မပြည့်နိုင်ဘူး၊ အလိုပြည့်တယ်ဆိုတာ ဗိုက်ထဲ မဆန့်အင်တန် အစာတွေ ပြည့်အောင် အစားလွန် အအိပ်လွန် ဖြစ်ပြီး မလှုပ်မရှားနိုင်အောင် မသက်မသာ လေးလံထိုင်းမှိုင်းနေတာမျိုးဆိုရင်

ဘယ်လောက် ငြီးငွေ့စရာ ကောင်းလိုက်မလဲ၊ မကြိုက်ဘူး၊ အခု မင်းကလဲ ဝအောင် ကျွေးတယ်၊ ငါကလဲ ဆာလောင်လျက်ပဲ၊ အဲဒါဟာ အကောင်းဆုံး ပေါ့ ကွယ်'

မော်ဒင်းက သူ့အား အနည်းငယ် တွန်း၍ သူ၏ မျက်နှာကို မြင်သာအောင် ခွာလိုက်ပြီး 'ဂျိုးဆောလ် ရယ်၊ ရှင့်မှာ ပူပန်သောက ဖြစ်စရာ ဘာများ ရှိနေလဲ၊ ကျွန်မကို ပြောပြပါလား'ဟု ဆိုလိုက်သည်။

'ဘာမှ မဟုတ်ပါဘူး'ဟု သူက ဆိုသည်။

'ဗစ်တာကြောင့်လား'

'နည်းနည်းပေါ့'

'ဟုတ်လား'ဟု ဆိုကာ ခဏရပ်ထားပြီး 'တခြားဟာကော ရှိသေးလား'ဟု ဆက်မေးသည်။

'မရှိပါဘူး၊ မရှိပါဘူး'

'ကျွန်မဟာ ရှင့်အဖို့ မိန်းမကောင်း တစ်ယောက်ဟုတ်လား'

ဂျိုးဆောလ်သည် မော်ဒင်းအား တင်းတင်း ဖက်လိုက်ပြီး 'ဩော် မေးမှ မေးပလေ မော်ဒင်းရယ်၊ မင်းဟာ ငါ့ရင်ထဲမှာ မီးတောက်မီးလျှံ မှတ်နေတဲ့ ပန်းတစ်ပွင့်ပါ၊ ကဲ...ကြည့်လေ၊ အခုဆို ငါ့မှာ သူငယ်လေး တစ်ယောက်လို ရင်မောနေရပြီ၊ ငါ တစ်ကိုယ်လုံးမှာ နေရာအပြည့် မင်း ယူထားပြီလေ'ဟု ပြောလိုက်၏။

ရှက်ဖျင်တံခါး ပွင့်လာပြီး ဗစ်တာ ဝင်လာသည်။ ဂျိုးဆောလ်သည် မော်ဒင်းအား လွှတ်ပေး လိုက် ပြီး ဖြည်းညင်းစွာ ခပ်ထန်ထန် အမူအရာဖြင့် ဗစ်တာဘက်သို့ လှည့်၍ ရင်ဆိုင်လိုက်သည်။

ဗစ်တာသည် ခန္ဓာကိုယ် ကြီးမား၍ အလွန် အားရှိသည်။ အသားညိုသည်၊ အသက်ငယ်သည်။ သူ၏ ပါးစပ်မှာ ပြည့်ဖြိုး၍ မောက်မာဟန် ရှိသည်။ သူ၏ မျက်လုံးများမှာ သုန်မှုန်နေသည်။ သူသည် လျော့ရဲသော ဖလန်နယ် ဘောင်းဘီနှင့် တီရှပ်အဖြူအပြင် လည်ပင်း၌ ရွှေကြိုးနှင့် ရွှေဆွဲပြား တစ်ခု ဝတ်ဆင်ထားသည်။ သူ၏ အသားအရေမှာ နူပျို စိုပြည်လျက် ရှိသည်။ သူ၏ လက်ယာလက်ဖျံကို ဝမ်းဗိုက်၌ ကန့်လန့်ထားပြီး လက်ကောက်ဝတ်ကို ဆေးပတ်တီးဖြင့် တင်းကျပ်စွာ စည်းထားသည်။ သူသည် အဝင်ဝတွင် ပမာမခန့် ရပ်နေ၏။ မော်ဒင်းသည် ငြိမ်သက်စွာ လျှိုထွက်၍ ဂျိုးဆောလ်ကို ကျော ပတ်ကာ နောက်က ရပ်နေလိုက်သည်။

ဂျိုးဆောလ်သည် ပထမတွင် စိတ်ရှုပ်ထွေးသွားသလို နောက် တရိပ်ရိပ် တက်လာသော ဒေါသဖြင့် ဗစ်တာအား စူးစိုက်ကြည့်နေလိုက်သည်။

သူက 'မင်း ဘာဖြစ်လို့ အဆင်သင့် မဖြစ်သေးတာလဲ' ဆိုလိုက်ပြီးနောက် လက်က ပတ်တီးကို မြင်သဖြင့် 'ဒါက ဘာတဲ့လဲ'ဟု မေးလိုက်၏။

ဗစ်တာသည် သူ့စိတ်က ကြောက်နေသည်ကို ဖုံး ကွယ်ရန် သူ့မျက်နှာပေါ်တွင် ခြိမ်းခြောက်သည့် အမူ အရာ၊ မည်သူ့အားမျှ ဂရုစိုက်စရာမလိုသည့် အမူအရာ တို့ဖြင့် 'ကျုပ် လက်ကောက်ဝတ် အကြောတင်သွားလို့ အခုပဲ ဆရာဝန်ဆီက လာခဲ့တာယ်'ဟု ဆိုလိုက်၏။

ဂျိုးဆောလ်သည် သူ့အား ခပ်ကြာကြာ စိုက်ကြည့် နေလိုက်ပြီးမှ ငြိမ်သက်စွာပင် 'ဘယ်လို ဖြစ်တာလဲ'ဟု မေးလိုက်၏။

ဗစ်တာသည် ဂျိုးဆောလ် ဒေါသ ဖြစ်လိမ့်မည်ဟု မျှော်လင့်၍ လာခဲ့သည်။ ဂျိုးဆောလ် ဤသို့ ငြိမ်သက် စွာ ရှိလိမ့်မည်ကို ကြိုတင်ပြင်ဆင်မှု မပြုခဲ့မိ။ ဒေါသကို သာ တုံ့ပြန်ရန် သူ့ကိုယ်သူ မဲတင်းလာခဲ့သည်။သူ့ကိုယ် သူ ကာကွယ်ရန် ဒေါသကို ဆောင်လာခဲ့သည်၊ ဤသို့ မကောင်းသော အရိပ်နိမိတ်ဖြင့် ငြိမ်သက်နေသည်တွင် သူ့မှာ ဟန်ချက်ပျက်သွားသည်။ သူ၏ ကာကွယ်ရေး ပုံစံကိုလည်း ပြောင်းမပစ်နိုင်။

သူက အသံကိုမြှင့်၍ 'ခင်ဗျား စိတ်ဆိုးစရာ မလို ပါဘူး'ကျယ်လောင်စွာအော်လိုက်ပြီး 'ကျုပ်လဲ မတတ် နိုင်လို့ပေါ့၊ မတော်တဆ ဖြစ်ရတာလို့ ပြောပကော၊ ဒါ မျိုးဆိုတာ ဘယ်သူ့မှာ ဖြစ်ဖြစ် ဖြစ်နိုင်တာပဲ၊ ဘယ် အချိန်မှာ ဖြစ်ဖြစ် ဖြစ်နိုင်တာပဲ'ဟု ဆိုလိုက်သည်။

ဂျီးဆောလ်သည် သေနတ်ပစ်စင် ဆုံလည်ပမာ ရှေ့နှင့်နောက် ဖြည်းညင်းစွာ လှည့်လိုက်ပြီး တိတ်ဆိတ်နေသည်။ သို့ရာတွင် ဗစ်တာက အရှိန်မသေနိုင်သေး။ 'ကျုပ်က ကစားနေတာဗျ၊ သူငယ်ချင်းတွေနဲ့ ဘောလုံး သွားကစားနေတာ၊ ဒါပဲ၊ ကစားနေတာပါ၊ အကောင်တစ်ကောင်က ခြေထိုးလိုက်လို့၊ တမင်လုပ်တာ မဟုတ်ပါဘူး၊ ခင်ဗျား ဘာဖြစ်နေတာလဲ'ဟု ပြောနေစဉ် ဂျီးဆောလ်က မတ်မတ်ရပ်လိုက်ပြီး သူ့အနီးသို့ ဖြည်းညင်းစွာ လာနေသဖြင့် သူ မသက်မသာ နောက်သို့ရွှေ့လိုက်၏။ ဂျီးဆောလ်၏ အသံသည် အနိမ့်အမြင့် မရှိ၊ တစ်သံတည်း ရွတ်ဖတ်နေသကဲ့သို့ ရှိသည်။

'မင်းဟာ မြို့နယ်ကလေး တစ်မြို့က အထက်တန်းကျောင်း တစ်ကျောင်းမှာ နေခဲ့တယ်၊အိုဟိုင်ယိုမြို့ မဟုတ်လား'ဟု ဆိုကာ အဖြေကို စောင့်မနေတော့ဘဲ 'အားကစားသမား၊ မိုင်ဝက်ပြေး၊ ဝါးထောက်ခုန်၊ဘားကျွမ်းအသင်း၊ ပြီးတော့ လူရွှင်တော်လို ရယ်စရာ လုပ်တတ်တယ်၊ လူတိုင်းက မင့်ကို မြို့ငယ်ကလေးမှာ အလကားအချိန်ဖြုန်းနေတယ်၊ စင်ပေါ် တက်ဖို့ ကောင်းတယ်လို့ ပြောကြတယ်၊ ကောင်ကလေးတွေတိုင်း ထွက်ပေါက်ရှာတတ်ကြသလို မင်းကလဲ စိတ်ကူး ယဉ် ထား တာနဲ့ မင်း အိမ်က ထွက်ပြေးပြီး ဆပ်ကပ်အဖွဲ့နဲ့ လိုက်ခဲ့တယ်'

ဂျီးဆောလ်က ရပ်ပြီး သူ့နှုတ်ခမ်းကို သူ လျက်လိုက်၏။

ဗစ်တာက 'ဆရာဝန်က သုံးရက်လို့ ပြောတယ်။ အကြော တင်သွားတာကလေးပဲ၊ ခင်ဗျား ဘာတွေ လျှောက်အော်နေလဲ'ဟု ဝင်ပြောလိုက်၏။

ဂျီးဆောလ်က မကြားသလို ငြိမ်သက်စွာပင် ဆက်၍ ပြောသည်။ 'မင်းမသိတာ မဟုတ်ဘူး၊ မင်း ဘယ်တော့မှ မသိနိုင်တာ၊ မင်းဟာ ဂီတသမား ဖြစ်ရင်လဲ တင်းနစ်ဘောလုံးကို မင့်တယောနဲ့ ရိုက်မယ့်အကောင်၊ မင်းဟာ ခွဲစိတ်ကု ဆရာဝန်ဆိုလဲ ဆရာဝန်သုံး ခွဲစိတ်ဓားနဲ့ ခဲတံတွေ ချွန်မယ့် အကောင်'

ဗစ်တာက 'ကျုပ်ကို မအော်ပါနဲ့' ဟု ဆိုလိုက်သည်။

ဂျီးဆောလ်က မကြားသလို ငြိမ်သက်စွာပင် ဆက်၍ ပြောသည်။ 'ဟုတ်လား၊ မင်းဟာ အားပိုကောင်းတယ်။ ပိုပြီး လျင်မြန်တယ်၊ ပိုပြီး ငယ်တယ်၊ ငါ့ညီ ဝမ်းကွဲ ဝီလီထက်လဲ ပိုပြီး လက်ခြေ မြဲမြံတယ်၊ ဒါပေမယ့် ဒါ ဘာလဲဆိုတာ အခု ငါသိပြီ၊ မင်းလုပ်သမျှဟာ မင်းရဲ့ ပျို့ရွယ်မှုနဲ့ သန်မာမှုကြောင့် အမှတ်မထင် ဖြစ်နေတာ၊ မင်းမှာ ကိုယ်အသုံးပြုတဲ့ လက်နက်ကိရိယာနဲ့ ကိုယ့်ဘဝ ရပ်တည်ရာ ပညာဆိုတာမှာ အတိုင်းမသိ ရှိသေလေးစားမှုဆိုတာမျိုး မရှိဘူး၊ ကိုယ့်ဘဝ ရပ်တည်ရာ ပညာဆိုတာကို မင်းက လုပ်ကိုင်စားဖို့ အတတ်ပညာတစ်ခုလို လုပ်ထားခဲ့တယ်'

ဂျိုးဆောလ်၏ အသံသည် စက်ဆုပ်ရွံရှာခြင်းဖြင့် မြင့်တက်လာကာ....'မင်းက ကိုယ်လုပ်ကိုင်စားဖို့အတတ် ပညာကိုလဲ တတ်အောင် မသင်ဘူး၊ မင့်မှာ မင့်အဖေရဲ့ ခြေရာကိုလဲ မနင်းခဲ့ဘူး၊ မင့်မှာ မျိုးဆက်သွေး မပါ ဘူး' ဟု ပြောကာ ရပ်ထားလိုက်ပြီး မသက်မသာ မျက်နှာလွှဲထားလိုက်သည်။

မေဘ်ဒင်းသည် ဂျိုးဆောလ်၏ ငြိမ်သက်မှုကိုကြည့်၍ ရင်ထဲ၌ တလှပ်လှပ်ဖြစ်ကာ သူ့အနားသို့ နီးသည်ထက် နီးကပ်အောင် ရွေ့သွားသည်။ သူက ဤသို့ ရွေ့သွား သည်ကို ဗစ်တာက သတိထားမိသဖြင့် သူ့အား လက် နက် တပ်ဆင်ပေးလိုက်သကဲ့သို့ ရှိ၏။ သူ့ စိတ်ထဲက သက်သာရာရသလိုဖြစ်ကာ သူ့အပေါ် ထိုးနှက်ချက် များကို ကာရန် ဒိုင်းအဖြစ် မေဘ်ဒင်းကိုပင် အသုံးချရ တော့မည်ဟု အောက်မေ့လိုက်သည်။

'ဘာဖြစ်နေသလဲ၊ အိုနေပြီလား' ဟု ပြောကာ သူ့ မျက်လုံးများက မေဘ်ဒင်းဆီသို့ ရောက်သွားသည်။

ဂျိုးဆောလ်က ဘာအမူအရာမျှ မပါဘဲ 'ဘာကွ' ဟု မေးလိုက်သည်။

အနာတရဖြစ်နေသော ကြောင်နောက်က တမြီမြီ အော်၍ လိုက်နေသော သူငယ်ကဲ့သို့ ဗစ်တာက ရှေ့သို့ တိုးလိုက်ပြီး....'ဘာဖြစ်နေတာလဲ၊ မနာလိုဝန်တို ဖြစ်နေ ရပြီလား၊ ဘာဖြစ်နေတာလဲ၊ မိန်းမငယ်ငယ်ကလေးယူပြီး

အလိုမဖြည့်နိုင် ဖြစ်နေရပြီလား၊ မနိုင်ဝန် ဖြစ်နေပြီလား' ဟု မေးလိုက်သည်။

ဂျိုးဆောလ်သည် မြေကြီးကို စိုက်ကြည့်နေလိုက်သည်။ ထိုနောက် သူက 'တို့ သုံးရက် ဒီအတိုင်း သွားမနေနိုင်ဘူးလို့ ငါသွားပြောမယ်' ဟု ညင်သာစွာ ဆိုလိုက်၏။ ထို့နောက် ဖြည်းဖြည်းပင် ဗစ်တာနှင့် အလွန်နီးရာသို့ ရွေ့သွားပြီး သူ၏လက်ဝါးဖြင့် ဗစ်တာ၏ပါးကို တအား ရိုက်ချလိုက်၏။ ထိုနောက် သူသည် လှည့်ထွက်ကာ ပေါ့ပါးသော ခြေလှမ်းများဖြင့် အဝတ်အစားလဲသော တဲ၏အပြင်ဘက်သို့ ထွက်သွားလေတော့၏။

မော်ဒင်းယည်း ပွင့်နေသော သေတ္တာကြီးဆီသို့ လျင်မြန်စွာသွားကာသူ၏ခြုံထည်ကို ကုလားထိုင်ကလေးပေါ်သို့ ချလိုက်ပြီး ထိုင်၍ သူ့မျက်နှာကို 'ကိုးလ်ကရိမ်း' ပွတ်နေလေ၏။သို့သော် ဗစ်တာသည် ပါးရိုက်ခံထားရသည့်အရှိန်ဖြင့် မကျေမချမ်းဖြစ်ကာ ထိုနေရာ၌ ခပ်ကြောင်ကြောင် လုပ်နေလိုက်၏။ သူ၏မျက်လုံးများမှာ အမုန်းဖြင့်ပြည့်လျက်၊ မုန်းသလောက် စိတ်ရှိလက်ရှိ မလုပ်လိုက်နိုင်သည့်အတွက် ဒေါသဖြင့် အရောင်တောက်လျက် ရှိ၏။ သူ့သည် တိတ်ဆိတ်စွာပင် မော်ဒင်း၏ အနီးသို့ ရွေ့သွားသည်။

'အဘိုးကြီးကို ငါပြန်လုပ်ချင် လုပ်နိုင်ပါတယ်၊ ငါ

အဖေလောက် ကြီးနေတဲ့ လူတစ်ယောက်ကို' ဟု သူက ပြောလိုက်သည်။

မော်ဒင်းက 'ကိုးလ်ကရိမ်း' ကို သူ၏ အရေပြား ထဲသို့ ပွတ်ထည့်နေပြီး မျက်နှာသုတ်ပဝါငယ်တစ်ထည်ဖြင့် သုတ်နေလိုက်သည်။ လှည့်၍ပင် မကြည့်။

'သူ့ကို ငါက ဘာမှပြန်ပြီး ရန်မမူတာ နင်မြင်တယ် မဟုတ်လား' ဟု ဗစ်တာက ဆိုလိုက်ပြီး 'သူက သူ့မှာ အန္တရာယ်ကင်းတာ သူသိပါတယ်၊ ဒီလိုအတိုးကြီးမျိုးကို ငါ ဘာမှ ပြန်မလုပ်ဘူးဆိုတာ သိတာကိုး' ဟု ပြော လိုက်၏။

ခမော်ဒင်းက 'နင်ပြောနေလဲ သူမကြားပါဘူး' ဟု ဆိုကာ မျက်ခွံပေါ်မှ ရွှံဒိုးများကို ပွတ်ဖျက်နေလိုက်၏။

'ကြားလဲ ငါ ဂရုမစိုက်ပါဘူး၊ ငါ သူ့မျက်နှာ စေ့စေ့ကြည့်ပြီး ဒါကို ပြောတာ နင်ကြားပါတယ်'

'ပြီးတော့ သူ နင့်ကို ဘာလုပ်လိုက်တယ် ဆိုတာလဲ ငါမြင်ပါတယ်' ဟု မော်ဒင်းက ပြောလိုက်၏။

'ငါ သူ့ကို ငါ့လက်ထဲမှာကိုင်ပြီး ချိုးပစ်လိုက်နိုင်တယ်' ဟု ဆိုကာ ဗစ်တာက သူ မည်သို့လုပ်နိုင်သည်ကို သူ့လက်များဖြင့် လုပ်ပြကာ....'ငါက သူ့ကို အဝတ်စုတ် ကိုင်ပေါက်သလို ပေါက်ပစ်လို့ ရတယ်၊ ဒါပေမယ့် ငါမလုပ်ပါဘူး၊ လုပ်ရင် ဘယ်တရားမလဲ' ဟု ပြောလိုက်သည်။

မော်ဒင်းက သူ့ဘက်သို့ လှည့်လိုက်သည်။ သူ့လက်၌ အဝါ၊ အပြာ၊အနီစင်း မျက်နှာသုတ်ပဝါကို ကိုင်ထား၏။ သူက တိုးတိုးသာသာပင် 'တကယ်တော့ နင် သူ့ကို ကြောက်ပါတယ်' ဟု ပြောလိုက်၏။

ဗစ်တာက မော်ဒင်းဆီသို့ ရောက်အောင် တိုးသွားလိုက်၏။ သူ့ရင်ကို ကော့ထားသည်။ သူ့ပခုံးပေါ်က ကြွက်သားများ တရိပ်ရိပ် လှုပ်နေ၏။ 'ကြောက်တယ် ဆိုတာ နင် ဘာကိုဆိုလိုတာလဲ၊ ငါ သူ့ကို တစ်စစီ ဆုတ်ပစ်နိုင်တယ်' ဟု သူကဆိုသည်။

မော်ဒင်းက သူ့အား ခပ်ကြာကြာ စိုက်ကြည့်နေလိုက်ပြီး 'ဒါဖြင့် နင်က ဘာဖြစ်လို့ မလုပ်လိုက်သလဲ' ဟု မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ဆိုတော့' မေးခွန်းကို သူ မည်သို့ ဖြေရမည်မသိ၍ ရပ်ထားလိုက်ပြီး အဖြေကို စဉ်းစား စီစဉ်ကြည့်နေသည်။ သူ့အသံသည် သာယာညင်းပျောင်း ဖြစ်လာသည်။ 'ဘာဖြစ်လို့လဲဆိုတော့ ငါပြောပြပါမယ်၊ ငါက နင့်အပေါ် လေးစားမှု ရှိလို့ပါပဲ' ဟု ဆိုကာ သူ့အဖြေကို သူ ပြန်စဉ်းစားနေပြီး 'ဘာဖြစ်လို့လဲဆိုတော့ ငါ....ငါ....ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရှေ့မှာ ဒုက္ခပေးတာတို့ ရန်ဖြစ်တာတို့ မဖြစ်စေချင်လို့' ဟု ပြောလိုက်၏။

မော်ဒင်းက အံ့ဩသလို သူ့ကို မော့ကြည့်လိုက်ပြီး 'ချစ်နေတယ်၊ ဟုတ်လား' ဟု ဆိုပြီး ပါးစပ်ကို ဟ ထားလိုက်သည်။

ဗစ်တာက သူ့အနားသို့ ကပ်သွားသည်။သူ့လက်ကို လည်း မော်ဒင်း၏ ပခုံးပေါ် တင်ထားလိုက်သည်။ သို့သော် မော်ဒင်းက သူ့လက်ကို ကြည့်လိုက်သောအခါ သူ့လက်ကို ဖယ်လိုက်၏။ ဗစ်တာက ဆက်လက်၍ 'ငါ နင့်ကို ဖွင့်မပြောခဲ့ပါဘူး၊ ငါ မျိုသိပ်ထားပါ တယ်၊ ငါဟာ ကိုယ်နဲ့ အလုပ်လုပ်ဖက်အပေါ်မှာ ခိုး ကြောင်ခိုးဝှက် လုပ်တဲ့လူမျိုး မဟုတ်ပါဘူး၊ဒါပေမယ့် သူက ငါ့ကို ရိုက်တယ်၊ ငါ့ပါးကိုရိုက်တယ်' ဟု ပြော လိုက်၏။

မော်ဒင်းက ငြိမ်သက်စွာပင် 'နင်ကလဲ သူ့အရှုက် ကို ထိုးတာကိုး၊ ဒါ နင်ကကော ဘယ်လောက် တရား သလဲ ဆိုတာပေါ့'ဟု ဆိုလိုက်သည်။

ဗစ်တာက 'ငါ သူ့ကို လက်ဖျားနဲ့တောင် မတို့၊အို.... ဟုတ်တယ်'ဟု ရယ်သွမ်းသွေးလျက် 'နင် ပြောတာ ငါ နားလည်ပါတယ်၊ အဲဒါ သူ့ကို ထိသွားတာ မဟုတ် လား၊ နောက်တစ်ခါ သူ ပါးစပ်သရမ်းရင် ငါကလဲ နိုင်ရာကို ကိုင်ရမှာပဲ၊အခု သူ့ကို နိုင်ပေါက်ကို ငါသိပြီ' ဟု ဆိုပြီး သူ့နှုတ်ခမ်းများကို မုန်းတီးမှုဖြင့် မဲ့ရွဲထား လိုက်၏။ သူ့မှာ အစော်ကားခံထားရ၍ နာကျည်းစိတ် ဝင်နေသည်။ 'ငါ သူ့ကို ပြန်ရိုက်ဖို့ မလိုပါဘူး၊အသာ

နောက်ဆုတ်နေလိုက်ပြီး စကားတစ်လုံးနဲ့ ထိုးနှက်ရုံပါ ပဲ၊ သူ အိုနေပြီ၊ ဆေးကုလို့ မရဘူး ဆိုတာပဲ’

မော်ဒင်းက ပြုံးလျက် သူ့အား မော်ကြည့်လိုက်ပြီး ‘ပြီးတော့ နင်က ငါ့ကို လေးစားတယ်၊ ချစ်တယ်’ဟု မခံချိမခံသာဖြစ်အောင် ထေ့လိုက်သည်။

ဗစ်တာက အနာတရ ဖြစ်နေသော လက်ဝှေ့သမား မိမိကိုယ်မိမိ အစွမ်းကုန် ကာကွယ်နေရသလို ခေါင်းကို ယမ်းလိုက်သည်။ ရုတ်တရက် သူသည် အသေချာဆုံး အကာအကွယ်ကိုယူရန် စိတ်ကူးလိုက်သည်။ ဘာအကာ အကွယ်မှ မရှိသောနည်း။ လက်ဝှေ့သမားများ၏ နည်း မှာ အားခဲရလွန်း၍တင်းမာလာသောအခါ အားလုံးကို လျှော့ပေးလိုက်ခြင်း။ ဗစ်တာက ‘ငါ မိုက်ပါတယ်၊ ဂျိုးဆောလ် ပြောတာ မှန်တယ်၊ ငါဟာ မြင်းစီးပြီး အထီးမှန်း အမမှန်း မသိတဲ့လူ၊ သူ မှန်ပါတယ်၊ ဒါပေ မယ့် ငါလဲ တဖြည်းဖြည်းတော့ သင်ရမှာပေါ့၊ တစ်နေ့ နေ့တော့ ငါလဲ လူကြီး ဖြစ်လာမှာပေါ့’ဟု ပြောသည်။ သူ့မျက်နှာမှ ငယ်ရွယ်ပေါက်နေပြီး တက်ကြွသည့်အသွင် ဆောင်နေ၏။ ‘ငါ ဂျိုးဆောလ်ကို တစ်ကမ္ဘာလုံးမှာ ရှိရှိသမျှ လူတွေ ဘယ်သူထက်မဆို လေးစား ကြည်ညို ပါတယ်၊ ဒါကြောင့်မို့လဲ သူက ငါ့ကို ခွေးတစ်ကောင် ရိုက်သလို ရိုက်လိုက်တော့ ငါက အင်မတန် နာကျည်း သွားတာပေါ့၊ ဒါကြောင့် ငါက ပြန်လုပ်ရတာ၊ နာ ကျည်းလို့ပေါ့၊ ဒါကြောင့် ငါ ပြောမိတာပေါ့’





'မောင်ဒင်းရယ်၊ တို့ အသစ် ပြန်စကြပါဦးစို့၊ ငါ ဂျီးဆောလ်ကို တောင်းပန်ပါတယ်၊ ငါ ဘယ်လောက် နာကျည်းသွားလို့ ဒီလို ပြောလိုက်တယ် ဆိုတာကို သူ နားလည်မှာပါ၊ ဒါဟာ မြင်းစီးလို့မှ အထီးမှန်းအမမှန်း မသိ၊ ဟိုက်စကူးကျောင်းက ထွက်လာ၊ နာမည်ကျော် ကြားသူတွေနဲ့ နေပြီး ဘာမှ ဟုတ်တိပတ်တိ မသိဘဲ သူ တို့လို ဖြစ်အောင် ကြိုးစားခဲ့တာပဲ၊ တကယ်တော့ ဂျီး ဆော်လ်ရဲ့ သင်ပြမှုကို ခံယူရခြင်းဟာလဲ အခွင့်ထူး တစ် ခုပါ၊ ငါ သိပါတယ်၊ ငါ့စိတ်ကို ငါမနိုင်ဘဲ ဖြစ်သွား တာကို ငါ စိတ်မကောင်းပါဘူး မောင်ဒင်းရယ်'

မောင်ဒင်းက သူ့အား စိုက်ကြည့်နေပြီး ယုံကြည်လိုက် မယုံကြည်လိုက် ဖြစ်နေသည်။ နောက်တော့ ယုံကြည် သည့်အတွက် သူ့မှာ ဘာမှ ဆုံးရှုံးစရာမရှိဟု အောက် မေ့ကာ ယုံကြည်ရန် ဆုံးဖြတ်လိုက်၏။ မောင်ဒင်းက 'ဒါကို ဘယ်လိုဆိုလိုတာ ငါ နားလည်နိုင်ပါတယ်၊ ငါ့ မှာလဲ အဲသလိုဟာတွေ ဖြစ်ဖူးပါတယ်၊ ငါ့မှာ ထုံထိုင်း ပြီး မအီမသာ ဖြစ်တယ်၊ သိလား ဗစ်တာ၊ ငါတို့ဟာ လောကကြီးထဲက လောကကလေးထဲမှာလိုပဲ၊ တို့ဘဝ တစ်ခုလုံးနဲ့ တို့ နေထိုင်မှုပုံစံကို အများစုက မသိကြဘူး၊ လူတော်တော်များများမှာ ငါတို့ကို မနှစ်မြို့တဲ့လူက မနှစ်မြို့ဘူး၊ အားကျတဲ့လူက ကျတယ်၊ ပြီးတော့ ငါတို့ ဟာ ဟန်ကြီးပန်ကြီး လူမျိုး၊ လူတွေကို နည်းနည်း

ကြောက်တတ်တဲ့ သဘောလဲ ရှိတယ်၊ တို့ဟာ တို့ကိုယ်ကို ကာကွယ်လွန်းတယ် ထင်တယ်' ဟု ပြောသည်။

'ငါ နင်ပြောတာကို နားလည်ပါတယ်' ဟု ဗစ်တာက ဆိုသည်၊ အမှန်မှာ သူ လုံးဝ နားမလည်ချေ။

မော်ဒင်းက ရင်းနှီးခင်မင်စွာပင်.... 'ကလေး တစ်ယောက်နဲ့ အကျိုးသင့်အကြောင်းသင့် ပြောရတဲ့အခါ ဘယ်လောက်ပဲ ကောင်းကောင်းပြောပြော ကလေး ဆိုတာကတော့ 'အင်း....အင်း' ပဲ၊ နင်က သူ့ကို နားလည်တယ်၊ ဒါပေမယ့် သူက နားထောင်မနေဘူး၊ ဒါနဲ့ ကလေးက နိုင်သွားဘယ်' ဟု ပြောသည်။

ဗစ်တာက တိုးတိုးညင်သာပင် 'ငါ နင်ဆိုလိုတာကို နားလည်ပါတယ်' ဟု ပြောသည်။ သူ့အသံတွင် ကျေနပ်နှစ်သက်သည့် တုန်ခါသံ ဝင်လာသည်။ မော်ဒင်းက စိုးရိမ်မကင်းဖြစ်ကာ တစ်ခဏမျှ မော်ကြည့်လိုက်သည်။ ဗစ်တာက 'ငါ နင်ဆိုလိုတာကို နားလည်ပါတယ်' ဟု ထပ်ပြောသောအခါ တုန်ခါသံ မရှိတော့ချေ။

ထိုနောက် သူက ခပ်မြန်မြန်ပင် 'ငါက နင် ဒီမှာ ဒါလောက် ကြီးပြင်းလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး' ဟု ပြောလိုက်၏။

'ငါက ဒီမှာ ကြီးပြင်းရတာပေါ့' ဟု ပြောလိုက်သော မော်ဒင်း၏ အသံမှာ ညင်သာလှသည်၊ 'ငါ တစ်

သက်လုံးပဲ၊ ငါ့ကို မွေးတာလဲ အိပ်ခန်းပါတဲ့ ရထား တွဲထဲမှာပေါ့၊ ငါ ကြီးပြင်းလာရတာလဲ ဆပ်ကပ်ဝိုင်း ထဲမှာ၊ ငါ လမ်းမလျှောက်တတ်ခင်က ဆင်ပုခက် စီးလာ တာ’

ဗစ်တာ ကံဆိုးသည်မှာ သူသည် အမြဲပင် အမြင်မှား၊ အကြားမှား၊ အဆုံးအဖြတ် မှားတတ်ခြင်းပင် ဖြစ်သည်။ မော်ဒင်းအသံ ညင်သာ သိမ်မွေ့သည် ဖြစ်လေသော ကြောင့် မော်ဒင်း ကိုယ်တိုင်သည်လည်း သိမ်မွေ့ နူးညံ့ ပေလိမ့်မည်ဟု အောက်မေ့မိသည်။ အမှန်မှာ မော်ဒင်း သည် ရှေးဖြစ်ကို အောက်မေ့ခြင်းမျှသာ ဖြစ်သည်။ ဗစ်တာ၏ ဘဝမှာ သူ၏ ကနေလးဘဝက ကစဉ့်ကလျား ကြီးခဲ့ရသည့်အတိုင်း ဖြစ်သည်။ သူ့အဖို့ အားလုံးသော အကြည့် အမြင် အတွေး၊ အချစ်၊ အမုန်းတို့သည် သူ့ ဆီသို့သာ ဦးတည်သည်။ ညင်သာမှုသည် သူ့အပေါ် ညင်သာမှု ဖြစ်၊ အားနည်းမှုမှာ သူ၏ အားကြီးမှု၏ ရှေ့ မှောက်တွင် အားနည်းမှုသာတည်း။ သူသည် အဖြေကို ကိုတင်ကြားထားပြီး နားထောင်၍ကား မနေချေ။ သူ့ မှာသာ အရောင်မျိုးစုံရှိပြီး တောက်ပ၍ နေသည်။ သူမှ တစ်ပါးသော အရာတို့မှာ အားလုံး ဖျော့တော့ မှေး မှိန်သည်။

‘ဂျီးဆောလ်ရဲ့ ပထမ မိန်းမကို နင် သိလား’

‘သိတာပေါ့’

'ဂျီးဆောလ်က သူ့ကို ချစ်ရဲ့လား'

'အိုး....ချစ်တာပေါ့၊ သိပ်ချစ်တာပေါ့'

သူ ခေတ္တ နားနေလိုက်ပြီး သူ၏ မျက်လုံးဝိုင်းကြီ
ပေါ်သို့ အုပ်လာကာ သူ၏မျက်လုံးများက မော်ဒင်း
မျက်လုံးများအောက် အနည်းငယ်သို့ ရောက်အော
သူ့ဒူးတစ်ဖက်ကို ထောက်ချလိုက်သည်။ သူသည် မေ
ဒင်း၏ မျက်နှာကို ယှေ့လာနေသည်၊ သို့မဟုတ် လေ့လ
နေဟန် ရှိသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ လှလှပ
ကွေးနေသော အထက် နှုတ်ခမ်း၊ ပြည့်ပြည့်ဖြိုးဖြိုးရှိ
ကိုလေသာကို နှိုးဆွတတ်သော၊ ကျစ်လျစ်၍ အလှ
လှပသော အောက်နှုတ်ခမ်းတို့အား တွေ့နေရ၏။ ...
သည် တိုး တိုး ညင် သာ ပြော သော် လည်း သူ့ အ
မှာ မသိမသာ အ ယုံ သွင်း လျက် ရှိသော တုန်ခါ
ပါနေ၏။

'နင် သူ့ကို ဘာဖြစ်လို့ လက်ထပ်လိုက်တာလဲ'

မော်ဒင်းသည် အံ့အားသင့်သလို ခေါင်းကို ...
လိုက်ပြီး 'ဘာဖြစ်လို့လဲ ဟုတ်လား' ဟု မေးလိုက်သ

'အေး....ဘာဖြစ်လို့လဲ၊ငါးဆယ်အရွယ် ဒါမှမဟု
လေးဆယ်နီးပါး လူတစ်ယောက်ကိုများ၊ နင့် ဘ
အခုမှ စခါစပဲ ရှိသေးတယ်၊ ဘဝ ကုန်ဆုံးကာနီး
တစ်ယောက်ကို နင် ဘာဖြစ်လို့ လက်ထပ်လိုက်တာ

မောင်ဒင်းက သူ့အား ကရုဏာသက်ဟန်ဖြင့် ကြည့်လိုက်ပြီး 'ဘုရားသခင် ဆိုတာ ဘာလဲ'ဟု မေးသည်။ ကလေးငယ် တစ်ယောက်အား ကြည့်၍ သနားချစ်ခင်ဟန်ဖြင့် ပြုံးလိုက်သည်။

'ငါ သူ့ကို လက်ထပ်တာဟာ ဘာဖြစ်လို့လဲဆိုတော့ ဘာဖြစ်လို့ရမလဲ၊ ငါ သူ့ကို ချစ်လို့ပေါ့'

'ဒါ လွန်ခဲ့တဲ့ သုံးနှစ်က၊အခု နင် သူ့ကို ချစ်သေးသလား'

မောင်ဒင်းသည် နွေရာသီ၌ ပြတင်းအပြင်ဘက်မှ ဝင်လာသော ဂီတသံကို နားစွင့်လိုက်သကဲ့သို့ သူ့နှုတ်ခမ်းများကို ဟ,လိုက်ပြီး 'ပိုချစ်ရတာပေါ့၊ အများကြီးချစ်တာပေါ့'ဟု ပြောလိုက်သည်။

ဗစ်တာသည် သူ၌ ရှိသမျှ လောင်းကစား ခန်းမ၊ ဝတ်လဲသည့်အခန်းနှင့် ဟာသပြက်လုံး စာအုပ်များမှ ရရှိခဲ့သည့် ဗဟုသုတဖြင့် ချွတ်ယွင်းစွာ ဖွဲ့စည်းထားသော သိညာဏ်ကို ရှေ့တန်းသို့ တင်လိုက်ပြီး 'နင့်စိတ်ထဲမှာ တော့ ဂျိုးဆောလ်ဟာ အဖေတစ်ယောက်လို နေမှာပဲ' ဟု မလိုတမာ ပြောလိုက်၏။

'အို....မဟုတ်ပါဘူး'

ဗစ်တာက ရယ်လိုက်ပြီး 'ငါဟာ နင်ထင်တာထက် ...န်းမတွေအကြောင်း သိတယ်၊ ကဲ....ငါ မေးမယ်၊ နင်

ပြန်ဖြေစရာ မလိုဘူး၊ ဘာမှ ပြောစရာလဲ မလိုဘူး၊ နင်
တစ်ခါတလေမှာ လူငယ်တစ်ယောက်ရဲ့ သန်မာတဲ့ လက်
တွေနဲ့ နူးညံ့တဲ့ အသားအရေ ထိတွေ့မှုကို နင် ဗာလိုမ
ဘူးလား၊ တမ်းတမ်းတတ မလိုချင်မိဘူးလား’ဟု ပြော
ကာ သူ့အသံက မြင့်တက်လာပြီး ‘လူငယ်တစ်ယောက်
အားနဲ့မာန်နဲ့၊ ရမ္မက်ဇောနဲ့ အကြမ်းပတမ်း ချစ်တာမျိ
နင် မတောင့်တဘူးလား’ဟု မေးလိုက်၏။

မော်ဒင်းက ဖြည်းညင်းစွာပင် ‘မတောင့်တပါဘူ
ဒါဟာ မမှန်ပါဘူး၊ ဒါ မပ,တ်ပါဘူး’ဟု ဆိုသည

ဗစ်တာက ‘ငါ နင့်ကို မယုံပါဘူး၊ ငါ ဒီထ
ပိုပြီး သိတာပေါ့’ဟု ပြောပြန်သည်။

မော်ဒင်းက သူ့အပေါ် ထားရှိသော ကရုဏာစိ
ကလေးများသည် ဆက်လက် တည်ရှိနေပြီး သူ့အ
နွေးထွေးစွာရှိအောင် ခြုံစောင်တွေ လုံလောက်အော
ရှိသည်ဖြစ်၍ ဗစ်တာအတွက် ပခုံးပေါ် အုပ်မိရုံ ဖော
စွန်းကလေးမျှကိုတော့ သူ မျှဝေပေးနိုင်ပါသည်ဟူသေ
သဘောထား ရှိလေသည်။

‘အေး.... နင် ငါ့ကို တကယ်မယုံဘူးဆိုတာ ငါရိ
ပါတယ်၊ အေး.... အဲဒါ နင့်အဖို့ ဝမ်း နည်းစ
အကြောင်းပဲ၊ နောင် တစ်ချိန်ချိန်မှာ နင် သွေးအေ
အေးနဲ့ ပြန်ပြီးစဉ်းစားတဲ့အခါ နင် ဘာများ လက်လ

ဆုံးရှုံးခဲ့ရပါလိမ့်လို့ သိချင်ပြီး စိတ်ရှုပ်ရမယ်၊ နင် တစ်ခုခုကို လက်လွှတ်ဆုံးရှုံးခဲ့ရတယ် ဆိုတာကို ဝိုးတဝါးသာ သိမယ်'

ဗစ်တာက 'ငါ ကလေးလေး မဟုတ်ဘူး၊ ငါ အနံ့ ရောက်ဖူးတယ်၊ မိန်းမတွေ အကြောင်းလဲ ငါသိတယ်' ဟု အော်ပြော၏။

'စိတ်ချမ်းသာတဲ့ မိန်းမတွေ အကြောင်းလား'

'ငါနဲ့ တွေ့ရပြီးတဲ့အခါ သူတို့ စိတ်ချမ်းသာသွားကြတာပဲ'

'ဘယ်လောက် ကြာကြာ စိတ်ချမ်းသာလဲ'

ဗစ်တာက ခပ်ကြွားကြွားပင် 'ငါနဲ့ နောက်တစ်ခါ မတွေ့ရမချင်း သူတို့ စိတ်မချမ်းသာဘူး၊ သူတို့ ငါ့ကို ပြန်တွေ့ချင်တာပဲ'ဟု ဆိုလိုက်၏။

'အေးလေ၊ ဟုတ်မှာပေါ့၊ ပြီးတော့ သူတို့ မရလိုက်တာ ဘာများပါလိမ့်လို့ သိချင်နေကြမှာပဲ၊ ငါက လျှို့ဝှက်ချက် တစ်ခုခုကို ပြောပြနေတာ မဟုတ်ပါဘူး၊ ဂျီးဆောလ်က ငါ့မှာ တခြားဘာဝတွေ ရှိခဲ့တယ် ဆိုတာ သိတယ်၊ ငါကလဲ ပရိယာယ်တွေ အချိန်ကာလနဲ့ အနေအထား၊ ကစားနည်း၊ အတောမသတ်နိုင်အောင် ရယ်စေတဲ့ ကစားနည်းတွေ အားလုံး တတ်တယ်'

ဗစ်တာ၏ ပါးစပ်သည် စုံစွတ်လာသည်။ သူက ပါးစပ်ဟ၍ အသက်ရှူပြီး နှုတ်ခမ်းများကို လျှာဖြင့် လျက်၏။ 'ငါ နင့်ကို မယုံဘူးလို့ ပြောထားတယ်လေ'

ခမော်ဒင်းက 'ဂျူးဆောလ်မှာ ပရိယာယ်ဘစ်ခုရှိတယ်၊ အားလုံးထဲမှာ ပါဝင်ဖက်စပ်နေတဲ့ အစိတ်အပိုင်း တစ်ခု ပေါ့၊ အဲ့ဒါကို နင် ကြားတောင်ကြားဖူးမယ် မဟုတ်ဘူး၊ ကြားဖူးတော့မယ်တောင် မဟုတ် ပါဘူး၊ ဒီ ပရိယာယ်ကို မသိဘဲဆိုရင် နင် တစ်နေ့နေ့မှာ ကိုယ့် အဆုံးအရှုံးကို ကျိတ်ပြီးတော့ ငိုရမယ်၊ ဒါမပါဘဲနဲ့ ဆိုရင် ကောင်းတဲ့နည်းရယ်လို့လဲ မရှိဘူး၊ ပရိယာယ်လို့လဲ မရှိဘူး၊ သိလား၊ ငါစဉ်းစားမိတယ်၊ ပြုလိုက်တဲ့ အမှု တစ်ခုဟာ စက်ဆုပ်စရာ မဖွယ်မရာ ယုတ်ညံ့ပြီး အား ယုတ်စေတဲ့ ဆေးလို အားအင်ကုန်ခန်းစေတာလဲ ရှိတယ်၊ အင်မတန် လှပပြီး နို့ရည်သောက်ရသလို အားအင်ပြည့် စေတာလဲ ရှိတယ်' ဟု ပြောလိုက်သည်။

ဗစ်တာသည် မတ်တတ်ထလိုက်ပြီး မသက်မသာ ခက်ထန်စွာ 'မိန်းကလေး ငယ်ငယ်ကလေး တစ်ယောက် က ဂျူးဆောလ်လို လူအိုကြီး တစ်ယောက်ကို ချစ်နေရ အောင် အဲဒီ ပရိယာယ်က ဘာတဲ့လဲ၊ ဂျူးဆောလ်က ငါမတတ်နိုင်တာ တတ်နိုင်တယ်လို့ ထင်သလား' ဟု ဆို၏။

'ထင်တယ်'.

'အဲဒီ ပါဝင်ဖက်စပ်နေတဲ့ အစိတ်အပိုင်းက ဘာ တဲ့လဲ'

'ချစ်ခင်မြတ်နိုးမှုပေါ့' မေဒင်းက ညင်သာစွာ ဆို လိုက်ပြီး 'နင့်မှာ ဘယ်တော့မှ မသိခဲ့ မရှိခဲ့တဲ့ ဟာပဲ၊ လူတော်တော်များများမှာ မရှိကြပါဘူး' ဟု ပြော လိုက်၏။

ဗစ်တာ မသက်မသာ ဖြစ်နေ၏၊ သူ၏ အချည်းနှီး အားထုတ်မှုကိုလူသိသွားသဖြင့် သူ၏ချွတ်ယွင်းပျက်ကွက် မှုကို သူ့စိတ်၌ ထိခိုက်ခံစားရသည်။ သို့နှင့် သူက 'နင့် အဘိုးကြီး ဂျိုးဆောလ်လောက် ငါက မကောင်းဘူးလို့ ထင်သလား၊ ငါ့ကို စမ်းကြည့်ခွင့်သာ ပေးပါ၊ နင် သူ့ ဆီကို ဘယ်တော့မှ ပြန်မသွားဘူးဆိုတာ ငါ ဘုရား သခင်ကို တိုင်တည်ပြီး ကျိန်ပြောရဲပါတယ်၊ အေး.... ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ငါတို့အားလုံး အတူ တူပါပဲ၊ နင် ငါ့ကို ဘာပြောနေတာလဲ၊ ဒါဟာ ဒါပါပဲ၊ ဒီခန္ဓာကိုယ်က ဘာမို့လဲ' အော်ပာစ် ပြောလိုက်၏။

မေဒင်းက 'အားလုံး တူတယ်၊ တကယ်ပဲ၊ ဟုတ် တယ်၊ တူရိယာတစ်ခုကို ဘီးတတ်သူတိုင်း ကြီးကျယ်တဲ့ ဂီတသံကို ဖန်တီးနိုင်တယ်၊ တစ်ကြောင်းနဲ့တစ်ကြောင်း ကာရံဟပ်မိရုံနဲ့ နှဲ့ကြီးကျယ်တဲ့ ကဗျာဖြစ်တယ်၊ ရွက်ဖျင် ဆေး ပုံတို့တတ်ရုံနဲ့ ကြီးကျယ်တဲ့ ပန်းချီကားကြီး ဖြစ်နိုင် တယ်'

ဗစ်တာက 'နှင် ဘာတွေ ပြောချင်တာလဲ' ဟု မသက်မသာ မေးလိုက်၏။

မော်ဒင်းက 'ဒီအချစ်ဟာ ဘာကြောင့် ငါသိဖူးတဲ့ဟာတွေထက် ပိုပြီး.... လူပေါင်းများစွာ သိဖူးတာထက် ပိုပြီး ထူးကဲတဲ့ အရသာ ရှိသလဲမသိဘူးလို့ ငါ ကြံဆခဲ့တယ်၊ ဒီလိုနဲ့ တစ်နေ့တော့ အကြောင်းက ပေါ်လာတယ်၊ လောကကြီးမှာ ဘယ်အရာမှာမဆို ကြီးကျယ်တဲ့ဟာက အနည်းငယ်သာ ရှိတယ်၊ အလုပ် လုပ်ရာမှာ အနုပညာအရာမှာ စိတ်လှုပ်ရှားမှုဆိုင်ရာမှာ ကြီးကျယ်ခမ်းနားတာက ရှားပါတယ်၊ ပြီးတော့ ငါ့မှာ အဲသလို ကြီးကျယ်ခမ်းနားတာမျိုး တစ်ခု ရှိတယ်၊ ကဲ.... ဗစ်တာ၊ နှင် အခု ကလေးသူငယ်တစ်ယောက် သူ့ဉာဏ်မမီလို့ မဖြေနိုင်တဲ့ 'အသိပညာ' ကိစ္စကို ဖြေသလို နှင် 'အင်း.... အင်း' ပြောရုံပါပဲ၊ နှင် ဒါပဲ လုပ်ရမယ်လို့ ငါထင်တယ်' ဟု ပြောသည်။

ဗစ်တာက 'နှင့်ဥစ္စာ နှင်ပြောသလို မဟားတရားကောင်းလှဆိုရင် နှင့်လူကြီးက ဘာဖြစ်လို့ အကြောဆွဲသလို ဆတ်တောက်ဆတ်တောက် ဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ ကျောက်တုံး ပူပူပေါ် ကြောင်လျှောက်သလို လမ်းသွားနေရတာလဲ၊ ဘာဖြစ်လို့ သူက ဒါလောက်စိတ်တိုပြီး သူ့မျက်နှာပုပ်ကြီးက မည်းမှောင်လာရတာလဲ၊ ဒါဟာ နှင်ပြောသလို မဟားတရား ကောင်းတာလား' ဟု ပြောသည်။

မော်ဒင်းလည်း တင်းမာလာပြီး နှုတ်ခမ်းများကို စေ့နေအောင် ပိတ်ထားပြီး မျက်လွှာကို ချထားသည်။

'နင့်မှာ မွေးရာပါအရည်အချင်းတစ်ခုတော့ အသေအချာ ရှိတယ်၊ ဘယ်နေရာ ခေါ်စိုက်ပြီး ဘယ်လိုလုပ်ကလန့်ရမယ် ဆိုတာကို အလိုလို သိတတ်တယ်၊ နင်ဆိုလိုတာကို ငါသိပါတယ်၊ ဒါပေမယ့် နင်မသိဘူး၊ နင်က ချက်ကန်းလို စမ်းသွားပြီး မှောင်ထဲမှာ အဖိုးတန် ကြွေတံခါး လက်ကိုင်ဖုကို စမ်းမိဘာ' ဟု ဆိုကာ မော်ဒင်းက မတ်တတ်ထကာ ဗစ်တာ့အနီးသို့ ကပ်သွားသည်။ မော်ဒင်း၏ မျက်နှာက အေးစက်သလောက် သူ့အသံက ရေခဲကဲ့သို့ဖြစ်နေ၏။ 'နင့်ကို ငါ ဒါပြောချင်တယ်' ဟု ဆိုကာ 'ငါကိုယ်ငါ ပြောတာလဲ ဖြစ်နိုင်ပါတယ်၊ သူ့စိတ်ရောင့်ရဲဖို့ဆိုရင် ငါ ဘာမဆို.... ဘာမဆို.... ဘာမဆို လုပ်မယ်၊ အဲဒါ နင်မှတ်ထား ဗစ်တာ' ဟု ပြောလိုက်သည်။

ဗစ်တာသည် သူ့အကာအကွယ်ကို ပြုလိုက်ပြီဖြစ်၍ နားမထောင်၍ မနေတော့ချေ။ သူသည် သူဝင်၍ မရသော လောကတစ်ခုကို တွေ့နေရ၍ ဤလောကကို ရှိသည်ဟု မယုံကြည်ဘဲ ထားလိုက်ရသဖြင့် စိတ်ဆိုး၍သာ နေလေ၏။ သူသည် သူသိသော လောကဆီသို့ ပြန်လည် ဆုတ်ခွာခဲ့သည်။ သူက 'နင်က နင့်ကိုယ်နင် သိပ်မြှင့်တင်ထားတယ်၊ နင်က ဘာဖြစ်လို့ ဒါလောက်....

ဘာကြောင့် ဒါလောက် ထူးခြားနေရလဲ’ ဟု မေး သည်၊

မော်ဒင်းက ‘ဂျူးဆောလ်ကြောင့်ပေါ့ကွဲ’ ဟု လျင်မြန်စွာ ဖြေလိုက်သည်။

‘နင်ဟာ တခြားမိန်းမတွေလို မိန်းမတစ်ယောက်ပါပဲ၊ သူတို့မှာ ရှိတာမျိုးပဲ နင့်မှာ ရှိတာပါပဲ၊ ဘာမှမပို၊ ဘာမှ မလျော့ပါဘူး၊ ကျန်တာ အားလုံးလဲ အတူတူပါပဲ၊ နင်လဲ တခြားမိန်းကလေးတိုင်း လိုတာမျိုး လိုမှာပါပဲ၊ ကိုယ့်အပြစ် မဟုတ်ရလေအောင် အတင်းအဓမ္မ ပြုကျင့်တာမျိုး လိုမှာပဲ၊ လက်ခေါက်နဲ့ လွှဲရိုက်တာမျိုး လိုမှာပဲ၊ တကယ်က....’ သူသည် မော်ဒင်းအား သူ့လက်ဖြင့် ဆွဲယူလိုက်ပြီး မော်ဒင်း၏ တံတောင်ဆစ်တို့ကို ဘေးတွင်ကပ်၍ ညှစ်ထားကာ ‘တကယ်က နင်ငါ့ကို လိုတာဖြစ်မယ်’ ဟု ပြောကာ မော်ဒင်းအား နမ်းရန် ရှေ့သို့ ကုန်းလိုက်စဉ် မော်ဒင်းက ပျော့ခွေကျသွားသဖြင့် ဗစ်တာသည် မော်ဒင်းအား ကိုင်ထားလျက်ပင် သူ့နှုတ်ခမ်းများက မော်ဒင်း၏ နှုတ်ခမ်းများဆီသို့ မရောက်နိုင်ဘဲရှိလေ၏။ မော်ဒင်း၏ဦးခေါင်းသည် ပျော့အိ၍ ဗစ်တာနှင့် အဝေးဘက်သို့ ကျသွားကာ ခန္ဓာကိုယ်သည်လည်း ဗစ်တာ၏ လက်ထဲတွင်ပင် အသေကောင့်သို့ တရွတ်ပုံကျလျက်ရှိ၏။

ဗစ်တာသည် ဇဝေဇဝါ ဖြစ်သွားသည်၊ သူသည် မွေးရာပါ အသိစိတ်ဖြင့် မော်ဒင်းအား မရှန်းကန်နိုင်

အောင် လက်မောင်းကို တင်းကျပ်စွာ ချုပ်ကိုင်ထားခဲ့သည်။ မော်ဒင်းသည် မျက်စိများကို မှိတ်ထားပြီး ငြိမ်သက်လျက် ရှိ၏။ တဲအဝင် ရွက်ဖျင်တံခါး၏ အပြင်ဘက်ဆီက တံခါးမခေါက်ဘဲ လေချွန်သံတိုတို သုံးကြိမ်ပေါ်လာ၏။ သို့ရာတွင် ဗစ်တာကလည်း မကြား၊ မော်ဒင်းကလည်း မကြား။ လေချွန်သံများ ထပ်မံပေါ်လာပြီးနောက် ဖရင်းအက်ဒ်သည် ရွက်ဖျင်စကို မ၍ ဝင်လာသည်။ သူ့မှာ လိမ်းခြယ်ထားသည်တို့ ဖျက်ထားပြီးဖြစ်သော်လည်း အပြောက်ဝိုင်းများနှင့် လူရွှင်တော်ဝတ်စုံကိုတော့ ဝတ်ဆင်လျက်ပင်ရှိ၏။ သူသည် ဗစ်တာ၏ ကျောကို ကြည့်ပြီး ရပ်နေသည်။ ထို့နောက် သူသည် တဖြည်းဖြည်း သူတို့ဆီသို့ တိုးလာခဲ့သည်။

ဗစ်တာသည် သောကဖြစ်လျက်ရှိသည်။ 'မော်ဒင်း.... မော်ဒင်း....နင် နေကောင်းရဲ့လား' ဟု မေးကာ သူ့လက်များကို လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း မော်ဒင်းသည် သူ့ထံမှ ဝေးရာနောက်သို့ လျင်မြန်စွာ လှမ်းထွက်လိုက်၏။ မော်ဒင်း၏ မျက်နှာမှာ မုန်းတီးစိတ်၊ ရွံရှာစိတ်တို့ဖြင့် မာန်ဖီ၍နေသည်။ ထို့နောက် မော်ဒင်းသည် ဖရင်းအက်ဒ်ကို မြင်သွားပြီး စူးစိုက်၍ ကြည့်နေလေသည်။

ဗစ်တာ လှည့်ကြည့်လိုက်ပြီး ကာကွယ်ရန်အတွက် သူ့လက်များကို မြှောက်လိုက်သည်။ ဖရင်းအက်ဒ်သည် နီးကပ်သည်ထက် နီးကပ်အောင် လှမ်းလာခဲ့ပြီး 'ထွက်

သွား’ ဟု ညင်သာစွာဆိုလိုက်၏။ ‘အခု ထွက်သွား၊ ငါ ဘာမှ မပြောဘူး၊ ဂျိုးဆောလ် မင့်ကို သတ်လိမ့်မယ်လို့ ငါထင်တယ်’ ဟု ပြောလိုက်၏။

ဗစ်တာက ‘ကျုပ် ဘာမှ....’ပြောစဉ် ဖရင်းအက်ဒ်က ‘ထွက်သွားလိုက်ပါ၊ မင့်ကိုသတ်ရရင် ဂျိုးဆောလ်အဖို့ မကောင်းဘူး၊ ဂျိုးဆောလ်အတွက် မကောင်းဘူး၊ မင့်ကိုသတ်တာ မမိဘူးဆိုဦးတော့၊ သူ တစ်သက်လုံး စိတ်ချဉ်ပေါက်နေရမယ်၊ကုက္ကုစ ဖြစ်နေရမယ်၊မင်းဟာ သူ့အဖို့ဖြစ်စေ ငါ့အဖို့ဖြစ်စေ အဲသလိုဖြစ်ဖို့ မတန်ဘူး၊ မင်းအမေသေလို့ဆိုပြီးတော့ဖြစ်ဖြစ် ဒီအဖွဲ့က ထွက်သွားရပါတယ်လို့ ပြော၊ ဘယ်လိုဖြစ်ဖြစ် မင်း ထွက်သွား လိုက်ပါ’

‘ကျုပ်....ခင်ဗျား....မသိဘူး....’

ဖရင်းအက်ဒ်သည် သူ့ပခုံးများကို ချ၍ အနီးသို့ ချဉ်းကပ်သွားသည်။ ‘ဒီ စိတ်ချဉ်ပေါက်စရာကို ငါကိုယ်တိုင် ယူလိုက်ရလိမ့်မယ်၊ တဆိတ်.... တဆိတ်လောက် ထွက်သွားလိုက်ပါကွာ’ဟု ဆိုသည်။

ဗစ်တာက ‘ကျုပ်ကို ဘယ်သူမှ သွားအောင်လုပ်လို့ မရဘူးဗျ’ဟု ဆိုကာ သူ၏ပတ်တီးစည်းထားသော လက်ကို ကြည့်လိုက်သည်။ ‘ခင်ဗျားဟာခင်ဗျား စောင့်ကြည့်နေ’

‘အေးပါ၊ ကောင်းပါပြီ၊ ဒါပေမယ့် အခုထွက်သွားလိုက်ပါ၊ ထွက်သွားပါ’

ဗစ်တာသည် ဆုတ်ဆိုင်းဆိုင်းလုပ်နေပြီးမှ 'ကျုပ် ကြောက်လို့လို့ မထင်နဲ့'ဟု ပြောသည်။ သို့သော် သူ ရွက်ဖျင်တံခါးဆီသို့ လျှောက်ထွက်သွားကာ ပျောက် ကွယ်သွားလေ၏။

မော်ဒင်းနှင့် ဖရင်းအက်ဒ်တို့သည် ဗစ်တာထွက်သွား သည်ကို စောင့်ကြည့်နေလိုက်ကြပြီး နှေးဖြည်းစွာ လှည့် လိုက်ကြကာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် ကြသည်။ သူတို့သည် တိမ်တိုက် ရေလွှာများကို ဖြတ်၍ ကြည့်နေရဘိသကဲ့သို့ ဖြစ်ရရုံမျှကို စူးစိုက်၍ ကြည့်ကြရ ၏။ သူတို့အား နှေးကွေးမှုတံတိုင်း ခြားထားသကဲ့သို့ ရှိသည်။

မော်ဒင်းက နီးတစ်ဝက် အိပ်မက်သံဖြင့် 'ရှင် အဲဒါ တွေ အားလုံးကို မြင်တယ်နော် ဖရင်းအက်ဒ်'ဟု မေး သည်။

'အေး....မြင်တယ်'

'ရှင်....ဘာကို ယုံသလဲ'

'ငါမြင်တာကို ယုံတာပေါ့'

'ဂျူးဆောလ်ကကော ယုံမယ်ထင်သလား'

'ယုံချင်မှာပါပဲ၊ ယုံရမှာပါပဲ၊ သူ မယုံနိုင်ရင် ငါက သူ ယုံအောင် ကြိုးစားပြီး လုပ်ရမှာပေါ့'

မော်ဒင်းက သက်ပြင်း ချလိုက်သည်။ ထိုနောက် သူက 'ဗစ်တာဟာ ဘာမှ မသိဘူး၊ ခံစားမှုလဲအင်မတန်

နည်းပြီး နာကျင်တတ်တဲ့အကွက် ပျော့ကွက်တွေကို ရှာ တတ်တဲ့ မွေးရာပါသတ္တိ ရှိတယ်၊ သူ ဘာမှ မသိတတ် ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် သူဟာ မျှော့ ကန်းလိုပဲ လျှောက်စမ်းတတ်ပြီး သွေးစုပ်တတ်တယ်' ဟု ပြောလိုက်၏။

ဖရင်းအက်ဒ်က မော်ဒင်းအား အတော်ကြာအောင် စိုက်ကြည့်နေလိုက်ပြီး 'ဂျိုးဆောလ်က ဒီပြခန်း ဆက်ပြ လို့ မရဘူးလို့ အစီရင်ခံပြီး သူ အရက်ဆိုင်ကို သွား တယ်၊ သူ သောက်ပြီး မူးနေတယ် မော်ဒင်း'ဟု ပြော လိုက်၏။

မော်ဒင်းက မောဟိုက်စွာ ထိုင်ချလိုက်ပြီး စကား စ၍ ပြောသည်။ 'ကျွန်မ........'ဆိုပြီး ငြိမ်သက်နေ၏။

ဖရင်းအက်ဒ်က 'မင်း ငါ့ကို ပြောချင်သလား' ဟု မေး၏။

'ဟုတ်တယ်....ဟုတ်တယ်၊ ပြောချင်တယ်၊ တိမ်တိုက် က ကျလာပြီး ကျွန်မ ပြောချင်တယ်၊ သူကလဲ သောက် ပြီး မူးနေတယ်....ဆိုတော့.... အဲဒါဟာ တိမ်တိုက်ရဲ့ တစ်စိတ်တစ်ပိုင်းများလား'

'အဲဒီတိမ်တိုက်ဟာ ဘာဆိုတာ မင်းသိသလား'

'သိတယ်၊ ရှင်ကော'

'သိတယ်'

ဖရင်းအက်ဒ်က 'မင်း ငါ့ကို အဲဒါ ပြောစမ်းပါ၊ မင်းမှာ ကလေးရနိုင်သလား'ဟု လျင်မြန်စွာ မေးလိုက်၍....

မော်ဒင်းက မျက်နှာလွှဲလိုက်ပြီး 'ရနိုင်တယ်' ဟု ဖြေသည်။

'မင်း ဘယ်လို သိသလဲ'

'ကျွန်မသိနိုင်တဲ့ တစ်ခုတည်းသော နည်းပေါ့၊ကျွန်မ သိပါတယ်'

'အဲဒါ ဘယ်တော့က ဖြစ်တာလဲ'

'လွန်ခဲ့တဲ့ ငါးနှစ်က'

'ဂျီးဆော်လ် သိသလား'

'မသိဘူး၊ သူ မသိပါဘူး၊ အလျင်က ဖြစ်တာ၊ ဂျီးဆောလ် မတိုင်ခင်က ကိစ္စ၊ အားလုံး ပြီးပြီပဲ'

ဖရင်းအက်ဒ်က 'ငါ ဒါကို နားမလည်ဘူး၊ ငါ သိသလောက်တော့ သူဟာ ဘယ်တုန်းကမှ မဖျားနာဖူးဘူး၊ သူဟာ အင်မတန် ကျစ်လျစ်သန်မာတဲ့ လူသန် တစ်ယောက်ပဲ'ဟု ပြောလိုက်၏။

မော်ဒင်းက ညင်သာစွာ 'သူ တစ်ခါဖျားဖူးတယ်၊ သူ ကျွန်မကို ပြောပြတယ်၊ အဲဒီတစ်ခါပဲ ဖြစ်ဖူးတာ၊ သူ ငယ်ငယ်တုန်းကတဲ့၊ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲတဲ့

ရောဂါလို့ သူတို့ခေါ်ကြသတဲ့၊ အရိုးအဆစ်တွေ ကိုက်ခဲပြီး အဖျားကလဲ တရှိန်ရှိန်တက်သတဲ့၊တစ်နှစ်လောက်ဟာ သူ့မှာ တစ်ကိုယ်လုံး ရိုက်နှက်ထားသလိုနာနေတာပဲတဲ့' ဟု ပြောပြသည်။

ဖရင်းအက်ဒ် မျက်ခုံးများ တက်သွားသည်။ 'အင်း.... မင်းက သူပြောတာတွေကို ထောက်ထားပြီး သိခဲ့ရတာပေါ့....' ဟု ဆိုလိုက်၏။

'ဟုတ်တယ်၊ အဆစ်ရောင် အဖျားရောဂါ'

'ဒါနဲ့ အဲဒါကြောင့်ကော ဖြစ်နိုင်သလား'

'ဖြစ်နိုင်တယ်၊ ဖြစ်ချင် ဖြစ်နိုင်တယ်၊ ဖြစ်တယ်လို့တော့ မဆိုနိုင်ဘူး၊ ဖြစ်မယ်ဆို ဖြစ်နိုင်တယ်' ဟု မေါင်းက ဆိုလိုက်ပြီး စိတ်အားထက်သန်စွာပင် 'ကျွန်မတို့ သူ့ကို ပြောမပြနိုင်ဘူးလား၊ ဒါကို ပွင့်ပွင့်လင်းလင်းဖြစ်အောင် လုပ်လို့ မဖြစ်ပေဘူးလား၊ ကျွန်မတို့ ကလေးလေးတစ်ယောက် လိုတယ်၊ ရနိုင်တယ်၊ မွေးပေးမယ်ဒါ ကျွန်မတို့ ကလေးပဲ၊ ဒီဟာ သေချာတယ် နားလည်ထားတယ်ဆိုရင် ဒီတိမ်တိုက်ဟာ လွင့်သွားပါလိမ့်မယ်၊ မသကာ....' ဟု ပြောစဉ် ဖရင်းအက်ဒ်က ဖြတ်ပြောသည်။

'အဲဒါကို မင်း သူ့ကို ပြောနိုင်မယ် မထင်ဘူး၊ အဲဒါ ကောင်းလိမ့်မယ်လို့လဲ ငါမထင်ဘူး၊ လူတစ်

ယောက်ဟာ သူ့မှာ သားသမီး မရနိုင်တော့ဘူးဆိုတာ သိရင် ဘာဖြစ်တတ်သလဲ သိသလား'

'အခုကို သူ့မှာ စိတ်ဆင်းရဲနေရပြီ၊ ကလေး သိပ်လို ချင်နေပြီး ကလေးငတ်နေပြီဆိုတာ ကျွန်မ သိတယ်၊ အစကတည်းက ဒီလိုပဲဆိုတာ ကျွန်မ သိတယ်၊ ဒါပေ မယ့် အခုဟာက အပူတပြင်းကို လိုချင်နေပြီ'

'မယားအပေါ်မှာကော ချစ်တတ်ရဲ့လား'

'အင်မတန် ချစ်နိုင် ယုယနိုင်တဲ့ လူပါရှင်၊ သူချစ် တာဟာ အင်မတန်လဲ ပြင်းထန်ပါတယ်၊ အံ့သြစရာ လူ ပါပဲ'

ဖရင်းအက်ဒ်က ငြိမ်သက်စွာပင် 'ယောက်ျားနဲ့မိန်းမ အချစ်အခင်နဲ့ ဆက်ဆံကြတဲ့အခါမှာ တစ်ခါတလေ စဉ်းစားကြည့်ရုံနဲ့ နားမလည်နိုင်အောင် နက်ရှိုင်းတဲ့ အသွေးအသား ကလာပ်စည်းထဲက လာတဲ့ ပဋိညာဉ် တစ်ခုရှိတယ်၊ ဒီလို မြေလျှင်လှုပ်တာ မိုးကြိုးပစ်တာတို့ လို တစ်လောကလုံး သွက်သွက်ခါတဲ့ အမှုကိစ္စရဲ့ ရလဒ် က မျိုးဆက် ရှင်သန် ပေါက်ဖွားမှုဆိုတဲ့ အလွန်တိကျတဲ့ ပဋိညာဉ် ခန္ဓာကိုယ်တစ်ခုနှင့် အခြားတစ်ခု အပြန် အလှန် ဒီပဋိညာဉ် ပြုကြတယ်၊ ဒါပေမယ့် တစ်ယောက် ယောက်က ဒီပဋိညာဉ်ကို မဖြည့်စွမ်းနိုင်ဘူးလို့ အသေ အချာ သံသယမရှိ သိရပြီဆိုရင် ပြည့်ဝမှုဆိုတာ မရှိ

တော့ဘူး၊ ဒီအမှုကိစ္စဟာ သရုပ်ဆောင်မှု တစ်ခုပဲ၊ ဟန်ဆောင်မှု လိမ်ညာမှု နက်နဲတဲ့ဖုံးကွယ်မှု အချည်းနှီးအမှု အဓိပ္ပာယ်မရှိတဲ့အမှု ဖြစ်သွားတယ်’ ဟု ပြောပြသည်။

‘ကျွန်မ သိပါတယ်’ ဟု မော်ဒင်းက ပြောလိုက်၏။

‘မိန်းမမှာ ဘယ်လိုရှိတယ်တော့ ငါအသေအချာ မသိဘူး’ ဟု ဖရင်းအက်ဒ်က ဆက်ပြောပြီး ‘ဒါပေမယ့် ယောကျ်ားအဖို့တော့ သူ့မှာ အန္တရာယ်မရှိတော့ လွတ်သပ်တယ်လို့ ထင်ချင်ထင်မယ်၊ မိန်းမအဖို့လဲ ရာဂနဲ့ ပတ်သက်လို့ကတော့ နောက်ဆက်တွဲ ဘာအကျိုးဆက်မှ မရှိတော့ အထိန်းအကွပ်မရှိ လွတ်လွတ်ကျွတ်ကျွတ် ဖြစ်ချင်လဲ ဖြစ်မယ်၊ ဒါပေမယ့် သူ့အသွေးအသားကတော့ မျိုးစေ့ ခန်းခြောက်သွားတဲ့ ယောကျ်ားတစ်ယောက်ကို စက်ဆုပ်ရွံရှာတဲ့သဘောရှိတယ်၊ပြီးတော့ ယောကျ်ားအဖို့လဲ ရှိနေတယ်လို့ သူသိတဲ့ ဒီစက်ဆုပ်ရွံရှာမှု ဆိုတာကို ရှာနေတတ်တယ်၊ အဲ့ဒီအခါမှာ ဒီအချည်းနှီးအချစ်ကို မိန်းမက ဘယ်လိုပဲ ဟန်ဆောင်လို့နေနေ၊ မဟုတ်ပါဘူးလို့ ဘယ်လိုပဲ ငြင်းငြင်း၊ စိတ်မချမ်းသာမှုကို ဘယ်လိုပဲ ဖုံးကွယ်လို့ထားထား၊ သူကတော့ သိနေ ခံစားနေရတာပဲ၊ အဲ....အဲ့ဒီတော့ တို့လူတွေဆိုတာ အချည်းနှီးကိစ္စတွေဆိုရင် ဘာမှ စိတ်ပါလက်ပါ လုပ်လေ့မရှိတော့ ယောကျ်ားရဲ့ ခန္ဓာကိုယ်ကလဲ တဖြည်းဖြည်းနဲ့ ဒီအချည်းနှီး လုပ်ရပ်ကို လုပ်ဖို့ ငြင်းဆန်လာမယ်၊ ပြီးတော့ မိန်းမကလဲ အင်း....တဖြည်းဖြည်းချင်းပဲ ယောကျ်ားနဲ့ သူ့

အတွေ့အထိကို မလိုချင်တော့ ဒီမှောင်ထဲက နှစ်ထပ်ကွမ်း အလိုမပြည့် ဖြစ်ရတဲ့ ကိစ္စကို ကျော်ခိုင်းတော့တာပေါ့' ဟု ပြောပြသည်။

မော်ဒင်းသည် သူ့လက်ကိုသူ ငုံ့ကြည့်နေရာမှ 'ကျွန်မအဖို့တော့ ဒီလိုဖြစ်တယ် မထင်ပါဘူး၊ ကျွန်မ ဂျီးဆောလ်ကို စိတ်ကျေနပ်နှစ်သိမ့်မှု ပေးဖို့ဆိုရင် ကျွန်မရဲ့ စိတ်နဲ့ဖြစ်စေ၊ နှလုံးသားနဲ့ ဖြစ်စေ၊ ခန္ဓာကိုယ်နဲ့ ဖြစ်စေ ဖန်တီးလို့ ရတာဆိုရင် ကျွန်မ ဘာမဆို....ဘာမဆို.... လုပ်နိုင်မယ်လို့ ထင်ပါတယ်' ဟု ပြောသည်။

ဖရင်းအက်ဒ်က 'ဒါက ဘာဖြစ်လို့လဲဆိုတော့ သူက သိမှ မသိသေးတာကိုး၊ ကွယ်ဝှက်ထားတာတွေ သံသယဖြစ်စရာ အရိပ်နိမိတ်တွေကို ကျော်လွန်ပြီး သူ့မျိုးစေ့ မရှင်သန်တော့ဘူးဆိုတာကို သူသိထားပြီဆိုရင် မင့်ကို ဒါတွေလုပ်ဖို့ အားထုတ်ခွင့်တောင်ပေးမှာမဟုတ်ပါဘူး၊ သူ့အပေါ်မှာ သူ့ကိုယ်သူ မုန်းတီးရွံရှာမှုဆိုတဲ့ မြူခဲကြီး အုပ်ဆိုင်းကျလာလို့ သူ့ရဲ့ စိတ်ညစ်ကျုံ့စရာနဲ့ မိုးမှောင်ကျနေတဲ့ အထဲမှာ မင်း သူ့ကို တွေ့ရတော့မယ်တောင် မဟုတ်ဘူး' ဟု ပြောလိုက်၏။

မော်ဒင်းက 'ဒီလိုဆို ကျွန်မ ဘာလုပ်ရမလဲ' ဟု မေးသည်။

ဖရင်းအက်ဒ်က 'မသိဘူး' ဟု ဆိုလိုက်ပြီး 'သူ့စိတ်အာရုံနဲ့ အင်အားကို သင်္ချာဘာသာရပ်နဲ့ နက္ခတ်ဘာသာရာ

အကြောင်းတို့၊ အခု သစ်ဆန်းရှင်သန်နေတဲ့ ဂီတသံစဉ်ကို ဂီတသံစဉ်ရှစ်မျိုးနဲ့ ဖွဲ့စည်းတည်ဆောက်တာတို့မှာ ဖန်တီးမှုသဘော ပါအောင် ကျက်စားတတ်ရင်တော့ သူ့အသက် ရှည်ကောင်း ရှည်မယ်၊ ဒါပေမယ့် ဒါတွေက သူ့မှာ မရှိဘူး၊ လူအများစုမှာ မရှိပါဘူး၊ ကောင်းကင်ဘားမှာ လွဲတာတို့၊ သူ့အလွဲကို တစ်ဖက်က လှည့်လာတဲ့ မင့်ခန္ဓာကိုယ်ကို မိအောင် အချိန်ကိုက်တာတို့....သူ့အဖို့ ဒါတွေက အလေ့အကျင့် အနေကြာပြီး ပါးစပ်ထဲ အသားရောက်ရင် ဝါးရမယ်ဆိုတာ သိသလို မွေးရာပါ အသိဉာဏ်လို ဖြစ်နေတာ' ဟု ဆက်ပြောသည်။

'ကျွန်မ ဘာလုပ်ရမလဲ'

'သူ့ကို သိအောင် မလုပ်နဲ့ပေါ့'

'ဒါပေမယ့် ဒါဟာ မဟုတ်ဘူး ဆိုပါတော့၊ တစ်ခုခု မတော်တဆဖြစ်ပြီး သူ့မှာ ပြန်ပြီး ရှင်သန်လာမယ် ဆိုပါတော့၊ အပြစ်က ကျွန်မမှာ ရှိတာ၊ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုမှ အလွဲလွဲအချော်ချော် ဖြစ်သွားတာ၊ အက်ဆစ်တို့ ဘာတို့ ကျွန်မကိုယ်ပေါ်မှာ နည်းလမ်းမကျ လိမ်းမိလို့ အမှတ်မဲ့ စိမ့်ဝင်ပြီး အဆိပ်ဖြစ်နေတာတို့ ဘာတို့ ဆိုပါတော့'

ဖရင်းအက်ဒ်က 'ဒါကို မင်းမှ မယုံတာ၊ ငါ မင့်ကို သိပါတယ်၊ မင်း ဧမ်းသပ်မှု အားလုံးကို လုပ်ပြီးပြီပဲ၊ မင်း သိတာပေါ့' ဟု ဆိုလိုက်သည်။

မော်ဒင်း သူ့နဖူးကို လက်ပေါ်သို့ မှောက်ချလိုက်ပြီး ဖရင်းအက်ဒ်ရယ်၊ ဒီလူကြီးကို ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ်မဟုတ်လား' ဟု မေးလိုက်၏။

'သိတယ် ထင်ပါတယ်၊ သိတယ်ဆိုပါတော့'

'သူ့မှာ အနာတရဖြစ်မယ်ဆိုရင် ကျွန်မ သူ့ကို ကာကွယ်ရင်း အသားအရေ စုတ်ပြတ် လောင်ကျွမ်းသွားပေစေ၊ ကျွန်မ ကာကွယ်မှာပဲ ဆိုတာကော သိသလား'

'လောင်ကျွမ်းရင် နှစ်ဖက်ကျွမ်း ဖြစ်ရမှာပေါ့လေ'

'သူ စိတ်ကျေနပ်မယ်၊ ပျော်ရွှင်မယ်ဆိုရင် ကျွန်မ ဘာဖြစ်ဖြစ် လုပ်နိုင်တဲ့ သတ္တိရှိတယ်၊ လိမ်ရမလား၊ လှည့်ရမလား၊ အကြမ်းဖက်ရမလား၊ လူသားတစ်ယောက်အနေနဲ့ တတ်နိုင်တာဆိုရင် ကောင်းကောင်း မကောင်းကောင်း လုပ်မယ်ဆိုတာကော သိသလား'

'မင်းမှာ ဒီသတ္တိရှိတယ် ထင်ပါတယ်၊ ဒါပေမယ့် ဒါအောင်မြင်ဖို့ကတော့ မြူမှုန်လောက် အခွင့်အလမ်းမှ ရှိပါ့မလား မသိဘူး'

မော်ဒင်းက သူ့အား စေ့စပ်စွာ ကြည့်လိုက်ပြီး 'ကျွန်မ ဘာလုပ်ဖို့ စဉ်းစားနေတယ်ဆိုတာ ရှင်သိတယ်မဟုတ်လား' ဟု မေးလိုက်၏။

'သိတယ် ထင်ပါတယ်'

'ကျွန်မ အလွန်သတိထားပြီး လုပ်မယ်၊ အရာရာကြိုတင် သတိရှိမယ်ဆိုရင် ဖြစ်နိုင်စရာရှိတယ်လို့ ရှင်မထင်ဘူးလား'

'ငါ မင့်ကို အကြံမပေးနိုင်ဘူး၊ ငါမသိဘူး'

'ဒါပေမယ့် ဒီလိုမလုပ်ရင် ဘာအခွင့်အလမ်း ရှိမှာလဲ'

'ငါ မသိဘူး၊ ငါတော့ မင့်ကို အကြံမပေးဘူး၊ ငါ မှားချင်လဲ မှားမယ်'

'ဒါပေမယ့် ရွေးစရာက နှစ်လမ်းပဲ ရှိရာမှာ နှစ်လမ်းစလုံး မှားနေတယ်၊ တစ်လမ်းက အကြာကြီး စောင့်ရမယ်၊ ဒါကလဲမှားတယ်ဆိုရင် ဒီသုံးခုအနက်မှာအနည်းဆုံး အမှားလမ်းကို ကျွန်မ မရွေးရပေဘူးလား'

ဖရင်းအက်ဒ်သည် သူ့လက်များကို စုံဘုလိုက်ပြီး 'ငါ မသိဘူး၊ ငါကတော့ မင့်ကို အကြံမပေးဘူး၊ ငါတာဝန်ယူမယ်လို့လဲ မပြောနိုင်ဘူး၊ မင်းရဲ့ စိတ်ချမ်းသာမှု အစီအစဉ်ကိုလဲ ငါထပ်ဆင့် မထောက်ခံနိုင်ဘူး၊ တခြား ဒိပြင်ဟာတော့ ဘာဖြစ်ဖြစ် ငါမသိခဲ့ရင်ကောင်းမယ်၊ မင်း ဘာတွေ စဉ်းစားပြီး ဘာတွေစိတ်ကူး စီမံနေတယ်ဆိုတာ အရိပ်အမြွက်ကလေးတောင် မသိရရင်ကောင်းမယ်'ဟု ဆိုလိုက်၏။





မောင်ဒင်းက မတ်နတ်ထိုင်လိုက်ပြီး 'ရှင်ဟာ သူ့သူငယ်ချင်းဆိုတာ ကျွန်မ သိပါတယ်၊ကျွန်မက မိတ်ဆွေချင်း ခင်မင်မှုအပေါ်မှာ ဝန်ထုပ်တင်တာ များလွန်းသွားပြီ ထင်တယ်၊ ဒီလို အတင်းမျိုးကို ခံနိုင်တဲ့ ကြိုးမျိုး မဟုတ်ဘူး၊ ကျွန်မအစီအစဉ်ကို ကျွန်မဘာသာ ကျွန်မ လုပ်ခဲ့တာပါ၊ ကျွန်မကို ကူညီဖို့ ပြင်ပက အင်အားကို လိုချင်လို့ တာဝန်တင်တာ များလွန်းသွားတယ် ထင်ပါတယ်၊ ကျွန်မ ပမ်းနည်းပါတယ်'ဟု ပြောလိုက်သည်။

'အဲဒီတော့....'

'ရှူး....တိုး တိုး'ဟု မောင်ဒင်းက ညင်သာစွာဆိုလိုက်ပြီး 'ကျွန်မ ဘာမဆို ကျွန်မဘာသာ ကျွန်မရဲ့ အတ္တအမှောင်ခန်းထဲမှာ ပိတ်ပြီး သိမ်းထားလိုက်တော့မယ်၊ တစ်စုံတစ်ခုမှာ ကျွန်မ မှားသွားပြီဆိုရင်လဲ အဲဒါဟာ ကျွန်မရဲ့ အမှားပဲ၊ ရှင် ဘာမှ မတွေးနေစရာမလိုဘူး၊ ထိတွေ့ကိုင်တွယ်စရာလဲ မလိုဘူး'ဟု ပြောသည်။

ဖရင်းအက်ဒ်က သူ့ခေါင်းကို ငုံ့ထားလိုက်၏။

မောင်ဒင်းက 'သူ မူးလာတာကို ကျွန်မ မြင်စေချင်မယ် မဟုတ်ဘူး၊ အထူးသဖြင့် သူ စိတ်မချမ်းသာလို့ သောက်ပြီး မူးလာတဲ့အခါမှာပေါ့၊ ဖရင်းအက်ဒ်ရယ်၊ သူ့ကို လိုက်ရှာပြီး သူနဲ့နေပေးပါ၊ သူ နိုးနိုးကြားကြား

မရှိအောင် ပင်ပန်းနေပြီ ဆိုရင်လဲ အိပ်ခင်တဲ့ထဲ ခေါ်သွားပြီး စောင်လုံလုံ ခြုံပေးပါ၊ အဝတ်တွေကိုလဲ ချွတ်ပေးပါ၊ အောက်အိပ်ခင်ရဲ့ အောက်မှာရှိတဲ့ သေတ္တာအနက်ထဲမှာ သူ့ ညဝတ်အင်္ကျီတို့ ဘာတို့ ရှိပါတယ်၊ သူ့နာရီကိုလဲ သော့ပေးပေးပါ၊ သူ အိပ်ပြီဆိုရင်လဲ ရင်ဘတ်ကို ဖုံးပေးခဲ့ပါ'ဟု ပြောသည်။

'မင်းကကော....'ဟု ဖရင်းအက်ဒ်က မေးသည်။

'အို....ဟုတ်ကဲ့၊ ကျွန်မ ခေါင်းနည်းနည်းကိုက်နေလို့ ခဏတစ်ဖြုတ် လမ်းလျှောက်သွားတယ်လို့ ပြောပါ၊ ကျွန်မ သူ့ဆီကို သိပ်မကြာခင် လာခဲ့မယ်လို့ ပြောပေးပါ'

'ငါ စိုးရိမ်တယ်'ဟု ဖရင်းအက်ဒ်က ဆိုသည်။

'ကျွန်မလဲ စိုးရိမ်ခဲ့ရတယ်၊ ကျွန်မရဲ့ ကြောက်ကြောက် လန့်လန့်နေရတဲ့ ဘဝက မစိုးရိမ်စဖူး စိုးရိမ်ခဲ့ရတယ်၊ အခု ကျွန်မ မစိုးရိမ်တော့ဘူး၊ ကျွန်မ အင်အားကို တည်ဆောက်ဖို့ ရှင့်ရဲ့ အားနည်းချက်ကို လိုမယ် ထင်ပါတယ်၊ ဂျိုးဆောလ်ကို ထွက်ရှာပြီး သူ့ကို နှစ်သိမ့်လိုက်ပါ၊ ကဲ....မြန်မြန်သွား ဖရင်းအက်ဒ်ရယ်၊ သူ့မှာ အကူလိုနေကောင်း လိုနေရော့မယ်၊ ရှင့်အဝတ်တွေ မြန်မြန်လဲပြီး သူ့ကို သွားရှာပါ။ ညပွဲမစခင် သူ့ကို သိပ်ပေးပါ၊ ကျွန်မတို့အတွက် ဒါလုပ်ပေးပါ'ဟု

ပြောပြောဆိုဆို ဖရင်းအက်ဒ်၏ လက်မောင်းကိုဆွဲကာ ရှက်ဖျင်တံခါးဆီသို့ ခေါ်သွားပြီး တံခါးကို ဖွင့်ပြီး ကိုင်ထားပေးလိုက်သည်။ ဖရင်းအက်ဒ်လည်း စိတ်ထဲတွင် မတင်မကျနှင့် ထွက်သွားလေ၏။

မော်ဒင်းသည် ခပ်သုတ်သုတ် ပြန်ဝင်လာကာ သေတ္တာဖုံးထဲက မှန်ရှေ့တွင် ကုန်းလိုက်ပြီး သူ့ဆံပင်တိုကို ဖြီးသင်လေ၏။ သူက နှုတ်ခမ်းဆိုးဆေးဖြင့် ဆိုးနေစဉ် ရှက်ဖျင်တံခါး ပွင့်လာပြီး ဗစ်တာသည် တိဘ်ဆိတ်စွာ ဝင်လာလေ၏။ဗစ်တာသည် ပေါ့ပေါ့ပါးပါး ဘောင်းဘီ၊ အရောင်လွှင်လွှင် ရှပ်အင်္ကျီ စပို့ကုတ်နှင့် ရောင်စုံလည်စည်းတို့ကို ဝတ်ဆင်ထားသည်။ သူ၏ ရှူးဖိနပ်မှာ အဖြူနှင့်အညို နှစ်ရောင်စပ် ဖြစ်သည်။ သူ၏ လည်စည်းတွင် ကန့်လန့်ဖြတ်လျက် ရွှေကြိုးကလေးနှင့် ဘောလုံးကလေးတစ်လုံး တွဲလျားကျနေသည်။မော်ဒင်းက သူ့အား သေတ္တာအဖုံးက မှန်ထဲတွင် မြင်ရသည်။ သူသည် ကိုယ်တစ်ဝက် လှည့်လိုက်ပြီး မချိုသာလှသော အသံဖြင့် 'နင် ဘာဖြစ်လို့ ပြန်လာတာလဲ' ဟုမေး၏။

ဗစ်တာက သုန်မှုန်စွာပင် 'ငါ့ကို ဒီလို ခြောက်လှန့်ထုတ်လို့ ရမယ်ထင်သလား၊ မရဘူး မှတ်ထား၊ ငါ အားလုံးကို ဖြေရှင်းချင်တယ်၊ ငါ မြို့ထဲကို ဂျိုးဆောလ်နောက် လိုက်သွားပြီး ပြန်လာတယ်၊ ဟိုသတ္တဝါ ထွက်သွားအောင် စောင့်နေတာ၊ ငါ နင်နဲ့ ရှင်းစရာတွေ ရှိတယ်' ဟု ပြောသည်။

မော်ဒင်းက အလွန်ကြိုးစား အားထုတ်လိုက်ပြီး 'ငါ စိတ်မကောင်းပါဘူး ဗစ်တာရယ်၊ ရှက်လဲ့ရှက်ပါတယ်၊ ငါ နင့်ကို လိုက်ရှာပြီး ငါ စိတ်မကောင်းပါဘူး ဆိုတာ ပြောမယ်တောင် လုပ်သေးတယ်' ဟု ပြောလိုက်သည်။

ဗစ်တာသည် မော်ဒင်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး 'ဒီလိုဆို ဘာက နင့်စိတ်ကို ပြောင်းပေးလိုက်သလဲ၊ နင့်အဘိုးကြီးနဲ့ နင်နဲ့ ရန်ဖြစ်ကြလို့လား၊ သူ မူးနေပြီ သိလား၊ အလျင်ကတည်းက သိသလား၊ လူမှန်းမသိအောင်ကို မူးနေပြီ၊ အရက်ဆိုင်ထဲမှာ သူ့အနားက ငါရပ်နေတယ်၊ သူက ငါ့ကို မျက်ထောင့်နီကြီးနဲ့ ကြည့်နေတယ်၊ ငါ့ကိုတောင် မသိဘူး၊စိတ်ချမ်းသာနေတဲ့ လူကြီး၊ ပရိယာယ်ကြွယ်ဝတဲ့ ချစ်သူကြီး' ဟု ဆိုလိုက်၏။

'ငါ စိတ်မကောင်းပါဘူး ဗစ်တာရယ်၊ တကယ်ပဲ ဝမ်းနည်းပါတယ်'

'နင့်စိတ်ကို ဘာက ပြောင်းပေးလိုက်တာလဲ၊ ရုတ်တရက် ချက်ချင်းပဲ ငါပြောတာတွေ မှန်ပါလားလို့ တွေ့သွားလို့လား၊ နင်က အချစ်လို့ထင်နေတဲ့ ပျော့စိစိဟာ ရှုံ့တွနေတဲ့ အတုကြီးပါလားလို့ သိသွားလို့ ဖြစ်မယ်'

'ဒီလိုရယ်လို့လဲ မဟုတ်ပါဘူးဟယ်'

'ဒါမှမဟုတ် နင့် ကသိကအောက် စကားလုံးတွေထဲမှာ တူးဆွရှာဖွေပြီး ဒီဟာတွေဟာ စကားလုံးတွေသာ ဖြစ်တယ်၊ နင်လိုချင်တာက ငယ်ရွယ်သန်မာသူတို့ရဲ့ လှုပ်ရှားမှုပဲ ဖြစ်တယ်ဆိုတာ တွေ့သွားလို့လား'

'ဒီလိုရယ်လို့လဲ မဟုတ်ပါဘူးဟယ်'

'ငါလာတာက နင် ကော်ထုတ်နေတဲ့ မစင်အညစ်အကြေးတွေကို ငါ ဘာထင်သလဲဆိုတာ နင်နဲ့ အပြီးအပြတ် ပြောဖို့ပဲ၊ နင်သိစေချင်တာက ငါ ဒါတွေဘာမှလက်မခံဘူး၊ နင်က တော်တော်မာတယ်၊ တော်တော် သေချာတယ်၊ နင်သိလား၊ နင်က နွားချေးပုံထိပ်မှာ ထိုင်ပြီး အောက်မှာရှိတဲ့ ကြက်ကလေးတွေကို အထင်သေးတာယ်၊ နင်ကတော့ ခြောက်ပြစ်ကင်း သဲလဲစင်၊ ငါ....ငါကတော့ အညစ်အကြေးပေါ့၊ အေး.... ငါကတော့ ရိုးရိုးသားသားပဲ ပြောမယ်၊ နင့်လိုတော့ တိမ်ပုပ်ထဲမှာ မိနေကဲ့လူ မဟုတ်ဘူး၊ နင်လဲ အဲသလို ဟုတ်တယ်လို့ ငါ မယုံကြည်ပါဘူး'

မော်ဒင်းက 'ငါ နင့်ကိုလိုက်ရှာပြီး ငါ စိတ်မကောင်းပါဘူးဆိုတာ ပြောမယ်တောင်လုပ်သေးတယ်' ဟု ပြောလိုက်၏။

'နင်က ဘာဖြစ်လို့ စိတ်မကောင်းဖြစ်ရမှာလဲ၊ ငါ့ဆီက နင် ဘာလိုချင်သေးလို့လဲ'

'နင်ထွက်သွားတော့ နင် နာသွားပြီဆိုတာ ငါသိ
ပါတယ်၊ ငါပြောတာက ငါတို့ဟာ ဒီ လုပ်ငန်းထဲမှာ
ကျဉ်းကျဉ်းကျပ်ကျပ် ရှိးရာတူ လူ့အဖွဲ့အစည်း စိတ်နဲ့
နေလာကြပြီး ဒီအဖွဲ့အစည်းထဲမှာ မွေးလာတဲ့လူ၊ ဒီ
အစုထဲက မိဘဘိုးဘွားက မွေးဖွားသက်ဆင်းလာတဲ့လူ
မဟုတ်ရင် တို့မှာ ပယ်ချင်တဲ့သဘော ရှိတယ်ကိုသာ
ဆိုတာပါ' ဟု ပြောသည်။

ဗစ်တာ၏ မျက်လုံးများမှာ အလွန် ရန်လိုနေသည်၊
သူက ပမာမခန့် လှောင်ပြောင်သည့် လေသံဖြင့် 'နင်က
တကယ်ပဲ ငါ့ကို ဖိတ်ခေါ်ကြိုဆိုသလို ထင်အောင် လုပ်
တတ်တယ်' ဟု ဆိုသည်။

'ငါ စဉ်းစားမိတာကလဲ အဲဒါပါပဲ' ဟု မော်ဒင်းက
ဆိုလိုက်ပြီး 'နင်က ငါတို့နဲ့ အသက်မွေးမှု တူတာပဲ၊
ဒီလောကထဲမှာ ဆက်နေရင် နင်လဲ ကလေး မြေးငယ်
တွေ ပေါက်ဖွားလာမှာပဲ၊ငါတို့....ငါအခု ငါလုပ်လိုက်
သလို အပြတ် ဖြတ်မပစ်လိုက်သင့်ဘူး၊ တို့ ကပြနေ
တာက မိသားစုသဘောမျိုး ဗစ်တာ၊ ငါတို့....ငါ နင့်ကို
တို့အထဲမှာ အပါအဝင်လို့ သဘောထားအောင် လုပ်ဖို့
သင့်တယ်' ဟု ပြောသည်။

'နှောက်ကျသွားပါပြီဟယ်၊ နင့်အဘိုးကြီးကလဲ င
ပါးကို ရိုက်လိုက်ပြီ၊ နင်ကလဲ သေချင်ယောင်ဆော
တယ်၊ ပြီးတော့ ဟို လူရှင်တော်ကောင် ငါ့ကို ဘာပြေ

လိုက်တယ်ဆိုတာ နင်ကြားလိုက်ရဲ့လား၊ သူက ငါ့ကို ထွက်ပြေးလိမ့်မယ်လို့ ထင်နေသလား’

မော်ဒင်းက ‘သူ နားမလည်ပါဘူးဟယ်၊ ငါတို့ကလဲ အလွန် သိပ်သိပ်သည်းသည်း ကိုယ့်အစုနဲ့ကိုယ် ခဲနေကြတော့ ငါတို့ ဘယ်သူ့ ဘယ်သူမှ နားမလည်ကြပါဘူး၊ ငါကတော့ နင့်ကို ဖိတ်ခေါ် ကြိုဆိုသလို ထင်အောင် လုပ်ချင်ပါတယ်’ဟု ပြောလိုက်၏။

ဗစ်တာက ‘အဲဒါ ဘယ်လို လုပ်မလဲ’ဟု မေးလိုက်သည်။

မော်ဒင်းက ‘ငါမသိဘူး၊နင့်ကို တို့က သိပ်နာကျည်းအောင် လုပ်မိသလား မသိဘူး၊ ငါက ဖြစ်နိုင်တဲ့နည်းကို ရှာတာပဲ၊ ဒါပေမယ့် ငါ မသိဘူး’ဟု ပြောသည်။

ဗစ်တာက မော်ဒင်းအား မြေခွေး၏ စဉ်းလဲသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သူ့တွင် လျှို့ဝှက်သော အောင်နိုင်စိတ်က တရိပ်ရိပ် တက်လျက် ရှိ၏။ သူက ခပ်ရှိင်းရှိင်းပင် ‘အေး....နင် ဒီလို လုပ်ချင်တယ် ဆိုရင် ဘယ်က စ,ရမယ်ဆိုတာ တစ်နည်းတော့ ငါသိတယ်’ဟု ဆိုလိုက်သည်။

မော်ဒင်းသည် သူ့အား မျက်လုံးဝိုင်းကြီးများဖြင့် ကြည့်နေပြီး ‘ငါကတော့ နင်နဲ့ မိတ်ဆွေဖြစ်ချင်ပါတယ် ဗစ်တာရယ်၊ တကယ်ပါ၊ တခြားလူတွေရောပေါ့၊ နင့်ကို

ဖိတ်ခေါ် ကြိုဆိုအောင် ငါ ကူညီနိုင်ပါလိမ့်မယ်' ဟု ပြောလိုက်သည်။

ဗစ်တာက မေဒင်း အနီးသို့ ကပ်လာပြီး 'တခြား လူတွေကို ငါ သိပ်ဂရုမစိုက်ပါဘူး ထင်ပါတယ်' ဟု ဆိုလိုက်၏။

'အို....နင် ဂရုစိုက်ပါတယ်၊ နင် ဂရုစိုက်တယ် ထင်ပါတယ် ဗစ်တာ၊ ငါ တစ်ခု စဉ်းစားမိတယ်၊ ငါ ငယ် ငယ်တုန်းက အတော် မခံချင်စရာ အထီးကျန်ဖြစ်ခဲ့တဲ့ ကာလ ရှိခဲ့တယ်၊လူတိုင်း ရှိကြတယ် ထင်ပါတယ်၊ငါ့ကို ဘယ်သူမှ အလို မရှိ၊ ဘယ်သူကမှ အရေးတယူ မရှိ၊ အပယ်ခံ ဖြစ်ခဲ့တယ်၊ ငါလဲ ငါ့မှာရှိတဲ့ ပိုက်ဆံ အကုန် ယူသွားပြီး လက်ဆောင်ပစ္စည်းတွေ ဝယ်ပြီး သေသေ ချာချာ ထုပ်ပြီး ငါ့ဘာသာငါ ပြန်ပေးခဲ့တယ်၊ ငါ့ စိတ်ကူးက ငါ လက်ဆောင်ပစ္စည်းတွေ ဘယ်လောက် ရတယ်ဆိုတာ တခြားကလေးတွေက မြင်ရင် ငါ ဘယ် လောက် လူချစ်လူခင် များတယ်ဆိုတာ သိပြီး သူတို့ ကလဲ ငါနဲ့ မိတ်ဆွေဖြစ်ချင်လာကြမယ်၊ ဒါပေမယ့် ငါ စိတ်ကူးသလို ဖြစ်မလာပါဘူး၊ နောက်တော့ ဗစ်တာ ရယ်၊ ငါ့ထက်ကြီးတဲ့ မိန်းကလေး တစ်ယောက်က ဒုက္ခ ရောက်လာတယ်၊ သူက လက်စွပ်တစ်ကွင်း ခိုးလာတယ်၊ သူက ကြောက်ပြီး သူ့မှာ ရှိတဲ့ သူငယ်ချင်းတွေ သိမှာ စိုးတယ်၊ သူက ငါ့ဆီကို အကူအညီ လာတောင်းတယ်၊ ငါကလဲ ကူညီလိုက်တယ်၊ ပြီးတော့ ဗစ်တာရယ်၊ ငါလဲ





ရင်ထဲမှာ နွေးထွေးလာပြီး ငါ့ကို အလိုရှိသူ ရှိပါလားလို့ အောက်မေ့ရတယ်၊ ငါက တစ်ယောက်ယောက် အပူတပြင်း လိုနေတဲ့ တစ်ခုခုကို ပေးနိုင်တဲ့အခါ ငါစိတ်ချမ်းသာသွားတယ်၊ငါဟာ အတီးကျွန်မဟုတ်တော့ဘူး’ ဟု ပြောပြသည်။

ဗစ်တာက ‘နင်က ရယ်စရာပဲ၊ အမြဲတမ်း ပုံပြောတတ်တယ်၊ ဒီပုံက ဘာအကြောင်းတဲ့လဲ၊ ဒီပုံကို ငါက ဘယ်လို နားလည်စေချင်တာလဲ၊ မောဒင်းရယ်၊ နင့်ပုံတွေက နင်လိုချင်တာရအောင် အဓိပ္ပာယ်တွေနဲ့ အပြည့်ပဲ’ဟု ပြောလိုက်သည်။ သို့သော် သူ့အသံမှာ သုန်မှုန်နေသည့်သဘော မပါတော့။ သူက စိတ်ထဲက မပါဘဲ ပြုံးလိုက်ပြီး ‘ကဲ....နင့်ပုံက ဘာအကြောင်းလဲ၊ ငါ့ကို ပြောပါ’ဟု ဆိုလိုက်၏။

‘ဒီလိုပါလေ’ ဟု မောဒင်းက ဆုတ်ဆိုင်းဆိုင်းဖြင့် စ,လိုက်ပြီး ‘ဒါက နင့်ကို လူတွေက ဖိတ်ခေါ် ကြိုဆိုတယ်လို့ ထင်အောင် လုပ်တဲ့ အကြောင်းပေါ့၊ ပြီးတော့ နင့်မှာ အကူအညီလိုတဲ့အခါ နင်ကလဲ ငါ့ကို ကူညီမယ်ဆိုရင် တို့နှစ်ယောက်စလုံးအဖို့ အလွန်ကောင်းသွားမယ့်ကိစ္စပဲ’ဟု ပြောသည်။

ဗစ်တာ၌ ကြမ်းကြုတ် ခက်ထန်မှု မရှိတော့၊ သူမဟုတ်သလိုပင် တဖြည်းဖြည်း ပေါ့ပါးရွှင်ပျသည့် အမူအရာ ဝင်လာသည်။‘နင့်မှာ အကူအညီလိုတယ်လို့ ဘယ်

6

သူ ထင်မိမလဲ’ဟု ဆိုလိုက်ပြီး ‘ငါကတော့ အကူအညီ လိုတာက ငါလို့ ထင်တာ၊ ဒါက နင်ပြောတယ်လေ’ဟု ပြောလိုက်၏။

‘ဗစ်တာရယ်၊ ငါတို့မှာ ဒုက္ခ ရှိတယ် ဆိုတာ နင် ကိုယ်တိုင် သိပါတယ်၊ ဒါကို နင် နားလည်အောင် ငါ ရှင်းပြတတ်ရင် နင် ငါ့ကို လိုလိုချင်ချင် ကူညီမှာပါ ထင် ပါတယ်’ ဟု ပြောကာ မော်ဒင်း၏ မျက်လုံးများက ဗစ်တာ၏ စိတ်ကို ညွတ်ပြောင်းစေသည်။ ဗစ်တာကမူ နားလည်မှုကို ကျော်လွန်၍ အောင်နိုင်မှုကို ဦးတည်နေ သည်။ မော်ဒင်း၏ ပခုံးကို ထိအောင် သူ့လက်ကို ဆန့် တန်းလိုက်သည်။ မော်ဒင်းက မသိမသာ ပခုံးကို ရှောင် ဖယ်လိုက်သော် သူ့လက်ကို သူ ရုပ်လိုက်၏။ သူက ရုတ် တရက် ရယ်လိုက်ပြီး သူ့လက်ကို မော်ဒင်း၏ပခုံးပေါ် သို့ ပိုင်စိုးပိုင်နင်း တင်ထားလိုက်၏။

‘မင်းအတွက် ဆိုရင် ငါ ဘာဖြစ်ဖြစ် လုပ်ပေးမှာ ပေါ့ ကလေးရယ်’ဟု ပြောပြီးနောက် ‘အလျင်က မင့်ကို ငါအကြမ်းကိုင်မိတာစိတ်မကောင်းပါဘူး၊ငါဒီလောက် မဆိုးပါဘူးကွယ်၊ မင့်ကို ကြောက်ဘာလဲ ပါမယ် ထင် ပါရဲ့၊အခု မကြောက်တော့ပါဘူး’ဟု ဆိုကာ မော်ဒင်း အား စိုက်ကြည့်နေပြီး ‘မင်းကလဲ စိတ်ပြောင်းသွားလို့ ဖြစ်မယ်၊ ဒါပေမယ့် လူတွေ ပြောကြတာကတော့ လူ တစ်ယောက်ဟာ သူ့ဟာသူ မသေမချာဖြစ်နေပြီဆိုရင်

မိန်းမနဲ့ မြင်းက သိတယ်တဲ့၊ လူက ဘယ်လောက်ပဲ ဖြီးဖြန်း လိမ်လည်ပြီး ကိုင်ကိုင် သူတို့က သိတာပဲတဲ့’ ဟု ဆက်ပြော၏။

မောင်ဒင်းသည် ကသိကအောက်ဖြစ်လျက် မျက်လွှာကို ချထားသည်။ သူ့ဘာသာသူ ခေတ္တမျှ ငြိမ်သက်စွာ စဉ်းစားနေလိုက်ပြီး ‘နင် နားလည်လိမ့်မယ်လို့ ထင်တာ’ဟု ညင်သာစွာ ဆိုလိုက်သည်။

ဗစ်တာက ‘နားလည်တာပေါ့၊ ဘုရား ဘုရား၊ ယောကျ်ားများ တယ်အ,ပါလား၊ အချက်ပေးတဲ့အသံတွေ ကြားတယ်၊ မီးပြနေတာ မြင်တယ်၊ ငါက အ,နေတယ်၊ မိန်းမတစ်ယောက်က ပထမ ခြေလှမ်းကို စ,ပြီး မလှမ်းနိုင်ဘူး၊ ငါဟာ ဘယ်လောက် တုံးသလဲ၊ နင်က ဒါကို ပြန်စဉ်းစားနေတယ်၊ ငါက တောသားကလေးလို ခြေလှမ်းတုံ့နေတယ်’ဟု ဆိုလိုက်၏။

ဗစ်တာက ရယ်လိုက်ပြန်သည်။ ‘တို့ ဒီနေရာက လစ်ကြစို့ဟာ၊ နင့်အဘိုးကြီးလဲ မူးနေပြီ၊ တို့ ပွဲတစ်ခုခုသွားကြမယ်၊ မြို့ထဲ သွားပြီး ညနေစာ စားကြမယ်၊ ငါ ကားတစ်စီးငှားပြီး တို့ ကားလျှောက်စီးကြရင် ဘယ့်နှယ်လဲ’ဟု မေးသည်။

မောင်ဒင်း၏ မျက်နှာမှာ တင်းနေသည်၊ ဗစ်တာအား ကျောပေးလိုက်ပြီး သေတ္တာကြီးဆီသို့ လှည့်လိုက်၏။

နှုတ်ခမ်း ဆိုးဆေးကို ယူပြီး နှုတ်ခမ်းများ အပြည့်ဆိုး လိုက်သည်၊ သူ၏ လည်ချောင်း၌ တင်းကျပ်နေသည်။ သို့သော် သူ ဆုံးဖြတ်ချက်ချပြီးပြီ။ သောကဖြင့် နွမ်းလျ နေသော သူ၏မျက်နှာသည် ပြေပြစ်သွားသည်။ သူ၏ ကိုယ်ဟန်အမူအရာမှာ မသိမသာ ပျော့ပျောင်းလာပြီး လှုံဆော် နှိုးဆွသော အသွင် ဆောင်နေ၏။

ဗစ်တာက 'ဘယ့်နှယ်လဲ'ဟု မေးသည်၊

ဗစ်တာ့ဘက်သို့ ပြန်လှည့်လာသောအခါ မော်ဒင်း မှာ တစ်မျိုးတစ်ဖုံ ဖြစ်နေ၏။

မော်ဒင်းက အက်ကွဲသော အသံဖြင့် 'ဘာကို ဘယ့် နှယ်လဲ ဗစ်တာ'ဟု မေးလိုက်သည်။

'ညစာ စားဖို့၊ ကား လျှောက်စီးဖို့'

မော်ဒင်းက ဗစ်တာ၏ မျက်နှာကို မော့ကြည့်ကာ လှေ့လာလိုက်ပြီးမှ 'အဲဒါ သိပ်ကောင်းမှာပဲ'ဟု ပြော သည်။ မော်ဒင်း၏ လေသံမှာ ပြောင်းခဲ့ပြီ။ 'ငါ အပြင် သိပ်ထွက်တာ မဟုတ်ဘူး'ဟု ဆက်ပြောကာ ဗစ်တာ အား စိုက်ကြည့်နေလိုက်၏။

ဗစ်တာက ရှင်ပျူစွာပင် 'နင် ဘာမြင်ရလို့လဲ' ဟု မေးသည်၊

'မြင်ရတာလား၊ ငါက နင့်မျက်လုံးတွေ နက်မှောင် နေတာကို သတိပြုမိလို့ပါ'

'မကြိုက်ဘူးလား'

'တို့ ကြိုက်ပါတယ်၊ တချို့ မိသားစုတွေမှာ မျက်လုံး နက်ကလေးတွေရော မျက်လုံးပြာကလေးတွေရော ပါ တယ်၊ အဲဒါ ဆန်းတယ်နော်'

ဗစ်တာက 'ငါ့မိသားစုမှာတော့ မပါဘူး'ဟု ခပ် ကြွားကြွား ဆိုလိုက်ပြီး 'သိသလောက်တော့ ဘယ်ဘက် က အမျိုးမှာမှ အရောင်ပျော့တဲ့ မျက်လုံးနဲ့ ကလေး မပါခဲ့ဘူး'ဟု ပြောသည်။

မေဒ်ဒင်းက 'ဒါ ဆန်းတယ်နော်၊ မိသားစုတွေမှာ အဲသလို ဒီလို ထူးဆန်းတဲ့ အရည်အသွေးတွေ ပါတတ် တယ်၊ တက်တတ်တဲ့ မိသားစုတစ်ခုကို ငါသိတယ်၊ သိ လား၊ ဒုတိယမျိုးဆက်ကျတော့ စိတ်မနှံ့တာတွေ ပါ လာတယ်'ဟု ပြောသည်။

'နင်က ကရော်ကမည် လူမျိုးတွေကို သိတာကိုး၊ငါ တို့ကတော့ ကံကောင်းတယ် ထင်ပါတယ်၊ တို့အမျိုးထဲ မှာ အသက်ကြီးတာကလွဲလို့ တက်တတ်တဲ့ဟာ ဘာမှမရှိ ဘူး၊ ငါ့အဘိုး အဘွား လေးယောက်ဟာ အခုထက်ထိ အသက်ရှင်လျက် ရှိကြသေးတယ်၊ ငါ့ အဖေဘက်က 'ဘေး'ဟာအသက်တစ်ရာ့လေးနှစ်ကျမှသေတယ်၊ဘာမှ မဖြစ်ဘူး၊ တို့အမျိုးဟာ မာပါတယ်၊ ဒါနဲ့ ဒီမှာ ဘာ လုပ်မလဲ၊ တို့ ဒီခနရာက လစ်ကြစို့လေ'

မော်ဒင်းက 'အေး.... ဒါ ကောင်းမယ်'ဟု ဆိုကာ ထိုင်ရာမှ ထပြီး သူ့ ခြုံထည် ရှည်ကြီးကို ပခုံးပေါ်သို့ ကောက်တင်လိုက်သည်။ 'ငါ အိပ်ခန်းတွဲကို ပြန်ပြီး အဝတ်အစား လဲလိုက်ဦးမယ်၊ လှလှပပဖြစ်အောင် လုပ်ရဦးမယ်၊ တို့ကို လူမြင်လို့တော့ မဖြစ်ဘူးနော်၊ နင့်ကို ငါ ဘယ်မှာ တွေ့ရမလဲ'

ဗစ်တာက မော်ဒင်းအား လှေလာလိုက်ပြီး 'မလုပ်ပါနဲ့'ဟု ဖြည်းညင်းစွာ ပြောကာ 'ချိန်းပြီး မလာဘဲတော့ မနေဘူး ထင်ပါတယ် ကလေးရယ်.... အခန်းကောင်းကောင်းကလေးတွေနဲ့ တရှုတ်ဆိုင်ကလေး တစ်ဆိုင် ရှိတယ်၊ ဆယ့်နှစ်လမ်းပေါ်မှာပဲ၊ ဒါပေမယ့် ဘဏ်တိုက်ကနေ တစ်ကွေ့ပဲ၊ လမ်းကြားကလေးလိုပဲ၊ ငါ ခန်းဆီးတွေ ဆွဲပိတ်ထားတဲ့ ပထမ အခန်းထဲမှာ ရှိမယ်' ဟု ဆိုလိုက်ပြီး မော်ဒင်းအား ငုံ့ကြည့်၍ သွားများ ဖွေးခနဲ ပေါ်အောင် ပြုံးလိုက်သည်၊ ထို့နောက် ဆက်လက်၍ 'ကိုယ် စောင့်ရှောက်ပါ့မယ် အချစ်ရယ်၊ အချစ် ဘယ်လို ဒုက္ခမျိုးမှ မရောက်စေရပါဘူး၊ စိတ်ချပါ' ဟု ပြောလိုက်၏။

မော်ဒင်းလည်း ထိုင်ရာမှ ထ၍ ရွက်ဖျင်တံခါးဆီသို့ သွားသည်။ 'ငါနဲ့ ထွက်လိုက်မလာနဲ့နော်၊ တစ်နာရီအတွင်း နင့်ကို ငါ လာတွေ့မယ်'ဟု ပြောပြီး ရပ်နေလိုက်စဉ် သူ့မှာ စိတ်မပါတော့သလို ဖြစ်သွား၏။

ဇစ်တာက သူ့ဘေးက ရပ်လျက် မော်ဒင်း စိတ်ပြောင်းသွားသည်ကို သိလိုက်သည်။ သူ၏လက်မောင်းက အသာအယာ မော်ဒင်း၏ ခါးကို ဖက်လိုက်ပြီး 'မင်း ဘာကို တွေးနေသလဲ ဆိုတာ ငါသိတယ် ထင်ပါတယ်ကွယ်၊ ဒါအတွက် မင်း ဘာမှမပူပါနဲ့၊ဒါ တို့က ထွင်ပြီး လုပ်ရတာ မဟုတ်ပါဘူး၊ ဒါမျိုးက နေ့စဉ် ဖြစ်နေတဲ့ ကိစ္စပါ၊ ဒါ ဘယ်သူ့ အပြစ်မှ မဟုတ်ဘူး၊ မင်း စိတ်မကောင်း မဖြစ်ပါနဲ့၊ ဘယ့်နှယ်ကွယ်၊ ဒါ လူတိုင်းမှာ ဖြစ်နိုင်တာပါ၊ တို့ကျမှ ထူးခြားပြီး ဖြစ်ရတာ မဟုတ်ပါဘူး၊ ဒါ လူတိုင်းမှာ ဖြစ်နိုင်တဲ့ ကိစ္စမျိုးပါ'ဟု ဆိုလိုက်သည်။

မော်ဒင်းက 'ငါ့နဲ့ ထွက်မလိုက်ခဲ့ပါနဲ့' ဟု ပြောသည်။

မော်ဒင်း ထွက်သွားပြီး ဇစ်တာအား ထားခဲ့သည်။ ချက်ချင်းဆိုသလိုပင် သူပြန်ဝင်လာပြီး 'သူ လာနေပြီ၊ သူလာနေတာ ငါမြင်တယ်၊ မြန်မြန်ထွက် မြန်မြန်'ဟု ပြောလိုက်၏။

ဇစ်ဘာသည် တဲ၏တစ်ဖက်ဆီသို့ သွားကာ ရွက်ဖျင်ကို မြေကြီးပေါ်မှ မ,လိုက်ပြီး အောက်ကိုငုံ့၍ အသာ ထွက်သွားသေ၏။

မော်ဒင်းသည် အသက် ၁၀ ရှူလိုက်ပြီး ရွက်ဖျင်တံခါးကိုခွဲကာ အပြင်ဘက်သို့ ကြည့်လိုက်၏။ သူ သွား

တော့မယ်ဟု လုပ်ပြီးမှ ပြန်ဆုတ်လိုက်သည်။ သို့သော် နောက်တစ်ခဏတွင် သူ ထွက်သွားသည်။ လှစ်ခနဲ ထွက်သွားသည်။

နေရောင်ခြည်သည် ရွှေရောင်ဝင်းပြီး ဖျော့တော့လျက် ရှိပြီ။ ညနေစောင်း နေရောင်သည် တဲပေါ်မှ လျှောကျသွားပြီ။ အပြင်ဘက်ဆီတွင် ဆပ်ကပ်တီးဝိုင်းက အပြန်တီးလုံးကို တီးခတ်လျက်၊ ဂီတသံများအောက်က ဆင်များ၏ ခြေချသံနှင့် မြင်းများ ဟီသံတို့ကို ကြားနေရသည်၊ ခြင်္သေ့တစ်ကောင်၏ ဆာလောင်၍ ဟိန်းသံနှင့် ရုတ်တရက် ဝက်တစ်မြုံ၏ ကျယ်လောင် စူးရှသော အော်သံတို့ ပေါ်လာ၏။

ထိုနောက် တဲ၏ ရွက်ဖျင်တံခါး ပွင့်လာပြီး ဂျိုးဆောလ် အတွင်းသို့ ကြည့်လိုက်သည်။ သူ၏မျက်လုံးများမှာ ကြောင်စီစီဖြစ်ပြီး လည်နေပြီး သူ့ပါးစပ်မှာ လျော့ရဲလျက် စိုစွတ်နေသည်။ သူ၏ ပခုံးမှာလည်း စောင်းနေသည်။ ကြယ်သီးတပ်မထားသော ရှပ်အင်္ကျီ ကော်လာတွင် လည်စည်းမှာလည်း မသေမသပ် လျော့ရိလျော့ရဲ ကျလျက်ရှိသည်။

'မော်ဒင်းရေ' ဟု သူက ဗလုံးဗထွေး ခေါ်လိုက်ပြီး 'မော်ဒင်းရေ၊ ငါ မူးလာတယ်၊ ငါ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ငါမူးလာတယ်' ဟု မပီမသပြောပြီး ပွင့်နေသော သေတ္တာကြီးကို ကြောင်၍ ကြည့်နေလိုက်

သည်၊ ထို့နောက် သူသည် ဒယီးဒယိုင်နှင့် ကုလားထိုင် ကလေးဆီသို့ သွား၍ ထိုင်ချလိုက်၏။ သူ၏ လက်များ သည် သေတ္တာကြီးပေါ်တွင် ချစ်ခင် နှစ်သက်စွာ တဖျတ်ဖျတ် ခါလိုက်၏၊ မော်ဒင်း၏ နှုတ်ခမ်းဆိုးဆေး တောင့်ကို ကောက်၍ နမ်းကြည့်ပြီး ပြုံးလိုက်သည်။ သူသည် ကိုးရိုးကားရားပင် သေတ္တာထဲက ပစ္စည်းများကို နေသားတကျ ပြန်ထားပြီး ပေါင်ဒါဘူး၊ မိတ်ကပ်ဘူး နှင့် ကိုလ်းကရင်းဘူးတို့ ထည့်သော ဗန်းကို သူ့နေရာသူ ပြန်ထားလိုက်၏။ သူ့ကိုယ်သူ မှန်ထဲတွင် ပြန်၍ မြင် လိုက်မိရာ သူ၏ လျော့ရိလျော့ရဲနှင့် မူးနေသည့်မျက်နှာ ကို စူးစိုက်၍ ကြည့်နေလိုက်၏။ ထို့နောက် ရုတ်တရက် သူ သေတ္တာအဖုံးကို ဒိုင်းခနဲ ပိတ်ချလိုက်သည်၊ သေတ္တာ ဘေး နံရံတိုဆီမှ 'ချလွမ်' ခနဲ မှန်ကွဲကျသံများ ပေါ် ထွက်လာ၏။ သူသည် သူ၏ လက်မောင်းပေါ်သို့ ဦးခေါင်းတင်လိုက်ပြီး သူ၏မျက်နှာကို လက်ဖုံထောက် ကာ ပုခက်လွှဲသလို ဟိုသည် ယမ်းလျက်ရှိ၏။ သူ၏ လက်ယာဘက် လက်သီးဆုပ်သည် သေတ္တာကြီးအဖုံးကို ခပ်ပြင်းပြင်းထုကာ ပိုမိုသိမ်မွေ့စွာ 'မော်ဒင်းရေ' ဟု ခေါ်လိုက်ပြီး 'ဖရင်းအက်ဒ်ကို နာကျည်းအောင် လုပ် လိုက်မိတယ်၊ သူ့ကို ပြန်လွှတ်လိုက်ပါ' ဟု ပြောသည်။ သူ၏လက်သီးသည် ကျလာပြီး တဖြည်းဖြည်း လက် ချောင်းများ ပြန့်လာသည်။

ဖရင်းအက်ဒ်သည် ရှက်ဖျင်တံခါးမှနေ၍ အထဲသို့ ကြည့်လိုက်၏။ သူသည် ဂျိုးဆောလ်ကိုမြင်ပြီး တစ်ခဏမျှ စောင့်ကြည့်နေ၏။ ထိုနောက် သူသည် တိတ်ဆိတ်စွာပင် ဝင်လာခဲ့၏။ ဖရင်းအက်ဒ်သည် မြေကြီးပေါ်သို့ ထိုင်ချလိုက်ပြီး တင်ပျဉ်ခွေ ထိုင်လိုက်၏။ ထိုနောက် သူသည် အသာအယာ လက်ပိုက်ပြီး ဂျိုးဆောလ်အား ထိုင်၍ စောင့်နေလေ၏။

## အခန်း ၂။

## ယာတောလယ်မှာ

ဇွန်လ နံနက်ခင်း နေရောင်သည် ကျီခေါင်ပေါ်မှ ထွက်ပြူလာကာ ယာခင်းရှင်နေသော အိမ်ဆင်ဝင်ဆီသို့ ထိုးကျလာပြီး ပြတင်းပေါက်များမှ မီးဖိုဆောင်တဲသို့ တောက်ပ ဝါဝင်းသော အလင်းရောင်များ လှိမ့်သွင်းပေးလိုက်သည်။ ပြောင်လက်အောင်ပွတ်တိုက်ထားသော သတ္တုမီးဖိုခွင်မှ ရောင်ပြန်သည် ဆေးကြော၍ အခြောက်ခံရန် မီးဖိုစင်ပေါ်၌ စီ၍ မှောက်ထားသော သတ္တုအိုးခွက်များပေါ်သို့ ထိုးလျက်ရှိသည်။ မီးဖိုခန်း ဖြစ်သော်လည်း လူနေရန် စီမံထားသည်။ စားစရာစားရန်၊ ဂဏန်းတွက်ရန်၊ အပ်ချုပ်ရန်နှင့် စာဖတ်ရန် လေး

ထောင့်စားပွဲ တစ်လုံးကို ဖယောင်းပုဆိုးစဖြင့်အုပ်ထားသည်။ မတ်တတ် ကုလားထိုင်များကို ထိုင်ခုံနေရာ၌ သက်သောင့်သက်သာရှိစေရန် ဖုံကလေးများ ခင်းထားသည်။ ကိုရိယာ တန်ဆာပလာထားသော အိမ်ငယ်၌ ပြက္ခဒိန်ကြီးရှိသည်။ သို့သော် မှတ်စုမှတ်ရာ ရေးခြစ်ရန်၊ မျိုးကြဲရန်၊ ထွန်ယက်ရန်နှင့့် ရိတ်သိမ်းရန်အတွက် ရက်များအတွက် စီမံကိန်းများ၊ မှတ်စုများရေးရန် ဂဏန်းပတ်လည်တွင် နေရာလွတ်ရှိသော ပြက္ခဒိန်သည် မီးဖိုထဲ၌ရှိ၏။ လိုသမျှ အပြည့်အစုံရှိသော မီးဖိုခန်းပေတည်း။ အိမ်ရှင်မ ပေါင်မုန့်ဖုတ်ထားစဉ် မောပန်းလျှင် ခေတ္တခဏ လဲလျောင်းနားနေရန် ပြတင်းအောက်၌ ခုတင်တစ်ခု ခင်းထား၏။ လက်ဆေးခွက်၏ဘေးက စင်ပေါ်တွင် နံနက်ချိန်ခါ တေးသံသာများ လာလျက်ရှိသည့် ရေဒီယိုငယ်တစ်လုံး တင်ထား၏။ ထို တေးသံသာကား ဆပ်ကပ်တီးဝိုင်းအဖွဲ့တစ်ခုမှ မြူးမြူးကြွကြွ တီးခတ်လိုက်သော အပြန်တီးလုံး ခေတ်ပြားမှ ဂီတသံဖြစ်ပေသည်။

ဤမီးဖိုခန်းကား သားစဉ် မြေးဆက် သုံးစွဲခဲ့ကြသဖြင့် သွားလာဝင်ထွက်မှု လွယ်ကူသည်။ ဟောင်းသော်လည်း နွေးနွေးထွေးထွေး သက်တောင့်သက်သာရှိသော မီးဖိုခန်းတည်း။ အပြင်ဘက်ဆီမှ ယာခင်းထဲက ကြက်များ 'ကတော်' သံ၊ ဝက်များ၏ နှာရှုတ်သံ၊ မြင်းဇောင်းများမှ မြင်းများ၏ နှာမှုတ်သံ-ဟီသံကို ကြားနေရသည်။ နေထွက်နေပြီ ဖြစ်သော်လည်း အိပ်ရာထ

နောက်ကျနေသော ကြွက်ဖကြီးတစ်ကောင်သည် နံနက်တိုင်း တွန်နေကျဖြစ်၍ မတွန်ဘဲ မနေနိုင်သဖြင့် တွန်လိုက်သော အသံကိုလည်း ကြားရ၏။ လက်ဖက်ရည်အိုးတစ်လုံးမှ ရေနွေးငွေ့ထွက်သံ တဝီဝီ ကြားနေရ၏။ အနီးရှိ ကော်ဖီအိုးကလည်း တဂွပ်ဂွပ်မြည်လျက် ဘေးကို ဝင်ဆောင့်လျက် ရှိသည်။ တိုင်ကပ် နာရီ ကလည်း တဂျောက်ဂျောက်မြည်လျက် ချိန်သီးသည် မှန်ပြတင်းငယ်တစ်ခုမှ လက်ခနဲ လက်ခနဲ ဟိုမှသည်မှ လွှဲလျက်ရှိ၏။

လယ်သမားကြီး ဂျိုးဆောလ်သည် စားပွဲအနီး၌ လက်မောင်းပေါ်တွင် ခေါင်းချလျက် ရှိ၏။ လက်ယာလက်ထဲတွင် ကလောင်တံတစ်ချောင်းရှိ၍ သူ၏ရှေ့တွင်ကား ဖွင့်၍ချထားသော မင်အိုးတစ်လုံးရှိသည်။ အနီးအနား ယာတောကို ပိုင်ဆိုင်သည့် ဖရင်းအက်ဒ်သည် သူ၏ ဘေးက ကုလားထိုင်တွင် ခါးကွေးအောင် ထိုင်လျက်ရှိသည်။ သူတို့နှစ်ယောက်စလုံးပင် ဂျင်းဝတ်စုံအပြာနှင့် ရှပ်အင်္ကျီအပြာမှာ လည်ပင်း၌ ပွင့်နေသည်။ သူတို့၏ ကော်ဖီခွက်များသည် သူတို့၏ရှေ့ကစားပွဲပေါ်၌ ရှိသည်။

ဖရင်းအက်ဒ်သည် ထိုင်ရာမှ ထ၍ သူ၏ ကော်ဖီခွက်ကို မီးဖိုဆီသို့ ယူသွားကာ ကော်ဖီငှဲ့ထည့်သည်။ 'ထပ်ဖြည့်ဦးမလားဟေ့' ဟု မေးလိုက်၏။

ဂျိုးဆောလ်သည် ခေါင်းထောင်၍ ထကာ သူ၏
ကော်ဖီခွက်ကို စားပွဲစွန်းဆီသို့ တွန်းပို့လိုက်ပြီး 'ကျေး
ဇူးပဲ'ဟု ဆိုလိုက်၏။

ဖရင်းအက်ဒ်က သူ့ခွက်ကို ဖြည့်လိုက်ပြီး.... 'မင့်
စာရင်းတွေ ကိုင်ပေးဖို့ စာရင်းကိုင်တစ်ယောက် ငှား
ပါလား၊ ငါတော့ ငှားထားတယ်၊ ကောက်သိမ်းတဲ့
အချိန်ကျတော့ တစ်ယောက်တည်း မနိုင်နိုင်အောင်
စာရွက်စာတမ်းအလုပ်က များတယ်'ဟု ပြောလိုက်၏။

ဂျိုးဆောလ်သည် သူ၏ကော်ဖီကို စုပ်၍သောက်ပြီး
နောက် သကြားနှင့်နို့ ထပ်ထည့်သည်။ 'ငါ့လယ်တော
မှာ ငါ့စာရင်း ငါမကိုင်နိုင်ဘူးဆိုရင် ငါ လယ်မလုပ်
သင့်တော့ဘူး' ဟု ပြောလိုက်ပြီး 'ငါ ဂဏန်းသင်္ချာ
တော်ခဲ့ပါတယ်။ ဒါပေမယ့် အလုပ်က များလွန်းလို့ပါ
ဒါချည့်လဲ မဟုတ်ဘူး။ အားလုံး ငါတစ်ယောက်တည်း
လုပ်နေရတယ်ကွ၊ အနည်းဆုံး လိုက်တော့ ကြည့်နေ
တာပေါ့ကွာ'ဟု ပြောသည်။

'ဗစ်တာကကော တွက်မပေးဘူးလား' ဟု ဖရင်း
အက်ဒ်က မေးသည်။

'အို.... သူက ကောင်းပါတယ်၊ ဘယ်လိုမဆို ကြိုး
တော့ ကြိုးစားပါတယ်၊ ဒါပေမယ့် သူက ဒီအသွေး မပါ
ဘူး ဖရင်းအက်ဒ်ရယ်၊ ငါ့ညီဝမ်းကွဲ ဝိလီ မသေခင်က

ငါ သူ့ကို လယ်ကွဲဆင်း ထွန်ခိုင်းရင် အလုပ်ကောင်း ကောင်းဖြစ်တယ်ဆိုတာ သိတယ်၊ သေချာတယ်၊ ဒါပေမယ့် ဗစ်တာကမြို့က သူငယ်ပဲ၊ တစ်ခါတလေလဲ သူ လုပ်တာတွေ ဟုတ်သွားတယ်၊ ဒါပေမယ့် စိတ်မချရ ဘူး၊ ငါက သူနဲ့ တစ်ချိန်လုံးရှိနေရတယ်၊ ဖရင်းအက်ဒ် ရယ်.... လယ်ယာလုပ်ငန်းဆိုတာ မင်းတို့ငါတို့ ငါ့ညီ ဝီလီတို့ တို့အဖေ တို့အဘိုးတို့ အဘေးတို့ အဘီ အဘင် အဆက်ဆက် အလုပ်လုပ်တဲ့အခါ ဘယ်လိုရယ် ဘာ ကြောင့်ရယ် မသိပေမယ့် မှန်နေတာပဲ၊ မြေဆိုတာ ဘယ်လိုရယ်လို့ ဘယ်သူကမှ ပြောပြနေရတာ မဟုတ်ပါ ဘူး၊ စာတွေလဲ ဖတ်နေရတာ မဟုတ်ပါဘူး၊ ဒီမျိုးရိုးရဲ့ အသွေးထဲ အသားထဲမှာ ပါလာရမှာပါ၊ ငါက ဗစ်တာ ကို ဝေဖန်နေတာ မဟုတ်ပါဘူး၊ သူလဲ ကြိုးစားပါ တယ်၊ သူလုပ်တာ မှန်တာလဲ များပါတယ်၊ စိတ်မချ ရတာ တစ်ခုပါပဲ၊ ငါက အမြဲလိုက်ပြီး ကြည့်နေရတယ်' ဟု ပြောပြသည်။

ဖရင်းအက်ဒ်က 'ငါသိတယ်၊ အဲသလို ထူးထူး ဆန်း ဆန်း ဖြစ်တာမျိုး ငါ့အမြွာကလေးတွေမှာလဲ ဖြစ်တယ်၊ မနေ့က မနက်စာ စားကြရမှာ အယ်လ်က ငါတစ်ခုခု လုပ်ဖို့ရှိတယ်ဆိုတာ ငါ့စိတ်ကလဲ သိနေတယ်လို့ ပြော တော့ အက်ဒီက ငါသိတယ်၊ မင့်ပဲစိမ်းပင်တွေအတွက် ဝါးတိုင်တွေ ထောင်ပေးဖို့ လိုနေတယ်တဲ့၊ အဲသလိုပဲ

ပဲစိမ်းပင်တွေက သူ့ကို ခေါ်နေသလိုပဲ' ဟု ပြောပြသည်။

ဂျိုးဆောလ်က 'ငါပြောချင်တာကလဲ ဒါပါပဲ၊ သူတို့ဆီမှာက သွေးက ရှိနေတာကိုး၊ မင်း ပြောင်းခင်းတစ်ခင်းကို မင်းအမြွာကလေးတွေက ထွန်ယက်ထားတယ်ဆိုရင် မင်း ဘယ်တော့မှ ပြန်မကြည့်ရပါဘူးကွာ' ဟု ဆိုကာ (သူ့ကိုယ်သူ သတိရကာ) 'အို....ဘုရားသခင်....'ဟု တ,လိုက်မိလေ၏။

ဖရင်းအက်ဒ်က 'ကဲ ကဲ....တော်တော့ တော်တော့၊ မင့်ဟာက မင်းဟာမင်း ညှဥ်းဆဲသလို ဖြစ်နေပြီ' ဟု ဆိုလိုက်သည်။

ဂျိုးဆောလ်က 'ငါ့မှာ တစ်ခါတလေ အိပ်မက်ဆိုးတွေ မက်တယ်ကွ၊ ဒီမြေကြီး.... ဟောဒီ မြေသြဇာအပြည့်နဲ့ မြေပြန့်ညီညီ မြေဆီမည်းမည်းတွေဟာ ငါ့အိပ်မက်ထဲမှာ အားလုံး ဖုန်းဆိုးတွေ ပြန်ဖြစ်ပြီး ပေါင်းပင်တွေ အစုလိုက်အပြုံလိုက် ပေါက်၊ နောက် တောသစ်ပင်တွေ ပေါက်လာကြတယ်၊ ဒီအိမ်ဟာလဲ ဆွေးမြည့် ပြိုကွဲကျပြီး နောက်ဆုံး မီးခိုးခေါင်းတိုင်နဲ့ မြေတိုက်ခန်းတွင်းဝပဲကျန်ပြီး ယာတောကြီးတစ်ခုလုံးဟာ ဟို.... အယ်.... တို့အဘိုး ဂျိုးဆောလ်ကြီး သူ့မြင်းနဲ့ ရောက်လာပြီး သူ့မြင်းပေါ်က အိတ်တွေနဲ့တင်ယူလာတဲ့ ဆားတို့ ဆေးရွက်ကြီးတို့ ယမ်းမှုန့်တို့ ပြောင်းမျိုးစေ့တို့





ကိုချယ်ယူတဲ့ အချိန်ကအတိုင်း ပြန်ဖြစ်သွားတယ်၊ သူ့မှာ ချမ်းသာသမျှ ဒါအားလုံးပဲ ဖရင်းအက်ဒ်ရယ်၊ ဒါတွေနဲ့ ရဲတင်းတစ်လက်ပဲပေါ့ သူ သစ်ပင်ဝါးပင် ခုတ်လှဲပြီး သူ့ပြောင်းစေ့တွေကို စူးချွန်တစ်ခုနဲ့ စိုက်ခဲ့သတဲ့၊ ငါတို့ သူငယ်ဘဝ နွားစပြီး ကျောင်းတတ်စ အရွယ်က သူက ဒီအကြောင်းတွေကို ပြောပြတတ်တယ်’ ဂျီးဆောလ်က သူ့လက်ဖြင့် တံခါးဆီသို့ ဝှေ့ယမ်းပြလိုက်ပြီး ‘အခုဆို ကြည့်၊ မြေဟာ ညီလို့၊ မြေသီးနဲ့ မည်းလို့၊ မြေသြဇာ အပြည့်၊ နွေဦးထွန်ကြောင်း ထိုးသွားတဲ့အခါ သံမဏိလို လက်လို့၊ နောက် ဆယ်နှစ်အတွင်း ဒါကို ဆက်ထိန်းသိမ်းထားမည့်သူ မရှိရင် ရှေးကအတိုင်း ပြန်ဖြစ်သွားတော့မယ်၊ ငါ့အိပ်မက်ဆိုးထဲမှာ....သူစိမ်းတစ်ရံဆံတွေ ရေထုတ်တာတို့ ရေသွင်းတာတို့ ဘာမှမသိတဲ့ မြို့ကလူတွေ ဖြစ်မယ်’

‘တော်တော့ ဂျီးဆောလ်ရယ်၊ ခွေးကလေး ငက်နားရွက် ကိုက်ဆွဲနေသလို မင့်ကိုယ်မင်း ညှဉ်းဆဲနေတာ၊ ကဲ.... မင့်စာရွက်စာတမ်း အလုပ်တွေကို ပြန်ကောက်တော့၊ အပျက်ဘက်ကချည်း ဝေဖန်နေတာတွေ ရပ်တော့၊ မော်ဒင်း ဘာယ့်နှယ်နေလဲ’

‘အေး....ငါမသိဘူး၊ပြီးခဲ့တဲ့ နှစ်ပတ်လောက်အတွင်း နည်းနည်း နေမကောင်းချင်ဘူးကွ၊ ငါ့ စိတ်ထဲမှာ သောကမကင်းနိုင်တာတစ်ခု ရှိနေတယ် ဖရင်းအက်ဒ်

ရယ်၊ သူ အယင်က တစ်ခါနှစ်ခါ ကိုက်ခဲဖူးတယ်၊ ဘယ်သူမှ မသိရဘူး၊ သူက လယ်ထဲက မိန်းမပဲ၊ မနက် အိပ်ရာကထပြီးရင် သူ့အလုပ် သူလုပ်တာပဲ၊ တစ်ခါမှ မညည်းညူဖူးဘူး၊ တစ်ခါမှ အလုပ်ကို မရှောင်ဖူးဘူး၊ အခုတော့ အေး....သူ့မှာ ဝမ်းပျက်ရတာနဲ့၊ တစ်ခါတစ်ခါ ခေါင်းမူးရတာနဲ့' သို့ပေမယ့် ထူးတော့ ထူးခြားတယ်၊ မနေ့က ဘူ ဆရာဝန်ဆီ သွားတယ်၊ ဆရာဝန်က ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ သို့ပေမယ့် စိတ်အေးအေး ထားရမယ်လို့ ပြောလိုက်သတဲ့၊ ထူးခြားနေတယ်၊ သူ့လေသံက မြူးတူးတူး ကြွားတားတား ဖြစ်နေသလိုပဲ၊ ဒီနေ့ မနက်ကတော့ သူက 'ကျွန်မ ခဏလောက်ဆက်အိပ်နေရင် ကိစ္စမရှိတန်ပါဘူးနော်၊ ကျွန်မသိပ်နေမကောင်းလို့' လို့ ပြောပြန်တယ်၊ သိလား၊ ဒါဟာ သူ မဟုတ်ဘဲ၊ အဲဒီနောက် သူ့လက်တွေကို ဆန့်တန်းပြီး သူ့မျက်နှာမှာ ထူးထူးဆန်းဆန်း အပြုံးကလေးနဲ့၊ နေမကောင်းတဲ့ပုံ လုံးဝမရှိဘူး၊ ဒါပေမယ့် သူ ဝမ်းပျက်နေတယ်'

ဖရင်းအက်ဒ်က ငြိမ်သက်စွာပင် 'သူ နေကောင်းသွားမှာပါ' ဟုပြောပြီး 'မိန်းမတွေမှာ တစ်ခါတစ်ခါတော့ ထူးထူးဆန်းဆန်း ကြုံတတ်ပါတယ်' ဟု ဆိုလိုက်သည်။ ထို့နောက် အကြောင်းရပ် ပြောင်းပြီး 'ငါ မင့်ကို တစ်ခု မေးချင်နေတာ၊ ဗစ်တာက မင်း သူ့ကို

အော်ထုတ်လိုက်တာကို ရန်ငြိုးများ ထားနေသလား’ ဟု မေးလိုက်၏။

‘ဟာ မထားပါဘူး၊ ထားမယ် မထင်ပါဘူး၊ ဒီ ကောင်က တော်တော် အေးပါတယ်၊ စကားလဲ များ များ မပြောဘူး၊ သူလုပ်စရာရှိတာ လုပ်၊ သူ့အလုပ် သူ လုပ်တာပဲ၊ ငါ အော်လိုက်တာ သူ့အဖို့ ကောင်းသွား တယ် ထင်ပါတယ်’

ဖရင်းအက်ဒ်က ‘ငါ နည်းနည်း စိုးရိမ်မိလို့ပါ၊ ငါ ထင်တာကတော့ မင်းသူ့ကို မရိုက်သင့်ဘူး ထင်တာပဲ’ ဟု ပြောလိုက်၏။

ဂျိုးဆောလ်က ‘ဒါအတွက် ငါ စိတ်မကောင်းပါ ဘူး၊ ငါ စိတ်တိုသွားလို့ပါ၊ ငါ သူ့ကိုလဲ စိတ်မကောင်း ပါဘူးလို့ ပြောင်းပန်လိုက်ပါတယ်၊ သူ ဒါကို မေ့သွား ပြီ ထင်ပါတယ်’ ဟု ပြောလိုက်၏။

‘သူ့ကိုဖြစ်ဖြစ် ဘယ်သူ့ကိုဖြစ်ဖြစ် ရိုက်တာကတော့ မင်းမဟုတ်သလိုပါပဲ ဂျိုးဆောလ်ရယ်’

‘သူက ငါ့ကို လႈ ပြောတာကိုးကွ၊ ငါ့ကို ဒေါသ ထွက်အောင် လာပြောတာကိုး၊ မော်ဒင်း ထလာပြီ ထင် တယ်၊ သူ သွားလာလှုပ်ရှားနေတဲ့ အသံ ကြားလား၊ ငါ ကြားလိုက်တယ် ထင်တယ်’

ဖရင်းအွက်ဒ်က 'ထလာပြီ ထင်တယ်' ဟု ပြော လိုက်ပြီး 'ငါသွားမှ ထင်တယ်၊ ငါ့နေရာမှာ ငါလုပ်စရာ အလုပ်တွေနဲ့၊ ငါက နေထွက်ပြီးတောင် မင့်မီးဖိုထဲမှာ လာထိုင်နေတယ်၊ မင်းနာရီက မှန်ရဲ့လား' ဟု မေး သည်။

'ရေဒီယိုနဲ့ တိုက်ထားတာပါကွာ၊ အမြဲမှန်ပါတယ်'

ရေဒီယိုမှ ခေတ်ပြားသီချင်းသံ ညင်ညင်သာသာ လာနေသည်၊ ချစ်ဒုက္ခသည်၏ ငိုညည်းသံ သီချင်းသံ ဖြစ်၏။

ပျိုးဆောလ်က ရေဒီယိုကို မေ့ကြည့်လိုက်ပြီး 'ဒါ မရှိခင်တုန်းကတော့ တို့ ဘယ်လိုလုပ်သလဲတော့ မသိ ဘူး၊ ရပြီးကတည်းက ပိတ်တယ်ရယ်လို့ မရှိလှဘူး ထင် တယ်၊ အိမ်မှာက သူက တခြားလူတစ်ယောက်လိုပဲ၊ မော်ဒင်းက အလုပ်လုပ်ရင်း နားထောင်တယ်' ဟုဆိုကာ သက်ပြင်းချလိုက်ပြီး 'ကော်ဖီအသစ်တစ်ခွက် သောက် ကြဦးစို့ကွာ၊ ပေး....ပေး၊ မင့်ခွက် ပေးလိုက်၊ ငါ ဆေးလိုက်ဦးမယ်' ဟု ပြောလိုက်၏။

ထို့နောက် သူသည် ကော်ဖီခွက်များကို ဆေးကန်သို့ ယူသွားကာ ရေဖြင့်လှုပ်၍ ကျင်းလိုက်၏။

တံခါးပွင့်လာပြီး မော်ဒင်း ဝင်လာသည်။ သူ့မျက် နှာမှာ အသားအရေ စိုပြည်တင့်တယ်နေသည်၊ သူ့

နှုတ်ခမ်းမှာလည်း ကျေနပ်နှစ်သက်သော အပြုံးပန်း ကလေး ပွင့်လျက်ရှိ၏။ သူသည် ကြမ်းပြင်ကို ထိလု နီးပါး ရှည်သော ဂွမ်းခံပွင့်ရိုက် ညဝတ်အင်္ကျီကို ဝတ် ထားသည်။

ဂျိုးဆောလ်ရော ဖရင်းအက်ဒ်ပါ မော်ဒင်းကိုကြည့် လိုက်ကြပြီး ဂျိုးဆောလ်က 'သက်သာပြီလားမော်ဒင်း ရေ' ဟု မေး၏။

'သက်သာပါတယ်၊ အတော့်ကို သက်သာပြီ'

ဖရင်းအက်ဒ်ကလည်း'မင်းကြည့်ရတာ ချောလို့လှလို့ ပဲ' ဟု ပြောလိုက်သည်။

မော်ဒင်းသည် ပြတင်းအောက်က ခုံရှည်ဆီသို့ သွားကာ ခုံရှည်ပေါ်တွင် ထိုင်လိုက်ပြီး လောကတွင် ပထမဆုံး ပွင့်လင်းလာသော နေ့အလား တအံ့တဩပင် 'တယ်သာယာတဲ့နေ့ပဲ' ဟု ဆိုလိုက်သည်။

ဂျိုးဆောလ်က 'သီးနှံစိုက်ပျိုးတဲ့ရာသီကွယ့်၊ မင်းဖို့ ငါ မနက်စာကလေး လုပ်လိုက်ရမလား၊ ဂျုံကျိုထား တာ ရှိတယ်၊ ကြွပ်နေအောင် ကြော်ထားတဲ့ ဝက်ပေါင် ခြောက်ကြော် နွေးအိုးထဲမှာရှိတယ်' ဟု ပြောသည်။

မော်ဒင်းက ခပ်တိုးတိုး ခပ်ရှင်ရှင်ကလေး ရယ်လိုက် ပြီး 'ရှင်က ကျွန်မကို ချက်ကျွေးနေရသလား၊ ကျွန်မ

ကသာ ရှင့်မနက်စာကို လုပ်ပေးရမှာပါ၊ ဒါပေမယ့် ရှင်က အဲသလိုလုပ်ပေးမယ်လို့ ပြောတာတော့ သိပ်ကောင်းတာပါပဲ ဂျိုးဆောလ်ရယ်၊ သိပ်ကို ကောင်းပါတယ်၊ နေပါစေရှင်၊ ကျွန်မ မနက်စာလဲ မစားချင်ပါဘူး' ဟု ပြောလိုက်သည်။

'ဒါဖြင့် ကော်ဖီကော၊ ငါအခု ဒီအိုးကို သွန်ပစ်ပြီးတော့ အသစ်တစ်အိုး ဖျော်တော့မယ်လို့လေ၊ မင်း လတ်လတ်ဆတ်ဆတ် ကော်ဖီတစ်ခွက်လောက် သောက်မလား'

'တော်ပြီရှင့်၊ ကျွန်မ တကယ် နေမကောင်းတာ မဟုတ်ပါဘူး၊ ကျွန်မက ကိုယ့်ကိုယ်ကို အလိုလိုက်နေတာ'

ဂျိုးဆောလ်က 'ဒါ ပထမဆုံးအကြိမ် ဖြစ်လိမ့်မယ်၊ မင့်အဖို့ ဒါဟာ အသစ်အဆန်းပဲ' ဟု ဆိုသည်။

မော်ဒင်းသည် ပင့်သက်ဝဝ ရှူလိုက်ပြီး စကားစ ပြောသည်။ 'ကျွန်မလေ....'

ဂျိုးဆောလ်က 'ကျွန်မလေ ဘာဖြစ်လဲ' ဟုမေး၏။

'ကျွန်မလေ....ကျွန်မ ဘာစ ပြောမိလဲ မသိပါဘူး၊ ကျွန်မ စိတ်ဟာ လေလွင့် ဝဲပျံနေတယ်'

ဂျိုးဆောလ်သည် ဖြည့်ထားသော ကော်ဖီခွက်များကို စားပွဲသို့ယူလာသည်။ 'မင်း မသောက်ဘူးဆိုရင်

ဂါ နောက်တစ်အိုး မဖျော်တော့ဘူး၊ မင်း နေမကောင်းဘူးဆိုရင်တော့ ဂါဖျော်ထားခဲ့တာ ကောင်းမယ်ထင်တယ်၊ဗစ်ဘာလဲ မနက်ခင်း ကော်ဖီခသောက်ဖို့ မကြာခင်ဝင်လာလိမ့်မယ်'

မော်ဒင်းသည် သူပြောစရာရှိသည်ကို တဖြည်းဖြည်းချင်း စဉ်းစား၍နေသည်။ သူ့ဟာသူ ပြုံးနေလိုက်ပြီး သူ့မျက်နှာ တည်တည်ဖြစ်သွားလိုက်၊ ထို့နောက် ပြုံးလိုက်ပြန်သည်။ သူ့လက်များကို ပက်လက်လှန်ပြီး တစ်ခုနှင့်တစ်ခု ခပ်ရွရွကိုင်လျက် ပေါင်ပေါ်တွင် တင်ထားသည်ကို ငုံ့ကြည့်နေလိုက်ပြီး 'ဆရာဝန်က ကျွန်မကို ဒီအခိုက်အတန့်တော့ စိတ်အေးလက်အေးထားဖို့ မှာလိုက်တယ်' ဟု ပြောသည်။

ဂျိုးဆောလ်က သူ၏ခွက်ကို ချလိုက်ပြီး သူ့ကုလားထိုင်ကို လှည့်လိုက်ကာ မော်ဒင်းအား ကြည့်နေလိုက်၏။ 'ဒါပေမယ့် သူက မင့်မှာ ဘာမှမဖြစ်ဘူးဆို၊ ဘာဖြစ်တယ် ထင်လို့တဲ့လဲ'

ယခုတော့ မော်ဒင်းက အတည့်အလင်း ရှင်းရှင်းပင်ပြောလိုက်သည်။ 'ဂျိုးဆောလ်ရယ်၊ ကျွန်မမှာ ကလေးရတော့မယ်၊ ကျွန်မတို့မှာ ကလေးရတော့မယ်'

သူမျှော်လင့် နားထောင်မနေသော စကားများဖြစ်၍ ပထမတွင် သူ မကြားလိုက်။ သို့သော် ထိုစကား

များက သူ့နားထဲတွင် အလိုလိုပင် တိတ်ဆိတ်စွာ ပဲ့တင်ထပ်လျက် ရှိကြသည်။ ဂျိုးဆောလ်သည် သူ့ မျက်နှာကို မော်ဒင်းဘက်သို့လှည့်ကာ မော်ဒင်းအား ကြည့်နေလိုက်သည်။ မော်ဒင်း၏ စကားလုံးများသည် သူ့ဦးနှောက်ထဲသို့ နက်နဲစွာ ဝင်ရောက်အောင်ပင် ပဲ့တင်ထပ်လျက် ရှိကြပြန်လေသည်။ တစ်ခဏသော် ဂျိုးဆောလ်သည် သူ၏ ခိုက်ခိုက်တုန်နေသော မေးစေ့ကို ငြိမ်အောင်ထိန်းရသည်။ ထို့နောက်တွင် သူသည် သူ၏ လက်မောင်းများပေါ်တွင် မျက်နှာမှောက်၍ ငိုလေ၏။

ဖရင်းအက်ဒ်က မော်ဒင်းအား ကြည့်နေသည်။ စေ့စေ့စပ်စပ် ကြည့်နေလိုက်သည်။

မော်ဒင်းကလည်း ပြန်ကြည့်သည်။ သူ့မျက်နှာမှာ လေးနက် တည်ငြိမ်လျက်ရှိပြီး ခေါင်းညိတ်၍ပြသည်။ ထို့နောက် သူ ပြုံးပြပြန်သည်။

ဂျိုးဆောလ်သည် စိတ်လှုပ်ရှားမှုဖြင့် တုန်ခါလျက် ရှိသည်။ ဖရင်းအက်ဒ်ကမူ သူ့ကိုမကြည့်ဘဲ မျက်နှာ လွှဲသွားသည်။ သို့ရာတွင် မော်ဒင်းကမူ တစ်ဖက်နှင့် တစ်ဖက် ယှုယှစွာ ထပ်၍တင်ထားသော သူ့ပေါင် ပေါ်က လက်များကိုကြည့်ရင်း သူ့စိတ်ထဲ၌ ပြုံး၍နေ လေသည်။ သူ့မျက်နှာကို သိခက်နက်နဲသော အရာတို့၌ လွှဲဖယ်ထားသည်။ သူ့ခန္ဓာကိုယ်၏ လျှို့ဝှက်ချက်များကို မျက်စိထဲ၌ ထင်ယောင် မြင်ယောင်နေသည်။လောက၌

အသစ်ဖြစ်သော အရာ၊ လောကသစ်၊ သို့သော် အမှတ်သညာ ရှိပြီးသား အရာများဖြင့် ဖွဲ့စည်းထားသော ပရမ်းပတာ ပေါက်ကွဲပြီး အရာဂတ္တုတစ်ခုခုနှင့်တူသော ခြေလက်အင်္ဂါ အရာများ၊ဖွဲ့စည်းဆဲ ဦးခေါင်းရှိ မျက်လုံး နှာခေါင်းနှင့် ပါးစပ်ပေါက်တို့အဖို့ မထင်မရှား အရည်တည်စ အဖုအကြိတ် ရောင်ခြည်များ၊ လက်ချောင်းကလေးများထွက်ရန် အငုတ်ရာများနှင့် ခံစားမှု သိမှုစွမ်းအင်နှစ်ခု၊ တစ်နွေးသောအခါတွင် မိခင်၏ဝမ်းဝယ် နွေးထွေးသော ရေကြည်၌ စိမ်ကာ မိခင်တည်းဟူသော အာဟာရဘဏ်တိုက်မှ အစာအာဟာရကိုထုတ်ယူသုံးစားလျက် ခဲတံတိုကလေးတစ်ခု ပမာဏမှ ကြီးထွားလာသော 'လူ' ကလေးတစ်ယောက်အသွင် တွေ့မြင်ကြရမည့် အရာပေတည်း။ ဤသို့လျှင် စိတ်အားထက်သန်စွာ ဖြစ်လာခဲ့သော ဘဝဖြစ်တည်မှုတစ်ခုသည် သူ၏ ပီတိအရှိန်ကြောင့် ချစ်ခင်ယုယစွာ ပွေ့ပိုက်လျက် ပေါင်ပေါ်တွင် တင်၍ထားသော လက်များ၏ အောက်တွင် ရှိနေသည်။

ထို့နောက် ဂျီးဆောလ်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့ ဖနှောင့်ပေါက်လျက် လေးလံစွာလျှောက်သွားကာ သူ၏ လယ်ကို မျှော်ကြည့်လိုက်ပြီး သူ့လက်များကို နောက်တွင်ပစ်လျက် ဆုပ်ကိုင်ကာ ပခုံးကို မြှင့်လိုက်သည်။

'အခုဆို ဟန်ကျသွားပြီ'ဟု ဆိုလိုက်ပြီး လယ်ကွင်း

ကိုဟာစ်အော်၍ ခေါ်လိုက်သကဲ့သို့ အသံကိုမြင့်လျက် 'အခုဆို ဟန်ကျသွားပြီဟော့'ဟု ပြောလိုက်၏။ သူသည် ရယ်လိုက်ပြီး သူ၏ အလွန်ကျေနပ် နှစ်သိမ့်လျက်ရှိသော မျက်နှာကြီးကို အခန်းထဲသို့ ပြန်လှည့်လိုက်သည်။ သူ၏ လက်များကို ဖြေလိုက်ပြီး သူ၏ ခါးကို ညင်သာစွာ ပွတ်လျက် စကားပြောသည်။ 'ဥရောပတိုက် အချို့ အပိုင်းတွေမှာ ကျီတွေဆီသွားပြီး ကျွဲနွားတိရစ္ဆာန်တွေကို ပြောကြတယ်လို့ ငါကြားဖူးတယ်၊ ဘာပဲဖြစ်ဖြစ် ဘယ်ခလေ့ ဘယ်ထုံးစံဖြစ်ဖြစ် ကောင်းတာပါပဲ'ဟု ပြောလိုက်ပြီး 'အမိုက်တိုက်ကိုဖယ်ရှားလိုက်ပြီဆိုတော့ ငါ ဒီအမိုက်တိုက်အကြောင်းကို ပြောနိုင်ပြီ၊ ဒီ့မြေပေါ်မှာ အသိုက်အမြုံလုပ်ပြီး နေကြတဲ့ ငါတို့ အများစုဟာ မြေနဲ့ တစ်သားတည်း၊ မြေကြီးဟာလဲ ငါတို့ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေလေတော့ နွေဦးမှာ ပေါက်လာတဲ့ မြက်ပင် ကလေးတွေဟာ ငါတို့ရဲ့ မွေးညင်းပေါက် ကလေးတွေထဲကပေါက်လာတာဖြစ်ပြီး ပြောင်းပင်တွေ ကရွက်ချွန်စိမ်းစိမ်းကလေးတွေဟာလဲ ငါတို့ဝမ်းဗိုက်ထဲ က အညွှောက်ထွက်လာရတာ ဖြစ်တယ်၊ သီလား ဖရင်း အက်ဒ်၊ မိုးရာသီမှာ မိုးခေါင်နေတာဟာ တို့ရင်ထဲက အပူလိုပဲ၊ အစီအစဉ်မရှိဘဲ ပူနေရတာ၊ တို့ကိုယ်မှာ အဖျားတက်သလိုပဲ'ဟု ပြောကာ 'တို့တွေရဲ့ မျိုးရိုး စဉ်ဆက် မြောက်အမေရိက လူနီမျိုးတို့ရဲ့ 'မျိုးဆက် တိုင်(Totem)' လိုပဲ၊ လူပေါ်လူဆင့်လို့ ပထမလူက

စရေတွက်၊ နောက် ပေါက်ဖွားလာမည့် လူတွေအတွက် စီမံကိန်းတွေနဲ့၊ သားစဉ်မြေးဆက် အားလုံးအတွက် အစီအစဉ်နဲ့၊ ဗီဇဆိုတဲ့ မျိုးစေ့က ရှိခဲ့ပြီးသား' ဟု ပြော လိုက်သည်။

ဖရင်းအက်ဒ်က ပြုံးလိုက်သည်။ 'မင်း အကျေး အမွေးနဲ့ ပွဲကလေးတစ်ခု လုပ်ချင်တယ် ထင်တယ်၊ ငါ့ အမြွာကလေးတွေကို ခေါ်လာခဲ့မယ်လေ၊ ငါပဲ ရေခဲ မုန့်တို့ ဝစ္စကီတို့ ပြီးတော့ ကြက်ဆင်တစ်ကောင်လဲ သတ်ခဲ့မယ်၊ ဒါဟာ အကြီးအကျယ် ပျော်ရွှင်စရာ ကာလပဲ ဂျိုးဆောလ်ရေ၊ ပြီးတော့ အဲဒါကို ငါ ဘယ် မှာ ကြားမိပါလိမ့်'

ဂျိုးဆောလ်က 'အမိုက်တိုက် မရှိတော့ဘူးဆိုတော့ ဒီအမိုက်တိုက်အကြောင်း ငါပြောနိုင်ပြီ၊ သို့သော်လဲ ငါကောင်းကောင်း မမှတ်မိတော့ဘူး၊ အခု ငါ့မှာ အောင်နိုင်မှုရှိနေပြီဆိုတော့ ဒါကို ဘယ်လိုဆိုတာ ငါ မမှတ်မိဘူး' ဟု ပြောကာ ဖရင်းအက်ဒ်ဆီသို့ သွားကာ 'အခုငါ့ကိုယ်ငါလဲ မြင်ရပြီ၊ ငါ့စိတ်ဒုက္ခဝေဒနာကြီးဟာ ငါ မရောက်နိုင်ရာ ငါမဆီတွေ့နိုင်ရာ မြင်ကွင်းရဲ့ အပြင် ဘက်ကို လေပွေနဲ့အတူ ပါသွားပြီ၊ ဒီစိတ်ဝေဒနာဟာ ငါတို့ နှစ်ပေါင်းထောင်ချီပြီး ကာကွယ် စောင့်ရှောက် လာခဲ့တဲ့ တို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ငါတို့ရဲ့ မျိုးနွယ်အစဉ် အဆက်ဟာ တစ်ခါတည်းပြတ်သွားပြီး ပေါက်ဖွားမှု

မရှိတော့ဘူး၊ ငါတို့ရဲ့မျိုးဆက်ပြန့်ပွားရေးဝတ်ဆံဖိုဟာလဲ တစ်ခါတည်း ပျက်စီး ယိုယွင်း သွားတော့မယ် ဆိုတဲ့ အသိနဲ့ အသွေးထဲ အသားထဲ နှလုံးထဲမှာ ကပ်ပြီး နှိပ်စက်နေတဲ့ ဝေဒနာ’ ဟု ပြောနေသည်။

‘ဒါတွေအားလုံး ပြီးပါပြီ ဂျိုးဆောလ်ရယ်၊ မိတ်ဆွေတွေကို ဖိတ်ချင်သေးလား၊ မေဘ်ဒင်းကကော ဒါကို ဗီလောက် မြန်မြန်ဆန်ဆန် လူသိခံချင်ပါ့မလား’

သူတို့နှစ်ယောက်စလုံး မေဘ်ဒင်းအား လှမ်းကြည့်လိုက်ပြီး ဖရင်းအက်ဒ်က မေဘ်ဒင်း ကြားလောက်အောင် အသံကိုမြှင့်လိုက်ပြီး ‘မေဘ်ဒင်း….လူတွေ သိစေချင်သလား’ဟု မေးလိုက်၏။

မေဘ်ဒင်းက ပြုံးလျက် ‘အို….ကျွန်မက ဘာဖြစ်လို့ မသိစေချင်ရမှာလဲ၊ ဘာဖြစ်မှာလဲ၊ ဂျိုးဆောလ်….ရှင် ဝမ်းမသာဘူးလား’ဟု ပြော၏။

‘ဝမ်းမသာဘူးလားလို့ ကွယ်၊ ဝမ်းသာတာပေါ့၊ သို့ပေမယ့် ပြန်ပြီး သတိရနေလို့ပါ၊ ငါ့ဝေဒနာကို ပြန်ပြီး သတိရနေလို့ပါ၊ဒါက လူသေခေါင်းထဲကို နောက်ဆုံး ကြည့်ခြင်းနဲ့ ကြည့်လိုက်သလိုပေါ့၊ ရှိတော့ ရှိတယ်၊ မျက်နှာကတော့ သေပြီ၊ မေ့ပစ်လိုက်နိုင်ပြီ၊ သို့ပေမယ့် မကြည့်ဘဲနေရင် မျက်နှာက ဘယ်တော့မှ မသေဘူး၊ အတွင်းစိတ်က ဘယ်တော့မှ အပြီး နှုတ်ဆက်လိုက်လို့

မရဘူး၊ အခု ငါ ရင်ထဲမှာ နင့်နေအောင် ခံစားခဲ့ရတဲ့ စိတ်မချမ်းသာမှုကို ပြန်ကြည့်နေတာလေ၊ ထိပ်ပိုင်းက စိတ်ကတော့ မြုံတယ်ဆိုတာကို လက်မခံဘူး၊ ဒါဘယ်လို ဆိုတာ ငါမှတ်မိနေတယ်၊ ဒါကို သဘောပေါက်သွားတဲ့ ငါဟာ လုံးဝဥဿုံ ပျက်စီးသွားတယ်ဆိုတာ လက်မခံဘူး၊ဒါကို ဖျက်ဆီးဖို့ ပြောတာကိုလဲ ရယ်စရာအဖြစ်နဲ့ကို လက်မခံနိုင်ဘူး၊ ဒီ ခါးခါးသီးသီး ရယ်စရာမျိုး လက်မခံနိုင်ဘူး။

'ငါ ဝိုးတဝါးပဲ မှတ်မိတာက ယောကျ်ားနဲ့မိန်းမ 'အခု မယူကြနဲ့ဦးစို့လားကွယ်၊ တို့မှာ ကလေး တစ်ယောက်ယူဖို့ မတတ်နိုင်သေးဘူး၊ ကလေးကို ပြည့်ပြည့်ဝဝ မစောင့်ရှောက်နိုင်သေးရင် ကလေး မလိုချင်ဘူး' လို့ ပြောတာမျိုး၊ ဒါမဟုတ် 'အခု တို့ မလာကကြီးမှာ အကြီးအကျယ် ကိစ္စတွေ ရှိနေသေးတယ်၊ ကြီးကျယ်တဲ့ အလုပ်မှာ ကလေးငယ် အဟန့်အတား ဖြစ်နေမယ်၊ တို့ အချိန်က ကလေးငိုသံ ဆူညံသံနဲ့ ရှုပ်ပွနေတာတို့ ကုန်ကျစရိတ်တို့ကို မခံနိုင်လောက်အောင်ကို အဖိုးတန်လွန်းနေတယ်'လို့ ပြောကြရာမှာ တဖြည်းဖြည်းနဲ့ မသက်သာဖွယ် မုန်းတီးတဲ့စိတ်က ယောကျ်ားနဲ့မိန်းမ အကြားမှာ ကြီးထွားလာပြီး အပွင့် ပွင့်လာနိုင်တယ်'

ဖရင်းအက်ဒ်က 'ပါတီကလေးတစ်ခုပေးရင် မင့်မှာ သိပ်များ ပင်ပန်းနေမလား မော်ဒင်းရယ်၊ တို့တစ်တွေ

ရယ်မောပျော်ရွှင်ရတဲ့ ပါတီကလေး ပေးသင့်တယ်လို့မင်း မထင်ဘူးလား’ဟု မေးသည်။

မော်ဒင်းက ‘ထင်တာပေါ့၊ ကျွန်မက တကယ့်ကို ဆူဆူညံညံနဲ့ အရှုးအမူး အရမ်းပျော်ကြတဲ့ ပါတီမျိုးကို လိုချင်တာ၊ အဲဒါ ကျွန်မ လိုချင်တာပဲ ဂျိုးဆောလ်ရေ၊ အမှောင်ထဲက ထွက်ခဲ့ပါတော့ ဂျိုးဆောလ်ရယ်’ ဟု ပြောလိုက်သည်။

ဂျိုးဆောလ်က ‘ရှင်းသွားပြီ၊ ဒဏ်ရာ ပျောက်သွားပြီ၊ အနာကျက်တော့ ဘာမှ သတိမရတော့သလိုပါပဲ၊ အာရုံကြောမရှိတဲ့ အရေပြားပေါ်မှာ အမာရွတ်ကလေးလောက်ပဲ ကျန်တော့တယ်၊ မျိုးဆက်ပိုး ရှင်သန်သူများသာ မျိုးဆက်ပိုး သေခြင်းအကြောင်းကို ပြောပြနိုင်တယ်၊ မြုံသူများဟာ သူတို့ အူထဲ အူသည်းထဲမှာ အားလုံး ဖျက်ဆီးနိုင်တဲ့ လျှို့ဝှက်တဲ့ လက်နက်ကို တွေ့ထိနိုင်တယ်၊မြုံသူများသာ သူတို့ ပျက်ကွက်ခဲ့တဲ့ ကမ္ဘာ့နိယာမကြီး နှစ်ခုကို တကယ်သိနိုင်တယ်၊အဲဒီ နိယာမက ဘာလဲဆိုတော့ တစ်ခုက အသက်ရှင်နေဖို့၊ နောက်တစ်ခုက အဲဒီ အသက်ရှင်နေမှုကို ဆက်ပြီး လက်ဆင့်ကမ်းဖို့၊ မီးကို သယ်ဆောင်ပြီး နောက်တစ်ဆက်ကို ချပေးဖို့၊ သွေးဟာ စီးဆင်းနေရမယ်၊ မျိုးဆက်ဗီဇတွေဟာ ဆက်သွယ်မိဖို့ အစီအစဉ်နဲ့ ရှိရမယ်’ဟုပြောပြီး ခေတ္တရပ်နားကာ သူ၏ဦးခေါင်းကို သွက်သွက် ခါယမ်းလိုက်၏။

အိမ်ရှေ့ ဆင်ဝင်အမိုးအောက်သို့ ဗစ်တာ ရောက်လာပြီး မီးဖိုဘက်သို့ ဝင်သွားသည်။ သူသည် အလုပ်ခွင်ဝတ်စုံနှင့် လည်မင်း ကြယ်သီး တပ်မထားသော ရှပ်အင်္ကျီအပြာကို ဝတ်ဆင်ထားသည်။ သူ၏ လက်မောင်းများမှာ ညိုနေသည်၊ သူက 'ကော်ဖီတစ်ခွက် သောက်မလားလို့ ဝင်လာတာဗျာ' ဟု ဆိုလိုက်ပြီး အခန်းထဲ၌ ရှိနေသော အခြင်းအရာကို ရိပ်စားမိကာ ငြိမ်သွားသည်။

ဂျိုးဆောလ်သည် မော်ဒင်း ထံသို့ ရွှေ့သွားပြီး မော်ဒင်းအား သူ့ မျက်လုံးထဲတွင် တစ်ခါမှ မသိဖူး မမြင်ဖူးသူ လူတစ်ယောက်ပမာ ကြည့်နေလိုက်၏။ မော်ဒင်းက ဦးခေါင်းကို မော့၍ ဗစ်တာအား တစ်ခဏမျှ ဝေ့၍ ကြည့်လိုက်ပြီးမှ ဂျိုးဆောလ်နှင့် မျက်နှာချင်းဆိုင်မိရန် ပင့်၍ ကြည့်လိုက်၏။

ဂျိုးဆောလ်က 'မော်ဒင်းရေ' ဟု ၎င်း အမည်ကို ယခင်က တစ်ခါမျှ မခေါ်ဖူးသလို ညင်သာစွာ စမ်းသပ်ခေါ်ကြည့်သည်။ သူ့ မျက်လုံးထဲ၌ အံ့သြသလို ဖြစ်နေ၏။ သူသည် အချစ်အခင်ဖြင့် လှုပ်ရှားမှု အပြီးတွင် သက်ပြင်းချသလိုဖြင့် သိမ့်သိမ့်ခါအောင် သက်ပြင်းချလိုက်ပြီး 'မော်ဒင်းရေ....တို့ ကလေးရပြီ' ဟု မော်ဒင်းအား ပြောသလို မဟုတ်ဘဲ ၎င်းစကားလုံးများကို အရသာခံ၍ ပြောနေသလို ပြောလိုက်၏။

ဗစ်တာက ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီး 'ဘာ.... ဘာ....ပြောတယ်'ဟု မေးလိုက်သည်။

ဂျိုးဆောလ်က သူ့ဘက်သို့ လှည့်လိုက်ပြီး 'မင်း ကြားသလိုပေါ့၊ တို့မှာ ကလေး ရပြီ' ဟု အော်ပြော လိုက်၏၊ 'ဒီအိမ်ထဲမှာ ကလေးတစ်ယောက် ရှိနေတော့ မယ်၊ဒီမြေကြီးပေါ်မှာ ကစားမယ့် ကလေးတစ်ယောက် ရတော့မယ်၊ ကြီးထွားလာပြီး မိုးကောင်းကင်ကို အသစ် တွေ့မည့် ကလေး၊ ကြက်ကလေးတွေကို ဖယ်ပြီး ကြက် ဥတွေကို တွေ့ရှိမည့် ကလေး' ဂျိုးဆောလ်၏ ခန္ဓာကိုယ် သည် ဘယ်ညာယိမ်းလျက် ရှိ၏။ သူသည် အပျော်ကြီး ပျော်ကာ မချုပ်တီးနိုင်အောင် ခွက်ထိုးခွက်လန် ရယ် လိုက်ပြီးမှ 'မေးခွန်းကြီးတွေ မေးတာ ဖြေရတော့မယ်၊ မင်း ဒါကို နားလည်ရဲ့လား၊ တို့ လောကကြီးတစ်ခုလုံး ကို အသစ် တွေ့ကြရတော့မ . ၊ မင်း ကြားရဲ့လား၊ ဒီ မြေကြီးက သူ့အပိုင် အပင်တွေ ပေါက်လာတော့မယ်၊ သူက မွေးပြီး သူ့ကိုသိတဲ့ အပင်တွေ'ဟု ပြောသည်။

သူ၏အသံသည် ညင်သာ၍ သွားကာ လေသံသာ သာမျှဖြင့် သူ့မျက်စိဖြင့် မြင်ရသလို 'တို့သားဟာ မြေ ကြီးပေါ်မှာ ဝမ်းလျားမှောက်၊ ပါးနဲ့အပ်ပြီး သူ့ခြေ တွေနဲ့ မြေကြီးကို ယက်ကန်ပြီး သူ့နားက နားထောင် မယ်၊ မြေကြီးက သူ့ကို စကားပြောလိမ့်မယ်'ဟု ပြော လိုက်၏။

ဗစ်တာက ပြုံးလိုက်သည်။တင်းတင်းစေ့စေ့ ဖုံးကွယ်သော အပြုံး။ သူ့မျက်လုံးများသည် ဂျီးဆောလ်၏ မျက်လုံးများနှင့် ဆုံမိကြပြီးနောက် မော်ဒင်းဆီသို့ ရွေ့သွားကာ သူ၏ အပြုံးသည် ပိုမို နက်နဲသော အသွင်ကို ဆောင်သည်။ 'ချီးကျူးပါတယ် ဂျီးဆောလ်ရယ်' ဟု သူက ပြောလိုက်ပြီး 'ဒါကို ပွဲလမ်း အခမ်းအနားလုပ်ဖို့ လိုတယ်၊ ဒါပေမယ့် ခင်ဗျားက 'တို့သား' လို့ ပြောတယ်၊ ယောကျ်ားကလေး ဖြစ်လိမ့်မယ်လို့ ခင်ဗျား ဘယ်လိုသိလဲ'ဟု မေးလိုက်သည်။

ဂျီးဆောလ်က အော်၍ 'ငါဘယ်လိုလုပ် သိသလဲ ဟုတ်လား၊ ဒါဘာအရေးစိုက်ရမလဲ၊ ငါမသေဘူး၊ ငါ့မျိုးဆက်သွေးဟာ ပြတ်မသွားဘူး၊ ငါ့သွေးသား အစဉ်အဆက်ထိန်းသိမ်းထားပြီး ငါမသေဘူးဟေ့၊ယောကျ်ားကလေးလား မိန်းကလေးလား၊ နောက်ထပ် လာဦးမယ်၊ ယောကျ်ားကလေးတွေ မိန်းကလေးတွေ' ဟု ပြောကာ ဗစ်တာ၏အနီးသို့ ကပ်သွားကာ သူ့လက်သီးဖြင့် ဗစ်တာ၏ ရင်ဘတ်ကို ညင်သာစွာ ထုလိုက်သဖြင့် နောက်သို့ အနည်းငယ် ရွေ့သွားသည်။ 'တို့မှာ ကလေး တစ်ယောက် ရပြီ' ဟု ပြောပြီး 'အဲဟိုမှာ ကြီးထွားနေပြီ၊ ဒါ ငါ့ဆီက လာတယ်၊ မင်း ကြားရဲ့လား၊ ငါ့ဆီက လာတယ်၊ ပြီးတော့ ဒါဟာ ငါ့ရဲ့တစ်စိတ်တစ်ပိုင်းပဲ၊ ဒါတင် ဘယ်ကမလဲ၊ ငါဖြစ်လာတဲ့ သွေးသားအစဉ်အဆက် စီးဆင်းလာတာ၊ ငါ့ရဲ့ပုံစံ၊ ငါတို့ရဲ့ ပုံစံ၊ မယုံနိုင်လောက်

အောင် ရှည်လျားတဲ့ ကာလက ဆက်နွယ် ဆင်းသက်လာတဲ့ ပင့်ကူမြင်လို တောက်ပတဲ့ ပိုးချည်မျှင်ကလေးလိုတို့ရဲ့ မျိုးဆက်ပုံစံ'ဟု ပြောကာ အားအင်ကုန်ခန်းသွားသလို ထိုင်ချလိုက်သည်။ သို့သော် တစ်ခဏအတွင်းမှာပင် သူ့ခေါင်းကို နောက်သို့လှန်ပစ်ပြီး ရယ်ပြန်လေသည်။

ထို့နောက် ဂျီးဆောလ်သည် ထိုင်ရာမှ ထ၍ လေးလံသော မြင်းကြီးတစ်ကောင်ပမာ ခုန်ပေါက်လျက် ကျင်လည်မှု မရှိလှစွာ က လေသည်။ ရယ်လည်း ရယ်မောလိုက်၏။ သူ၏သက်များကို အဖော်နှင့် တွဲကသလို မြှောက်၍ ဆလျက် စုံတွဲကဟန် ပြုသည်။ သူ၏ ခြေလှမ်းများမှာ လေးလံ၍ ဒူးများမှာ ကွေးနေသည်။ ရေဒီယိုကလေးကလည်း သူ့အတွက် စုံတွဲကကြိုးတီးလုံး သာနေ၏။ သူ့မှာ ပျော်နေသော ကလေးများ ခုန်ပေါက်နေသလို မြူးရွှင်နေသည်။ မော်ဒင်းက သူ့အား စောင့်ကြည့်ရင်း ပြုံးနေသည်။ ဗစ်တာ၏ မျက်လုံးများကလည်း သူ့ကို လိုက်ကြည့်နေ၏။ ထို့နောက် ဗစ်တာက အမြင်ကတ်လာသလိုဖြင့် ကော်ဖီအိုးကိုဖြည့်ရန် ယူသွားလေ၏။ ဖရင်းအက်ဒ်က သူ ကလန်ကလား ခုန်ပေါက်နေသည်ကို ရယ်မော၏။

ထို့နောက် သူက 'မင်း ဒီလိုဖြစ်နေတာ တစ်ခါမှ မမြင်ဖူးဘူး ဂျီးဆောလ်ရယ်' ဟု ပြောလိုက်၏။

ဂျီးဆောလ်က 'ဒီလိုဖြစ်စရာ အကြောင်းမှ မရှိဖူးတာကွ' ဟု ဆိုကာ သူကနေသည်ကို ရပ်လိုက်၏။

'အေး....အကြောင်းရှိရှိ မရှိရှိ၊ ငါ့မှာ တောက်တို မည်ရ အလုပ်ကလေးတွေက ရှိသေးတယ်ကွာ၊ သူတို့က တော့ ကောင်း ကောင်း မ ကောင်း ကောင်း ဘာ အကြောင်းကိုမှ နားမလည်ပေဘူးကွ....'

ဂျိုးဆောလ်သည် သူ့ကိုယ်သူ မဂ်မတ်ထားကာ ဘုရင်ကြီးအသွင် ဟန်လုပ်လိုက်ပြီး 'ယနေ့ကို နေ့အား ဟူ၍ ကျွန်ုပ် ကြေညာလိုက်သည်။ ယနေ့ နေ့အား ယူကြ စေ' ဟု အမိန့်သံ အာဏာသံဖြင့် အော်ဟစ်လိုက်ပြီး 'တောက်တိုမည်ရဟူသည် မရှိစေရဟု ကျွန်ုပ် ယခုကြေ ညာလိုက်သည်။ ယင်းအလုပ်တို့ကို သင်၏ အမြွာကလေး များက လုပ်ကြစေ၊ မလုပ်လိုကလည်း နေကြစေ။ ကျွန်ုပ်ကို လာငြင်းကြပေစေ၊ ကျွန်ုပ်က ဟောသလို လက်ဖျစ်တစ်ချက် တီးလိုက်လျှင် သင်၏ လယ်ကွင်းတစ်ခု လုံး ပျောက်သွားမည်' ဟုပြောကာ သူ့ရယ်စရာကို သူ ပြန်သဘောကျ၍ ရယ်လိုက်ပြီး 'နောက်ထပ် လာငြင်းဦး မလား၊ ဟောသလို ဟောသလို လက်ဖျစ်နှစ်ချက် တီး လိုက်လျှင် အသင်ပါ ပျောက်သွားမည်' ဟုကာ တစ် ပတ် ချာခနဲ လှည့်လိုက်ပြီး 'ဟော့....ဗစ်တာ၊ ဗီရိုထဲမှာ ဝီစကီ သွားယူ၊ ဖန်ခွက်တွေလဲ ယူခဲ့၊ မင်းက ပွဲလမ်း အခမ်းအနား ပါတီလိုတယ် ပြောတယ်၊ အဲဒီပါတီ အခုစ တယ်၊ ဒီ ဧကရီ ဘုရင်မကြီးက ဟုဆိုကာ မေ၁်ဒင်း ဘက်သို့ လှည့်ကာ ဦးညွှတ်ပြီး မေ၁်ဒင်းအား ကြည့်နေ လိုက်သည်။ သူ့လည်ချောင်း ကပ်သွားပြီး ဇာတ်ဟန်

ပျောက်သွားမတတ် ဖြစ်ပြီးမှ 'ဒီဘုရင်မကြီး....ဒီမယ်တော်ကြီးက ပါတီတစ်ခု အလိုရှိတော်မူ၊ ယခု ရှေ့တော်မှောက် ပါတီ ရောက်ပါပြီ၊ မြန်မြန်လုပ် ဗစ်တာ ရေ၊ ပါတီ လူစုမကွဲခင်' ဟု ပြောလိုက်ပြီး ဂျိုးဆောလ်က အပြေးသွားကာ ဖန်ခွက်များ ယူကာ ဖန်ခွက်များထဲသို့ ခပ်များများစီ လောင်းထည့်လေ၏။

မော်ဒင်းက 'ကျွန်မဖို့ မထည့်နဲ့နော်၊ ကျွန်မ သောက်ချင်ပေမယ့် သောက်လို့ မဖြစ်ဘူး၊ ကျွန်မ ဒါတွေကို ခဏ ရှောင်နေမှ ဖြစ်မယ်' ဟု ပြောလိုက်၏။

ဂျိုးဆောလ်သည် ပျော်ရွှင်နေရာမှပင် ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားသည်။ သူသည် မော်ဒင်း ထိုင်နေရာ ခုတင်ဆီသို့ လျှောက်သွားသည်။ ထိုနောက် မော်ဒင်း၏ ရှေ့တွင် ဒူးထောက်၍ ချလိုက်ကာ သူ၏လက်များကို မော်ဒင်း၏ ဒူးများပေါ်သို့ တင်လိုက်၏၊ 'ဂရုစိုက်ကွယ့်' ဟု ဆိုလိုက်ပြီး 'လမ်းလျှောက်ရင်လဲ အသာအယာ လျှောက်နော်၊ အိုကွယ်....သိမ်သိမ်မွေ့ မွေ့ ကလေး ဂရုစိုက်ပါကွယ်၊ နားနားနေနေ နေကွယ့်၊ မင့်စိတ်ကူးတွေဟာလဲ မြင့်မားတာတွေ လှတာတွေ ဖြစ်ပါစေနော်' ဟု ပြောလိုက်ပြီး အက်ကွဲ မာကျောသော အသံဖြင့် 'မင်း လေးလံတဲ့ဝန်ကို မမ, ရဘူး၊ ပင်ပန်းတာဆို ဘာမှ မလုပ်ရဘူး၊ လေးလံတဲ့အလုပ် ခက်ခဲတဲ့ အလုပ် ကြာကြာလုပ်ရတဲ့ အလုပ် မောပန်းမည့်အလုပ် လုပ်စရာရှိရင် ငါ့

ကို....ငါ့ကို ခေါ်ရမယ်၊ မင်း ကြားရဲ့ကား၊ ဒါကို ငါ အမိန့်ပေးတယ်' ဟု ဆိုလိုက်သည်။

မော်ဒင်းက ဂျိုးဆောလ်၏ ဦးခေါင်းပေါ်သို့ ချစ်ခင်ယုယစွာ လက်တင်လိုက်ပြီး သူ၏လက်ချောင်းများကို ဆံပင်ထဲသို့ သွင်းကာ မွှေ့နေလိုက်သည်။ ထိုနောက် သူက ကျွန်မ လိုက်နာပါ့မယ်' ဟု ပြောကာ 'အင်မတန် စိတ်ချမ်းမြေ့စရာ ကောင်းပါတယ်၊ ကျွန်မ ဂရုစိုက်ပါ့မယ်၊ သို့ပေမယ့်ရှင်....ကျွန်မဟာ ရှင်ထင်သလောက် မနုပါဘူးရှင်၊ ကိုယ်ဝန်ဆောင် မိခင်တို့မှာ ထိတ်လန့်အံ့ဩဖွယ် ခံနိုင်ရည် ရှိပါတယ်၊ ကျွန်မ နာခံပါ့မယ်၊ ကဲ.... ရှင့်တို့ အရက်သောက်မှာသာ သောက်ကြပါ' ဟု ပြောပြီး သူ့လက်များကို ဂျိုးဆောလ်၏ တံတောင်ဆစ်အောက်သို့ သွင်းကာ မ၍ ထခေကာ 'သောက်ကြပါ၊ ရှင်တို့ပါတီကို စ,လိုက်ကြပါ' ဟု ဆိုလိုက်သည်။

ဂျိုးဆောလ်၏စိတ်အနေအထား ပြောင်းသွားသည်။ သူသည် စားပွဲဆီသို့ လှမ်းသွားကာ သူ၏ဖန်ခွက်ကို မြှောက်လိုက်ပြီး 'ကလေးအတွက်' ဟု အော်၍ သူ့ခွက်ကို မော့ချလိုက်သည်။ ဖရင်းအက်ဒ်နှင့် ဗစ်တာတို့က သူ့လိုလိုက်၍ သောက်လိုက်ကြ၏။

သူသည် ဖန်ခွက်များကို လျင်မြန်စွာ လိုက်ဖြည့်လိုက်၏။ ဖရင်းအက်ဒ်က သူ့ခွက်ကို မြှောက်ကာ 'မိခင်အတွက်' ဟု အော်လိုက်ပြန်သည်။

သူတို့ သောက်လိုက်ကြပြန်၏။ ဂျိုးဆောလ်က 'ဒါ ကောင်းတယ်' ဟု ပြောပြီး 'ဒါကို ငါက အလျှင် ပြော သင့်တာ၊ ဒါ ကောင်းပါတယ် ဖရင်းအက်ဒ်ရေ' ဟု ဆိုကာ လည်ချောင်း၌ နင်သလို ဖြစ်သွား၍ 'အား.... ပြင်းလိုက်တာကွာ၊ ငါ ရေနည်းနည်း လိုတယ်' ဟု ပြော ပြီး လက်ဆေးကန်မှ ရေပိုက်သို့ သွားကာ ရေသွားခပ် လာကာ ခပ်မြန်မြန် သောက်ချလိုက်ရာ သူ့ပါးစောင်မှ ရေများ ထွက်ကျလာသဖြင့် သူ၏ရှပ်အင်္ကျီ အပြာကို ရေများ စိုသွားလေ၏။

ဗစ်တာသည် ဖန်ခွက်များကို ယူပေးနေ၍ စားပွဲ အနီး၌ ကပ်နေ၏။ ဗစ်တာ၏ မျက်လုံးများသည် ဝီစကီ ၏ လျှင်မြန်သော ထိတွေ့မှုကြောင့် နီရဲ တောက်ပလာ သည်။ သူ့စိတ်တွင်လည်း ရဲရင့်လာသည်။ သူသည် ဂျိုး ဆောလ် စားပွဲသို့ ပြန်ရောက်လာသည်အထိ စောင့်နေ လိုက်ပြီး သူ၏ဖန်ခွက်ကို မြှောက်ကာ မေ်ဒင်းအား ကြည့်လိုက်၏။

ပြီးလျှင် အဖေအတွက်' ဟု ဆိုလိုက်၏။

ရုတ်တရက် ဂျိုးဆောလ်၏ မျက်လုံးများသည် စို စွတ်လာကြသည်။ သူသည် သူ၏အရက်ကို သောက် လိုက်ပြီး ဖန်ခွက်ကို ဖြည်းညင်းစွာ ပြန်ချလိုက်၏။ သူသည် ဗစ်တာထံသို့သွားကာ သူ၏လက်ဖြင့် ငယ်ရွယ် ကျယ်ပြန့်သော ပခုံးများကို ဖက်လိုက်ပြီး 'ကျေးဇူး

တင်ပါတယ်ကွာ' ဟု ဆိုကာ 'ကျေးဇူးတင်ပါတယ် ဗစ်တာရယ်' ဟု ဆိုလိုက်သည်။

ဗစ်တာသည် အောင်နိုင်သူ၏အကြည့်ဖြင့် မော်ဒင်းအား တစ်ဖန်ကြည့်လိုက်သည်။ ဤတွင် သူသည် မော်ဒင်း၏ မျက်နှာတွင် သူ တစ်ခါမျှ မတွေ့ကြုံရဖူးသော အမုန်းကို မြင်ရသည်။ အေးစက် ကြောက်မက်ဖွယ် အန္တရာယ်ပြုတတ်သော အမုန်းဖြစ်၍ သူ ရင်မဆိုင်ရဲချေ။ သူ့မျက်လုံးများသည် ဝေ့ဝိုက် ဆုတ်ဆိုင်းသွားပြီး မျက်လွှာကို ချလိုက်ရ၏။ ထိုနောက် သူ မျက်နှာလွှဲလိုက်သောအခါ ဖရင်းအက်ဒ်၏ မျက်လုံးများကို တွေ့ရပြန်သည်။ ဤတွင် သူ့အား ကရုဏာရိပ်မထင်သော အာဏာပါးကွက်သား၏ တင်းမာသော သူသတ်မျက်လုံးများဖြင့် ကြိုးကွင်းကို မည်သည့်နေရာ စွပ်ရမည်ကို ကြည့်သလို ကြည့်နေသည်ကိုသာ တွေ့ရလေ၏။ သူသည် ကုယ်လောင်စွာ ချောင်းဆိုးလိုက်ပြီး 'ဒီလို ဂုဏ်ပြုသောက်တာမျိုး နောက်ထပ် နှစ်ခွက် သုံးခွက်ဆိုရင် ကျုပ်ဒဘော့ မူးတော့မှာပဲ၊ အလုပ်ပြန်လုပ်မှ ထင်တယ်' ဟု ပြောကာ မီးဖိုတဲမှ ထွက်သွားလေရာ သူ၏ခြေလှမ်းများ ဆင်ဝင်အမိုးအောက် အခင်းကြမ်းပြင်များပေါ်တွင် ဆောင့်နင်းသွားလေသည်။

ဂျိုးဆောလ်သည် ဖန်ခွက်များထဲသို့ လေးကန်စွာ ဝီစကီ လောင်းထည့်နေလေ၏။ 'ငါလဲ မြင်းလိုမူးကြ

နေတာပဲ’ ဟု ပြောကာ ခပ်တိုးတိုး ရယ်လိုက်သည်၊ ‘ဆန်းတော့ဆန်းတယ်၊ အခုပဲ ငါ အော်ဟာစ်ချင်နေတယ်၊ တကယ်ဖြစ်တာက ငါငိုနေတယ်၊ ကွင်းထဲက မြင်းလို ပျော်ပွဲစားကွင်းက စက္ကူတွေ လွင့်လာတာကို လန့်သလို လန့်နေတယ်’ ဟု ပြောသည်။

မေဘ်ဒင်းက သတိနှင့် ထလိုက်ပြီး ‘ပါတီလုပ်မယ်ဆိုရင် ကျွန်မ နားမှုထင်တယ်’’ ဟု ပြောကာ ‘စိတ်လှုပ်ရှားမှုကြောင့် ကျွန်မ ပင်ပန်းသွားတယ်ရှင့်၊အတော့်ကို ပင်ပန်းသွားတယ်’ ဟု ပြောလိုက်၏။

ဂျိုးဆောလ်က ‘မင်း စားတော့ စားသင့်တာပဲ’ဟု ဆိုသည်။

‘အခုတော့ မစားသေးဘူးရှင့်၊ နောက်မှ ကျွန်မ နွားနို့နည်းနည်း သောက်ပြီး ပေါင်မုန့်ကင်ကလေး ဘာလေး စားပါမယ်’

‘ဒါဖြင့်လဲ အိပ်နေလေ၊ ပါတီပေးတာ မင်း ပင်ပန်းတယ်ဆိုလဲ ပါတီမလုပ်တော့ဘူး’

‘အို....ကျွန်မက ပါတီ လုပ်ချင်တာ၊ မိတ်ဆွေတွေ အားလုံး၊ အမြွာကလေးတွေ၊ အိမ်နီးချင်းတွေရောပေါ့၊ ဒါပေမယ့် စားစရာ သောက်စရာတွေကို ဘယ်သူ ချက်ပြုတ် လုပ်ကိုင်ပေးမလဲရှင့်’

‘မင်း သွားအိပ်မှာသာ အိပ်၊ ငါ အားလုံး မြို့ထဲက ဝယ်ခဲ့မယ်၊ အားလုံး လုပ်ပြီး ကိုင်ပြီး အဆင်သင့် မှာ

လိုက်မယ်၊ တို့ ကလေး အတွက်ပဲ၊ ဒါကလေးလောက်မှ ငါ မလုပ်နိုင်ရင် ဘယ် စိတ်ကောင်းနိုင်မလဲ’ ဟု ဂျိုးဆောလ်က ပြောသည်။

မော်ဒင်းသည် ဂျိုးဆောလ် အနီးမှ ဖြတ်လျှောက်သွားရင်း ဂျိုးဆောလ်၏ ကျောကို လက်တစ်ဖက်ဖြင့် ချစ်ခင်ယုယစွာ ပွတ်သွားသည်။

မော်ဒင်း ထွက်သွားရာသို့ ကြည့်နေလိုက်ပြီးနောက် ဂျိုးဆောလ် ထိုင်ချလိုက်ကာ သူ့ဖန်ခွက်ထဲ၌ ငှဲ့ထည့်ထားသော အရက်ကို ကြည့်နေလိုက်ပြီးနောက် ‘ငါလဲ ပင်ပန်းပြီကွာ၊ ငါလဲ အခု ရှုတ်တရက်ပဲ အတော် ပင်ပန်းသွားတယ်။ ငါ့ ကိုယ်ထဲက သွေးတွေ သွန်ကျသွားသလိုပဲ မောတယ်’ ဟု ဆိုလိုက်သည်။

ဖရင်းအက်ဒ်က ‘သွေးလေချောက်ချားသွားတာမျိုး ပေါ့’ ဟု ပြောလိုက်ပြီး ‘ချောက်ချားသွားတာမျိုးလို့ ငါထင်ပါတယ်၊မင်းမှာ ခါတိုင်းဆိုရင် မနက် အော်ဂလီဆန်တဲ့ အခါကျတော့ မင်းက မော်ဒင်းထက် ပိုခံရမယ်၊သူ့မှာ နည်းနည်းနာလာပြီဆိုရင် မင်းမှာ အကြောတွေ တွန့်လိမ်နေပြီး မခံသာအောင် နာလိမ့်မယ်၊ ပြီးတော့ မော်ဒင်းမွေးဖို့ ဗိုက်နာပြီဆိုရင် မင်းတော့ ဘုရားသာ တ,ပေတော့ ဂျိုးဆောလ်ရယ်၊ မင်း မိန်းမ မွေးဖို့ ဗိုက်နာနေပြီ ဆိုရင်တော့....’ ဟု ပြောသည်။

ဂျိုးဆောလ်က 'သူ့အတွက် လက်ဆောင် ယူခဲ့ချင်တယ်၊ တစ်ခုခု အလွန်တန်ဖိုးကြီးတာမျိုး သူ့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားစေမည့် လှလှပပဟာ တစ်ခု၊ မြင်လိုက်ရရင် ဝမ်းသာပြီး သူ့မျက်လုံးတွေ မြူးခုန်သွားမည့် ဟာမျိုး၊'ဒီလို လှတာမျိုး ကျွန်မ ရလိမ့်မယ်လို့ ဘယ်သူ ထင်မိပါ့မလဲ'လို့ ပြောရမည့်ဟာမျိုးဟု ပြောသည်။

'သူ့မှာ အဲဒါရှိတယ် ထင်ပါတယ်'

ဂျိုးဆောလ် လှုပ်ရှားလိုက်၏။ "အေးပါ၊ ဒါကို ငါသိပါတယ်၊ ဒါပေမယ့် အခမ်းအနား တစ်ခုခု၊သစ္စာအမှတ်အသား ရွှေနဲ့လုပ်တဲ့ မင်္ဂလာရှိတာ တစ်ခုခု၊ ဆုတောင်းပတ္တနာပြုသလို ပုလဲမျိုး၊ ကျေးဇူးစကားဆိုသလို နီနီရဲရဲတောက်တောက် ပတ္တမြားမျိုး သူ့လက်ဝါးပေါ်မှာ တင်ထားနိုင်ပြီး ဆုပ်လို့ကိုင်လို့ရတဲ့ သို့မဟုတ် လည်မှာ ဖဲကြိုးနဲ့ဆွဲပြီး ဆင်လို့ရတဲ့ ငါ့ဆီက အမြတ်တနိုးပေးတဲ့ အမာခံပစ္စည်းမျိုး၊ ငါ အဲဒါ ငါ့ကို ဖိစီးနေတဲ့ ဆန္ဒပဲ ဖရင်းအက်ဒ်ရယ်၊ ငါနဲ့ လိုက်ခဲ့ပါ" ဟု ပြောရင်း သူ့မှာ စိတ်လှုပ်ရှားလာပြန်သည်။ 'ဒါကို ငါရမှဖြစ်မယ်။ ငါ့ပျော်ရွှင်မှုဟာ သင်္ကေတ တစ်ခုခုလိုတယ်၊ ငါနဲ့ မြို့ထဲကိုလိုက်ခဲ့ပါ၊ ပါတီအတွက်ဟာတွေကို့တော့ ချက်ပြီးပြုတ်ပြီး ခုတ်ပြီးလှီးပြီး အဆင်သင့်လုပ်ပြီးတာတွေ ဝယ်လာခဲ့မယ်၊ ပါတီတစ်ခု လုပ်ရင် မော်ဒင်းက သိပ် ပင်ပင်ပန်းပန်း လုပ်ရရှာတာ၊သူ့မှာ

ပါတီမှာ ပျော်ဖို့တောင် အင်အားက နည်းနည်းပဲကျန်တော့တာ၊ ဒီညတော့ ငါက သူ့အလုပ်လုပ်ပေးမယ်၊ ပြီးတော့ တို့ ကြည့်ကြတာပေါ့၊ လှတာ ဘာရှိမလဲ ငါ မသိဘူး၊ ဒါပေမယ့် မြင်တော့ သိမှာပေါ့" ဟု ပြောလိုက်သည်။

သူ့စိတ်ကို ဆုံးဖြတ်လိုက်ပြီး နောက်တစ်ခါ စိတ်လှုပ်ရှားလာပြန်သည်။ "ဖရင်းအက်ဒ်၊ မြန်မြန်လုပ်ကွာ မင်း ဝီစကီသောက်ပြီး ငါနဲ့လိုက်ခဲ့ပါ၊ ငါတစ်ယောက်တည်း နေရမှာ ငါ့ကိုယ်ငါ စိတ်မချဘူး" ဟု ဆိုကာ တံခါးဆီသို့ သွားပြီး ပြန်လျှောက်လာသည်။ နောက်တစ်ခါ သွားပြန်ပြီး ပြန်လာသည်။ အပြင်ထွက်ချင်၍ သခင်အား တောင်းပန်နေသော ယုန်လိုက်ခွေးကဲ့သို့ ဂနာမငြိမ် ဖြစ်နေ၏။

ဖရင်းအက်ဒ်က ဖြည်းညင်းစွာ ထသည်။ သူသည် သရော်သလို လေသံဖြင့် 'သတိထား ဂျိုးဆောလ်ရယ်၊ ကလေးကိုလဲ သတိရဦးမှပေါ့၊ မင်းက ဘာဖြစ်ဖြစ် အလွန် အဖြစ်သည်းတာ၊ အားမွေးထားရမယ်ကွ' ဟု ပြောကာ ခပ်တည်တည်ပင် 'မင်းကတော့ တစ်ယောက်တည်း ထားခဲ့မလား' ဟု မေးလိုက်သည်။

ဂျိုးဆောလ်က 'အား....ဟုတ်သားပဲ၊ သတိရခဲ့သားပဲကွာ၊ မော်ဒင့်ဟာ တကယ် လိမ္မာရေးခြားရှိပြီး

တကယ်လဲ နိုင်နင်း တတ်ကျွမ်းတဲ့ မိန်းမကွာ၊ မင်း.... သတိရတာ ကျေးဇူးတင်တယ်၊ ငါ ဗစ်တာကို ခေါ်ထားမယ်၊ သူ့ကို အနီးအနားမှာနေခိုင်းမယ်၊ ဒီအထဲက ညနေစာ စားဖို့ခေါ်တဲ့ ခေါင်းလောင်းကို သူ့သိ ယူထားပေးမယ်၊ သူ တစ်ခုခုလိုလို့ရှိရင် ခေါင်းလောင်း ဘီးလိုက်၊ သူလာလိမ့်မယ်' ဟု ပြောသည်။

ဖရင်းအက်ဒ်က ငြိမ်သက်စွာပင် 'ငါတော့ ဗစ်တာနဲ့' ဟု ဆိုလိုက်ပြီး သူပြောရန် စိတ်ကူးသည့်စကား ပြောလို့မရတော့ကြောင်း သိလိုက်ရ၏။

'ဗစ်တာ ကောင်းပါတယ်၊ မင်း မကြားလိုက်ဘူးလား၊ငါ သူ့ပါးကို ရိုက်လိုက်တာကို မေ့သွားပါပြီ၊ဗစ်တာက လူကောင်းကလေးပါ'ဟုပြောကာ ဂျိုးဆောလ် တံခါးကို ဖွင့်လိုက်ပြီး 'ဗစ်တာရေ'ဟု အော်ခေါ်လိုက်၏။ အဝေးက ပြန်ထူးသံ ပြန်လာသည်။ ဂျိုးဆောလ်က သူ့ပါးစပ်ကို လက်ဖြင့် အုပ်ကာလျက် 'ဗစ်တာရေ၊ ဒီကို လာဦးဟေ့၊ မင့်ကို ငါ ပြောစရာရှိတယ်၊ လာဟေ့ ဖရင်းအက်ဒ်ရေ'ဟုဆိုကာ သူတို့နှစ်ယောက် ထွက်သွားကြကာ တံခါးကို ပိတ်ထားခဲ့ကြ၏။ ခင်ပေါ်က ရေဒီယိုကလေးက အသံ ဆက်လာနေသည်၊ ရေနွေးကရားက ရေနွေးဆူသဖြင့်မြည်နေသည်။နာရီ၏ တချောက်ချောက် မြည်သံသည် အလွန် ကျယ်လောင်လျက် ရှိ၏။

အိမ်ရှေ့ဆင်ဝင် အမိုးအောက်က ခြေသံ ကြားရ၏။

ဗစ်တာသည် တံခါးကို ညင်သာစွာ ဖွင့်၍ တံခါးဝတွင် ရပ်ကာ မော်တော်ကား စက်သံ၊ ဂီယာ အဆင့်ဆင့် ပြောင်းသံနှင့် တဖြည်းဖြည်း အဝေးသို့ ရောက်ပြီး ပျောက်ကွယ်သွားသည်အထိ စောင့်မျှော်ကြည့်နေလိုက် သည်။ ထို့နောက် ဗင်တာသည် တံခါးကို ညင်သာစွာ ပြန်ပိတ်ပြီး စားပွဲဆီသို့ ပေါ့ပါးစွာ လျှောက်သွားလေ၏။ သူသည် အရက် တစ်ခွက်ကို ငှဲ့ထည့်ကာ မော့ချလိုက်ပြီး နောက်တစ်ခွက် လျင်မြန်စွာ ထပ်ငှဲ့ထည့်ပြန်လေသည်။ အရက်ပုလင်း၏ လည်ပင်းနှင့် ဖန်ခွက် နှုတ်ခမ်းနှင့်ထိကာ အသံမြည်သွားသည်၊ ပွင့်နေသော အိပ်ခန်းတံခါးဆီမှ မော်ဒင်း၏ အသံဖြင့် 'ဂျိုးဆောလ်ရေ၊ ဒါ ရှင်လား' လှမ်းမေးသံ ကြားရ၏။

ဗစ်တာသည် ငြိမ်သက်စွာပင် သူ့အရက်ကို စုပ်၍ သောက်နေ၏။ သူ့မျက်လုံးများက တံခါးဆီသို့ လှမ်းကြည့်နေကြ၏။ သူသည် နောက်မှီအဖြောင့်နှင့် ကုလားထိုင်များမှ တစ်လုံးပေါ်တွင် ထိုင်ချလိုက်ကာ နောက်သို့ လှန်၍ မှီလိုက်ရာ ကုလားထိုင်အိုကအသံမြည်သွားသည်။ မော်ဒင်းက စိုးရိမ်မကင်းသည့်အသံဖြင့် 'ဘယ်သူလဲ' ဟု မေးကာ တစ်ခဏနေသော် သူ တံခါးဝသို့ ရောက်လာကာ ဗစ်တာအား မြင်ပြီး ရပ်သွားသည်။ သူ့လက်များက တံခါးပေါင်ကို လှမ်းကိုင် အားပြုလိုက်၏။ 'ဩော်.... နင်ကိုး၊ ငါမေးနေတာ ဘာဖြစ်လို့ မဖြေတာလဲ' ဟု မေးလိုက်၏။

ဇစ်တာသည် နောက်သို့မှီထား၍ နောက်ခြေ နှစ်ချောင်းသာ ထောက်ထားသည့် ကုလားထိုင် ရှေ့နောက်လှုပ်၍ ထိုင်ရင်း သူ့ဖန်ခွက်ထဲက ရေမရေသော ဝစ္စကီကို စုပ်နေပြီး "ဂျူးဆောလ်က သူ မြို့ထဲသွားနေတုန်း နင့်ကို စောင့်ရှောက်ဖို့ ငါ့ကို မှာခဲ့လို့၊ သူက ငါ့ကိုပြောခဲ့တာ၊ အမိန့်ပေးခဲ့တာ' ဟု ပြောလိုက်၏။

မော်ဒင်းက အထိတ်တလန့်ပင် "နင် ဘာလိုချင်သလဲ ဇစ်တာ" ဟုဆိုကာ "နင်အခု သောက်မနေသင့်ဘူး" ဟု ပြောသည်။

ဇစ်တာသည် သူ့အရက်ကို ကုန်အောင် သောက်လိုက်ပြီး ပျင်းမှုပျင်းရာဖြင့် နောက်တစ်ခွက် ထပ်ထည့်နေပြန်သည်။ သူ့မျက်လုံးများကို မော်ဒင်း၏ ကိုယ်ပေါ်၌ သံးသပ်လျက် ရှိသည်။ သူက "လာပါကွယ့်" ဟု ဆိုလိုက်ပြီး "လာထိုင်ပြီးတော့ ငါ့ကိုစကားပြောပါဦး" ဟု ဆိုလိုက်၏။

တစ်ခဏသော် မော်ဒင်းသည် ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားပြီး သူ့မျက်နှာမှာ မျက်နှာဖုံးပမာ ဖြစ်သွားပြီး ဘာ အမူအရာမှ မပြ၊ သတိကြီးစွာထားလျက် စောင့်ဆိုင်းနေသကဲ့သို့ ရှိ၏။ ထိုနောက် သူသည် စားပွဲ၏ နောက်သို့ ဖြတ်သွားကာ ပြတင်းပေါက်၏ အောက်မှ ခုံရှည်ပေါ်တွင် သွားထိုင်လိုက်သည်။ အပြင်ဘက်တွင်

နွားမတစ်ကောင်သည် သူ၏သားငယ်ကို ကြေကွဲဖွယ်ရာ အော်လျက် ခေါ်နေသည်။

မော်ဒင်းက စိတ်လှုပ်ရှားမှုမပါဘဲ ညင်သာစွာပင် "ဗစ်တာ၊ နင် ဘာလိုချင်သလဲ" ဟု မေးလိုက်၏။

ဗစ်တာက ကုလားထိုင်ကို လှည့်လိုက်ပြီး မော်ဒင်းနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူ၏ တံတောင်ဆစ်ကို စားပွဲပေါ်တွင် ထောက်ထားပြီး ဒူးထပ်၍ထိုင်လိုက်ပြီးလျှင် 'နင်နဲ့အတူ လာပြီး အချိန်ကုန်ချင်တာပါပဲ' ဟု ဆိုကာ 'နင့်ကို စကားပြောခွင့် မရသလိုပဲ၊ ဒါဟာ ရယ်စရာ မကောင်းဘူးလား၊ ငါကတော့ နင် ငါ့ကိုစကားပြောချင်လိမ့်မယ်လို့ ထင်တာ' ဟု ဆိုလိုက်သည်။

မော်ဒင်းက ဗစ်တာအား စိုက်ကြည့်နေလိုက်သည်။ မော်ဒင်း၏ မျက်လုံးများမှာ ဘာအမူအရာမျှ မပြကြ။

ဗစ်တာသည် သူ၏အရက်ကို အရသာခံ၍ သောက်ကာ သူ့ကိုယ်သူ ပိုမို သက်သောင့်သက်သာဖြစ်အောင် နေရာပြင်လိုက်၏။ သူ၏ခန္ဓာကိုယ်သည် ကုလားထိုင်တွင် ခါးခေါက်ကွေး ကျနေသည်။ ရွှေဆွဲပြားကလေးသည် သူ၏လည်ပင်း၌ တောက်ပနေ၏။ 'ပြီးတော့ ဒီစိတ်ဝင်စားစရာ သတင်းကို ကြားပါတယ်၊ ဒါပေမယ့် နင့်ဆီကတော့ မဟုတ်ဘူး၊ ဒါကို ငါ ဂျိုးဆောလ်ကြီးဆီက ကြားတာ၊ ငါထင်တာကတော့ ဒီဟာ အားလုံး ကို နင်ကိုယ်တိုင်က ငါ့ကို ပြောချင်လိမ့်မယ်လို့ ထင်တာ' ဟု ပြောလိုက်သည်။

မောင်ဒင်းက နောက်ဆုံး အသံတစ်မျိုးတည်းဖြင့် 'နင် လုပ်ဖို့ကိစ္စ ပြီးတဲ့အခါ နင်ဘာလိုချင်သလဲဆိုတာ ပြောရုံပေါ့' ဟု ဆိုလိုက်၏။

ဗစ်တာက ပြုံးလိုက်ပြီး 'ငါဘာပြောနေတာလဲ ဆို တာကို နင်က မသိဘူးလို့ ဟန်ဆောင်မနေချင်ဘူး မဟုတ်လား' ဟု မေးလိုက်သည်။

မောင်ဒင်းက 'နင် ဘာပြောနေတယ်ဆိုတာကို ငါ သိပါတယ်၊ ဒါပေမယ့် နင်ဘာကိုပြောဖို့ ကြိုးစားနေ တယ် ဆိုတာကို ငါမသိဘူး' ဟုဆိုသည်။

ဗစ်တာက ဒူးထပ်ထားသည်ကို ဖြေလိုက်ပြီး မောင် ဒင်းထံသို့ ကုန်းလိုက်ကာ 'ငါ့ကလေးကို ငါက စိတ် မဝင်စားဘူးလို့ နင်ထင်သလား' ဟု မေးလိုက်၏။

မောင်ဒင်းက ရေးကြီးခွင်ကျယ် မရှိသည့် လေသံဖြင့် 'ဒါ နင့်ကလေးမဟုတ်ဘူး ဗစ်တာ၊ဒါဟာ ဂျိုးဆောလ် ရဲ့ ကလေး' ဟု ဆိုသည်။

ဗစ်တာက ကျယ်လောင်စွာ ရယ်လိုက်ပြီး 'မောင်ဒင်း ရယ်....ဒါကို အထပ်ထပ် ခဏခဏ ပြောနေရုံနဲ့ ဒါဟာ အမှန်ဖြစ်လာမယ်လို့ နင်ထင်နေသလား' ဟု မေးလိုက် သည်။

'ဒါ အမှန်ပဲဟဲ့' ဟု မောင်ဒင်းက ဆိုသည်။

ဗစ်တာသည် ဒေါသဖြင့် ခုန်၍ ထလိုက်သည်။ သူက 'ဒါ လိမ်တာ' ဟု ပြောကာ 'နင်လဲ သိတယ်၊ ငါလဲ သိတယ်၊ ဂျီးဆောလ် ကလေးမရနိုင်ဘူးဆိုတာ နင်သိတယ်၊ ဒါကို နင်သိပါတယ်၊ ငါ့ကို အသုံးချသွားတာတော့ ငါမကြိုက်ဘူး၊ ငါ့ဥစ္စာကို ငါ့ဆီက ကွယ်ဝှက်ထားတာ ငါမကြိုက်ဘူး၊ ငါ့ကို တစ်ပတ်ရိုက်ဖို့ မကြံစည်နဲ့၊ ငါမကြိုက်ဘူး၊ ဒါဟာ ငါ့ကလေး၊ ကောင်မလေးများစွာ ငါနဲ့ပတ်သက်ပြီး ဒုက္ခရောက်ဖူးတာ၊ ဒါကြောင့်ငါ့မှာဘာမှမချွတ်ယွင်းဘူးဆိုတာငါသိတာပေါ့၊ ဒါပေမယ့် ဒါကတော့ ပထမဆုံး မွေးဖွားလာမည့်ဟာ၊ ငါ့မှာ ငါ့သွေးသားအတွက် ဘယ်လိုမှ မနေဘူးလို့ နင်ထင်သလား၊ ငါ့ကို ဂျီးဆောလ် စိတ်ချမ်းသာမှုအတွက် သားစပ်ကဲ့ တိရစ္ဆာန်လို အသုံးချတာကို ငါက အလိုရှိလိမ့်မယ်လို့ နင်ထင်သလား၊ ဒါ တရားသလား၊ သူကတော့ အားလုံးရပြီး ငါကတော့ ခြံထဲမှာ ကျွဲနွားလှောင်သလို လှောင်ပိတ်ထားတယ်' ဟု ပြောလိုက်သည်။

မော်ဒင်းက အေးစက်စက်ပင် 'နင်လိုချင်တယ် ဆိုတာကို နင် ရခဲ့သားပဲ၊ နင် နားလည်နိုင်တာ နင် ရခဲ့သားပဲ' ဟု ဆို၏။

ဗစ်တာက ဒေါသဖြင့် 'ဒါ ထပ်မပြောနဲ့၊ ငါ နားလည်နိုင်တာတွေ၊ ငါနားမလည်နိုင်တာတွေ၊ နင် နားလည်နိုင်တာအားလုံး ငါနားလည်နိုင်တယ်ဆိုတာ ငါနင့်ကို

သက်သေပြပြီးမှ ထင်တယ်၊ ဒီနောက်မှာ နှင် ငါ့အနား ကို မလာဘူး ဆိုဦးတော့....' ဟု ပြောသည်။

မော်ဒင်းက 'ဗစ်တာရယ်၊ ငါ့ကို မနှောင့်ယှက်ပါနဲ့' ဟု ပြောသည်။

'နှင့်ကို မနှောင့်ယှက်နဲ့တဲ့၊ ပထမ ငါနားမလည်ဘူး တဲ့၊ အခု နှင့်ကို မနှောင့်ယှက်နဲ့တဲ့၊ ဒါဟာ ငါ့ကလေး ဆိုတာ သေချာလောက်အောင်တော့ ငါနားလည်တယ်၊ အေး....နှင့်ဆီမှာ ငါ့ကလေး ရှိနေရင်တော့ ငါနှင့်ကို နှောင့်ယှက်နေမယ်၊ ဒါ နှင် နားလည်ထား' သူသည် မော်ဒင်းဘက်သို့ ဒေါသဖြင့် ကုန်းလိုက်ကာ သူ့စိတ်ထဲ၌ ရှိသည်တို့ကို လက်သီးဆုပ်ဖြင့် စားပွဲကို ထု၍ ထုတ် ဖော်သည်။

သူ၏ ဒေါသသည် မော်ဒင်း၏ ဒေါသကို နှိုးဆွပေး လိုက်သလို ဖြစ်၏။ မော်ဒင်းသည် ထိုင်ရာမှ ထကာ သူ ၏ အသံသည် ထိန်းချုပ်ထားခြင်းကို ဖောက်ဖျက်၍ ထွက်လာသည်။ 'ဗစ်တာ၊ ငါဟာ တစ်လောကလုံးမှာ ဂျိုးဆောလ် စိတ်ကျေနပ်မှုရအောင်ဆိုရင် ငါသူ့ကို ချစ် တဲ့အတွက် ဘာမဆို လုပ်မယ်ဆိုတာကို ယုံကြည်ဖို့ ငါ နှင့်ကို ပြောခဲ့တယ်၊ တောင်းပန်ခဲ့တယ်၊ ခယဝတ်တွား ပြောခဲ့တယ်....' ဟု ပြောလိုက်သည်။

ဗစ်တာက ခါးခါးသီးသီး မာန်ဖီသည့် အသံဖြင့် 'ဟုတ်လိုက်လေကွယ်' ဟု ဆိုလိုက်သည်။

'ငါ ထပ်ပြောလိုက်မယ်၊ ဒါကိုယုံဖို့ နှင့်ကို သတိပေးလိုက်မယ်' ဟု မော်ဒင်းက ဆိုလိုက်သည်။

'ဒါဟာ ငါ့ကလေးဆိုတာကို သိရင် သူ ဘာပြောမလဲ၊ သူ မူးနေတုန်းက နှင်ဟာ ငါနဲ့အတူ ကျီကဲမှာ ရှိနေတယ်ဆိုတာ သူ သိရင် ဘာပြောမလဲ'

မော်ဒင်းက ခက်ထန် ကြမ်းကြုတ်စွာ 'ဒါဟာ ဂျိုးဆောလ်ရဲ့ ကလေး၊သူ့ ကိုချစ်ကဲ့အဘွက် ငါဆောင်ခဲ့တဲ့ ကိုယ်ဝန်၊ ငါ့အပေါ်က ဝဲခနေတာ သူ့ မျက်နှာ၊ ငါ ထိတွေ့ခနေရဘာ သူ့ လက်မောင်းတွေ၊ နှင့်လက်မောင်းတွေ မဟုတ်ဘူး၊ဒီအထဲမှာ နှင်မပါဘူး ဗစ်တာ၊မျိုးစေ့ကလေးဟာ နှင့်ဟာ ဖြစ်ကောင်း ဖြစ်မယ်၊ ငါမေ့သွားပြီ၊ ဒါပေမယ့် အချစ်မေတ္တာ ဆိုတာကိုတော့ ပေးလဲမပေးဘူး၊ ပေးမယ်လို့လဲ မပြောဘူး၊ ယူလဲ မယူဘူး၊ မရဘူး၊ ဒါဟာ ဂျိုးဆောလ်ရဲ့ ကလေး၊ ဂျိုးဆောလ်နဲ့ ငါနဲ့ ရတဲ့ ကလေး'ဟု အော်ပြောသည်။

မော်ဒင်းသည် ဗစ်ဘာအား ကြောင်သား အုပ်မသဖွယ် လက်သည်းများကိုထုတ်လျက် စူးစိုက်ကြည့်သည်။ ထိုနောက် မော်ဒင်းသည် သူထိုင်သည့် ခုံရှည်ပေါ်သို့ ပြန်ဆုတ်သွားသည်။ သူ၏ သွားများ ပေါ်အောင် အံကြိတ်လျက် သူ၏ နှာဝမှ မီးထွက်မတတ် ရှူးရှူးရှားရှား ဖြစ်ကာ အသက်ကို ဆောင့်၍ ဆောင့်၍ ရှူပြီး....

'ပြီးတော့ ဒါကို ဘယ်သူမှ ဘာမှ ဖယ်ပစ်ချင်လို့ မရ

ဘူး၊ ငါဟာ ငါလုပ်နေကျ မဟုတ်တဲ့ အလုပ်ကို လုပ်ခဲ့ရတယ်၊ ငါခံစားခဲ့ရသမျှ ငါ့ ဝေဒနာကို အချစ် ဆိုတဲ့ ဂူထဲမှာ ဝှက်ထားပြီး လုပ်ခဲ့ရတယ်၊ ဒီကလေးကို ဂျိုးဆောလ်ဆီက နင်လဲ ယူလို့မရဘူး၊ ဘယ်လိုအကြောင်းအထောက်အထားနဲ့မှ ယူလို့မရဘူး၊ ငါ့ပြောတာကို ယုံပါ ဗစ်တာ၊ငါဟာ အဲဒါကို အလျင်ကလုပ်နိုင်တယ်လို့ဆိုရင် အခု ဘာလုပ်နိုင်မယ်ဆိုတာ စဉ်းစားပါ’ဟု ပြောလိုက်သည်။

ဗစ်တာ၏ ကိုယ်ရောမျက်နှာပါ မော်ဒင်း၏ ဒေါသအရှိန်ဖြင့် ရိုက်ခတ်ခြင်း ခံလိုက်ရသည်။ ဗစ်တာသည် ထိုင်ရာမှထ၍ တံခါးဆီသို့ လျှောက်သွားသည်။ထို့နောက် ရုတ်တရက်ပင် သူသည် မော်ဒင်း၏ ရှေ့မှောက်၌ သူ့ကိုယ်သူ ပစ်လှဲလိုက်ကာ မော်ဒင်း၏ ခြေမျက်စိတို့ကို ဖက်ကာ သူ့မျက်နှာကို မော်ဒင်း၏ ခြေဖမိုးပေါ်သို့ မှောက်ချလိုက်၏။

‘အမယ်လေး....ဘုရား၊ ငါဟာ အထီးကျန် ဖြစ်ပါပေါ့လား’ဟု ဆိုလိုက်၏။ သူ၏ မျှော်လင့်ချက် ကင်းမဲ့သော အဖြစ်သည် ကျောက်တုံးကဲ့သို့ လေးလံလျက်ရှိသည်။ ‘ငါ ဘာလုပ်ခဲ့လို့လဲ မော်ဒင်းရယ်၊ ငါ ဘာပြစ်မှုများ ကျူးလွန်ခဲ့လို့လဲ၊ ငါ နင်ပြောခဲ့တာကို ညကျမှ ပြန်စဉ်းစားတယ်၊ နင်ပြောတာတွေကို ငါ ဟားတိုက် ရယ်ခဲ့တယ်၊ ပြီးတော့ နင်ပြောတာတွေ မမှန်ဘူး

ဆိုတာ သက်သေပြရအောင် ငါ မိန်းမတွေဆီကို သွားခဲ့တယ်၊ နင်ပြောတာတွေ မှန်တယ်' ဗစ်တာသည် သူ၏ မျက်နှာကို မော့၍ မော်ဒင်းအား ကြည့်လိုက်၏။ 'ငါ ဂျိုးဆောလ်ကို မတွေ့ဖူးရင် ကောင်းမယ်၊ နင့် မျက်လုံးတွေက ဂျိုးဆောလ်ကို ကြည့်နေရင် ပူနွေးပြီး ကြည်နူးချမ်းမြေ့နေတာနဲ့ တောက်ပကြည်လင်နေတာကို ငါ မမြင်ဖူးရင် ကောင်းမယ်လို့ အောက်မေ့တယ်၊ သူတို့ အဝတ်တွေကို စမ်းသပ် ကိုင်တွယ်ပြီး သူတို့ တခစ်ခစ် ရယ်သံကလေးတွေကို တိတ်စေပြီး သူတို့နှင့် ပျော်ပါးနိုင်ပါတယ်၊ သို့ပေမယ့် အခု သူတို့ရဲ့ စူးရှတဲ့ အော်သံကလေးတို့ သဘော ကျလျက်က ငြင်းဆန်တဲ့ အသံကလေးတို့ကို လွှမ်းမိုးပြီး နင့်အသံကိုပဲ ကြားနေတယ်၊ သူတို့ရဲ့ ဝက်ခြံဖုတွေ ဖုံးလွှမ်းပြီး အေးစက်တဲ့ ရင်သားတွေရဲ့ နောက်မှာ အင်အားကြီးတဲ့ နင့်ရဲ့ မချွတ်မလွဲ နွေးထွေးတဲ့ သတ္တိကို ငါ တွေ့ရပါပြီ'ဟု ဗစ်တာက စိတ်ဆင်းရဲစွာဖြင့် 'ငါ နင့်ကို ချစ်တယ်၊ ငါ အလျင်က တွေ့ဖူးတာတွေနဲ့ မတူဘူး၊ ထူးခြားပါတယ်၊ နင် တစ်ခါက ပြောသလို နို့ရည်လိုပေါ့' ဟု ပြောလိုက်သည်။

မော်ဒင်းသည်ဗစ်တာအား ငုံ့ကြည့်လိုက်သောအခါတွင် သူ့ မျက်နှာ ပေါ်တွင် ကရုဏာသက်မှု အရိပ်အယောင်များ ပေါ်လာ၏။ 'ဗစ်တာရယ်၊ နင် တွေ့ရမှာပါ၊ နင် ဒါကို တွေ့ရအောင် အသင့်ရှိတယ် ဆိုရင်....

နင်က ဒါကို တုံ့ပြန်နိုင်တယ်ဆိုရင် ဒါဟာ နင့်ဆီကို ရောက်လာမှာပါ'ဟု ပြောသည်။

'ငါ ဒီလိုပဲ ဆင်ခြင်ဖူးပါတယ်၊ ငါ့ကိုယ်ငါ ပြောဖူးပါတယ် မော်ဒင်းရယ်၊ ဒါပေမယ့် ငါ ဒီအချစ်မျိုးတွေ့ပြီး ငါ့စိတ်ထဲမှာ ဒီအချစ်မျိုးက 'နှစ်ခါ' မကြုံနိုင်ဘူးလို့ အော်ပြောနေပါတယ်'ဟု ပြောကာ ဗစ်တာက ဒူးထောက်၍ ထလိုက်ပြီး 'ဒီဟာကို မသိမ်းဆည်းလိုက်ရင် ဒါကို သံသယ လုံးဝမရှိဘဲ သိတဲ့ ဒီဟာကို ရဖို့အခွင့်အရေး ငါ့မှာ ဆုံးရှုံးတော့မယ် မော်ဒင်းရယ်'ဟုဆိုကာ 'ငါ ရှုံးရလိမ့်မယ်၊ ငါအသက်ရှင် နေနိုင်မယ်မထင်ဘူး၊ ဒါကို ဒီကိစ္စမျိုးမှာ ပြောရိုး ပြောစဉ် ပြောတာ မဟုတ်ပါဘူး၊ ငါ အသက်ရှင် နေနိုင်မယ် မထင်ဘူးကွယ့်၊ ငါ့အူတွေ အသည်းတွေကို တိရစ္ဆာန်ရှူးတစ်ကောင် ကုတ်ခြစ်ဆွဲနေသလိုပါပဲ'ဟု ပြောသည့်အတိုင်းပင် သူ့မှာ ဝေဒနာဖြင့် ခေါက်ကွေးနေလေတော့၏။

မော်ဒင်းက ညင်သာစွာပင် 'နင် အခု သိပြီပေါ့'ဟုဆိုကာ 'ငါလုပ်ခဲ့တာကို ငါ ဘာကြောင့် လုပ်သလဲဆိုတာ အခု နင်သိပြီပေါ့၊ နင် ဒါကို သိတတ်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး'ဟု ပြောလိုက်ပြီး မော်ဒင်းသည် သနားသဖြင့် ဗစ်တာ၏ နဖူးပေါ်သို့ လက်တင်၍ ဆံပင်များကို နောက်သို့ ပြန်သပ်ပေးလိုက်၏။

အပြင်ဘက်တွင် မိုးကြိုးထစ်ချုန်းသံ ကြားရပြီး နေရောင်နှင့် မီးဖိုခန်းထဲက အလင်းရောင်သည် မှိုင်း

မှောင်သွားသည်။ တိုးတိုး ဖွင့်ထားသော ရေဒီယိုမှ ဂျုံဈေး၊ ဘာလီဈေး၊ ပြောင်းဖူးစေ့ဈေး၊ မြင်းစားဂျုံဈေး၊ မြက်ခြောက်ဈေး၊ ဝက်ဈေး။ နွားသိုးဈေး၊ နွားကလေးဈေး၊ သိုးဈေးတို့ကို တိုးတိုးရွရွ ကြေညာလျက်ရှိသည်။

မေဘ်ဒင်းက 'မိုးတောင် ကျပြီထင်တယ်၊ နင်မသွားနိုင်သေးဘူးလား ဗစ်တာရယ်၊ နင် မသွားနိုင်ဘူးဆိုရင် ဒီပုံစံကဘော့ ပြောင်းမှာမဟုတ်လို့ နင် ဒီမှာရှိမနေရင် မကောင်းပေဘူးလား၊ ဒါကို ဘာကမှ မပြောင်းနိုင်ဘူး၊ နင်က ဂျူးဆောလ်ကို သတ်ပစ်ဖို့ စဉ်းစားခဲ့တယ် မဟုတ်လား' ဟု မေးလိုက်သည်။

ဗစ်တာက မပွင့်တပွင့်လေသံဖြင့် 'ဟုတ်တယ်' ဟု ဖြေ၏။

'ဒါလဲ ဒီအခြေအနေကို မပြောင်းနိုင်ပါဘူး၊ ဒါဟာ ဂျူးဆောလ်ရဲ့ မယားပါပဲ၊ ဒီဗိုက်ထဲက ကလေးဟာလဲ ဂျူးဆောလ်ရဲ့ ကလေးပါပဲ၊ ပြီးတော့ ဗစ်တာရယ်.... နင်လဲ အထီးကျန် စိတ်ဆင်းရဲမှုမျိုးထက် စိတ်မချမ်းမြေ့စရာကောင်းတဲ့ ဘဝမျိုးမှာ နေရမယ်၊ အမုန်းရဲ့ စိမ်းကားရက်စက်မှုမှာ နင်သေရမယ်၊ ထွက်သွားဖို့ သတိနဲ့ စဉ်းစားပါ၊ တစ်နှစ်လည်တော့မယ်၊ အကောင်းဆုံးအသစ်နဲ့ ထွက်သွားတာဟာ ပိုကောင်းမယ်၊ ပိုလို့.... ပိုလို့သာ ကောင်းမယ်'

မိုးဖိုခန်းတွင် အတော်မှောင်၍ နေပေပြီ။ အဝေး၌ မိုးချုန်းသံ လေထဲ၌ တုန်ခါသွားစေသည်။ ဗစ်တာသည် သူ၏ပါးကို မေဒင်း၏ဒူးပေါ်တွင် ကပ်၍တင်ထား၏။ ကမ္ဘာမြေကြီးသည် အရှိန်ကုန်ခါနီးဂျင်ကဲ့သို့ ယိမ်းယိုင်ကာ လည်ပတ်နေသည်နှင့်အမျှ အချိန်ကာလသည် လည်းကောင်း၊ နှစ်များသည်လည်းကောင်း အပြန်ပြန် အထပ်ထပ် လည်ပတ်လျက်ရှိ၏။ နှစ်ခေတ် ပြောင်း၍ ကမ္ဘာမြေကြီးသည် ဘဲဥပုံ နေပတ်လမ်းအတိုင်း လှည့်လည်၏။ အိမ်ကလေး၏ ပတ်ဝန်းကျင်တွင် နှစ်နှင့်ရာသီတို့သည် လှည့်လည်၏။ မေဒင်း၏ ကိုယ်ဝန်သည်လည်း ရင့်မာလာပြီ။ နှစ်သည်လည်း တရွေ့ရွေ့ ကုန်လျက်ရှိ၏။

ဗစ်တာက 'ငါ ဒါကိုလဲ စဉ်းစားပြီးပါပြီ၊ ငါ့စိတ်ထဲက ငါသွားမယ်လို့ ပြောနိုင်ပါတယ်၊ ဒါပေမယ့် ဒါကို ငါ ငြင်းဆန်ရလိမ့်မယ်၊ ဒါကို ငါသိတယ်၊ ဘာကြောင့်လဲဆိုတော့ အခုဆို နွေရာသီကုန်ပြီ၊ မြေကြီးပေါ်မှာ ရိုးပြတ်တွေနဲ့ မြက်ခြောက်တွေက ကျီထဲမှာ ခေါင်တန်းကို ထိနေပြီ၊ သစ်သီးခြံထဲက မြေကြီးပေါ်မှာ လေကြွေပန်းသီးတွေနဲ့၊ ပြီးတော့ နင့်မှာလဲ နင့်ရင်သားတွေရဲ့အောက်က ကိုယ်ဝန်နဲ့၊ ငါ့ကလေးကလဲ နူးညံ့တဲ့ နံရံကို ဇ နှ်ကျောက်လို့ လှည့်လို့၊ ငါကလဲ အဲဒီနေရာက လှုပ်ရှားနေတဲ့ သက်ရှိသားကို ငါ့လက်နဲ့ စမ်းခွင့်မရ'ဟု ပြော၏။

'ရှူး....တိုး....တိုး၊ ဗစ်တာ....ဒါ နင့်ကလေးမဟုတ်ဘူး၊ ရက်တွေ လတွေ ကျွမ်းလာတာနှင့်အမျှ နင့်သောကကို သိတံသီကြိုးနဲ့တကွ ဆွဲထုတ်သလို ထုတ်ယူတော့မယ်'

'တစ်နှစ်' ဟု ဗစ်တာက မှောင်ကျလာသောအခန်းတွင်း၌ ဆိုလိုက်သည်။ ထိုနောက် အဝေးက မိုးကြိုးထစ်သံကြားရပြီး လက်ခနဲ ပြာလဲ့လဲ့ လျှပ်စီး တစ်ချက်က အခန်းကို သိမ့်သိမ့်ခါစေ၏။ 'တစ်နှစ် ရှေ့နေ့တာကို ငါလဲ သိပါတယ်၊ ဆောင်းဦးရာသီဟာ အအေးဓာတ် ပေးနေပြီ၊ ဆီးနှင်းဖြူဖြူကလေးတွေကြောင့် အရွက်တွေကြွေနေတဲ့ 'ပေါ့ပလာ' ပင်တွေအောက်က ရေမြောင်းဘေးမှာ ရှင်သန်နေတဲ့ မြက်ပင်တွေဟာ ကြွပ်ရှပြီး ဝါနေကြပြီ၊ ငှက်မည်းခတွေဟာ တစ်ပတ်လောက် ဆူဆူညံညံ လှုပ်လှုပ်ရွရွ ဖြစ်နေကြပြီ၊ အခုသူတို့ မရှိကြတော့ဘူး။ လေနဲ့အတူ မြားဦးဖွဲ့ပြီး ပျံကြတဲ့ တောဝမ်းဘဲတွေလဲ တောင်ဘက်က အပူပိုင်းကွင်းတွေဆီကို ပျံသွားကြပြီ၊ပြီးတော့ နင်လဲ နင်ဟာလဲ ဖနောင့်ထောက်၊ ပခုံးတွေ နောက်ပစ်ပြီး တဖြည်းဖြည်းလေးလေးလံလံ လျှောက်နေရပြီ၊ ပြီးတော့ နင့်မျက်နှာဟာလဲ ကျက်သရေရှိလို့၊နင့်မျက်နှာဟာလဲ တစ်နေ့လုံးပြုံးရွှင်လို့၊ နင့် နှုတ်ခမ်းတွေကလဲ ကော့လို့၊ ပျံ့လို့၊ အိပ်နေရင်းတောင်မှ ပြုံးလို့' ဟု ပြောနေသည်။

'တိတ်စမ်း ဗစ်တာ' ဟု နွမ်းလျစွာ ဆိုလိုက်ပြီး မော်ဒင်းက 'ဒါ နင့်ကလေး မဟုတ်ဘူး၊ ပြီးတော့ ဒီအထဲမှာ နည်းနည်း အေးလာတယ်လို့ နင်မထင်မိဘူးလား၊ မိုးရွာပြီးရင် မိုးသီးခဲတွေ ဖြစ်တော့မယ် ထင်တယ်' ဟု ပြောလိုက်သည်။

နှစ်သည် တရွေ့ရွေ့နှင့် မသိမသာ ကုန်လွန်သည်၊ တဖြည်းဖြည်း ကြီးရင့်နေသော မြေကြီး၏ မပြီးဆုံးနိုင်သော လုပ်ငန်းသည်လည်း ဆက်လက် ရှိနေဆဲပင်။

အိမ်၏ ပတ်ပတ်လည် ထောင့်များကို လေတိုးသည့် အသံသည် တစ္ဆေအူသကဲ့သို့ တဝီဝီ တအီအီ မြည်လျက်ရှိ၏။

'လူတစ်ယောက်ဟာ တစ်နှစ်အတွင်း အားလုံးလိုလို မေ့သွားနိုင်တာပဲ ဗစ်တာ'

'ဒီနှစ်ကိုပဲ ငါသိတယ်'ဟု ဗစ်တာက စိတ်ဆင်းရဲဖွယ်ရာ ဆိုလိုက်ပြီး 'ရေကန်ရဲ့အထက်က အနိမ့်ပိုင်းမှာ ငွေရောင် ရေခဲတွေထဲက ကွေ့ကောက်ပြီး ဆင်းလာတဲ့ ရေခဲစီးကြောင်းတွေကို ငါသိတယ်၊ သစ်တော်ပင်တွေရဲ့ လေထဲမှာ ဝှေ့ယမ်းနေတဲ့ အကိုင်းမည်းမည်းတွေရယ်၊ ခွေးတွေ တရှူးရှူး နှာမှုတ်မနေသံနဲ့ ဆင်ဝင်အမိုးအောက်မှာ တအီအီတအိုင်အိုင် ညည်းနေကြတာကို ငါသိတယ်။ အေးစက်နေတဲ့ လော ငါ့နှာခေါင်းထဲမှာ မီးလို လောင်တာရယ်၊ လက်သည်းတွေ ကိုက်ခဲနာကျင်

နေတာနဲ့ အချဉ်ပေါက်နေတဲ့ ပန်းသီးအရက်ကို ငါ ထိတွေ့ရတယ်၊ ဒီနေ့ သူတို့ တောထဲက နာတာလူးပွဲ အတွက် သစ်ပင် ခုတ်ယူလာကြမယ်။ ပြီးတော့ မောဒင်း ရယ်....နင်က ငြိမ်လို့၊ မျှော်တော်ဇောနဲ့ မောသို့၊ တိတ် တိတ် ဆိတ်ဆိတ် ရွှေ့လျားလို့၊ နင့်မျက်စိတို့ နားတို့ အတွေ့အထိတို့က ငါ့သားကလေးကို ကြားနိုင်ဖို့ မြင်နိုင် ဖို့ ထိတွေ့နိုင်ဖို့ အတွင်းဘက်ကို လှည့်လို့'

မောဒင်းသည် ပြောလဲ့လဲ့ အသင်းရောင်၌ လှုပ်ရှား လျက်၊ လေးလံစွာရွေ့လျားရင်းက 'ဒါ နင့်ကလေး မဟုတ်ဘူး၊ ဒါဟာ ဂျိုးဆောလ်ရဲ့ ကလေး' ဟု ထပ် တလဲလဲဖြစ်၍ ငြီးငွေ့ဖွယ်စကားကို လေးလံစွာဆိုလိုက် သည်။ ထိုနောက် 'မီးတွေ ဖွင့်လိုက်စမ်း ဗစ်တာ၊ မီးလဲ ထည့်လိုက်၊ အအေးဓာတ်စိမ့်ဝင်လာပြီ၊ ဆောင်းရောက် လာပြီ၊ ငါ့ကိုယ်ဝန်ဆောင်ရတဲ့ နှစ်ကလဲ ပြီးလုနေပြီ၊ ပြီးတော့ မကြာခင်ပဲ ဖရင်းအက်ဒ်နဲ့ ဂျိုးဆောလ်တို့ နာတာလူးပွဲအတွက် သစ်ပင် ခုတ်ယူလာကြတော့မယ်။ သူတို့ သစ်ပင်ကို အိမ်အထိ သယ်လာနိုင်အောင် အဝင် အထိ နှင်းတွေကို ကော်ပက်ပြီး လမ်းကို ချဲထားလိုက်၊ သစ်ပင်က မျက်နှာကျက်ကို ထိမယ်လို့ ပြောတာပဲ။ ပြီး တော့ ဗစ်တာ၊ နင်ထွက်သွားဖို့ အင်အားရှိရင်ကောင်း မယ်၊ ဒီနှစ် တစ်လျှောက်လုံး နင်ခံစားနေခဲ့ရတာကို ငါမြင်ခဲ့ရပြီ၊ ဒါပေမယ့် ဒီကလေးက မွေးဖွားလာ တော့မယ် ဗစ်တာ။ နင်သွားဖို့ ကြိုးစားပါ၊ တစ်နှစ်

ကြာလိုလဲငါ့စိတ်ကို မပြောင်းခဲ့ဘူး၊ ဒါဟာဂျူးဆောလ်ရဲ့ကလေး၊ ဒီကလေးမှာ ငါ့သူ့ကို ကာကွယ်မယ်။နင့်ကို ငါ သတိပေးလိုက်တာပဲ ဗစ်တာ'ဟု ပြောလိုက်သည်။

'မော်ဒင်းရယ် နင့်ကို ငါချစ်တယ်၊ ငါ မသွားနိုင်ဘူး'ဟု ဗစ်တာက အော်လိုက်၏။

သူသည် ထိုင်ရာမှထ၍ မီးကိုဖွင့်လိုက်ပြီး မီးလင်းဖိုကို ဖွင့်ကာ ငြိမ်းလုလု မီးခဲများကို မီးတောက်များ ထ,လာအောင် ထိုးဆွပေးလိုက်သည်။ ပြတင်းပေါက်ပေါင်များတွင် ဖြူဖွေးနေအောင် နှင်းများ ထင်နေ၏။ နှင်းပုံပွပွကြီးများသည်လည်း လျှောကျလာဆဲ။

အေးစက်ခက်ထန်သော ဆောင်းသည် မြေပေါ်သို့ ရောက်ရှိပြီး တဖြည်းဖြည်း တရွရွ အိမ်တံခါးများ၊ ပြတင်းများဆီသို့ တွားသွားကာ အိမ်ထဲသို့ ဖြူဖြူ ဖွေးဖွေး ချောင်းကြည့်နေပြီ။ နှင်းကျလာပြီး မြေကြီးလည်း တိတ်ဆိတ်သွား၏။ မော်ဒင်းသည် လေးလံစွာ ခုံရှည်ပေါ်မှ အားယူ၍ ထသည်။ သူ့ပခုံးများသည် နောက်သို့ လန်ပြီး၊ သူ့ဝမ်း၌ လွယ်ထားသော ကလေးသည် ဝမ်းတွင်း၌ပင် အောက်သို့ ရောက်လျက် ကြီးထွားလာခဲ့သည်။သူသည် အခန်းထဲသို့ ခြေရှုပ်လျှောက်သွားကာ လက်ဖက်ရည်ကရားကို ဖြည့်ပြီးနောက် မီးဖိုပေါ်သို့ တင်သည်။သူ့လက်တစ်ဖက်က သူ့မှာ လေးလံနေသော ကိုယ်ဝန်ကိုထောက်ကူဖေးမ ပေးထားသကဲ့သို့ ဝမ်းဗိုက်

ပေါ်၌ ရှိနေ၏။ ထိုနောက် မော်ဒင်းသည် ရပ်၍ နား
စွင့်လိုက်ပြီး 'သူတို့ လာကြပြီထင်တယ် ဗစ်တာရေ၊ သွား
ကူလိုက်ပါဦး။ သစ်ပင်ကို တံခါးက သွင်းလို့ရအောင်
ကူလိုက်ပါဦး၊ ပြီးတော့ တဆိတ် ငါပြောတာလဲမမေ့
နဲ့နော်'ဟု ပြောလိုက်သည်။

ဗစ်တာက အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ဆင်
ဝင်ဘက် တံခါးကို ဖွင့်လိုက်၏။ ဆီးနှင်းခဲ တစ်ထွေး
အထဲသို့ ဝင်ကျလာသည်။ ဖရင်းအက်ဒ်နှင့် ဂျိုးဆောလ်
တို့သည် ထင်းရှူးပင်လှလှ တစ်ပင်ကို အရင်းပိုင်းရှေ့က
ထား၍ လူသွားလမ်းအတိုင်း တွန်းယူလာကြသည်။
သူတို့သည် သစ်ပင်ကို ဖွင့်ထားသော တံခါးမှ လှေ
ကားအတိုင်း ဖြည်းဖြည်းချင်းသွင်းတင်လိုက်စဉ် ဗစ်တာ
က လှမ်းဆုပ်ကိုင်လိုက်ပြီး နှင်းပွင့်နှင်းခဲများ အဆုပ်
လိုက်တင်နေသော သစ်ကိုင်းများကို တံခါးမှ အထဲသို့
ဆွဲသွင်းလိုက်သည်။ ဂျိုးဆောလ်နှင့် ဖရင်းအက်ဒ်တို့သည်
ဆင်ဝင်မိုးအောက်၌ရပ်၍ ခြေဆောင့်ခြင်း၊ ပခုံးကိုပုတ်
၍ ခါခြင်းများ ပြုလုပ်နေကြသည်။ သူတို့သည် ရယ်ရယ်
မောမောဖြင့် သူတို့၏ အင်္ကျီများကို ချွတ်ကာ သူတို့၏
ခြေပေါ်၌တင်နေသော အရာများကို ကန်ထုတ်နေကြ
၏။ ထိုနောက် သူတို့သည် ချမ်းမြေ့သော မီးဖိုခန်းထဲသို့
ဝင်လာကြသည်။ သူတို့၏ ပါးများသည် အအေး
ဒဏ်ကြောင့် ပန်းနုရောင် သမ်းနေပြီး သူတို့မျက်လုံး
များမှာ မျက်ရည်များဖြင့် စိုစွတ်နေကြ၏၊ သူတို့သည်

အနွေးခေတ် ရှိရာတွင် လက်ချင်းပွတ်၍ ခနကြ
သည်။

ဖနင်းအက်ဒ်က 'တို့ ဒါကို ဖြတ်ရလိမ့်မယ်' ဟု
လိုက်ပြီး 'ကြီးလွန်းပါတယ်လို့ မင့်ကို ငါပြောသားပဲ
ဟု ပြောသည်။

မော်ဒင်းသည် အိမ်ထဲ၌ ပြန့်ကျဲနေသော နှင်းပွင့်
များကို အရည်မပျော်မီ လှည်းထုတ်ရန် တံမြက်စည်း
တစ်ချောင်းကို ယူလာခဲ့၏။ သူသည် တအိအိ သတိဖြ
လှမ်းကာ နှေးကွေးစွာ လှမ်းလာနေသည်။

ဂျိုးဆောလ်က 'ငါ ငယ်လွန်းနေလို့ ဆွဲဆန့်ရတာ
ထက် ကြီးလွန်းလို့ ခုတ်ပစ်ရတာကို ကြိုက်တယ်၊ ဟေ့....
မော်ဒင်း၊ အဲဒီ တံမြက်စည်း ငါ့ကို ပေးစမ်း၊ မင်း ဒီ
ဟာကို လုပ်ဖို့မသင့်ဘူး၊ အေး....မင်းထိုင်နေ၊ ဒါတွေ
အားလုံး တို့လုပ်မှာပေါ့' ဟု ပြောလိုက်သည်။

မော်ဒင်းက ပြုံးလျက် 'ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ
နေတတ်အောင်ဆိုရင် အတော်ခက်ခဲတဲ့အလေ့အကျင့်ပဲ၊
နောက်ကျမှ ရှင် မိန်းမကို အပျင်းထူအောင် လုပ်ထား
မိတဲ့အတွက် ရှင်ပဲ နောင်တရနေမယ်' ဟု ပြောသည်၊

ဂျိုးဆောလ်က 'ငါလဲ ပြန်လေ့ကျင့်လို့ ရပါဘယ်
ကွယ်' ဟု ပြော၍ ရယ်ရင်း 'အခုတော့ မလုပ်နဲ့ဦး၊ မင့်
မှာ ဒီထက် အများကြီး အရေးကြီးတဲ့အလုပ် လုပ်နေရ

တယ်၊ အိပ်ရာထဲမှာ အိပ်နေရင်း ကလေးလှုပ်တာကို ငါ လန့်သွားရပုံ ငါက ဖရင်းအက်ဒ်ကို ပြောပြရတယ်၊ ငါ ထင်တယ်၊ ဒီ တိတ်ဆိတ် လှုပ်ရှားလာတာကလေး တွေ့ ရတော့ ငါက အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့၊ ငါ့ကို လာနှိုး တယ်' သူသည် ပြန်ပြောင်းအောက်မေ့ရင်း ပြုံးကာ အထက်သို့ မော့ကြည့်လိုက်၏။ 'အစကတော့ တစ် ယောက်က ငါ့ကို ဂရုပြုမိအောင် တို့လိုက်သလိုပဲ၊ သို့ ပေမယ့် ရွရွကလေး၊ ပြီးတော့ တစ်ခုခုက ကြောင်လို တိတ်တဆိတ် တွားတက်လာတာမျိုး ငါတွေ့လိုက်ရပြီး နောက်တော့ အသာအယာ တွန်းလိုက်တာမျိုး၊ ပြီး တော့ မင်း ယုံချင်ယုံ မယုံချင်နေ၊ တိုးတိုးတိတ်တိတ် ရယ်လိုက်သံလို လှုပ်လာတယ်၊ ပြီးတော့ တရွရွ ရွေ့နေ တဲ့ လှုပ်ရှားမှု၊ ငါ့ကျောရိုးတစ်လျှောက် တက်ပြီးနောက် လိမ့်ကျလာပြန်တယ်၊ နောက် ရယ်သံလိုလို လှုပ်သလို လှုပ်ရှားမှုကလေး၊ အေး....ငါလဲ လန့်သွားတယ်၊ ခွေး ကလေး တစ်ကောင်ကောင်များ ငါတို့ အိပ်ရာပေါ် လာအိပ်ဖို့ တိုးဝင်လာတာလားလို့ အစက ထင်မိတယ်၊ ဒါနဲ့ ငါထထိုင်ပြီး မီးဖွင့်ကြည့်လိုက်တယ်၊ မော်ဒင်းက တော့ နိုးတောင် မနိုးဘူး၊ အဲ့ဒါဘာလဲ မင်းသိလား' ဟု ဆိုကာ လက်ညှိုးညွှန်လျက် 'အဲဒီကောင်ပေါ့၊ သူ့ အမေ ဝမ်းဗိုက် အမှောင်တိုက်ထဲမှာ ကစားနေတာ' ဟု ပြော ပြီး နှစ်ခြိုက်စွာ ရယ်လိုက်သည်၊ မော်ဒင်းက ပြုံးနေ၏။

ဗစ်တာက ဂနာမငြိမ်နိုင်အောင် လှုပ်ရှားလျက် ရှိသေသည်။

ဖရင်းအက်ဒ်က 'ဒါ ဘယ်လိုဆိုတာ ငါသိတယ်၊ တကယ် ဝရုန်းသုန်းကား ဆော့တာတွေချင်ရင် တစ်ခါတလေ အမြွာကလေးတွေ ဖြစ်တတ်တယ်ကွ၊ အထဲမှာတင် ဘော်လီဘောမပွား ပုတ်နေကြသလား ထင်ရတယ်၊ ဆရာဝန်က အမြွာလို့ ပြောလိုက်သလား၊ ဟုတ်လား မော်ဒင်း' ဟု ပြောလိုက်၏။

မော်ဒင်းက 'ဟင့်အင်း၊ တစ်ယောက်တည်းပါ၊ ပြီးတော့ အထဲမှာ လှည့်နေပြီ၊ အားလုံး ကောင်းတယ်၊ ကျွန်မ မြင်ရတယ်' ဟု တအံ့တသြ ဆိုလိုက်ပြီး 'ကျွန်မ ခေါက်မှန်ပြားပေါ်မှာ မြင်ရတာ၊ အစကတော့ ဒါဘာလဲလို့ ကျွန်မ မသိဘူး၊ ဘာနဲ့တူသလဲ သိလား၊ အင်း.... ခုံးမိုးကြီးနဲ့ ဘုရားရှိခိုးကျောင်းကြီး အလယ်ပိုင်းနဲ့ တိုင်မကြီးတစ်ခု၊ အဲဒါက နံရိုးတွေနဲ့ ကျောရိုးလေ၊ ပထမတော့ ကျွန်မ ကလေးရယ်လို့ မသိဘူး၊ နောက်တော့ ဒေါက်တာဇောန်းက ကျွန်မကို ပြတယ်၊ အဲဒီတော့မှ ကလေးကို မြင်ရတာ၊ ဇောက်ထိုးကလေး၊ ပြီးတော့ ကြောင်ကလေးများလိုပဲ၊ ခွေလုံးနေတာပဲ' ဟု ပြောပြသည်။

ဂျိုးဆောလ်က စိတ်ကြွကြွရွှရွှဖြင့် 'ဘာနဲ့ တူလဲဟင်၊ မင်း ဘာမြင်ရလဲ' ဟု မေးသည်။

မော်ဒင်းက ‘ဪ....အကုန်ပေါ့၊ ခေါင်းကလေးရယ် လက်မောင်းကလေးတွေရယ်၊ ခြေထောက်ကလေးတွေကို ကွေးလို့ ခွေလို့၊အလျှင်ကတော့ အခုန်သမားပဲ၊ အခုတော့ ငြိမ်နေပြီ၊ ကျွန်မက ဒါကို ပူပန်တာ၊ တစ်ခုခုများ မှားနေသလားလို့ ထင်တာ၊ ဒါပေမယ့် ဒေါက်တာဇော်နန်းကတော့ ကောင်းပါတယ်လို့ပဲ ပြောတယ်၊ ဆရာဝန်က သူ့အခုဆို ငြိမ်နေတယ်တဲ့၊ တကယ့်တိုက်ပွဲကြီး နွှဲရချိန်အထိ အိပ်နေမယ်တဲ့’ ဟု ပြောပြသည်။

ဗစ်တာက စိတ်ချောက်ချားစွာပင် ‘အခု သစ်ပင်ကိုမထောင်သေးဘူးဆိုရင် ကျုပ်အခန်း ကျုပ်ပြန်ပါရစေဗျာ၊ ကျုပ်ခေါင်းထဲမှာ သိပ်မရှင်းလို့’ ဟု ပြောလိုက်၏။

ဂျိုးဆောလ်က ‘သွားလေကွာ’ ဟု ခွင့်ပေးလိုက်ပြီး တို့ သစ်ပင်ကို ညနေစာ စားပြီးမှ ထောင်ကြတာပေါ့’ ဟုပြောသည်။ ဗစ်တာကမူ ‘ကျုပ်ခေါင်းထဲမှာ သိပ်ရှင်းဘူးဗျ’ ဟု ပြောကာ အခန်းထဲမှ အပြေးကလေးထွက်သွားသည်။ ဗစ်တာ ထွက်သွားသည်ကို မော်ဒင်းက ကြည့်နေလိုက်လေသည်။

မော်ဒင်းက ‘ဒီ ရောမသစ်ပင်ကြီးနဲ့ ဒီအခန်းထဲမှာ ကျွန်မတို့ ဘယ်လိုနေရမလဲ၊ အခန်းထဲမှာ ပြည့်လုနီးပါးနေတာပဲ’ ဟု ပြောလိုက်သည်။

ဂျိုးဆောလ်က 'ရှိသင့်ပါရဲ့' ဟု ပြောပြီး 'ဟော့.... ငါ အဲဒီ ပုံကို ကြည့်ချင်တယ်ကွာ၊ ရနိုင်မလားတော့ မပြောတတ်ဘူး' ဟု ဆိုလိုက်သည်။

မော်ဒင်းက 'ဆရာဝန်က လေ့လာချင်သေးတယ်တဲ့' ဟု ဆိုလိုက်ပြီး 'ဒါပေမယ့် ရှင် သူ့ရုံးကို သွားရင် သူ ရှင့်ကို ပြမှာပါပဲ' ဟု ပြောလိုက်၏။

ဂျိုးဆောလ်က 'နောက်တော့လဲ သူ ဒါကို ငါသိမ်းထားဖို့ ပေးချင်လဲ ပေးမှာပါ' ဟု ဆိုလိုက်၏။ သူသည် စားပွဲ၌ ဝင်ထိုင်လိုက်ပြီး သူ၏ လက်မောင်းများကို အားပါးတရ ဆန့်တန်းလိုက်၏၊ 'နောက်နှစ် ခရစ္စမတ်ဆိုရင် ဖရင်းအက်ဒ်ရေ၊ နောက်တစ်ပင် ယူလာကြမယ်၊ အေး....သားလဲ ဒီသစ်ပင်အောက်မှာ ထိုင်နေရော့မယ်၊ ပြီးတော့ သူ့အတွက် သူပိုင်လက်ဆောင်တွေလဲ ရမယ်၊ သားအတွက် ပထမဆုံး လက်ဆောင် ဘာ့ယ်ရမလဲ မသိဘူး၊ ဒါကို စဉ်းစားရမယ်၊ ဒါပေမယ့်လေ ငါ စဉ်းစားဖို့ တစ်နှစ်လုံး ရှိပါသေးတယ်' ဟု ပြောသည်။

ဖရင်းအက်ဒ်က 'ပထမနှစ်မှာတော့ လုံးလုံးပျော့ပျော့နဲ့ အရောင်တောက်တာ ဝယ်ပေါ့' ဟု အကြံပေးလိုက်ပြီး 'ပထမနှစ်မှာ သူတို့ကို စိတ်ဝင်စားစေမှာက ဒါလောက်ပါဘဲ၊ ဟော့....မင့်က 'သား၊ သား'နဲ့ တစ်ချိန်လုံး ခေါ်မနေနဲ့ဦးကွ၊ သမီးလေး ဖြစ်ချင် ဖြစ်နေမှာ' ဟု ဆိုသည်။

'အရေးမသားပါဘူးကွာ' ဟု ဂျိုးဆောလ်ကဆိုလိုက်

ပြီး 'ငါက သမီးကလေးလဲ ကြိုက်ပါတယ်၊ ငါရတာကို ငါကြိုက်မှာပါပဲ' ဟု ပြောကာ မော်ဒင်းဘက်သို့ လှည့်၍ 'မင်း အိပ်ခန်းထဲ သွားပြီး လှဲနေ၊ နားနေလေ' ဟု ခိုင်းလိုက်၏။ ထို့နောက် သူက 'ငါအခု ညနေစာ လုပ်တော့မယ်၊ အဆင်သင့်ဖြစ်မှ မင့်ကို ခေါ်မယ်၊ ဖရင်းအက်ဒ်လဲ တို့နဲ့အတူ စားမယ်၊ ငါ့ကို ကူလုပ်မယ်' ဟု ပြောလိုက်သည်။

မော်ဒင်းက ကျိုးနွံစွာ ဖြည်းဖြည်း ထိုင်ရာမှ ထရင်း 'ကျွန်မတော့ ပျက်စီးနေပါပြီ' ဟု ပြုံးလျက် ပြောကာ 'ကျွန်မကတော့ သိပ်ကြိုက်ပါတယ်၊ ရှင့်မှာသာ မိန်းမပျင်းတစ်ယောက် ရနေတာ၊ ဒါ ရှင့်အပြစ်ပဲ' ဟု ဆိုလိုက်သည်။

ဂျိုးဆောလ် ထိုင်ရာမှ ထကာ မော်ဒင်းထံသို့ သွား၍ သူ့လက်များဖြင့် မော်ဒင်း၏ မျက်နှာကို ယူလိုက်ပြီး သူ့ဆီသို့ မော့ကြည့်ဖို့ မေးကို မ,ကာ မျက်လုံးများကို စိုက်ကြည့်လိုက်သည်။ ထို့နောက် နှစ်မြို့ အားရစွာ ခပ်အေးအေး ရယ်လိုက်ပြီး 'ကြည့်စမ်းပါဦး ဖရင်းအက်ဒ်ရဲ့၊ ငါ့ မိန်းမ မလှဘူးလား' ဟု မေးလိုက်၏။ ထိုနောက် ရုတ်တရက် သူ့ နှုတ်ခမ်းများ တုန်လာပြီး မျက်နှာလွှဲလိုက်လေသည်။ ထိုနောက် မော်ဒင်းသည် လေးလံစွာပင် တံခါးဝမှ ဝင်သွားလေ၏။

ဂျိုးဆောလ်သည် မီးကို ဆွလိုက်ပြီး ဒယ်အိုးကြီး တစ်ခုကို မီးပေါ်သို့ တင်လိုက်၏။ 'ဒီ ညစာကတော့

အကြော် အလှော်ချည့်ပဲ'ဟု ဆိုကာ 'မင်း ကြိုက်ကြိုက် မကြိုက်ကြိုက် မင်း ဒါပဲ ရမယ် ဖရင်းအက်ဒ်ရေ'ဟု ပြောပြီး သူတစ်ယောက်တည်း ဟိုပြေးလိုက် သည်ပြေး လိုက်နှင့် စားသောက်ရန် ပြင်ဆင်နေတော့သည်။ ထို နောက် 'အသည်းကြော်၊ခရမ်းချဉ်သီးပြုတ်၊သားပြွမ်းနဲ့ အချိုအတွက် နွားနို့နဲ့ ပလောပီနံ့ဥ မုန့်ပဲ ရမယ်၊ဝစ္စကီ လေး ဘာလေး သောက်ချင်သေးလား ဖရင်းအက်ဒ်' ဟု မေးလိုက်၏။

'ရပါတယ်ကွာ'

ဂျိုးဆောလ်သည် ပုလင်းနှင့်ဖန်ခွက်များကို စားပွဲသို့ ယူလာပြီး ခပ်များများ နှစ်ခွက် ငှဲ့ထည့်လိုက်၏။ 'ဒယ် အိုးပူဖို့တော့ တစ်မိနစ်လောက် ကြာဦးမယ်ကွ'ဟု ပြော ကာ 'အားလုံးကတော့ အဆင်သင့်ပါပဲ၊ငါ အားလုံးကို မနက်က လုပ်ထားတာ၊ အသည်းကြော်ပြီးရင် တို့ စား နိုင်ပြီ'ဟု ဆိုကာ သူ၏ ဝစ္စကီကို တစ်ဝက် သောက်ပြီး ဖန်ခွက်ကို စားပွဲပေါ်သို့ ချလိုက်၏။ သူက 'ဆန်းတော့ ဆန်းတယ် ဖရင်းအက်ဒ်ရယ်'ဟု ပြောလိုက်ပြီး 'ကလေး ရှိတယ် ဆိုတာကို သိတယ်၊ ရှိလဲ ရှိတယ်၊ ဒါပေမယ့် ဒါဟာ အသိခက်တဲ့ ကိစ္စ တစ်ခု၊ ကလေး မွေးမလာ မချင်း အသေအချာကို မသိနိုင်သေးသလိုပဲနော်၊ဒါပေ မယ့် မော်ဒင်းကတော့ မြင်ခဲ့ရပြီ၊ ခေါင်းနဲ့ လက်တွေ ခြေတွေနဲ့ တကယ့်ကို မြင်ခဲ့ရပြီတဲ့၊ ဒါဟာ ထူးခြားတာ ပဲ၊ ဒါက တကယ်ထူးခြားတဲ့ ဟာပဲ၊ ဒါကြောင့် ငါဟာ

တကာယ် ရှိနေတာ၊ ဒါဟာ စိတ်ကူးသက်သက် မဟုတ်တော့ဘူး၊ ဆန္ဒ တစ်ခုလဲ မဟုတ်၊ ဆုတောင်းရတာလဲ မဟုတ်၊ တကယ်ရှိ တကယ်ဖြစ်တဲ့ဟာ၊ အို....ငါ ဒီပုံကို ကြည့်ကို ကြည့်ရမယ်၊ ဒါကို ကြည့်ရမယ်ကွ၊ နက်ဖြန် ငါသွားမယ်'ဟု ဆိုလိုက်၏။

'မင်း ဘာကို ဆိုလိုတယ်ဆိုတာ ငါသိပါတယ် ဂျိုးဆောလ်ရယ်၊ ဒါဟာ မှန်ပါတယ်'

တံခါး ရုတ်တရက် ပွင့်လာပြီး ဗစ်တာသည် သူတို့၏ ရှေ့တွင် ရပ်နေသည်။ သူ၏ မျက်လုံးများသည် ဒေါသရောင် လျှမ်းနေ၏။ သူသည် အပေါ်ဝတ်အင်္ကျီကို ဝတ်ထားပြီး သူ့လက်ထဲ၌ အဝတ် သေတ္တာ တစ်လုံး ဆွဲထား၏။

'ကျုပ် သည်းမခံနိုင်တော့ဘူး၊ ကျုပ် ထွက်သွားတော့မယ်၊ ကျုပ် အခုကို သွား....သွားတော့မယ်ဗျာ'

ဂျိုးဆောလ်က သူ့အား တအံ့တဩ ကြည့်လိုက်၏။ 'သွားတော့မယ် ဟုတ်လား၊ မင်း ဘာဖြစ်လာတာလဲ ဗစ်တာ'ဟု မေးလိုက်၏။

'အေး....ကျုပ် သည်းမခံနိုင်တော့လို့ပဲ၊ ဒါပဲ'

ဂျိုးဆောလ်က 'ဘာဖြစ်သလဲ ဆိုတာ မင်း ငါ့ကို မပြောနိုင်တော့ဘူးလား'ဟု မေးသည်၊

ဗစ်တာ၏စိတ်ထဲတွင် တစ်စုံတစ်ခုအတွက် မချိမဆံ့ ရှုန်းကန်နေရဟန် တူ၏။ သူ့မျက်လုံးများတွင် ကြောက်

မက်ဖွယ် ဝေဒနာ ခံစားရမှု၊ မုန်းတီးမှု၊ တမ်းတမှုနှင့် အချစ်အခင်တို့ဖြင့် ပြည့်လျှံနေသည်။

ဂျိုးဆောလ်က 'ဒါ ငါ မင့်ကို ပါးရိုက်လိုက်လို့ ဗစ်တာ'ဟု မေးသည်။

တစ်ခဏသော် ဗစ်တာသည် သူ့ စိတ်ထဲ၌ ချီတုံချတုံ ဖြစ်နေသလို ချိန်ဆနေပြီးမှ နောက်ဆုံးတွင် ဤလမ်းစဉ်ကို ရွေးချယ်လိုက်၏။ သူသည် ဂျိုးဆောလ်အား သနားကရုဏာသက်သလို ကြည့်လိုက်ပြီး 'ဟုတ်တယ်'ဟု ဆိုကာ 'ကျုပ် ပါးရိုက်ခံရတဲ့ နေရာမှာ ကျုပ် မနေနိုင်ဘူး'ဟု ပြောလိုက်သည်။

ဂျိုးဆောလ်က 'ဒါပေမယ့်ကွာ၊ ငါ မင့်ကို တောင်းပန်သားပဲ'ဟု ပြောပြီး 'ငါ စိတ်မကောင်းပါဘူးကွာလို့ ငါ ပြောခဲ့ပြီပဲကွာ၊ မင့်မှာ သိပ်နာသွားသလား ဗစ်တာရယ်'ဟု ဆိုလိုက်သည်။

'ဟုတ်တယ်၊ နာတယ်'

'ငါ စိတ်မကောင်းပါဘူးကွာ၊ ဒီလို ပျော်ရွှင်ဖို့ အချိန်မျိုးမှာကွာ၊ ရှက်ဖွယ်ပါပဲ၊ ငါ လုပ်ပေးနိုင်တာ တစ်ခုခုများ ရှိမလားကွာ'

ဗစ်တာသည် သူ့ကိုယ်သူ ထိန်းရာက သူ့စိတ် လှုပ်ရှားမှုက သူ့ကို လွှမ်းမိုးသွားသည်။ 'မရှိဘူး'ဟု သူ အော်လိုက်ပြီး 'ကျုပ် သွားတော့မယ်၊မရှိဘူး'ဟု ပြောကာ သူ့စိတ်ကိုပင် သူ မယုံတော့သလို ချာခနဲလှည့်၍

ထွက်ပြေးလေ၏။ သူသည် တံခါးမှထွက်၍ တံခါးကို လည်း ဖွင့်လျက်ပင် ထားခဲ့လေသည်။

ဂျီးဆောလ်က သက်ပြင်းချလိုက်သည်။ သူသည် တံခါးဆီသို့သွား၍ လှမ်းမျှော်ကြည့်လိုက်၏။ထိုနောက် သူသည် တံခါးကို ညင်သာစွာ ပြန်ပိတ်ပြီး စားပွဲဆီသို့ ပြန်လာသည်။ သူက 'သူ မေ့သွားပြီလို့ ထင်တာ' ဟု ပြောလိုက်ပြီး 'သူက ဒီလိုသဘောထားတာ ငါ စိတ် မကောင်းပါဘူး၊ သူ့လခကို ဘယ်ပို့ပေးရမလဲဆိုတာ တောင် ပြောမသွားဘူး' ဟု ဆိုလိုက်၏။

ဖရင်းအက်ဒ်က 'သွားပါစေကွယ်၊ သူက ငယ်သေး တော့ ဒါဟာ တအုံနွေးနွေး စဉ်းစားတဲ့ အရွယ် ဂျီး ဆောလ်ရဲ့၊ ကိုယ့်အနာကလေးကိုယ် အခဲမကျေ ဖြစ်နေ တတ်တဲ့ အရွယ်ပဲ၊ သွားပေစေကွယ်၊ ဗစ်တာလိုလူတွေ အများကြီးရှိပါတယ်ကွယ်၊ ဗစ်တာလို လူတစ်ယောက် ကတော့ အမြဲရှိနေမှာပါပဲ' ဟု မသက်မသာပြောသည်။

'မင်းပြောတာ ဟုတ်မယ် ထင်ပါတယ်၊ ငါ သူ့ကို မရိုက်မိရင် ကောင်းမယ်ကွယ်၊ ငါလဲ ဒါအတွက် ရှက် ပါတယ်'

'သူလဲ ရှက်မှာပါ'

'ဘာအတွက်လဲ'

'ထွက်ပြေးတဲ့အတွက်လေ'

'ငါက ပျော့ညံ့တဲ့အတွက် ငါ စိတ်ညစ်ရတယ်၊ငါ့ ကလေးကိုတော့ ဒီလို ပျော့ညံ့တာမျိုး မပေးချင်ပါဘူး'

ဂျိုးဆောလ်သည် သူ့ခွက်ထဲ၌ ကျန်နေသည့်ဝိစကီကို သောက်ချလိုက်ပြီး 'မှတ်ထားကွ၊ နောက်နှစ် ဆိုရင် သူဟာ သူ့ကိုယ်ပိုင် လက်ဆောင်တစ်ခု ရမယ်လို့ ငါ ပြောခဲ့တယ်၊ ဒါပေမယ့် သူဟာ အခု တကယ့်ဟာ ဖြစ် နေပြီ၊ ပုံနဲ့ ဘာနဲ့၊ ပုံထဲမှာ ရှိနေပြီ၊ ငါ သူ့ကို တွေ့ နိုင်တော့မယ်၊ ဟိုဘက်ခန်းထဲမှာထက် ငါနဲ့ ပိုနီးလာပြီ၊ ကြားထဲမှာ နူးနူးညံ့ညံ့ နံရံကလေးတစ်ခုသာ ရှိတော့ တယ်၊ သူဟာ ကြားနိုင် ထိတွေ့နိုင်ပြီ ဖြစ်မယ်၊ မကြာ ခင်ပဲ ငါ သူ့ကို လက်ဆောင်တစ်ခု ပေးတော့မယ်'

'မင်းဟာ တော်တော် ရူးတာပဲ ဂျိုးဆောလ်ရယ်၊ တကယ်ကို ရူးတာပဲ'

'ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် ငါ ဒီအတိုင်းပဲ ရှိနေ ပါစေလို့ မျှော်လင့်တယ်၊ သူက နေရာတကာမှာ ရှိနေ တော့ သူ ဘာဖြစ်လို့ ဒီနှစ်မှာကိုပဲ လက်ဆောင်တစ်ခု မရရမှာလဲ၊ ဘာဖြစ်လို့ မရရမှာလဲ' ဟု ပြောနေပြန်၏။

ဖရင်းအက်ဒ်က သွားပေါ်အောင် ပြုံးလိုက်ပြီး 'မင်း သူ့ကို လက်ဆောင်ပေးဖို့ နည်းနည်းခက်မယ် ထင်ပါ တယ်ကွာ၊ မင်းဟာ တော်တော်ရူးတာပဲ ဂျိုးဆောလ် ရယ်' ဟု ပြော၏။

'အေး....ငါ သူ့ကို လက်ဆောင်တစ်ခု ပေးနိုင် တယ်၊ ငါ ဘာပေးနိုင်တယ်ဆိုတာ စဉ်းစားမိပြီ၊ငါဟာ ဗစ်တာကို ပါးရိုက်မိလောက်အောင် ပျော့ညံ့တယ်ဆို ရင် တခြားဟာတွေလဲ ငါ့မှာရှိလိမ့်မယ်၊ငါ ဒေါက်တာ

ဇောန်းသီကို ကလေးရဲ့ခေတ်မှန် သွားကြည့်မယ် ဆို တုန်းက စိတ်ကူး ရခဲ့တာ၊ အခု ငါ အဲဒီဟာအကြောင်း ပိုပြီး စဉ်းစားမိတယ်၊ ငါ့သားကို သွေးသန့်သန့် ပေးချင်တယ်'

ဖရင်းအက်ဒ်က 'မင့်မှာရှိတာ....' ဟု မသက်မသာ ဆိုလိုက်ပြီး 'မင်း ဘာပြောနေတာလဲ' ဟု မေးလိုက်၏။

'သူ့ကို ငါ သက်သေခံ အထောက်အထား ပေးချင်တယ်၊ ငါပြောတာ ဒါပဲ၊ ထောက်ခံချက်ပေါ့ကွာ၊ ငါ့ကို ဒေါက်တာဇောန်း စစ်ဆေးခိုင်းမယ်၊ ဦးခေါင်း၊ နှလုံး၊ ဝမ်း၊ အားလုံးပေါ့ကွာ၊ ငါ့ကလေးကို ငါပြောနိုင်တာပေါ့၊ ဒါဟာ မင့်အဖေက မင့်ကို ပထမဆုံး ပေးတဲ့ ဟာပေါ့၊ ကျန်းမာသန်စွမ်းခြင်းနဲ့ စင်ကြယ်မှုပေါ့၊ ဒီလက်ဆောင်ဟာတော့ မဆိုးဘူး ဖရင်းအက်ဒ်ရ'

'ငါတော့ မင်း တကယ်ရူးနေပြီ ထင်တယ်' ဟု ဖရင်းအက်ဒ်က စိုးရိမ်မကင်းစွာ ပြောလိုက်ပြီး 'ဒါဟာ ကလေးကလား ဟာပဲကွ၊ ငါတော့ မကြိုက်ပါဘူး၊ မင်းကိုလဲ မလုပ်စေချင်ပါဘူး' ဟု ပြောလိုက်၏။

'မင်း....မကြိုက်ဘူး၊ ဘာဖြစ်လို့လဲ၊ ငါ ဒေါက်တာ ဇောန်းကိုယ်ဘိုင် လက်မှတ်ထိုးထားတဲ့ စာရွက်စာတမ်းတွေ ပေးနိုင်တယ်၊ စာချုပ်စာတမ်းလို အလိပ်ကလေးနဲ့ ချိပ်တံဆိပ် နှိပ်ပြီး ဒီပလိုမာ လက်မှတ်များလို ဖဲပြား

ကြိုး အနီကလေးနဲ့ ချည်ထားပြီးတော့ပေါ့၊ ဒါကို ခရစ္စမတ် သစ်ပင်မှာ ကြိုးကလေးနဲ့ သူ့အတွက် ဆွဲပေးထားမယ်၊ သူ့အတွက် ပထမဆုံးနဲ့ အကောင်းဆုံး လက်ဆောင်'

'ဒါကို မလုပ်ပါနဲ့ကွာ၊ ဒေါက်တာဇောန်းက မင့်ကို ငါပြောသလို ရှုးနေတယ်လို့ ထင်ချင်ထင်မယ်၊ အဲဒါကိုလဲ မင့်စာရွက်တွေထဲ ထည့်ရေးချင် ရေးမှာ'

သို့သော် ဂျိုးဆောလ်သည် ဖန်ခွက် နှစ်ခုစလုံးထဲသို့ ဝစ္စကီ လောင်းထည့်လိုက်ပြီး စားပွဲပေါ်မှ ဖရင်းအက်ဒ်ဘက်သို့ ကုန်းကာ 'မော်ဒင်းကိုတော့ မပြောနဲ့ကွ၊ ငါ ဒါကို လျှို့ဝှက်ချက်တစ်ခု အနေနဲ့ လုပ်မှာ၊ ပြီးတော့ နောက်တာတစ်မျိုးပေါ့ကွာ၊နောက်တာတော့လဲမဟုတ်ဘူးပေါ့၊ ငါတစ်ခါမှ စေ့စေ့စပ်စပ် ဆေးမစစ်ဖူးဘူးကွ၊ သူ သဘောကျမှာပါပဲ ဖရင်းအက်ဒ်ရယ်၊ သူ့ကို သာ မပြောနဲ့'ဟု ဆိုလိုက်သည်။

ဖရင်းအက်ဒ်က ထိုင်ရာမှ ထလိုက်ပြီး 'ငါကတော့ မင့်ကို အဲဒါ မလုပ်စေချင်ဘူးကွ၊ ငါမကြိုက်ဘူး၊ ဒါ.... ဒါဟာ အရူးထကာ'ဟု ဆိုလိုက်၏။

ဂျိုးဆောလ်က ငြိမ်သက်စွာပင် 'ငါကတော့ ငါ လုပ်သမျှတွေထဲမှာ ဒါဟာ အကြောင်းယုတ္တိ အရှိဆုံး

အလုပ်ပဲလို့ ထင်တယ်၊အလျင်က ဒါကို ဘာဖြစ်လို့မလုပ်ခဲ့မိလဲ မသိဘူး'ဟု ဆို၏။

ဂျိုးဆောလ်က သူ၏ဖန်ခွက်ကို မြှောက်ကာ 'ငါ သူ့ကို လက်ဆောင်တစ်ခုပေးမယ်၊ ဒါဟာ အားလုံးပြည့်စုံတယ်ဆိုတာ သေချာအောင်လုပ်ရမယ်၊ ငါ သူ့ကို လောကမှာ အကြီးကျယ်ဆုံးလက်ဆောင်ပေးမယ်၊ ငါ့သားကိုငါ 'အသက်'ပေးမယ်'ဟု အော်ဟစ်ပြောလိုက်လေ၏။

## အခန်း ၃။ မြင်ကွင်း ၁။

### ပင်လယ်ဓမ္မ

ကုန်တင် သင်္ဘောကလေး တစ်စီး၏ အခန်းကျဉ်း ကလေးသည် ဟောင်းနွမ်းပြီး သက်တောင့်သက်သာရှိ ပြီး ကောင်းစွာ အသုံးချထားသည်။ ဘေးတစ်ဖက်တွင် ထမင်းစား စားပွဲတစ်ခုကို မရွေ့အောင် ခံထားသည့် တန်းနှင့်တကွ ရှိ၏။ ဆုံလည် ကုလားထိုင်များကို ကြမ်း ပြင်တွင် မင်းတုပ်များဖြင့် မူလီများ စုပ်ထားသည်၊ ထို့ နောက် ရေပုလင်းများနှင့် ဖန်ခွက်များကို စားပွဲဘေး ပန်းကန်စင်ငယ်တွင် တင်ထား၏။ နံရံများကိုနက်မှောင် သော သစ်သားဖြင့် အတွင်းချောကပ်ထားပြီးအရောင် တင်ဆီဖြင့် နှစ်ပေါင်းများစွာ ပွတ်တိုက်ထားသည်။

## အခန်း ၃။ မြင်ကွင်း ၁။

### ပင်လယ်ဖွေ့

ကုန်တင် သင်္ဘောကလေး တစ်စီး၏ အခန်းကျဉ်း ကလေးသည် ဟောင်းနွမ်းပြီး သက်တောင့်သက်သာရှိ ပြီး ကောင်းစွာ အသုံးချထားသည်။ ဘေးတစ်ဖက်တွင် ထမင်းစား စားပွဲတစ်ခုကို မရွေ့အောင် ခံထားသည့် တန်းနှင့်တကွ ရှိ၏။ ဆုံလည် ကုလားထိုင်များကို ကြမ်း ပြင်တွင် မင်းတုပ်များဖြင့် မူလီများ စုပ်ထားသည်။ ထို့ နောက် ရေပုလင်းများနှင့် ဖန်ခွက်များကို စားပွဲဘေး ပန်းကန်စင်ငယ်တွင် တင်ထား၏။ နံရံများကိုနက်မှောင် သော သစ်သားဖြင့် အတွင်းချောကပ်ထားပြီးအရောင် တင်ဆီဖြင့် နှစ်ပေါင်းများစွာ ပွတ်တိုက်ထားသည်။

ကြေးကွပ်သည့် အပိုင်းများကို ပြောင်လက်အောင် တိုက်ပွတ် ထားသည်။ နံရံတစ်ဖက်တွင် ကပ်လျက်၊ သဘော်ပေါ်၌ဝတ်သောကုတ်အင်္ကျီများချိတ်ထားသည့် အောက်တွင်ကား ထိုင်ခုံသဖွယ် အဖုံးပေါ်တွင် ကူရှင် အုပ်ထားသော သေတ္တာကြီးတစ်လုံး ရှိ၏။ သားရေအုပ် ကုလားထိုင်ကြီး နှစ်လုံးသည် ကြေးအုပ်ကြွပ် စီထားသော မီးသွေးမီးလင်းဖို၏ ရှေ့တွင် ရှိသည်။ ထိုမီးဖိုစင် ပေါ်တွင်ကား ရှေးနောက် ရွက်ကြိုးစုံပါသော ရွက် သဘော်တစ်စင်း၏ ပုံစံငယ်ကို တကယ့်သဘော်အတိုင်း အပြည့်အစုံဖြင့် လှပစွာ တင်ထား၏။ ယင်း၏နံဘေးတွင် ရွှေခြည်ငွေခြည်များ၊ ငွေရောင် အနီရောင် ရွှဲလုံးကလေး များဖြင့် တန်ဆာဆင်ထားသော ခရစ္စမတ် သစ်ပင်ငယ် ပုံစံတစ်ခု တင်ထားသည်။ မီးဖိုကလေးတွင် မီးလင်းဖို သုံး ပစ္စည်းများ၊ မီးဆွရန် သံချောင်းကြီး၊ ဂေါ်ပြား နှင့် မီးညှပ်များကို စင်၌ ချိတ်ထား၏။ သဘော်ဘေး ပေါက် အဝိုင်းများ၏ အောက်နံရံပေါ်တွင် သဘော် ခရီး အခေါက်ပေါင်းများစွာဖြင့် ရောက်ခဲ့ရာ များစွာ သောနေရာတို့မှ အမှတ်တရ ဖြစ်စေမည့် ပစ္စည်းများ၊ အာဖရိကမှရခဲ့သည့် သစ်မာရိုးနှင့် လှံတံတိပ်၌ ဖုပါ သော တုတ်၊ တောင်ဘက် ပိုလီနီရှားကျွန်းစုမှရခဲ့သော စစ်သုံးတင်းပုတ်များနှင့် ငါးမန်းစွယ်အသွားတပ်လှံတံ များ၊ ဓားမြှောင်များ၊ အသွားပြက်ကျယ် ဓားငယ် များ၊ စုန်းကဝေ ဆေးဆရာများ၏ မျက်နှာဖုံး တစ်ခု

နှစ်ခု၊ အရိုးဦးခွံ စသည်တို့ကို ထုတ်ပြီး သေးငယ်အောင် လုပ်ထားသော လူခေါင်းပုံကို မည်းနက်နက် ကြောက်မက်ဖွယ်ရာ ဆံပင်မှ တွဲလျဲချလျက် ချိတ်ဆွဲထားသည်။

တံခါးသည် သင်္ဘောကုန်းပတ်ပေါ်ရှိ အမြင့်ဆုံး နင်းကြမ်းနှင့် ထိုမှအလွန်ဆီအထိ မြင်နေရအောင် ပွင့်လျက်ရှိ၏။ ညဥ့်ဘက် မြို့တော်၏ သင်္ဘောကျင်းများနှင့် ယင်းတို့၏နောက်မှ မီးထွန်းထားသော အဆောက်အအုံ မြင့်ကြီးများ၊ ထို့ပြင် နီယွန်မီးရောင်များသည် ကောင်းကင်တွင် လင်းလျက်ရှိကြ၏။ ပိတ်ထားသော ဒုတိယ တံခါးသည် အိပ်ခန်းများဆီသို့ ရောက်သည်၊ ကျောက်မီးသွေး မီးအနည်းငယ်သည်သံချောင်းများ၌ ရဲခနဲ ရဲခနဲ လင်းလျက်ရှိလေသည်။

အပြင်ဘက်မှ ဆိပ်ကမ်း၏ အသံဗလံများ၊ဆွဲသင်္ဘောများ၏ ဥသြသံများ၊ အင်ဂျင်စက်သံများ၊ ရေနွေးငွေ့ ထုတ်သံ၊ ကုန်းပတ်ပေါ်မှ ဝန်ချီစက်လှည့်သည့် တဝုန်းဝုန်းအသံ၊ လည်နေသောစက်တို့မှ ကြိုးပွတ်သံများကို ကြားနေရ၏။ ဆိပ်ကမ်း၏ အသံများ၏ နောက်တွင် ဘတ်စ်ကားသံများ၊ ပက်လက် ကုန်တင်ကား စက်သံများ၊ မော်တော်ကား ဟွန်းသံများနှင့် သီချင်းစက်မှ ဂီတသံများဖြင့် မြို့ပြ၏ အသံများ ကြားရ၏။

မစ္စတာဗစ်တာသည် အပြာရောင် မာလိန်မှူး လက်ထောက်၏ ဝတ်စုံနှင့် ကက်ဦးထုပ်ကို ဆောင်းလျက် အခန်းထဲသို့ ဝင်လာသည်။ သူသည် ထိတ်လန့်တုန်လှုပ်

စွာဖြင့် လှည့်ပတ်ကြည့်လိုက်ပြီး မီးလင်းဖိုကလေးဆီသို့ သွား၍ ကျောက်မီးသွေးများကို ဆွလိုက်၏။ မီးဆွသံ ချောင်းကို သံချောင်းပေါ်တွင် ခါလိုက်သည်။ ဆွဲ သဘော်ာတစ်စင်းသည် ရေစီးကြောင်းထဲတွင် ဖြတ်ကျော် သည့် ဥဩသံ ပေးလိုက်သည်။ မြို့ထဲမှ မီးသတ်ကား ဥဩသံသည် သံစဉ်အတိုင်း တက်၍ အော်မြည်ကာ ပြန် ကျသွား၏။ မစ္စတာ ဗစ်တာသည် မီးဖို စင်ပေါ်ရှိ ခရစ္စမတ်သစ်ပင်ငယ်ကို ကြည့်လျက် ရပ်နေ၏။ ပိတ် ထားသော တံခါး၏ အတွင်းဘက်မှ ခပ်အုပ်အုပ် ခေါ် လိုက်သော မော်ဒင်း၏ 'ဂျိုးဆောလ်ရေ' ဟူသော အသံ ထွက်လာသည်။ မစ္စတာဗစ်တာသည် ဦးခေါင်းကို ချာခနဲ လှည့်လိုက်၏။ 'ဂျိုးဆောလ်ရေ' ဟူသော ခေါ် သံသည် အထိတ်တလန့် ဖြစ်လာသည်။

မစ္စတာဗစ်တာသည် တံခါးဆီသို့သွား၍ ဖွင့်လိုက်၏။ 'သူ မရှိဘူး' ဟု ပြောလိုက်ပြီး 'အပြင်ထွက်ခဲ့ပါ၊ ငါ မင်းကို စကားပြောချင်တယ်' ဟု ဆိုလိုက်၏။ သူသည် မီးလင်းဖိုဆီသို့သွားကာ မီးခဲများအနီးတွင် လက်ချောင်း ပွတ်နေလိုက်သည်။ သူသည် ပွင့်နေသောတံခါးဆီသို့ လှမ်း၍ 'ဒီကိုလာခဲ့ပါ မော်ဒင်းရေ၊ ငါမင့်ကို စကား ပြောချင်တယ်' ဟု ပြောလိုက်ပြန်သည်။

တစ်ခဏကြာလျှင် မော်ဒင်းသည် တံခါးဝ၌ ပေါ် လာပြန်သည်။ သူ၏ဆံပင်များသည် ခေါင်းအုံးပေါ်မှာ အိပ်ထား၍ ဖရိုဖရဲ ဖြစ်နေ၏။ မျက်လုံးများမှာလည်း





အိပ်ချင်မူးတူး ဖြစ်ကာ မရေမရာဖြင့် တောင်ကြည့် မြောက်ကြည့် ရှိ၏။ သူက.... 'ကျွန်မ အိပ်မက် မက်တယ်' ဟု ဆိုလိုက်ပြီးမှ အိပ်ရာမှ နိုးလာကာ 'ဂျိုးဆောလ် ဘယ်သွားလဲ' ဟု မေးလိုက်၏။

မစ္စတာဗစ်တာက 'သူ ကမ်းပေါ် တက်သွားတယ်' ဟု ပြောကာ 'နင်တစ်ခုခု လိုရင် ကူဖို့ ငါ့ကိုစောင့်နေဖို့ မှာခဲ့တယ်' ဟု ဆို၏။

'အချိန်နီးနေပြီ ဗစ်တာ၊ ငါ ပထမအကြိမ် ဆွဲဆုပ်လိုက်သလို နာပြီးပြီ၊ မွေးမလို့ နာတာ မဟုတ်သေးဘူး ထင်ပါရဲ့၊ ဒို့ပေမယ့် ငါ့အချိန်ကတော့ နီးကပ်နေပြီ၊ ဂျိုးဆောလ် ငါ့အနားမှာ ရှိစေချင်တယ်၊ ဒီမှာ ရှိနေစေချင်တယ်' ဟုပြောကာ မွေးခါနီး ကိုယ်ဝန်သည်များကဲ့သို့ လေးလံသော ခြေလှမ်းများဖြင့် ခေါက်တုံ့ခေါက်ပြန် တအိအိ လျှောက်နေလေ၏။

'ထိုင်ပါဦးကွယ့်' ဟု မစ္စတာဗစ်တာက ပြောသည်။

'ဟင့်အင်း' ဟု မော်ဒင်းက ဆိုကာ 'ထိုင်နေလို့ သက်တောင့်သက်သာ မရှိလို့' ဟု ပြောလိုက်ပြီး ပြတ်ပြတ်တောင်းတောင်း ရယ်လိုက်ကာ 'မိန်းမကြီးတစ်ယောက်က ကလေးမွေးချိန်ကျပြီဆိုရင် သူ ပြောနိုင်သတဲ့၊ သူကတော့ သူ့ဗိုရိုအောက်ဆုံးက အံဆွဲတွေကို ရှင်းတာပဲတဲ့၊ အေး....ငါလဲ အခု ငါ့ဗိုရို အောက်ဆုံး အဆင့်က ဖုန်တွေကို သတိရလိုက်တယ်၊ ငါ အောက်

ရောက်အောင် ကုန်းလိုက်ပြီး ဒါကို ရှင်းချင်တယ်၊ ဒါ ငါ့အဖို့ အထိမ်းအမှတ်ပဲ ထင်တယ်၊ ဂျိုးဆောလ်ကို ဒီမှာ ရှိစေချင်တယ်၊ မကြာခင် သူပြန်မရောက်ရင် သူ့ ကို နင် ရှာစေချင်တယ် ဗစ်တာ၊ မကြာခင်ပင် မေ့ တော့မယ်၊ အို....သိပ်မကြာခင်ပဲ....' ဟု ဆိုလိုက်၏။

ဗစ်တာတွင် စိတ်လှုပ်ရှားမှုသည် ဆူပွက်လာသည်။ သူသည် ကုလားထိုင်ကြီးတစ်ခုကို အနည်းငယ် ရွှေ့ လိုက်သည်။ 'မရဘူး' ဟု နောက်ဆုံး သူက ဆိုလိုက်၏။ သူက ငြိမ်သက်စွာ ဆိုလိုက်သော်လည်း သူ၏ လည် ချောင်းထဲတွင် အတင်း ထိန်းချုပ်ရသည့် အသံဖြင့် 'ငါ မလုပ်နိုင်ဘူး၊ ငါကြိုးစားပါတယ် မော်ဒင်းရယ်၊ ငါ့ ကိုယ်ငါ အတင်းကြိုးစား ထိန်းပါတယ်၊ ဒါပေမယ့် ငါ ဟာ ဒီထက်ပိုသွားရင် ငါ....ငါ ဘာလုပ်မယ်ဆိုတာ ငါ မသိဘူး' ဟု ဆိုလိုက်၏။ သူသည် သူ၏လက်များကို ဆန့်တန်းပြီးနောက် 'တွေ့လား၊ ငါ့အထဲမှ အေးစက် နေပြီ၊ ငါ့လက်တွေဟာ ငြိမ်မနေကြပေဘူး မော်ဒင်း ရယ်၊ မင့်ကို ငါ လက်မလွှတ်နိုင်ဘူး' ဟု ဆိုလေသည်။

'ငါ့ကို လက်မလွှတ်နိုင်ဘူးဆိုတာ ဘာသဲ ဗစ်တာ၊ နင် ဘာပြောနေဘာလဲ' မော်ဒင်း၏ မျက်နှာမှ ထိတ် လန့်သည့်အမူအရာ ပေါ်နေ၏။

'ငါ အမျိုးမျိုး စဉ်းစားပြီးပါပြီ' ဟု ဗစ်တာက အော်လိုက်ပြီး 'ငါမလုပ်နိုင်ဘူး၊ နင်ဟာ ငါ့မိန်းမ၊ ပြီး

တော့ အဲဒါဟာ ငါ့ကလေး၊ ငါနင့်ကို ရအောင်ယူရမယ်' ဟု ဆိုလိုက်သည်။

'နင် ရူးနေသလား' မော်ဒင်းသည် ဗစ်တာ၏ရှေ့တွင် ရပ်နေကာ.... 'ငါ နင့်မိန်းမ မဟုတ်ဘူး' ဟု ဆိုလိုက်၏။

'ရူးတာ ဖြစ်ချင်ဖြစ်မယ်' ဟု ဗစ်တာက ဆိုလိုက်ပြီး 'ပြီးတော့ ဒီထက်လဲ ပိုရူးချင်ရူးသွားမယ်၊ နင် အခု ငါနဲ့ လိုက်ခဲ့ရမယ်၊ နင် ငါ့မိန်းမ၊ ပြီးတော့ ငါ့ကလေးကို ဒီမှာ အမွေးမခံနိုင်ဘူး' ဟု ပြောသည်။

'မစ္စတာဗစ်တာ၊ ကိုယ့်နေရာ ကိုယ်ပြန်ပါ၊ အခု ချက်ချင်း ပြန်သွားပါ၊ ရှင်ပြောတာတွေ ဂျိုးဆောလ် ကြားသွားရင် ရှင့်ကို သေနတ်ပေါ်က နှင်ထုတ်လိမ့်မယ်၊ ဒါမှမဟုတ် သူ ရှင့်ကို သတ်ပစ်လိမ့်မယ်၊ ရှင့်နေရာကို ရှင်ပြန်ပါ' ဟု အမိန့်ပေးသံဖြင့် ပြောဆိုလိုက်သည်။

'မပြန်ဘူး' ဟု တအံ့တသြ ပြောလိုက်ပြီး 'နောက်ကျနေပြီ၊ ငါ နင်နဲ့ ငါ့ကလေးကို ရကိုရရမယ်' ဟုဆိုကာ သူ့ကိုယ်သူ အစိုးမရ မချုပ်တည်းနိုင်အောင် စိတ်ရူးပေါက်လာသည့် အသံဖြင့် 'ငါ ဒါကို ရကို ရရမယ်၊ ငါက နင့်ကို လိုချင်သလို နင်ကလဲ ငါ့ကို လိုချင်ရင် ကောင်းမယ်၊ သို့ပေမယ့် နင် အလိုရှိရှိ မရှိရှိ ငါနင့်ကို ရအောင်ယူမယ်၊ ဒါဟာ ငါ့တစ်ဘဝလုံးပဲ၊ ငါ့ဘဝမှာ ဘာပဲဖြစ်လာဖြစ်လာ ငါ လွှင့်တော့ မပစ်ဘူး၊ ဒီမှာ

ကြည့်စမ်း’ ဟု အော်လိုက်ပြီး ‘ငါ နင်နဲ့ ငါ့ကလေးကို ဂျိုးဆောလ်ကြီးဆီမှာ ပစ်ထားခဲ့ပြီး ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်၊ ပြီးတော့ ဒါကို ငါမလုပ်နိုင်ဘူး၊ ငါပြန်လာတယ်၊ ပြီးတော့ လူလိမ္မာလုပ်ပြီး ကြာခိုသမားတဏှာရူးအနေနဲ့ ဂျိုးဆောလ်ရဲ့ လက်ခုပ်မှာ ငါ့မိန်းမနဲ့ ငါ့ကလေးကို စောင့်ပေးနေဖို့ ငါ ကြိုးစားပါတယ်၊ အဲဒီ ငါ မလုပ်နိုင်ဘူး’ ဟု ပြောလေ၏။

မောင်ဒင်းက ‘ဗစ်တာ၊ ငါ ဘာဖြစ်လို့ ဒီကလေးကို လိုချင်ရတယ်ဆိုတာ နင့်ကို ငါ အထပ်ထပ်အခါခါ ပြောခဲ့ပြီ၊ ငါ ဂျိုးဆောလ်ကို ချစ်လို့၊ ဒါဟာ ရှူးတာပဲ’ ဟု ပြောသည်။

ဗစ်တာက ထုံထိုင်းထိုင်းပင် ‘ရှူးရှူး မရှူးရှူး ဒါက ဒီအတိုင်းပဲ’ ဟု ဆိုလိုက်ပြီး ‘ငါ့တစ်သက်မှာ တစ်ခါပဲ ရဖူးတဲ့အသက်ကိုတော့ ငါ အဆုံးရှုံးမခံဘူး၊ ကမ္ဘာကြီးတစ်ခုလုံး မီးလောင်သွားပေစေ’ ဟု ဆိုသည်။

မောင်ဒင်းက သနားကြင်နာသည့် လေသံဖြင့် ‘ဗစ်တာရယ်၊ နင် နားမလည်တာတွေ အများကြီး၊ ဒါကိုတော့ နင် လုံးဝ နားလည်ပုံမရဘူး’ ဟု ပြောလိုက်သည်။

ဗစ်တာက ‘ငါ နားလည်ဖို့ မလိုပါဘူး။ ထားပါတော့၊ အခု ဒီည နင် ငါနဲ့ လိုက်....လိုက်ခဲ့ရမယ်၊ နင့်အတွက် ငါ့မှာ နေရာရှိပါတယ်၊ ငါ့မှာ ဆရာဝန်လဲ ရှိပါတယ်၊ အခု ငါနဲ့လိုက်ခဲ့ပါ၊ နင် အခု ငါနဲ့လိုက်ခဲ့

ရမယ်’ ဟု ဆိုကာ သူ့အသံသည် ကျယ်လောင်လာပြီး ‘နင့်ကို ငါ အတင်းဆွဲ ခေါ်ရခေါ်ရ’ ဟု ဆိုသည်။

မော်ဒင်းသည် ယခု ဗစ်တာ၏ စိတ်ရူးဒေါသအရှိန် မြင့်တက်လာသည့်ကို ရိပ်စားမိသဖြင့် သူ့အား ကြောက်လာသည်၊ ‘ငါ မလိုက်ဘူး ဗစ်တာ၊ ဒါကို နင် မသိဘူး လား၊ ငါ့ကို ဒီက တွက်သွားအောင် ဘာမှ မလုပ်နိုင်ဘူး၊ ဒါကို နင် မသိဘူးလား’ ဟု ဆိုလိုက်၏။

ဗစ်တာ ခေါင်းငိုက်စိုက် ကျသွားကာ သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်၏၊ ‘တခြားဟာဆိုလို့ တစ်ခုပဲ ရှိတယ်’ ဟု သူက ဆိုလိုက်ပြီး ‘တို့ ဒီက စောင့်မယ်၊ ဒီအတိုင်းပဲ စောင့်နေမယ်၊ ဂျိုးဆောလ် ပြန်လာရင် ငါသူ့ကို အားလုံး ပြောပြမယ်၊ နင် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဒါဟာ မဟုတ်ပါဘူးလို့ နင်ပြောနိုင်မယ် မထင်ဘူး၊ အဲဒီအခါမှ သူ နင့်ကို ကန်ထုတ်လိုက်မယ်၊ အဲဒီအခါမှာ နင့်ကို ငါယူမယ်၊ သူ ဒေါသထွက်ပြီး နင့်ကိုရော ကလေးကိုပါ နာကျင်အောင် လုပ်ချင် လုပ်မယ်၊ ဒီဟာ လုပ်ထိုက်သလား မော်ဒင်း ရယ်၊ ဒါမှမဟုတ် သူက မရိုက်မနှက်ဘဲ ထားတယ် ဆိုပါတော့၊ သူက ဒီအတိုင်းပဲ ရှိပါစေတော့လို့ ထားလိုက်တယ် ဆိုပါတော့၊ ဒီတော့ သူက နင့်အပေါ်မှာရော ငါ့ကလေးအပေါ်မှာရော ဖုံးကွယ်ထားတဲ့ အမုန်းရိပ် မှာ နေရတော့မယ်၊ ငါသူ့ကို တကယ်ပြောလိုက်မယ်

မော်ဒင်း၊ ငါက မပြောချင်ပေမယ့် အသေအချာကို ပြောရတော့မယ်' ဟု ပြောသည်၊

မော်ဒင်းမှာ နာကျင်သဖြင့် ကုန်းနေ၏။ သူသည် ရှေ့သို့ ကုန်းနေပြီး မျက်လုံးများ ပြူးကျယ်လျက် အနာသက်သာသွားသည်အထိ သူ၏ နှုတ်ခမ်းများကို ကိုက်ထားသည်။

'စ လာပြီ၊ ငါ့ကို အချိန်ပေးပါ' ဟု မော်ဒင်းက တောင်းတောင်းပန်ပန် ပြောပြီး 'ဗစ်တာရယ်၊ ကျေးဇူးပြုပြီး ငါ့ကို စဉ်းစားဖို့ အချိန်ပေးပါနော်၊ အခု ငါ မစဉ်းစားနိုင်ဘူး၊ နင် မမြင်ဘူးလား' ဟု ဖြေလိုက်သည်။

ဗစ်တာက 'မပေးနိုင်ဘူး' ဟု ဆိုလိုက်ပြီး 'ငါဒါကို ငါ့စိတ်ထဲမှာ အထပ်ထပ်အခါခါ စဉ်းစားပြီးပါပြီ၊ ငါနင့်ကို အချိန်မပေးရဲသေးဘူး၊ မပေးနိုင်ဘူး၊ နင့်ကို အချိန်ပေးဖို့ ငါမတတ်နိုင်ဘူး၊ ငါ့ကို လှည့်စားသွားလိမ့်မယ်' ဟု ပြောကာ 'ငါ မပေးဝံ့ဘူးလို့ ပြောတယ်၊ နင် လိုက်ခဲ့ရမယ်' ဟု အော်လိုက်သည်။

'ငါ မလိုက်ဘူး' ဟု မော်ဒင်းက ဆိုလိုက်ပြီး 'သူ နားလည်ပါလိမ့်မယ်၊ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး' ဟု ပြော၏။

'မော်ဒင်းရယ်၊ နင် ဒါကို မယုံပါနဲ့၊ နင်ပြောသလို သာဖြင့် သူ ဘာဖြစ်လို့ ကလေး မမွေးစားတာလဲ၊ သူ

ဘာကြောင့် သေနတ်တွေ့မိသားစုတို့ ဆိုတာတွေ အမြဲပြော နေတာလဲ၊ မဖြစ်ပါဘူး၊ နင် ဒါကို မယုံပါနဲ့’

မော်ဒင်းသည် ဗစ်တာထံသို့ လာပြီး တောင်းပန်သည်။ ‘ကျေးဇူးပြု၍ဗစ်တာရယ်၊ တစ်ယောက်အတွက် သုံးယောက်ကိုတော့ မဖျက်ဆီးပါနဲ့၊ နင့်ကို သူဘယ်တော့မှ နာကျင်အောင် မလုပ်ခဲ့ပါဘူး၊ သူ့ကို နင် ဘာဖြစ်လို့ သတ်မလဲ၊ သူ့ကိုသတ်ရင် ငါ့ကိုသတ်တာပဲ၊ ဘာဖြစ်လို့ သတ်မလဲ၊ ဒီတော့ နင် ဘာရမလဲ၊ ကျေးဇူးပြု၍ ဗစ်တာရယ်၊ အနည်းဆုံး ငါ့ကိုတော့ အချိန်နည်းနည်း ပေးပါ’ ဟု ပြောသည်။

‘မပေးနိုင်ဘူး’ ဟု ဆိုလိုက်ပြီး ‘အချိန်....ဟုတ်လား၊ အချိန်ဟာ ငါ့ရန်သူပဲ’ ဟု ပြော၏။

ရုတ်တရက် မော်ဒင်းသည် ငြိမ်သက်သွားပြီး အလွန် မောပန်းသွားသည်။ ‘ဗစ်တာရယ်၊ ဖြစ်ခဲ့တာတွေလဲ များပါပြီ၊ ကလေးက ငါ့ဝမ်းထဲမှာပဲ ဖွံ့စည်း ကြီးပြင်းလာခဲ့တာနဲ့အမျှ ငါ့စိတ်ထဲမှာလဲ ပြောင်းလဲမှု ရှိခဲ့ပါတယ်၊ ငါ အလျင်ကလို မဟုတ်တော့ပါဘူး၊ ငါ့မှာ မာကျောတဲ့ အတ္တစွန်းတွေလဲ ပြေသွားပါပြီ’ ဟု ပြောလိုက်၏။

ဗစ်တာက ‘ဒါ လှည့်စားတာ တစ်မျိုးလားကွယ့်’ ဟု မသက်မသာ မေးလိုက်၏။

မော်ဒင်းက ငြိမ်သက်စွာပင် ‘မဟုတ်ပါဘူး၊ ငါ့ ကိုယ်ငါလဲ လှည့်စားတာမဟုတ်ရင် ဒါဟာ လှည့်စား တာရယ်လို့ ငါမထင်ပါဘူး၊ ပထမ ငါနင့်ကို အကူအညီ

တောင်းတုန်းက ငါဟာ ဝေဒနာအိမ်ကလေးထဲမှာ ပိတ်လှောင်ခံနေရတာ၊ ငါ့လောကမှာ ဂျီးဆောလ်နဲ့ ငါမှတစ်ပါး ဘယ်သူမှ မရှိခဲ့ဘူး။ ဒါပေမယ့် ငါကိုယ် ဝန်ဆောင်နေရတဲ့ လပေါင်းများစွာအတွင်းမှာ ငါ့ လောက ကျယ်ပြန့်လာတယ်၊ ပိတ်လှောင်ထားတာလဲ မဟုတ်တော့ဘူး' ဟု ပြောပြနေ၏။

ဗစ်တာက စိတ်မငြိမ်မသက်ဖြစ်ကာ 'နင် ဘာလုပ်ဖို့ ကြိုးစားနေတာလဲ' ဟု မေးလိုက်၏။

'နင်အခု ဖိတ်ခေါ်ကြိုဆိုခံရနိုင်တယ်ဆိုတာ နင့်ကို ပြောမလို့ ကြိုးစားနေတာ'

ဗစ်တာက 'ဂျီးဆောလ်ကိုကော'ဟု မေးလိုက်၏။

'ဒါကတော့ မပြောင်းပါဘူး၊ ငါ ဂျီးဆောလ်ကို ချစ်တယ်၊ ငါ သူ့ကို မနာကျင်စေချင်ဘူး၊ ငါ သူ့ မယား'

'ငါ့ကို ဘယ်လိုအရှုံးလို့ နင် ထင်နေတာလဲ၊ နင်က တို့နှစ်ယောက်စလုံးကို ချစ်မယ်လို့ ဆိုလိုတာလား' ဟု မေးလိုက်သည်။

'နင်ဆိုလိုသလို မဟုတ်ပါဘူး ဗစ်တာရယ်၊ ဒါပေ မယ့် ငါက မိသားစုကို အဝတ်အထည်လိုဖွင့်ပြီး နင့်ကို ပါလက်ခံဖို့'

'နင်က နင်ဟာ လူနှစ်ယောက်ရဲ့မယား ဖြစ်နိုင်တယ် လို့ ထင်သလား'

'မဟုတ်ဘူး ဗစ်တာ၊ ငါဟာ ဂျီးဆောလ်ရဲ့ မယားပဲ ဖြစ်နိုင်တယ်'

'ဒါဖြင့် ငါကလဲ မရဘူး လို့ပဲ ပြောတယ်'ဟု အော်လိုက်ပြီး 'မရဘူး'ဟု အော်လိုက်သည်။

မော်ဒင်းက ဗစ်တာအား စေ့စပ် သေချာစွာကြည့်လိုက်ပြီး သူ့စိတ် မပြောင်းဘူး ဆိုသည်ကို သေချာအောင် 'ငါ တောင်းပန်ပါတယ် ဗစ်တာရယ်' ဟု ဆိုလိုက်၏။

'မရဘူး'

'ဗစ်တာ'ဟုမော်ဒင်းက အော်လိုက်ပြီး 'နင့်ရွေးချယ်မှုဟာ ဘာလဲဆိုတာ နင် မသိဘူး၊ ငါ့ကိုလဲ နင် မသိဘူး၊ ကျေးဇူးပြုပြီး ဗစ်တာရယ်၊ နင်မသိဘူး၊ နင့်ဘဝကို နင် ဘာဖြစ်လို့ ပစ်စလက်ခတ် လုပ်ရမှာလဲ၊မလုပ်ပါနဲ့ ဗစ်တာရယ်၊ ဒါ မလုပ်ဖို့ နင့်ကို ငါ တောင်းပန်ပါတယ်' ဟု ပြောလိုက်၏။

ဗစ်တာကထုံဆိုင်းထိုင်းပင်'ငါ ဒါအကြောင်းအကြာကြီးစဉ်းစားပြီးပြီမော်ဒင်းရယ်၊ငါ့အိမ်စင်ပေါ်မှာလဲ့ပြီး နင့်ရယ်မောသံတွေ ဂျီးဆောလ်နဲ့ တိုင်ပင်နေကြတာတွေ ကြားနေရတော့ ဒါ ဘယ်လိုခံစားစေရမယ်ဆိုတာ နင် ဘယ်လိုထင်သလဲ မော်ဒင်းရယ်၊ ငါ့ ရွေးချယ်မှုဟာ ငါ နက်ဖြန် သေတော့မှာ သေချာတယ်ဆိုတဲ့ အသိနဲ့ ရွေးချယ်မှုဆိုရင်လဲ ငါတော့ ဒါကိုပဲ ရွေးချယ်မှာပဲ။ နင် ငါနဲ့သာ လိုက်ခဲ့ပါ'ဟု ဆိုလေသည်။

'နင် သေချာရဲ့လား ဗစ်တာရယ်၊ အပြောင်းအလဲ မရှိနိုင်တော့ဘူးလား၊ နင် ငါ့ကို နည်းနည်းကလေးမှ အချိန်မပေးနိုင်တော့ဘူးလား၊ လုပ်ပါ ဗစ်တာရယ်.... အချိန်....'

ဗစ်တာက 'မပေးနိုင်ဘူး'ဟု ဆိုလိုက်ပြီး 'ငါ အခု နောက်မဆုတ်နိုင်တော့ဘူး. ငါဟာ အခု လှည့်မရတဲ့ လိုဏ်ခေါင်းကျဉ်းကလေးထဲကို ရောက်နေတယ်'ဟုပြော လိုက်သည်။

မော်ဒင်းက ဗစ်တာအား အတော်ကြာအောင် စောင့်ကြည့်နေလိုက်၏။ သူ့မျက်လုံးများမှာ မျက်ရည်များ ပြည့်နေသည်။သူတို့နှစ်ယောက်စလုံးသည် တံခါးဝ၌ရပ်၍ သူတို့ကိုကြည့်နေသော ဖရင်းအက်ဒ်ကို မမြင်ကြချေ။ သူ၏ အပြာရင့်ရောင် မာလိန်မှူး ဝတ်စုံသည် မှောင်တစ်ဝက် အရောင်ထဲတွင် ပျောက်နေ၏။

မော်ဒင်းသည် ဦးခေါင်းကို ဖြည်းဖြည်းယမ်းလိုက်ပြီး 'ငါ့မှာ တခြား ရွေးစရာမရှိတော့ဘူးလား'ဟု ဆို လိုက်သည်။

'မရှိဘူး၊ နင့်မှာ ရွေးစရာမရှိတော့ဘူး၊ ကုတ်အင်္ကျီ ယူခဲ့။ နင်ယူခဲ့ဖို့ရှိတာက ဒါပဲ၊ အားလုံး အသစ်ဖြစ်မယ်၊ အားလုံး....'

မော်ဒင်းက သက်ပြင်းကြီးချလိုက်ပြီး 'နင့်ကို ငါသတ်မယ်ဆိုတာ နင်မသိဘူးလား ဗစ်တာ'ဟု ဆိုလိုက်၏။

'မြန်မြန်'ဟု ဗစ်တာကဆိုလိုက်ပြီး 'ကုတ်အင်္ကျီပဲ ယူ ခဲ့၊ ဒီဘဝဟောင်းက ဘာဆိုဘာမှမလိုချင်ဘူး'ဟု ပြော သည်။

မော်ဒင်းက ဗစ်တာအား ငြိမ်သက်စွာကြည့်နေလိုက် ပြီး သူ၏ မျက်လုံးများသည် တစ်စုံ တစ်ခု အတွက် သန္နိဋ္ဌာန် ချမှတ်ပြီးသကဲ့သို့ ရှိ၏။ သူသည် အင်္ကျီချိတ် များဆီသို့သွား၍ မီးခိုးရောင် ကုတ်အင်္ကျီများဆီသို့ သွား ၍ ကုတ်အင်္ကျီကြီးကို မ ချလိုက်၏။

'ဗစ်တာ'ဟု မော်ဒင်းက ခေါ်လိုက်ပြီး 'ငါ့အိပ်စင် အောက်က အဝတ်သေတ္တာ သွားယူပေးပါ'ဟု ပြော လိုက်၏။

ဗစ်တာက မသက်သာသလို ကြည့်၍ 'ဘာ အဝတ် သေတ္တာလဲ၊ ငါ ဒီဘဝကဟာဆို ဘာမှ မလိုချင်ဘူး'ဟု ပြောလိုက်သည်။

မော်ဒင်းက သူ့ဘက်သို့လှည့်၍ 'ဆေးရုံကို သွားဖို့' ဟုပြောကာ 'ငါ ဒါကို သတင်းပတ်ပေါင်း များစွာက ထုပ်ပိုး ပြင်ဆင်ထားတာ'ဟု ဆိုသည်။

ဗစ်တာက ဆုတ်ဆိုင်းဆိုင်း လုပ်နေ၏။

'သွားယူပါ ဗစ်တာ'ဟု မော်ဒင်းက ထပ်ပြော သည်။

ဗစ်တာလည်း တံခါးဆီသို့ သွားသည်၊ သူဝင်သွား သည်နှင့် မော်ဒင်းသည် နံရံပေါ်ရှိ အမှတ်တရပစ္စည်း ဆီသို့ သွားကာ လေးလံသော ဓားမြှောင်တစ်ချောင်း

ကို ဓားအိမ်မှ ချွတ်ယူကာ သူ့အင်္ကျီရှည် အခေါက်ကြား၌ ဖုံး၍ဝှက်ထားလိုက်သည်။ သူ ထိုသို့လုပ်စဉ် သူသည် ဖရင်းအက်ဒ် တံခါးအတွင်းဝ၌ ရပ်၍ သူ့အားကြည့်လျက် ခေါင်းကို ဖြည်းဖြည်း ယမ်းပြနေသည်ကို မြင်လိုက်ရသည်။ မေဘ်ဒင်းသည် တစ်ချက်ကလေးမှ မလှုပ်အောင် ငြိမ်သက်စွာ ရပ်နေသည်။ သူ့ပါးစပ်မှာ အနည်းငယ် ဟ,နေ၏။

ဗစ်တာသည် အဝတ်သေတ္တာကို ဆွဲလျက် အိပ်ခန်းဘက်မှ ထွက်လာသည်။ သူသည် ဖရင်းအက်ဒ်ကိုမြင်သည်။ အဝတ်သေတ္တာကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်ပြီး ဖရင်းအက်ဒ်ရှိရာသို့ လျင်မြန်စွာ ရွေ့လျားလာခဲ့သည်။

'ခင်ဗျားကြီး ဘာလုပ်ချင်လို့လဲ' အံ့အား သင့်စွာ မချေမငံ မေးလိုက်သည်။

သို့ရာတွင် ဖရင်းအက်ဒ်ကမူ သူ့ကိုကျော်၍ မေဘ်ဒင်းအားကြည့်ကာ 'တစ်ခါက မင့်ကို ငါ မကူနိုင်ခဲ့ဘူး ၊ငါ့တာဝန် မယူနိုင်ခဲ့ဘူး၊ အခု ယူမယ်'ဟု ဆိုလိုက်၏။

ဗစ်တာက 'ဒီက ထွက်သွားလိုက်ပါ' ဟုဆိုလိုက်၏။

ဖရင်းအက်ဒ်က 'ရှူး...တိုး တိုး' ဟု ပြောလိုက်သည်။

မေဘ်ဒင်းက 'ဒါကို ကျွန်မတစ်ယောက်တည်း လုပ်ခဲ့တာ၊ ရှင့်အကူအညီမလိုဘူး'ဟု ပြောသည်။

ဖရင်းအက်ဒ်က 'ဒါပေမယ့် မင်း အခု ရနေပါပြီ၊ မင်း လိုချင်သည်ဖြစ်စေ မလိုချင်သည်ဖြစ်စေ ရနေပါပြီ' ဟု ဆိုသည်။

မော်ဒင်းက ဖရင်းအက်ဒ်အား 'ရှင် ဖယ်နေ' ဟု အော်လိုက်ပြီး 'ဒီဟာနဲ့ ကင်းအောင်ဖယ်နေ၊ ကျွန်မ စ, ခဲ့တဲ့ အလုပ် ကျွန်မ အပြီးသတ်မယ်' ဟုပြောလိုက်သည်။

ဖရင်းအက်ဒ်က 'ငါ အခု သင်္ဘောထွက်ဖို့ အမိန့်ရပြီ၊ ဿန်းခေါင်အချိန်မှာ သင်္ဘောထွက်မယ်၊ နှုတ်ဆက်ဖို့ လာခဲ့တာ' ဟုဆိုကာ ဗစ်တာအား ကြည့်လိုက်ပြီး 'မင်း ငါနဲ့ ကုန်းပတ်ပေါ်သာ လိုက်ခဲ့ပါ' ဟု ပြော၍ 'ငါ မင့်အတွက် သတင်းတစ်ခု ပေးစရာရှိတယ်' ဟု ဆိုသည်။

ဗစ်တာက ခက်ထန်စွာပင် 'ဒီမှာပြော' ဟု ဆိုလိုက်၏။

ဖရင်းအက်ဒ်က 'မဖြစ်ဘူးလေ၊ ဒါ လျှို့ဝှက်တဲ့ကိစ္စ လာပါကွာ' ဟု ပြောကာ ဗစ်တာအား သိမ်မွေ့စွာပင် ကွန်း၍ တံခါးမှ ထွက်သွားကြရာ နှစ်ယောက်သား သည့်အမှောင်ထဲသို့ ပျောက်ကွယ်သွားကြ၏။

မော်ဒင်းသည် တောင့်တောင့်ကြီး ရပ်နေကာ သူ၏ မျက်လုံးများမှာ ကြောက်လန့်သဖြင့် ပြူးကျယ်နေသည်၊ သူ မျှော်လင့်ထားသည်ကို နားစွင့်နေလိုက်၏။ ထို့နောက် 'ဂျွတ်' ခနဲ ထိုးထည့်လိုက်သော အသံ နောက်တွင် ညှစ်ထုတ်လိုက်သော ညည်းညည်းတွား

တွား အော်ဟစ်လိုက်သော အသံနှင့် တစ်ခဏကြာသော် ရေထဲသို့ တစ်စုံတစ်ခု ကျသွားသော အသံ။ မော်ဒင်း သည် တုန်သွားသည်။

ဖရင်းအက်ဒ် ပြန်ဝင်လာသောအခါ မော်ဒင်းမှာ သူ့ ရှေ့တည့်တည့်သို့ စူးစိုက်ကြည့်လျက်ပင် ရှိ၏။ ဖရင်း အက်ဒ်က မော်ဒင်းဆီသို့ သွားပြီး မော်ဒင်း၏ လက် ထဲက ဓားကို အသာအယာ ယူလိုက်ကာ ဓားအိမ်ထဲသို့ ပြန်ထားလိုက်လေ၏။ ဖရင်းအက်ဒ် မော်ဒင်းထံသို့ ပြန် လာ၏။ မော်ဒင်း၏ လက်ကို ကိုင်ကာ ကုလားထိုင် တစ်ခုဆီသို့ ခေါ်သွားပြီး ထိုင်စေ၏။

ဖရင်းအက်ဒ်က 'ဂျိုးဆောလ် ဘယ်မှာလဲ၊ ငါ သူ့ကို နှုတ်ဆက်ဖို့ ပြန်လာခဲ့တာ' ဟု ပြောလိုက်သည်။

မော်ဒင်းသည်း ထိခိုက်တုန်လှုပ်သွားရာမှ သတိကို ဖြစ်စေလျက် 'သူဟာ မဆိုးပါဘူး ဖရင်းအက်ဒ်ရယ်၊ သူဟာ လူဆိုး မဟုတ်ပါဘူး' ဟု ပြောသည်။

ဖရင်းအက်ဒ်က 'ငါ သိပါတယ်' ဟု ခဲ့၏။

မော်ဒင်းက 'ကျွန်မ မစဉ်းစားနိုင်ဘူး' ဟု ဆိုကာ 'မွေးတော့မယ် ထင်တယ်၊ နာလာပြီ' ဟု ပြောလိုက် သည်။

ဂျိုးဆောလ်သည် တံခါးဝ၌ ရပ်လာ၏။ သူ၏ ခြေ ထောက်များကို ကားထား၏။ သူ၏ပခုံးများမှာ လျှော့ နေသည်။ သူ၏မေးစေ့မှာ ခက်ထန် မာကျောနေသည်။ မျက်လုံးများမှာ ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။

မော်ဒင်းသည် သူ့ထံသို့ ရွေ့လျားသွားသည်။ ထို့နောက် ဂျီးဆောလ်၏မျက်လုံးများသည် ခက်ထန်စွာ ထိုးဖောက်လျက် သူ့အား ကျော်လွန်ကာ ကြည့်နေသည်ကို တွေ့ရသဖြင့် မော်ဒင်းလည်း ကုတ်အင်္ကျီကြီးများ ချိတ်ထားသည့်အောက်က သေတ္တာကြီးဆီသို့ ကြောက်ရွံ့စိုးထိတ်စွာ ပုန်းခိုနေတော့မည်ကဲ့သို့ ရွေ့သွားသည်။

ဖရင်းအက်ဒ်က ‘ငါ မင့်ကို လိုက်ရှာနေတာ၊ ငါ အမိန့်ရပြီ၊ သန်းခေါင်အချိန်မှာ ငါ သင်္ဘောထွက်မယ်၊ မင်း ဘာဖြစ်လာသလဲ ဂျီးဆောလ်၊သောက်လာသလား’ ဟု မေးသည်။

‘သောက်လာသလား၊ ဟုတ်လား၊ မသောက်ဘူးကွ’ ဟု ဂျီးဆောလ်က ဒေါသဖြင့် အော်လိုက်ပြီး ‘ငါဟာ မကျန်းမာတဲ့ လူပါ၊ အဲဒါပဲ၊ ငါဟာ မကျန်းမာဘူး’ဟု ဒေါသဖြင့် အော်ဟစ်လိုက်သည်။

ဖရင်းအက်ဒ်က စိတ်ပျက်လက်ပျက်ပင် ‘မင်း ဒေါက်တာ ဇောန်းဆီ ရောက်ခဲ့ပြီပေါ့’ဟု ပြောလိုက်သည်။

‘အေး.....ငါ သွားခဲ့တယ်၊ ငါသွားခဲ့တယ်၊ ငါ တစ်ယောက်တည်းပဲ သွားခဲ့တယ်၊ ဘယ်သူကမှ ငါ့ကို အသွားခိုင်းတာ မဟုတ်ဘူး (ကျိန်ဆဲလျက်)ငါ့ကို ဘယ်သူကမှ အသွားခိုင်းရတာ မဟုတ်ဘူး’

ဖရင်းအက်ဒ်က မျှော်လင့်ချက် ကင်းမဲ့စွာ 'မင်း ဒေါက်တာဇောန်းဆီ သွားတယ်၊ မင်း သိခဲ့ပြီပေါ့'ဟု ဆိုလိုက်သည်။

မော်ဒင်းလည်း တိတ်ဆိတ်စွာ ရင်ထုမနာဖြစ်လျက် သူ့ကိုယ်သူ ပိုက်ထွေး ပွေ့ဖက်ထား၏။

ဂျိုးဆောလ်၏ မျက်လုံးများသည် ဘေးအန္တရာယ်ကို သတိထား ကြည့်လာသည်။ သူသည် ဖရင်းအက်ဒ်နှင့် မျက်နှာချင်း မဆိုင်။ မော်ဒင်းအားလည်း မကြည့်။ 'ဒေါက်တာ ဇောန်းက ငါ့နှလုံး မကောင်းဘူးတဲ့၊ငါ့ကို မကောင်းတဲ့နှလုံး ရှိသတဲ့၊ ငါ သူငယ်ဘဝက တစ်ခါ မမာမကျန်း ဖြစ်ဖူးတယ်၊ အဲဒါကြောင့်တဲ့'ဟု ဆိုသည်။

ဖရင်းအက်ဒ်က ဂျိုးဆောလ်အား ကလေး တစ်ယောက်ပမာ သဘောထား၍ 'ကဲ....အဲဒါ အန္တရာယ် ရှိသတဲ့လား'ဟု မေး၏။

ဂျိုးဆောလ်က 'အန္တရာယ် ရှိတယ်၊ သူက ငါ့ကို စိတ်အေးအေးထားတဲ့၊ စိတ်အေးအေးထားတဲ့၊ ငါ့ကို' ဟု အော်ပြောသည်။

ဖရင်းအက်ဒ်သည် စားပွဲထိပ်ရှိ ဆုံလည်ကုလားထိုင် တစ်လုံး၌ ဝင်ထိုင်လိုက်ပြီး အတော မသတ်နိုင်အောင် ရယ်လေသည်၊ 'ဒါ ဘာဖြစ်သလဲကွ၊ စိတ်အေးအေး ထားရတာ ကောင်းမှာပေါ့ကွ၊ ငါ့ကိုယ်တိုင်လဲ စိတ် အေးအေး ထားချင်ပါရဲ့၊ အဲဒါ မင့်ကလေးနဲ့ အချိန် ပိုကြာကြာ နေနိုင်အောင် ပေးတာပေါ့'ဟု ပြောသည်။

ဂျိုးဆောလ်က မစ္ဆရိယစိတ် အားကြီးစွာဖြင့်'ဟုတ်မယ် ထင်ပါရဲ့၊ မစ္စတာဗစ်တာက စာအုပ်တွေအားလုံးဖတ်ပြီးသားပဲ၊ အခု သူ အလုပ် လုပ်နိုင်မှာပေါ့' ဟု ဆိုလိုက်၏။

မော်ဒင်းက သူ့မျက်နှာကို လက်များဖြင့်အုပ်ထားလိုက်သည်။

ဖရင်းအက်ဒ်က 'ဗစ်တာကို မေ့လိုက်ပါ၊ ဗစ်တာ ဒီမှာ မရှိပါဘူး' ဟု ပြောသည်။

ဂျိုးဆောလ်က ဘာမှ မကြားသလို ဆက်ပြော၏။ 'တစ်နေ့နေ့မှာ သူက ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းမှာ မာလိန်မှူး ဖြစ်ဦးမှာပေါ့၊ အမျိုးသမီးကြီးတွေနဲ့ မာလိန်မှူးရဲ့ ညနေစာ စားပွဲကြီးနဲ့၊ သူက လေးနာရီ တစ်ခါ ကုန်းပတ် ကြမ်းပြင်ပေါ်တက်ပြီး အားလုံး ကောင်းရဲ့လား ကြည့်ရှုစစ်ဆေးလို့၊ ဒါပေမယ့် သူ့မှာ ပင်လယ်သွေး မပါဘူး၊ ဒါဟာ ရေပေါ်မှာသွားနေတဲ့ ဟိုတယ်ကြီးလို သွားလိုက် ပြန်လိုက်နဲ့၊ ဘယ်လောက်များ ကြီးသလဲဆိုရင် ကူးတို့သင်္ဘောလို ဦးလှည့်တောင် မနေတော့ဘူး' ဟု ပြောနေသည်။

'တော်ပါတော့ကွာ' ဟု ဖရင်းအက်ဒ်က ဆိုလိုက်ပြီး 'ဗစ်တာကိုတော့ အပြစ်မတင်ပါနဲ့တော့' ဟု ပြောလိုက်၏။

ဂျီးဆောလ်က ခက်ထန်စွာ ‘ဟို ပဝေသဏီကာလ ကမ္ဘာကြီး ပွင့်လင်းစက ငါတို့ဟာ မီးလောင်ထားတဲ့ သစ်တုံးတွေ စီးပြီး ကမ်းခြေတစ်လျှောက် အမှတ် အသားတွေ ထားပြီးတော့ တစ်စတစ်စ သွားခဲ့ကြတယ်။ ငါတို့ဟာ သဘောသားတွေပေါ့၊ နောက် ကျူပင်တွေနဲ့ လက်ဝါးကပ်တိုင်လို ရှက်တိုင်မှာ ချည်ပြီး ရေပေါ်မှာ ရွေ့လျား သွားလာခဲ့ကြတယ်၊ ကမ္ဘာကြီးဟာ အမှောင် ထဲမှာ စမ်းပြီး သွားနေရတာ မဟုတ်ဘူးလို့ သိကြရ အောင် ငါတို့ဟာ မီးရှူးတိုင်ကလေး တစ်တိုင်ကို ထွန်းခဲ့ကြတယ်၊ ငါတို့ဟာ လေကြောင်း ရေစီးကြောင်း တွေကို ဆန်ပြီး ခရီးဝေးကြီးတွေကို သဘော လွှင့်ခဲ့ ကြတယ်၊ ဆိပ်ကမ်းတွေမှာလဲ တို့တွေ ပေါက်ရောက်ခဲ့ တယ်၊ ဆီဒုန်ကနေ ကောန်းဝေါအထိ၊ ကာသေ့ဂျ်က နေ ဂွဒ်ဟုပ်အအငူထိ အခေါက်ခေါက် အပြန်ပြန် ပြီးတော့ အိုကွာ....မရှုံမရဲပဲ တို့ အမှောင်ထဲကို ထွက်ခဲ့ ကြတယ်၊ တရွေ့ရွေ့ပဲ၊ တို့ မျက်ကန်းလို ထွက်ခဲ့ကြပြီး ဒါဟာ အမှောင်လုံးဝမဟုတ်ဘဲ အရောင် လင်းတဲ့ နောက်ကမ္ဘာတစ်ခုကို တွေ့ခဲ့ကြရတယ်၊ တို့ဟာ သဘော လူးတာ ကျွိကျွိမြည်တာကို ကြည့်ပြီး သိတယ်၊အနံ့ကို ရလို့လဲ သိတယ်၊ ကောင်းကင်က ငှက်တွေပုံစံနဲ့ အသင်း ဖွဲ့ပြီး ပျံကြတာကို ကြည့်ပြီးတော့လဲ သိတယ်၊ပင်လယ် ထဲမှာ ရှုံရေတွေ ညိုနေတာတို့ ဒါမှမဟုတ် ပင်လယ် မှော်တွေ မျောလာတာ၊ ဒါမှမဟုတ် အလူးအလဲ ပြေး

ကြတဲ့ ဟဲရင်းငါးတစ်အုပ်တို့ကို ကြည့်ပြီး ကမ္ဘာကြီးမှာ ဘာဖြစ်နေပြီ၊ ရာသီဥတု ဘယ်လိုရှိတယ်ဆိုတာကို သိကြတယ်’ ဟု ဒေါနှင့်မာန်နှင့် ပြောနေ၏။

ဖရင်းအက်ဒ်က လျင်မြန်စွာ၊ ‘မင်း လိမ်တာတော့ မဖြစ်စေနဲ့ ဂျီးဆောလ်’ ဟု ဝင်ပြောလိုက်၏။

သို့ရာတွင် ဂျီးဆောလ်ကမူ ခါးသီးစွာပင် ‘မဇ္ဈတာဗစ်တာကတော့ အားလုံးကောင်းပါတယ်၊ ပြီးတော့ သူမသေချာရင် သူ့မှာ စာအုပ်ရှိသားပဲ၊ ဒါပေမယ့် သူဟာ မကြည့်တဲ့တော့ မမြင်ဘူး၊ နားမထောင်တဲ့နဲ့တော့ မကြားဘူး၊ တို့ ဆိပ်ကမ်းကိုဝင်တော့ သူ့လက်က လမ်းမှ လှဲပြောင်းမပေးတာ၊ ဗောက်တူကြီး တစ်စင်းကို ဝင်တိုက်တော့မလို၊ သူက စဉ်းစားနေရတာကို၊ ဗောက်တူကြီး နှစ်ပိုင်းပြတ်တော့မယ်လို့၊ ဒါပေမယ့် ငါရှိနေလို့ပေါ့၊ အခုဆို ငါက ရှိချင်မှရှိနေမှာ၊ နောက်တစ်ခါဆိုရင် ငါက ငါ့အိပ်စင်ထဲမှာ လူမမာဖြစ်ပြီး အိပ်ချင် အိပ်နေရမှာ၊ ပြီးတော့ ကုန်းပတ် နှင်းကြမ်းပေါ်မှာက မဇ္ဈတာဗစ်တာ၊ ပြီးတော့ ငါက လက်ဆောင်တစ်ခု၊ အပြစ်အနာမရှိဘူးဆိုတဲ့ လက်ဆောင်တစ်ခု၊ ခရစ္စမတ်လက်ဆောင် ပေးချင်နေတဲ့ လူကိုး’ဟု ပြောလျက်ရှိ၏။

ဖရင်းအက်ဒ်သည် ထိုင်ရာမှထ၍ မီးလင်းဖိုခွင်ဆီသို့ လျှောက်သွားကာ တစ်ခဏမျှ သူ၏လက်များကို မီးကင်ရင်း စဉ်းစားနေ၏။ သူသည် ရဲနေသော မီးကျီးခဲ

များကို မီးဆွဲသံချောင်းအတိုဖြင့် ထိုး၍ ရွှေ့၏။ ထိုနောက် သူ၏ဆုံးဖြတ်ချက်ကို ရုတ်တရက် ချမှတ်လိုက်သည်။ သူသည် မော်ဒင်းအား ပခုံးကို တို့ခဲ့ပြီး ပြန်လှမ်းခဲ့ကာ ဂျီးဆောလ်၏အပေါ်မှ မိုး၍ ရပ်လိုက်၏။ ထိုနောက် သူက 'ဂျီးဆောလ်၊ မင်း ငါ့ကို လိမ်ပြောနေတယ်၊ အလျှင်က မင်း ငါ့ကို လိမ်ပြောရမယ့်အခါ ရှိတယ် ရယ်လို့ ငါတော့ မမှတ်မိဘူး၊ ပြီးတော့ ငါ မင့်ကို လိမ်ချင် လိမ်ပစေ၊ တဖြည်းဖြည်းတော့ မင်းဟာ အမှန် တရားနဲ့ ထွက်လာရမယ်လို့ ထားလိုက်ဖို့ပါပဲ၊ဒါပေမယ့် အချိန်မရှိဘူး၊ ငါ ဒီညသန်းခေါင်မှာ သင်္ဘောထွက်ရ တော့မယ်၊ ဒီတော့ မင့်မုသားတွေကို ရပ်တန်းက ရပ် တော့' ဟု ပြောလိုက်၏။

ဂျီးဆောလ်က 'ဘာမုသားလဲ' ဟု မေးသည်။

'ဘာမုသားလဲဆိုတာ မင်းသိပါတယ်လေ၊ မင့်နှလုံး ကိစ္စ၊ ဒါမဟုတ်ဘူး ဂျီးဆောလ်၊ ပြီးတော့ ဒါကို မင်း သိတယ်၊ ဒါတွေ တစ်ချိန်လုံးရဲ့နောက်မှာ မင်းရဲ့ အေး စက်မာကျောတဲ့ တကယ်ဖြစ်ရပ်တွေကို မင်း လိုက်လံ တူးဖော်ခဲ့တယ်၊ ပြီး....နောက်ဆုံး မင်း ဒါကို ရင်ဆိုင် ခဲ့ရပြီ၊ ပြီးတော့ ငါ အခွင့်အရေး တာဝန်အရ မင့်ကို ကူညီရမယ်ဆိုရင်တော့ မင့်ကို 'အမှန်တရား' နဲ့ ကူညီ ရမှာပဲ၊ ပြောလိုက်ပါ ဂျီးဆောလ်ရယ်၊ ပြောလိုက်စမ်း ပါ' ဟု ပြောရင်း ကရုဏာဒေါသဖြင့် ဂျီးဆောလ်အား ကျိန်ဆဲလိုက်၏။

ဂျီးဆောလ်သည် သိမ့်သိမ့်ခါသွားပြီး သူကိုယ်လည်း ယို့သွားကာ ဆုံလည်ကုလားထိုင်တစ်ခုထဲသို့ ပစ်ချထိုင်လိုက်သည်။ သူ့နှုတ်ခမ်းများမှာ ကိုးကွယ်ရာမရှိ လှုပ်ရှားနေသည်။ သူက....'ငါက အတင်းလုပ်တာ၊ ဒေါက်တာ ဇောန်းက ငါ့ကို မကြည့်စေချင်ဘူး၊ ငါက အတင်းပြခိုင်းတာ၊ ငါ့ကို ကြည့်ခွင့်ပေးအောင် ငါက အစာင်းအကျပ် လုပ်တာ၊ ငါကလဲ လုပ်ဘိုင်းဖြစ်နေပြီး လူကလဲ ပျော်နေတော့ ရှုးတာပေါ့၊ ငါက သူငါ့ကို ကြည့်ခွင့်မပေးရင် ငါတခြားလူဆီ သွားမယ်ဆိုလို့ ငါက သူ့ကို အကျပ်ကိုင်လို့ ငါ့ကို အဏုကြည့်မှန်ဘီလူးထဲမှာ ကြည့်ခွင့်ပေးတာ' ဟု ဆိုလိုက်သည်။

မော်ဒင်းသည် ထိုင်ရာမှထ၍ မီးလင်းဖိုခွင် နဖူးစည်းကို လက်ဖြင့် ဖမ်းဆုပ်လိုက်ရ၏။ ဖရင်းအက်ဒ်သည် မော်ဒင်းကို လှမ်းကြည့်လိုက်ပြီး မော်ဒင်း၏ မြင်ကွင်းကို ဂျီးဆောလ်ထံမှ ကွယ်ထားရန် အနည်းငယ်ရွှေ့၍ ရပ်လိုက်၏။ ထိုနောက် ဖရင်းအက်ဒ်က 'လူ့ဗာလအဖို့တော့ အပြစ်မဖြစ်တဲ့ မုသားဆိုရင် ကောင်းပါလိမ့်မယ်၊ ဒါပေမယ့် ငါက မင့်ကိုတော့ နည်းနည်းပိုပြီး ဉာဏ်ရှိလိမ့်မယ်လို့ မျှော်လင့်တယ်၊ မင်းပိုပြီး ဉာဏ်ရှိရင် အမှန်တရားဟာ မင့်အဖို့ ဂုဏ်ရည်တက်စရာပဲ' ဟု ပြောလိုက်သည်။

ဂျီးဆောလ်က ဆက်လက်၍ 'ငါ့ကို ကြည့်ခွင့်ပေးဖို့ ငါက သူ့ကို အကျပ်ကိုင်ခဲ့တယ်၊ အဏုကြည့်မှန်ဘီလူး

မှန်ချပ်ပြင်ပေါ်မှာ သဘော်ာ နံဘေး ပြတင်းမှန်ဝိုင်း လောက် မျက်စိကျိန်းမတတ် အလင်းရောင်နဲ့ မြင်ရ တယ်၊ လက်ကိုင်ဖုကို ငါလှည့်လိုက်တော့ တွေ့နေရ တယ်၊ ဒါတွေကို ငါမြင်ရတယ်၊ ရှုံ့တွလိမ်ကွေးပြီး သေနေကြတယ်၊ သုက်ပိုးအသေကောင်တွေ၊ သေနေ ပြီ၊ ပြီးတော့ အို....ဘုရားသခင်’ ဟုတ,ကာ သူ့မျက် လုံးများကို သူ့လက်များဖြင့် အုပ်ထားလိုက်သည်။

ဖရင်းအက်ဒ်သည် ထိုင်ရာမှထ၍ သူ့မိတ်ဆွေ၏ အပေါ်မှ မိုး၍ သနားကြင်နာစွာ ရပ်နေ၏။ သူ ကြိုးစား၍ အကြံထုတ်ကာ ‘ငါ့မှာ အချိန်သိပ်မရှိဘူးကွ’ ဟု ဆိုလိုက်ပြီး ‘မင့်အတွက် ငါ ဘာလုပ်ပေးနိုင်လဲ ဂျိုးဆောလ်ရယ်’ ဟု ပြောလိုက်၏။

ဂျိုးဆောလ်က မျက်နှာ အုပ်ထားသော လက်ကို မဖယ်ဘဲ ‘ဘယ်သူ ဘာတတ်နိုင်မှာလဲ၊ ပြီးပြီပဲ၊ ငါ့မျိုး ဆက် ငါ့သွေး ခေတ်အဆက်ဆက် တစ်သီတန်းကြီးဟာ သေပြီပဲ၊ ငါဟာလဲ ခဏတစ်ဖြုတ် ဆိုင်းပြီးတော့ ငါ သေမှာပါပဲ’ ဟု ပြော၏။

ဖရင်းအက်ဒ် သက်ပြင်းချလိုက်သည်။ သူသည် အကူ အညီတောင်းသလို ကြည့်လိုက်ပြီးနောက် သူသည် ခက်ခဲ သောလမ်းကို ရွေးချယ်လိုက်ရလေတော့၏။

သူက ခက်ထန်စွာ ‘မင်း ဘာလုပ်မလို့လဲ ဂျိုး ဆောလ်’ ဟု ဆိုလိုက်ပြီး ‘မင့်လက်တွေကို ချလိုက်စမ်း၊ မင့်လက်တွေနဲ့ ကွယ်ပြီးတော့ အမှောင်ထဲမှာ ပုန်းဖို့

ကြိုးစား နေတာကို ရပ်လိုက်တော့၊ လောကကြီးက အပြင်ဘက်မှာ အသွားအလာမပျက် ရှိနေတယ်၊ မင်း ဘာလုပ်မယ်လို့လဲ၊ မင်း ဘယ်လို စိတ်ကူးနေသလဲ၊ ငါ့မှာ အချိန်သိပ်မရှိဘူးကွ' ဟု ပြောလိုက်သည်။

ဂျိုးဆောလ်က ဦးခေါင်းကို မော့လိုက်ပြီး 'ငါ့မှာလဲ စိတ်ကူးဖို့ အချိန်မရှိပါဘူးကွာ' ဟု ဆိုလိုက်သည်။

'မင်း စိတ်ကူးဖို့အချိန် မင့်တစ်သက်လုံး ရှိတယ်၊ မင်းက မရဲတာ'

ဂျိုးဆောလ်၏ စိတ်၌လည်းကောင်း၊ ကိုယ်၌လည်း ကောင်း ဒေါသည် လျှံတက်လာခဲ့၏။ 'ငါသူ့ကို သတ်မယ်' ဟု အက်ကွဲသောအသံဖြင့် ဆိုလိုက်ပြီး 'သူ့အဖို့ တစ်ကမ္ဘာလုံးမှာ နေစရာမရှိပါဘူး၊ လူတွေက သိကြမယ်၊ မထီမဲ့မြင် လှောင်ပြောင်ကြမယ်၊ ပါးစပ်က ထုတ်မပြောပေမယ့် သိနေကြတယ်၊ ငါဒီလို စိတ်ယုတ်မျိုးနဲ့ ကမ္ဘာလောကကြီးမှာ အတူမနေချင်ဘူး' ဟု ပြောသည်။

ဖရင်းအက်ဒ်က 'ဗစ်တာကိုမေ့လိုက်၊ ဗစ်တာကို မေ့ထားလိုက်၊ မော်ဒင်းတော့ကော' ဟု မေးသည်။

ဂျိုးဆောလ် သူ့သွားများပေါ်အောင် ပါးစပ်ကို ဖွင့်လိုက်ပြီး သူ့ရှေ့ရှိ နံရံကို ကြည့်လိုက်သည်။ 'သူ သစ္စာဖောက်တာကိုတော့ ငါ သဘောထားမကြီးနိုင်ဘူး၊ ငါ့ကိုယ်ငါ သူ့ကိုကြည့်ခွင့်ပေးမိရင် ဒါမှမဟုတ် တစ်စက္ကန့်ကလေး သူ့အကြောင်း စဉ်းစားခွင့်ပေးမိရင် ငါ

ဟာ ငရဲတွင်းထဲ ကျသွားရင်တောင် ငါ့လက်တွေက သူ့လည်ပင်းကို ညှစ်ရင်း ကျမယ် ငါ့ကို မညှဉ်းဆဲပါနဲ့တော့ ဖရင်းအက်ဒ်ရယ်၊ ငါ့ကို မညှဉ်းဆဲပါနဲ့တော့' ဆိုကာ ဂျူးဆောလ်သည် သူ့မျက်လုံးများကို အုပ်ထားလိုက်ပြန်ပြီး သူ့တစ်ကိုယ်လုံး သိမ့်သိမ့်ခါလျက် ရှိ၏။ 'တစ်လောကလုံးမှာ ငါ့အဖို့ နေစရာ မရှိတော့ပါဘူး' ဟု ဆိုလေ၏။

မော်ဒင်းလည်း ပုန်းကွယ်၍ ထိုင်နေရန် ကုလားထိုင်ဆီသို့ အသာအယာ ရွှေ့သွားလေ၏။

ဖရင်းအက်ဒ်၏ အသံသည် ဂျူးဆောလ်အား သားရေစိမ်း နန်းကြိုး ကျာပွတ်စိုဖြင့် ရိုက်လိုက်သကဲ့သို့ရှိ၏။ 'ထစမ်း၊ သူရဲဘောနည်းတဲ့ကောင်၊လူယုတ်မာ ထစမ်း။ မထရင် ငါ မင့်ကို ထိုင်လျက်ရိုက်မယ်၊ ထ....'ဟုဆိုလိုက်၏။

ဖရင်းအက်ဒ်၏ ဒေါသကို အံ့သြစွာဖြင့် ဂျူးဆောလ်သည် မော့ကြည့်လိုက်သည်။ ထိုနောက် တဖြည်းဖြည်း မတ်တတ်ရပ်လိုက်၏။ 'ဒါက ဘာတဲ့လဲ ဖရင်းအက်ဒ်ရယ်' ဟု သူက မေးသည်။

'ဖရင်းတွေ ဘာတွေ လုပ်မနေနဲ့၊ ငါ ဒါလောက်ပဲ သည်းခံနိုင်မယ်၊ ဒီထက် ပိုပြီး သည်းမခံနိုင်ဘူး၊ ဒါ လောက်တောင် ရေးကြီးခွင်ကျယ် ဖြစ်ရအောင် မင်းရဲ့ တရှုရှု တွားသွားပြီး တအီအီ ငိုနေရတဲ့ မင်းရဲ့'အတ္တ'က ဘာမို့လဲ၊ မင်းရဲ့ အသိဉာဏ်နု နည်းတဲ့ အတ္တထဲကနေ

ပြီး ဒီလို ချစ်စရာကောင်းတာ တစ်ခုကို ချေဖျက်ပစ်ဖို့ မင်းမို့ လို့ ကြံစည်ဝံ့တယ်၊ ငါ တစ်သက်လုံး ဒီလို တအီအီ တဟင့်ဟင့် ငိုညည်းတတ်တဲ့ အော့နှလုံး နာစရာမျိုးနဲ့ မိတ်ဆွေဖြစ်ခဲ့ရတာတာ အချည်းနှီး အလဟဿ ဖြစ်က ရောလား'ဟု ဆိုသည်။

'ဖရင်းအက်ဒ်၊ မင်းဘာတွေ ပြောနေတာလဲ၊ မင်း နားမလည်ဘူးလား'

'ငါ နားလည်တယ်၊ ငါ နားလည်တာက မင့်ကို 'ချစ်စရာ'တစ်ခု ပေးတယ်၊ မင်းက ဒါကိုအန်ထုတ်လိုက် တယ်၊ မင်းကို လူအနည်းငယ်သာ သိခွင့်ရတဲ့ 'အချစ်' ဆိုတဲ့ ဆုလာဘ်ကြီး မင်း ရတယ်၊ ဒါကို မင်းက မင်းရဲ့ မာနနဲ့ မင့်ရဲ့ အကျည်းတန်လှတဲ့ အရေးပါမှုအပေါ် ဖောက်ပြန်တဲ့ သဘောထားထဲက အက်ဆစ်ရည်နဲ့ ပက် လွှတ်တယ်'

'ဖရင်းအက်ဒ် ဖရင်းအက်ဒ်၊ မင်း နားမလည်ဘူး လား၊ ဒါဟာ ငါ့ကလေး မဟုတ်ဘူး၊ ဒါ မဖြစ်နိုင် ဘူး'

'ဒါ မင့်ကလေး၊မင်းရဲ့ နာမကျန်းဖြစ်နေတဲ့'အတ္တ'နဲ့ ခံယူ နားလည်နိုင်တာထက် ပိုတယ်၊ 'အတ္တ' ဆိုတာက ကော ဘာလဲ၊ မင့်'အတ္တ'က ဘယ်လိုရှိသလဲဆိုတာကို ငါ သိချင်တယ်၊ ငါသိတယ်လို့လဲထင်တယ်၊ အဲဒါဟာ ရှုံ့တွ လိမ်တွန့်နေတဲ့ သုက်ပိုးအသေကောင်တွေနဲ့ပဲ တူ မယ်' ဖရင်းအက်ဒ်၏အသံသည် သူ့ အပေါ်တွင် တဖွဲဖွဲ

ကျနေလေရာ ဂျိုးဆောလ်သည် ထိုထိုးနှက်ချက်များမှ သူ့ကိုယ်သူကာကွယ်သည့်ပမာ သူ၏လက်တို့ကို မြှောက်ထားလိုက်၏။

'သူက မင့်ကို ကလေးတစ်ယောက် ပေးမယ်၊ မင့်ကလေး၊ မင်းအပိုင်ဖြစ်ဖို့ မင့်အပေါ်မှာ မေ့ဒင်းချစ်တဲ့ အချစ်ဟာ ဘယ်လောက် ကြီးမားသလဲဆိုရင် သူဟာ သူ လုပ်နေကျမဟုတ်တဲ့ သူ့သိက္ခာကို ညစ်ညမ်းစေတဲ့ အမှုမျိုးကို ပြုနိုင်ခဲ့တယ်၊ ဒါကလဲ သူဟာ ဒါကြောင့် ညစ်ညမ်းမသွားခဲ့ဘူး၊မင့်ကို'အချစ်'နဲ့ 'အလှ' ပေးနိုင်ဖို့ သူ့ကိုယ်သူ 'အချစ်'နဲ့'အလှ'နဲ့ ဝန်းရံထားခဲ့တယ်၊ မင်းလို လူမိုက်တစ်ယောက် ရှိစရာကောင်းတဲ့ လူ့အန္တတစ်ယောက်ကို ချစ်ရတာဟာ အင်မတန် မှားယွင်းရှာတာပဲ'ဟု ဆိုသည်။

'ဒါပေမယ့် သူ ငါ့ကို ဘာဖြစ်လို့ မပြောနိုင်ရလဲ၊ ဘာဖြစ်လို့ ငါ့ဘာသာ ငါ သိရလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းက လက်မခံနိုင်လို့ပေါ့၊ မင်းက စိတ်ထား သေးနုပ်နေတော့ ဒီဆုကို လက်ခံနိုင်လောက်အောင် အကြင်နာတရား၊ ကရုဏာတရားမှမရှိတာ၊ မင်း မနေနိုင်တာက မင်းက ဘယ်တော့မှဘဝကို မကြည့်ဖူးဘူး၊ မင်းက ချစ်စရာကို မင့်ရဲ့ နံစော်နေတဲ့ ကျောက်တုံးလိုမာနနဲ့ ခြေမှုန်းပစ်နေတာ၊ မင်း နားမှလည်ပါ့မလား မသိဘူး'ဟု ဆိုသည်။ ဖရင်းအက်ဒ်သည် ဂျိုးဆောလ်၏ အပေါ်မှ မိုး၍ ရပ်နေရာမှ ရုတ်တရက်

ဘာမပြော ညာမပြော သူ၏ လက်ဝါးဖြင့် ဂျိုးဆောလ်၏ မျက်နှာကို ရိုက်လိုက်၏။ လုံးလုံးလျားလျား စက်ဆုပ်ရွံရှာစွာ ရိုက်လိုက်သည်။

ဂျိုးဆောလ်၏ မျက်လုံးများ ပြူးကျယ်နေသည်။ သူ၏လက်ကိုတဖြည်းဖြည်းမြှောက်၍ နီရဲသွားသော သူ၏ပါးကို စမ်းကြည့်လိုက်၏။ ထိုနောက် သူ၏ လက်ချောင်းများကို ကြည့်လိုက်သည်။ သူ၏ ခန္ဓာကိုယ်သည် ကုလားထိုင်ထဲသို့ တဖြည်းဖြည်း လျော့ကျ သွားသည်။ ထိုရာတွင် သူ၏ မျက်လုံးများမှာ အံ့သြခြင်း၊ ရှုပ်ထွေးခြင်း၊ နာကျင်ခြင်းတို့ဖြင့် ပြူးကျယ်စွာ ဖရင်းအက်ဒ်ထံမှ မခွာချေ။

ဖရင်းအက်ဒ်၏ နှုတ်ခမ်းများသည်လည်း တုန်လျက်၊ သူ့ မျက်လုံးများမှာလည်း စိတ်မချမ်းသာသည့်အသွင်ရှိကြ၏။ သူသည် ကုလားထိုင်ဘေးတွင် ဒူးထောက်ချလိုက်ပြီး သူ၏ လက်မောင်းဖြင့် ဂျိုးဆောလ်၏ ပခုံးများကို သိုင်းဖက်ထားလိုက်၏။ 'ငါ မင့်ကို မိတ်ဆွေတစ်ယောက် ပေးနိုင်တာ အားလုံး ပေးပြီးပြီ၊ စက်ဆုပ်ရွံရှာမှုကိုလည်း ပေးပြီးပြီ၊ အဲဒါဟာ အားလုံးထဲမှာ အခက်ဆုံးပဲ၊ သတ်တာကတောင် ဒါနဲ့ ယှဉ်လိုက်ရင် လွယ်သေးတယ်'ဟု ပြောကာ 'မင်း ငါပြောစရာ ရှိတာကို မကြားဘူး၊ ငါအခု သန်းခေါင်မှာ သဘောထွက်မယ်၊ ငါလုပ်နိုင်တာအားလုံး လုပ်ပြီးပြီ၊ တစ်ခုမကျန် လုပ်ပြီးပြီ၊ အခုဆို မင်းဟာ မင်းရဲ့ သီးသန့် အမှောင်

သမုဒ္ဒရာကြီးထဲမှာ မင်းတစ်ယောက်တည်း အထီးကျန်ဖြစ်ပြီ၊ မင်းရဲ့ဝိညာဉ်က သူ့ရဲ့ သေးငယ်တဲ့ ဂုဏ်သိက္ခာကလေးအတွက် သူ ပတ်ပတ်လည်က လူတွေဟူသမျှကို ဖျက်ဆီးပစ်ဖို့များ လိုအပ်မလား မသိဘူး ဂျိုးဆောလ်ရယ်၊ ပေးဖို့ဆိုတဲ့ဥစ္စာဟာ အလွန်လွယ်ပါတယ်၊ တစ်ခုရှိတာက ဒါလိုလက်ခံဖို့ဆိုတာ သူရသတ္တိရှိသူများ၊ ယဉ်ကျေးဖွယ်ရာ ရှိသူများနဲ့ သဘောထားကြီးမြတ်သူများအဖို့သာ ဖြစ်နိုင်တယ်' ဟု ပြောသည်။

ဂျိုးဆောလ်သည် အကြံရကျပ်သော မျက်လုံးများဖြင့် ဖရင်းအက်ဒ်ထံမှ မျက်နှာလွှဲလိုက်သည်။

ဖရင်းအက်ဒ်က ဆက်ပြောသည်။ 'မင်း အခု တစ်ယောက်တည်းဆိုတော့ မင်း ဘာလုပ်မယ် ဘာကြံမယ်ဆိုတာ ငါမသိဘူး၊ ဒါပေမယ့် ငါဟာ ငါ့တစ်ကိုယ်လုံး ယုတ်ညံ့သေးသိမ်သူနဲ့ မိတ်ဆွေဖြစ်ခဲ့ရတယ်လို့တော့ ငါမယုံကြည်နိုင်ဘူး၊ ငါမတွေးနိုင်ဘူး'

ဂျိုးဆောလ်၏ မျက်လုံးများသည် ဦးတည်ရာမရှိဝေ့ဝိုက်နေပြီးမှ ပြန်လာကြ၏။ 'ဖရင်းအက်ဒ်ရယ်၊ ငါ့ကို ပစ်မထားခဲ့ပါနဲ့၊ ဘုရားသခင်ကို ထောက်ထားပြီး ငါ့ကိုတော့ တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့ ငါကြောက်တယ်၊ ငါ ဘာလုပ်ရမှန်းလဲ မသိဘူး' သူ၏အသံမှာ တောင်းပန်သံ ပါ၏၊ 'ငါ့ကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့'

ဖရင်းအက်ဒ်က 'ငါ မင့်ကို ပြောသားပဲ၊ ငါ သဘော

ထွက်ဖို့ အမိန့် ရထားပြီးပြီလို့၊ ငါ သွားရမယ်’ဟု တိုးတိုးညင်သာ ပြောသည်။

‘ငါစိုးရိမ်တယ်၊ ငါ ဘာလုပ်ရမှန်း မသိဘူး’

‘မင်း ဘာလုပ်မယ်ဆိုတာကိုတော့ ငါမသိဘူး၊ သို့ပေမယ့် မင်းမှာ ကြီးမြတ်တဲ့သဘောကတော့ ကျန်ဦးမှာပဲလို့ ငါ မျှော်လင့်တယ်၊ ခြေလက်အင်္ဂါ ချွတ်ယွင်းသူများဟာ သူတို့ ချွတ်ယွင်းမှုကြောင့် ရတဲ့ ရင်းစားသတ္တိဟာသူတို့ကိုခွန်အားကြီးသူများထက် ကြီးစေတယ်လို့ ပြောကြတာပဲ၊ ငါ့ဆန္ဒကတော့ မင်းဟာ မေတ္တာတရားနဲ့ ခင်ပွန်းလင်နဲ့ ဖခင်ဖြစ်တယ်ဆိုတာ မင်း သိပြီးနားလည်စေချင်တာပဲ၊ မင်း ရထားတဲ့ ‘ဆုလာဘ်’ ဟာ လူအများစုရဲ့ အဝေးဆုံး မျှော်လင့်ချက်ထက် လာလွန်ကောင်းမွန်တယ်၊ အကြောင်းရှာနေစရာ ရှင်းပြနေစရာလိုတယ်လို့ ပြောတာ မဟုတ်ဘူး၊ မင်း လုပ်သင့်တာလုပ်ရမှာက မင်းရဲ့ အမှောင်ထဲက မသန်မစွမ်း ဖြစ်နေတဲ့ ‘အတ္တ’ထဲမှာ ကောင်းမြတ်ခြင်းဆိုတာနဲ့ သဘောထားကြီးမြတ်ခြင်းဆိုတာကို ရှာပြီး ဒီဆုလာဘ်ကိုလက်ခံတတ်ဖို့ပဲ’

ဂျိုးဆောလ်သည် ဖရင်းအက်ဗ်အား တအံ့တသြကြည့်လိုက်၏။ ‘ဒီဟာ အမှန်ပဲဆိုတာ မင်း သေချာရဲ့လား ဖရင်းအက်ဗ်ရယ်’ဟုလည်း မေးလိုက်၏။

‘သေချာပါတယ်၊ အို....သေချာပါတယ်၊ ဒါပေ

မယ့် မင်း တကယ်လို့ မင်း သေချာချင်တယ်လို့ ဆိုရင် မင်းဘဝ နေဝင်ချိန် မရောက်မချင်း ဆည်းဆာ တစ်လျှောက်လုံး ကျန်ပါသေးတယ်ကွယ်'

ဂျိုးဆောလ်က 'ဒါဟာ အသစ်အဆန်းမသိသေးတဲ့ လမ်းပဲ၊ ငါတစ်ယောက်တည်းမှ ရှာလို့ တွေ့ပါ့မလား မသိဘူး'ဟု ပြောသည်။

'တခြားနည်း ဘယ်နည်းနဲ့မှ ရှာလို့တွေ့မှာ မဟုတ်ပါဘူးကွာ၊ ကဲ....လာ၊ ငါ့ကို နှုတ်ဆက်လှည့်ပါ ဂျိုးဆောလ်ရယ်၊ ပင်လယ်ထဲထွက်သွားရမယ့် ငါ့အတွက် ဆုမွန်ကောင်းများ တောင်းပေးပါ၊ ပြီးတော့ သီးခြားနေတဲ့ မင့်အတွက်လဲ ဆုမွန်ကောင်းများ တောင်းလိုက်ပါ၊ ကဲ....လာ ဂျိုးဆောလ်၊ ပထမ ခြေလှမ်းကို လှမ်းတော့၊ လာပါ ဂျိုးဆောလ်ရယ်' ဖရင်းအက်ဒ်၏ လက်က ဂျိုးဆောလ်၏ ပခုံးကို ခပ်ဖိဖိကလေး ကိုင်ထိုင်လိုက်ပြီး မတ်တတ်ထစေရန် တွန်းပေးသလိုရှိ၏။ ဖရင်းအက်ဒ်က ဂျိုးဆောလ်၏ ဦးထုပ်ကို စားပွဲပေါ်မှယူကာ သူ့ခေါင်းပေါ်သို့ ဆောင်း၍ ထည့်ပေးလိုက်၏။ ထိုနောက် ဂျိုးဆောလ်၏ ဝတ်စုံမှ အပေါ် ရွှေကြယ်သီးနှစ်လုံးကိုလည်း တပ်ပေးလိုက်သည်။

ဂျိုးဆောလ်က အထစ်ထစ် အငေါ့ငေါ့ဖြင့် 'ဖရင်းအက်ဒ်ရယ်....'ဟု ခေါ်လိုက်သည်၊

'တိတ်....မင်းဘာသာ အဖြေရှာရမယ်၊ မင်းဘာသာ ဒါကို ရှာရမယ်၊ တစ်ယောက်တည်း....'

ဖရင်းအက်ဒ်က ဂျီးဆောလ်အား တွန်း၍ ထွက်ခဲ့ပြီး သူနှင့်အတူ ကုန်းပတ်လက်ရန်းတန်းကို မှီ၍ ရပ်နေကြ၏။ ထိုနောက် ဖရင်းအက်ဒ်ပြန်လာပြီး တံခါးဝမှ မောဒင်း၏မျက်နှာကိုကြည့်လျက် တံခါးဝ၌ ရပ်နေသည်၊ ထိုနောက် လေးစား ချစ်ခင်မှုတို့ဖြင့် ဦးညွတ်လိုက်၏။ ထိုနောက် သူသည် လျင်မြန်စွာ ထွက်ခွာသွားလေ၏။ ဂျီးဆောလ်သည် သူထွက်သွားရာသို့ ငေး၍ ရပ်ကြည့်နေလိုက်သည်။

မောဒင်းသည် ထိုင်ရာမှ ထ၍ တံခါးဆီသို့ သွားသည်။ ထိုအခိုက်တွင် ရုတ်တရက် နာကျင်လာသော ဝေဒနာက သူ့အား နှိပ်ချလိုက်သည်၊ နောက်တစ်ချီဝေဒနာ တက်လာပြန်သောအခါ မောဒင်း ဒူးထောက်လျက် ကျသွားသည်၊ သူသည် ကြမ်းပြင်တွင် လူးလှိမ့်ရုန်းကန်နေရ၏။ နောက်ဆုံးတွင် မွေးခါနီး ဝေဒနာခံစားရင်း အက်ကွဲသော အသံဖြင့် အော်ဟစ်လိုက်လေသည်။

ဂျီးဆောလ် ပြေးဝင်လာပြီး 'မောဒင်းရေ' ဟု အော်ခေါ်လိုက်၏။ မောဒင်း ကြမ်းပြင်ပေါ်တွင် တွန့်လိမ်သည်ကို မြင်ရလျှင် ဂျီးဆောလ်က မောဒင်းထံသို့ ပြေး

ကာ သူ၏ရင်အုပ်ဖြင့် ကပ်၍ ပွေ့ထားလိုက်သည်။ သူသည် ခေါင်းကို မော့လိုက်ပြီး 'မစ္စတာ ဗစ်တာ၊မစ္စတာ ဗစ်တာ၊ မြန်မြန်လာပါ၊ ဟာ....မြန်မြန် လာပါ ဆိုမှ၊ ဟော့....ဗစ်တာ၊ ငါ့ကို လာကူပါဦး'ဟု အော်ဟစ်လိုက်လေ၏။

အခန်း ၃။ မြင်ကွင်း ၂။

သားဖွားခန်း

လေးထောင့်အခန်းငယ်ကလေးသည် ဖြူဖွေးလျက်၊ ပုဂ္ဂိုလ်စွဲလက္ခဏာ တစ်စုံတစ်ရာ မပါ၊ အဆင်တန်ဆာ မရှိ၊ ပိုးမွှား အရှင်မရှိ။ သတ်ထားသော တစ်ဖက်တွင် ပိုမိုကျယ်သော တံခါး ရှိသည်။ သေတ္တာလို အခန်းငယ် ဖြစ်၏။ ထို့ပြင် အခန်း၏အလယ်၌ ဆေးရုံ အိပ်ရာအမြင့် တစ်ခုနှင့် အိပ်ရာဘေး စားပွဲနှင့် စားပွဲပေါ်တွင် ရေဖန်ခွက်တစ်ခုနှင့် ရေသောက်ရန် ဖန်မြွန်တစ်ခု ရှိသည်။ အခန်းကို အလုံ ပိတ်ထားပြီး ငြိမ်သက် လျှို့ဝှက်ကာ အပြင် လောကတိုင်းနှင့် အဆက်အသွယ် ဖြတ်ထားသည်။

မော်ဒင်းသည် အိပ်ရာပေါ်တွင် လဲလျောင်းနေ၏။ သူ၏ ဆံပင်တို့မှာ ခေါင်းအုံးပေါ်တွင် ပြန့်လျက်ရှိပြီး တိတ်ဆိတ်လျက် ဖုံးအုပ်ထားသော အထုပ်ကလေး တစ်ထုပ်သည် သူ့ဘေးတွင် ရှိ၏။ မော်ဒင်း၏ မျက်နှာမှာ ပိတ်ပါးအကျႌ အဖုံး အုပ်ထားပြီး သူသည် အလွန် ငြိမ်သက်စွာ အိပ်နေ၏။ သို့ရာတွင် သူ၏အသက်ရှူသံမှာ ကွဲအက်နေပြီး သူ၏ ရင်အုံမှာ သူ၏ အဆုတ်ထဲသို့ လေကောင်းလေသန့် ဝင်စေရန် ရှန်းကန်ရင်း ကြောက်မက်ဖွယ် မြင့်ချည်နိမ့်ချည် ဖြစ်နေသည်။ ထိုနောက် တဖြည်းဖြည်းပင် သူ၏ဦးခေါင်းကို တစ်ဖက်မှတစ်ဖက်သို့ လှိမ့်ကာ မပီမသ တစ်ခုခု ပြောပြီး ညည်းတွားသည်။ သူသည် မေ့ဆေးပြေစ သတိရရန် အားထုတ် ကြိုးစားနေ၏။

ဆင်နားရွက် တံခါးကျယ် ပွင့်လာပြီး သူသည် တံခါးဝ၌ ရပ်နေသည်။ သူ့မှာ ကက်ဦးထုပ် ဆောင်းထားပြီး အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။မျက်နှာကိုကား ဆရာဝန်များ ခွဲစိတ်ခန်း၌ သုံးသည့် မျက်လုံးမှတစ်ပါး ဖုံးအုပ်ထားသည့် အအုပ်ကို ဝတ်ထား၏။ သူသည် ဖြည်းညင်းစွာ အိပ်ရာကို ပတ်၍ ဝင်လာခဲ့ပြီး၊ ညဥ့်မီးရောင်မှိန်မှိန်အောက်တွင် မော်ဒင်းအား ငုံ့ကြည့်လိုက်၏။ ထိုနောက် သူသည် မော်ဒင်း၏ ဘေး၌ ချထားသော ဖုံးအုပ်ထားသည့် အဝတ်ထုပ်ကလေးကို ကြည့်လိုက်၏။ ထိုနောက် လက်အိတ် စွပ်ထားသော သူ၏

လက်ဖြင့် ဖုံးထားသည့် အဝတ်ကို ဘေးသို့ ဖယ်လိုက်သည်။

'မောင်ဒင်းရေ' ဟု သူက တိုးတိုး ညင်သာ ခေါ်လိုက်၏။

မောင်ဒင်းက ကြားသည့်အလား အဆုတ်ထဲသို့ လေတွေ တစ်ဝကြီး ရှူရှိုက်လိုက်ပြီး သူ၏ ဦးခေါင်းကို တစ်ဖက်မှ တစ်ဖက်သို့ တွန့်လိမ်လိုက်၏။ 'သေပြီ' သူက လေသံဖြင့် ပြောလိုက်ပြီး 'သေပြီ၊ တစ်လောကလုံး သေပြီ၊ ဗစ်တာ သေပြီ' ဟု ဆိုလိုက်၏။

သူက 'မသေဘူး မောင်ဒင်းရေ၊ မသေဘူး၊ ဒီမှာ အသက်ရှင်လျက်ပဲ၊ အမြဲပဲ' ဟု ပြောလိုက်သည်။

မောင်ဒင်းသည် သူ၏ ဦးခေါင်းကို ခပ်ကြမ်းကြမ်း ရိုက်လိုက်ပြီး တအင်အင် ငိုညည်းလိုက်သည်။ ထိုနောက် 'ဖရင်းအကိဒ်ရယ်၊ ကျွန်မ.... ကျွန်မက သူ့ကလေးကို ရစေချင်တာ၊ ဒါပေမယ့် ကလေးက သေပြီ၊ အရာရာတိုင်းဟာ သေပြီ' ဟု ပြောနေ၏။

ဂျိုးဆောလ်က 'ငါပြောတာ နားထောင်ပါ မောင်ဒင်းရယ်၊ သူ ဒီမှာ ရှိပါတယ်၊ နားနေတယ်လေ၊ သူ အင်မတန် အားစိုက်ထုတ်လိုက်လို့ အခု သူ နားနေတယ်လေ၊ အရေပြားတွေ တွန့်ရှုံ့လို့ သိပ်မောနေတယ်၊ ပြီးတော့ ဆံပင်ကလေးတွေက နုလို့' ဟု ဆိုကာ ငုံ့ကြည့်

လိုက်ပြီး 'ပြီးတော့ သူ့ပါးစပ်ကလေးလဲလေ မင့်ပါးစပ်ကလေးလို ချစ်စရာ ပါးစပ်ကလေး မောင်ဒင်းရဲ့' ဟု ပြောနေသည်။

မောင်ဒင်း မျက်လုံးများ ဖျတ်ခနဲ ပွင့်လာပြီး ထရန် ရုန်းကန်သည်၊ 'ဂျီးဆောလ်ရေ၊ ရှင် ဘယ်ကလဲ ဂျီးဆောလ်၊ ဘာဖြစ်လို့ ထွက်သွားတာလဲ၊ ဘယ်ကိုထွက်သွားတာလဲ' ဟု မေးသည်။

ဂျီးဆောလ်က မောင်ဒင်းအား ခေါင်းအုံး၌ ပြန်အိပ်ရန် ဖိထားလိုက်ပြီး စားပွဲပေါ်မှ အဝတ်တစ်ခုကိုယူကာ ချွေးစိုနေသော မောင်ဒင်း၏နဖူးကို သုတ်ပေးနေ၏။

'ငါဒီမှာ မောင်ဒင်းရေ၊ ငါ ထွက်မသွားပါဘူး၊ ထွက်သွားလဲ ပြန်ရောက်ပါပြီ၊ ငါ ဒီမှာရှိပါတယ်'

ထိုနောက် မောင်ဒင်းက 'ဘယ်သူ သေတာလဲ၊ ဂျီးဆောလ် သေပြီလား' ဟု မပွင့်တပွင့် မေး၏။

'ငါ ဒီမှာရှိပါတယ်' ဟု ဂျီးဆောလ်က ပြောလိုက်ပြီး 'ငါ စိတ်နောက်ပြီး ထွက်သွားခဲ့တာ၊ ဒါပေမယ့် အခု ငါပြန်လာပြီ' ဟု ဆိုလိုက်၏။

မောင်ဒင်းက လျှို့ဝှက်စွာပင် 'သူသိတော့မယ် မဟုတ်ပါဘူး ထင်ပါရဲ့၊ သူဘယ်တော့မှ မှန်းဆကြည့်မိမယ် မဟုတ်ပါဘူး ထင်ပါရဲ့၊ ဂျီးဆောလ်တော့ လိုဘပြည့်သွားမယ် ထင်ပါရဲ့' ဟု ပြောကာ သူ၏ရင်အုံသည်၊

စုန်ဆွဲလိုက်သလို ကျုံ့သွားပြီး ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

ဂျီးဆောလ်သည် မောင်ခင်း၏ လည်ပင်းကြောများ လျော့သွားသည်အထိ နဖူးမှ ချွေးများကို သုတ်ပေးနေပြီး 'နားဦး၊ငါသိပါတယ်ကွယ်၊ ငါပိုပြီး သိပါတယ်၊ တင်းကျပ် ကျဉ်းမြောင်းနေတဲ့ ဘဝလို့ ထင်ရတဲ့ နေထိုင်မှုပုံစံဟာလဲ အရေးမကြီးပါဘူး၊ မောင်ခင်းရေ....ငါ အလျင်က ငါ့ကိုယ်ပိုင်မျိုးစေ့က တခြား မျိုးစေ့များထက် ပိုပြီး အရာရောက်တယ်လို့ ငါထင်ခဲ့တယ်၊ ငါ တွေ့ထိ ခံစားခဲ့တယ်၊ ဒါဟာ ငါက ပေးရမှာလို့ ထင်ခဲ့တယ်၊ ဒီလိုမဟုတ်ဘူး၊ အခု ငါသိပြီ' ဟု ပြောလိုက်သည်။

မောင်ခင်းက 'ရှင်ဟာ ဂျီးဆောလ်နော်၊ မျက်နှာမပါဘူး၊ အသံပဲရှိတယ်၊ မျက်နှာမပါတဲ့ ဖြူဖြူ' ဟု ပြောသည်။

'ငါ့သွေး ငါ့မျိုးဆက်ဟာ ဆက်လက်ရှင်သန်နေရမယ်လို့ ငါထင်ခဲ့တယ်၊ ဒါပေမယ့် ဒါဟာ ဒီလိုမဟုတ်ဘူး၊ ငါ့အသိ ငါနဲ့ နှစ်လရှည်ကြာတဲ့ အသိကို ပြန်အောက်မေ့ပြီး အထပ်ထပ် ပြန်ပြောင်းသုံးသပ်ပြီး ငါ့ရဲ့ မာန၊ ဟုတ်တယ်....ငါ့ရဲ့ မာနနဲ့ ငါနဲ့ နွေးထွေးမှု မောင်ခင်းရယ်....နွေးထွေးမှု၊ အဖော်သဟဲ့ဖြစ်မှု၊ ချစ်ခင်

မှုနဲ့ တို့ကို အေးစက်တဲ့ အဝတ်အစားတွေလို တို့ကို လွှမ်းခြုံထားတဲ့ အထီးကျန်မှု ဆိုတာတွေဟာ အမြဲမရှိဘူး၊ ဒါတွေကို ငါပေးနိုင်ပါတယ်'

မော်ဒင်းက 'ရှင့်မျက်နှာ ဘယ်မှာလဲ၊ ရှင့်မျက်နှာ ဘာဖြစ်သွားပြီလဲ' ဟု မေးသည်။

'ဒါ အရေးမကြီးပါဘူး၊ မျက်နှာပဲ၊ မျက်လုံးတွေ၊ နှာတံနဲ့ မေးစေ့ ပုံသဏ္ဌာန်တွေ၊ ဒါတွေဟာ ငါ့ဟာတွေ ဖြစ်တဲ့အတွက် ထိန်းသိမ်းထားလိုက်တယ်လို့ ငါထင်ခဲ့တယ်၊ ဒါဟာ ဒီလိုမဟုတ်ဘူး'

'မျိုးနွယ်စု တဲ့ကွယ့်၊ အဲဒီအထဲက ဒယိမ်းဒယိုင်နဲ့ ဆက်တွားသွားနေရမယ့် မျိုးတူစုတဲ့ မော်ဒင်းရေ၊ ငါတို့ရဲ့ မလှမပ မျိုးတူစု၊ အားအင်လဲမရှိ၊ အရုပ်လဲ ဆိုးဆိုး၊ စိတ်မနှံ့မှုတွေနဲ့ စုတ်ပြတ်နေတဲ့ မျိုးတူစု၊ ဒေါသ အလွန်ကြီးပြီး ရန်လဲဖြစ်တဲ့ မျိုးတူစု၊မကောင်းမှုကိုလဲ အာရုံနဲ့ သိတယ်၊ မကောင်းမှုဆိုတာကို သိပြီး မကောင်းမှုကို ကျင့်သုံးနေတဲ့ တစ်ခုတည်းသော မျိုးတူစု၊ သန့်ရှင်းမှုဆိုတာကို အာရုံနဲ့သိပြီး ညစ်ပတ်နေတဲ့ တစ်ခုတည်းသော မျိုးတူစု၊ ရက်စက်ကြမ်းကြုတ်မှု ဆိုတာကိုလဲ သိပြီး သည်းမခံနိုင်အောင် ကြမ်းကြုတ်ရက်စက်တတ်တဲ့ တစ်ခုတည်းသော မျိုးတူစု'

မော်ဒင်းသည် ထထိုင်ရန် အားထုတ်သည်၊ သူ့ဘာသာသူ အားယူရန် အားထုတ်ပြီး 'ဂျီးဆောလ်ရယ်

ကလေးက အသေကလေး မွေးလာတယ်' ဟု ပြောလိုက်၏။

ဂျိုးဆောလ်က 'ကလေး အသက်ရှင်နေပါတယ်ကွယ့်၊ ဒါတစ်ခုသာ အရေးကြီးတဲ့ကိစ္စ ရှိပါတယ်၊ ငြိမ်ငြိမ်နေ မော်ဒင်းရေ၊ ငြိမ်ငြိမ်ကလေး အိပ်ပြီး နားနေလိုက်၊ ငါ ဟာ ငရဲခန်းလို နေရာထဲကို လျှောက်ဝင်သွားပြီး ထွက် လာခဲ့တယ်၊ မီးပွားကလေးက ဆက်ပွင့်နေတယ်၊လူသား အသစ်တစ်ယောက်လေ၊ နေရာတကာမှာ ဒီတစ်မျိုး တည်းရှိတဲ့ သတ္တဝါ၊ အစွယ်အသွားရှိတဲ့ သတ္တဝါတွေ၊ ပြင်းထန်တဲ့ ရာသီဥတု မုန်တိုင်းကြီးတွေနဲ့ အအေး ဓာတ်တွေ၊ လျှပ်ပန်းလျှပ်နွယ်တွေနဲ့ ပိုးမွှား ဆိုတဲ့ အန္တရာယ်တွေကြားမှာ အားအင်လဲ မရှိဘဲနဲ့ ရုန်းကန် လှုပ်ရှားနေတဲ့သတ္တဝါ၊ ရုန်းကန် လှုပ်ရှားပြီး မသေ မပျောက် ကျန်နေတဲ့ သတ္တဝါ၊ မသေမပျောက်ကျန်ဆို ကိုယ့်ကိုယ်ကို သတ်ချင်တဲ့ ဇာတိညဉ်ကလေးနဲ့ တကွ ကျန်တဲ့ သတ္တဝါ' ဟု ပြောနေသည်။

မော်ဒင်းက 'သူ ဘယ်မှာလဲ'ဟု မေးလိုက်၏။

'ငုံ့ကြည့်လိုက်လေ၊ ဒီမှာ သူ အိပ်ပျော်နေတယ်၊ ငါ့ကို ဆုံးမဖို့၊ ငါတို့ရဲ့ ချစ်စရာ မျိုးနွယ်စုကလေးလေ၊ သတ္တိမရှိဘဲ မွေးလာပြီး အလွန် ရဲရင့်တဲ့အမျိုး၊ အသိ ဉာဏ်မီးပွားကလေးနဲ့ပေမယ့် သူ့လက်ထဲမှာက' အလှ နဲ့၊ ငါတို့မှာတစ်ပါး ဘယ်သတ္တဝါမျှ 'အလှ'ကိုဖန်တီး

တတ်သလဲကွယ်၊ ငါတို့ရဲ့ အမြင်ကတ်စရာတွေ၊ အပြစ်အနာအဆာတွေနဲ့ တို့ရဲ့ အတွင်း တစ်နေရာဆီမှာ ထွန်းလင်းတောက်ပနေတဲ့ အရောင်ကလေး တစ်ခုရှိတယ်၊ အဲဒါဟာ အားလုံး တကယ်ရှိ လကယ်ဖြစ်နေတဲ့ အရာတွေထဲမှာ အရေးအကြီးဆုံး **ထွန်းလင်းတောက်ပနေတဲ့ အရောင်ကလေးရှိတယ်**'

မောင်ဒင်း၏မျက်လုံးများသည် ကြည်လင်လျက်ရှိပြီး သူ၏ဦးနှောက်သည်လည်း အခိုးဝေသော 'အီသာ' မေ့ဆေးမှထွက်လာခဲ့ပြီဖြစ်၏။ 'ရှင်ဟာ ဂျိုးဆောလ်ပဲ'ဟု ပြောလိုက်ပြီး 'ရှင်ဟာ ကျွန်မ ယောကျ်ားပဲ၊ ပြီးတော့ ရှင်သိတယ်နော်'ဟု ဆိုလိုက်သည်။

ဂျိုးဆောလ်က 'သိတယ်'ဟုပြောကာ 'သိဖို့ရာကို အမှောင်ထဲကို လျှောက်ခဲ့ရသေးတယ်၊ လူတိုင်းလူတိုင်းဟာ ကလေးအားလုံးရဲ့ အဖေပဲ၊ကလေးတိုင်း ကလေးတိုင်းဟာလဲ လူတိုင်းကို အဖေပဲလို့ လက်ခံရမယ်၊ ဒါဟာ ပုဂ္ဂလိကပိုင် ပစ္စည်းလေးတစ်ခု မဟုတ်ဘူး၊ မှတ်ပုံတင်ပြီး ခြံခတ်သတ်မှတ်ပြီး သီးခြားခွဲထားလို့ မရဘူး၊ မောင်ဒင်းရေ....ဒါဟာ ကလေးပဲ'ဟုပြော၏။

မောင်ဒင်းက'သိပ်မှောင်တာပဲ၊ မီးတွေ ဖွင့်လိုက်စမ်းပါ၊ အလင်းရောင် ရပါရစေ၊ ရှင့်မျက်နှာကိုလဲ မမြင်ရပါလား'ဟု ပြောလိုက်သည်။

ဂျိုးဆောလ်က 'အလင်းရောင်၊ မင်းက အလင်းရောင်ကို လိုချင်သလား၊ ငါ မင်းကို အလင်းရောင် ပေးပါမယ်ကွယ်' ဟုဆိုကာ သူ့မျက်နှာပေါ်က အအုပ်ကို ဆွဲခွာလိုက်သည်။ သူ့မျက်နှာမှာ အရောင်လက်နေသည်။ သူ့မျက်လုံးများမှာလည်း အရောင်လက်နေသည်။ သူက 'မော်ဒင်းရေ' ဟုခေါ်ကာ.... 'ကလေးကို ငါချစ်တယ်' သူ့အသံ တက်ကြွလာပြီး စကားကိုလည်း ကျယ်ကျယ်ပြော၏။ 'မော်ဒင်းရေ၊ တို့ကလေးကို ငါချစ်တယ်' ဟု ဆိုလိုက်ပြီး ဦးခေါင်းကို မော့လိုက်ကာ အောင်နိုင်သူ၏အသံဖြင့် 'မော်ဒင်းရေ၊ ငါ့သားကို ငါချစ်တယ်' ဟု အော်ပြောလေ၏။ ။

ထင်လင်း

## အနာဂတ်ကာလ

စာပေ အနုပညာ ဆက်ဆံရေးမှ....

## ဆရာထင်လင်း၏

ဘာသာပြန် လက်ရာမွန်များကို ဆက်လက် စောင့်မျှော် အားပေးကြပါရန်။

ပရိသတ်များအား အစဉ်လေးစားလျက်....

ညီအစ်ကိုတစ်စု
အနာဂတ်ကာလ စာပေအနုပညာ ဆက်ဆံရေး
ရန်ကုန်မြို့။